www.burmeseclassic.com

# မဒေါပါရီ

# ခြေရာမဲ့နှင်း

www.burmeseclassic.com

www.burmeseclassic.com

**စာမူခွင့်ပြုချက်အမှတ်**
၅၀၁၁၆၇၁၀၁၀

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
၅၀၀၀၇၄၀၁၁၁

**ထုတ်ဝေသူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

**ပုံနှိပ်တိုက်**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

**ထုတ်ဝေခြင်း**
ပထမအကြိမ် ၂၀၁၂ ခုနှစ်၊ ဇွန်လ
အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်

ခြေရာမဲ့နှင်း/မနော်ဟရီ။ -ရန်ကုန်၊ ၈၉၅.၈၃
ကြောင်နှစ်ကောင်စာပေ၊ ၂၀၁၂။
၂၃၀-စာ၊ ၁၈.၅x၁၃.၅ စင်တီ။ (၁)ခြေရာမဲ့နှင်း

BURMESE CLASSIC

မောင်မျိုး
(ကြောင်နှစ်ကောင်)
စီစဉ်သည်

www.burmeseclassic.com

www.burmeseclassic.com



# နံ့နက်ခင်းနှင်း

(၁)

"မေမေ. . . သမီး အပြင်မှာလမ်းလျှောက်လိုက်ဦးမယ် ပြီးမှ လိုက်ခဲ့မယ်နော်. ."

မေမေ့ကို အန့်တီပင်စီ တို့အိမ်ရှေ့မှာချပေးပြီး မဆင်းသေးပဲ လှမ်းပြောလိုက်သည်။ မနက်အာရုံဆွမ်းကပ်အပြီး လာခြင်းမို့ မိုးကသိပ် မလင်းချင်သေး။ အလင်းရောင်မစို့မပို့ကလေးတော့ ရှိနေသည်။ မေမေ က စိတ်မချသလိုကြည့်ရင်း. . . ကိုယ့်နေရာလည်းမဟုတ်ပဲနဲ့ဟု ဆို သည်။ သို့သော် ဘာမှဆက်မပြောပဲ ဝင်သွား၏။ မေမေသိသည်။ ဒီလိုမနက်ပိုင်းလေးမှ လမ်းမလျှောက်လိုက်ရလျှင် သူတို့အခေါ် miss healthy တစ်ယောက်တော့ဖြင့် တစ်နေကုန် တဖြစ်တောက် တောက်တွေပြောနေတော့မည်ဆိုတာကို. . .။

နံ့နက်ခင်းကလေးက ကြည်လင်သန့်စင်လွန်းလှသည်။ မြူခိုး



www.burmeseclassic.com

www.burmeseclassic.com



တချို့ကလည်း ခပ်ပါးပါးယိမ်းခိုလို့။ ဒီလို နံနက်ခင်းမျိုးကို နှင်းက သဘောကျသည်။ မနက်တိုင်း jogging ပြေးတတ်သော၊ လေ့ကျင့်ခန်းယူတတ်သော နှင်းအတွက်က နွေရာသီနံနက်ခင်းများထက် ဒီလိုနံနက်ခင်းမျိုးက ပိုပြီးစိတ်ဝင်စားစရာကောင်းသည်ဟု ထင်သည်။ အလှူလာတာမို့ ဘောင်းဘီဝတ်ရန်မသင့်တော်သဖြင့် လုံချည် ဝတ်လာခဲ့သည်မို့ ဒီမနက်တော့ ပြေးလို့ရစရာအကြောင်းမမြင်၊ ခပ်သွက်သွက်ကလေး လမ်းလျှောက်ရုံသာရှိတော့သည်။

ခြေလှမ်းတွေကို မြှင့်လိုက်သည်။ လူနည်းနည်းလေးပဲရှိသေးသော လမ်းကလေးက တိတ်ဆိတ်အေးစက်လို့။ လေ့ကျင့်ခန်းလုပ်လို့ အဆင်ပြေမည့်နေရာကိုလည်း လမ်းလျှောက်ရင်းကြည့်ရသေးသည်။ ဟိုးရှေ့နားက သစ်သားတံတားလေးနားရောက်လျှင်တော့ တစ်ဖက်မှာ မြင်နေရသည့် ရေကန်တစ်ခုရှိသည်။ နှင်း အန်တီပင်စီတို့ဆီ ကားမောင်း ပို့ပေးတိုင်း ဒီနားကဖြတ်နေကျမို့ သိပ်တော့စိမ်းသောနေရာမဟုတ်။ အဲဒီနားမှာပဲ အသက်ရှူလေ့ကျင့်ခန်းတွေဘာတွေလုပ်ဖို့ စဉ်းစားလိုက်သည်။

ကန်ကလေးကတော့ ရေနောက်များနှင့်ပြည့်နေသော သဘာဝအိုင်တစ်ခုဖြစ်သည်။ ကန်စပ်တွင် မြက်ပင်ရှည်ကြီးများက တောထနေသည်။ သို့သော် ကန်ကလေးကိုတော့ မြင်နေရဆဲ။

သန့်စင်လတ်ဆတ်သောနံနက်ခင်းလေကို တဝကြီးရှူရှိုက်ပစ်လိုက်ရင်း နှင်း လေ့ကျင့်ခန်းစလုပ်သည်။ အိမ်မှာဆိုလျှင်တော့ နှင်းက အိမ်ရှေ့က လမ်းကိုခေါက်တုံ့ပြန်ပြေးသည်။ ခြံထဲပြန်လာပြီး လေ့ကျင့်ခန်း လုပ်သည်။ အချိန်ရှိသေးလျှင် စက်ဘီးစီးသည်။ တစ်ပတ်မှာ





နှစ်ရက်လောက်တော့ စီးဖြစ်အောင်ကြိုးစားသည်။ ဒါက နှင်း၏ မလု မနေနိုင်သော လုပ်ငန်းစဉ်များ။ ဒါမှလည်း လူကပေါ့ပါးသည်ဟု ကို ကိုယ်ကိုထင်သည်လေ။

ကားတစ်စီးထိုးရပ်သံ ကြားလိုက်ရသည်။ လှည့်ကြည့်လိုက် တော့ တံတားစပ်တွင် ဘေးကပ်ရပ်လိုက်သည့် ပါပလေကာ ကားတစ် ကို မြင်လိုက်ရသည်။ ကားကလေးက အဖြူရောင်။ ရှေ့ခန်းတံ ပေါ်တွင် စားဖိုမှူးတစ်ယောက်ပုံ ကာတွန်းစတေကာကို ကပ်ထားသ ဆင်းလာသူက လူငယ်တစ်ယောက်။ သူက နှင်း ကိုလည်းမမြင်၊ က ပေါ်မှ သစ်သားပြားတစ်ချို့ကို ချနေသည်။ နောက် tools bo ကဲ့သို့သော သေတ္တာတစ်လုံး။

"ဟမ် . . စောစောစီးစီး ဘာလုပ်မလို့ပါလိမ့် . . "

နှင်းတွေးနေမိဆဲ . . . tools box ကိုဖွင့်ကာ တူတွေ၊ သံဗူး ဘာမှန်းမသိတာတွေကို ထုတ်သည်။ ပြီးတော့ တံတားဆီ သစ်သ တစ်ချို့ကိုသယ်ကာ လှမ်းသွားတော့မှ အော် . . . ဒင်းက တံတား မလို့ကိုး ဟုတွေးမိလိုက်သည်။ ကြည့်ရတာ အလုပ်သမားတော့ မဟု လောက်၊ လက်သမားလည်း ဟုတ်ပုံမပေါ်။ ကားကိုတော့ ကိုယ် မောင်းလာပုံ ရသည်။ အဖော်လည်းမပါ။ လက်တိုလက်တောင်းခိုင်း လူပင်မပါ။

သေချာပါသည်။ ဒီလူ တံတားပြင်လိမ့်မည်။ နှင်းလည်း ဒီ က ဖြတ်တိုင်းတံတားပေါ်က သစ်သားတချို့ဖျက်နေတာ ပျောက်နေ တွေ့သည်ပင်။ ဘုရားတရားလေးအောက်မေ့တာ ဖြတ်လျှော်လို ပြီးလျှင်ပြီးသွားပြီ။ မကောင်းမှန်းသိသိနှင့်တစ်ခါမှဒီလိုလာပြင်

www.burmeseclassic.com



ဝိတ်တုံးမရှိခဲ့။ ဒီလူက ဒီနားမှာနေပြီး နိစ္စဓူဝ ဒီနားကဖြတ်သန်းသွားသာနေရတဲ့သူမို့လား။ နှင်း သူ့ကို အဝေးကလှမ်းကြည့်နေမိသည်။ ဘားနားကပ်ချထားသော သစ်သားတချို့က ကျန်နေသေးသည်။ သူတစ်ချို့သုံးပြီးမှ လာယူမည်ထင်သည်။ နှင်း သွားကူရင်ကောင်းမလားဟုစဉ်းစားနေမိသော်လည်း နှင်း ပင်ကိုယ်စိတ်က မာဆတ်ဆတ်နှင့် နှင့်မပြု။ အသက်ကို ပြင်းပြင်းရှူသွင်းရင်း ပေတေတေနှင့်ကြည့်နေလိုက်သည်။ သူကြည့်ရတာ ကျွမ်းကျင်လက်သမားလည်းမဟုတ်သော်လည်း တော်တော်လေးတော့ လုပ်တတ်ပုံရတာကို သတိထားမိသည်။ နောက်သစ်သားတွေကလည်း ဖြတ်တောက်စရာမလိုဘဲ ကောက်ရိုက်လိုက်ရုံဆိုတော့ သေချာတာက သူဒီနေရာကို အရင်ကတည်းကလာတိုင်း ဖြတ်တောက်လာခဲ့ပြီးသားဆိုတာ။ တံတားလေးက တော်တော်တော့ နက်သည်။ လူတစ်ရပ်အထက်လောက်ရှိမည်။ ဒီဖက်ကရေအိုင်ကနေ လျှံထွက်တာလား စိမ့်ထွက်တာလား မသိသောရေတွေ ဖြတ်သန်းစီးဆင်းနေသည်။ ရေက သိပ်များများစားစားမဟုတ်သော်လည်း မဖြစ်စလောက်ဟုလည်း ပြော၍ကားမရပြန်။

ထိုသူ့ကို ကိုယ်ခေါ်ထားသည့်အလုပ်သမား အလုပ်ကောင်းကောင်းလုပ် မလုပ်စောင့်ကြည့်နေသူလိုလိုဘာလိုလို နှင်း ကြည့်နေမိသည်။ တစ်ကြိမ်တွင်တော့ သူသစ်သားကို ကားနားပြန်လာအသယ်သူ့ကိုရပ်ကြည့်နေသော နှင်းကို တွေ့သွားသည်။ တစ်ချက် လှမ်းကြည့်နှင်း လှမ်းအော်သည်။

"တံတားပြီးရင် ပထမဆုံးဖြတ်လျှောက်တဲ့သူအနေနဲ့ လျှောက်ကြည့်ပါလား. ."





သူကတော့ ရယ်ရယ်မောမောနှင့်ပြောတာပင်။ နှင်းကတော့ အနားကို ဆက်လျှောက်သွားရင်း ခေါင်းခါမိသည်။

"ဟင့်အင်း မလျှောက်ရဲပါဘူး"

"ဗျာ. . . ဘာလို့လဲ၊ ခိုင်ပါတယ် ကျွန်တော်လုပ်ထားတာ"

"တံတားတွေလမ်းတွေပြီးရင် ပထမဆုံးဖြတ်လျှောက်တဲ့သူက စတေးရတတ်တယ်တဲ့"

"ဟမ်. ."

မမျှော်လင့်မထားသော စကားကိုကြားလိုက်ရသလို သူ တအံ့တသြ ဖြစ်သွားသည်။ ပြီးတော့မှ ဟက်ဟက်ပက်ပက်ရယ်သည်။

"အော် အဲလိုအယူလား ရပါတယ် ကျွန်တော်ပဲ အရင်ဖြတ်လျှောက်လိုက်ပါ့မယ်၊ ပြီးရင်တော့ ခင်ဗျားကို ပထမဆုံးဧည့်သည်အဖြစ် ဖိတ်ပါတယ်. . ."

နှင်း ဘာမှပြန်မပြောပဲ ဆက်ကြည့်နေလိုက်သည်။ နောက်ထပ် ဆယ့်ငါးမိနစ်လောက်ကြာတော့ သူ့ကိစ္စတွေ အကုန်ပြီးသွားသည်။ ပစ္စည်းတွေအကုန်လုံးကို tools box ထဲပြန်စီထည့်၊ ပိတ်ပြီး ကားပေါ်တင်သည်။ ပြီးတာနှင့် နှင်းကိုကြည့်ကာ . . .

"ကဲ ကျွန်တော်အရင်ဖြတ်မယ် ပထမဆုံးလူအရင်ဖြတ်မယ် ပြီးရင် ခင်ဗျားဖြတ် ပြီးရင် ကျွန်တော်ကားနဲ့ဖြတ်ပြန်တော့မယ်"

"ကောင်းပြီလေ ရှင့် ကောင်းမှုကုသိုလ်ကို အသိအမှတ်ပြုတဲ့အနေနဲ့ ဖြတ်ပေးရမှာပေါ့. ."

ထိုသူက နှင်းစကားကိုစိတ်မဆိုးပဲ ရယ်သည်။ ပြီး တံတားပေါ်ကို သေချာတစ်လှမ်းချင်းဖြတ်သန်းနင်းလျှောက်သွားသည်။ တစ်ဖ



www.burmeseclassic.com

www.burmeseclassic.com



တံတားထိပ်ရောက်တော့ နှင်းကိုခေါ်သည်။ ခင်ဗျား. . . လာလို့ရပြီ ကျွန်တော်ပဲ စတေးခံလိုက်ပါပြီတဲ့။ နှင်း သူ့စကားကို ရယ်မိသည်။ နှင်းဆိုတာကလည်း ဒီလို အယူသည်းမှုတွေနှင့်ဖွဲ့စည်းထားသူလေ။ ဗီဇာကြောင်သူ၊ အယူသည်းသူ၊ ဘာမှန်းမသိသူ။ နှင်းဘွဲ့တွေက အိမ်မှာ ခနိုင်အောင်များပြားလွန်းလှသည်။ ဒါမျိုး လူစိမ်းတစ်ယောက်က ကမ်း လှမ်းတာကို စိတ်ပါလက်ပါ လုပ်လိုက်တာကလည်း ဒါပထမဆုံး အကြိမ်ဖြစ်မည်ထင်သည်။ ဒါကလည်း ထိုသူ၏ ပရဟိတစိတ်ကလေး ကို လေးစားမိ၍ ဖြစ်သည်။

နှင်း တံတားလေးကို ဖြတ်လာလိုက်သည်။ တဖက်စွန်းရောက် တော့ ထိုသူနှင့်အတူ နောက်ကြောင်းပြန်လှည့်လာလိုက်သည်။ သူက တားနား ရောက်တော့ . . .

"ကျေးဇူးတင်ပါတယ် ကျွန်တော့်တံတားလေးကို ပထမဆုံး ဧည့်သည်အဖြစ် ဖြတ်ပေးလို့" . . . ဟုဆို၏။

"ကျွန်မလည်း ကျေးဇူးတင်ပါတယ်"

"ဗျာ. . . ဘာလို့. ."

"ခုလို အများသွားလမ်းလေးဖြောင့်ဖြူးအန္တရာယ်ကင်းအောင် လုပ်ပေးလို့ အားလုံးကိုယ်စားပါ"

ထိုသူခေါင်းကိုဆတ်ကာ အသိအမှတ်ပြုရင်း ကားပေါ် တက်သည်။ သွားလိုက်ပါဦးမယ် . . . ဟုဆိုရင်း ကားကို မောင်းထွက် သွားတော့သည်။ သူကိုယ်တိုင်ပြုပြင်ခဲ့သော တံတားလေးကို တစ်ဘီးချင်း လှိမ့်နင်းဖြတ်သန်းသွားရင်း . . .

မြူနှင်းတွေကို ထိုးခွဲဝင်ရောက်လာသော နံနက်နေရောင်





အောက်တွင် အမိုးဖွင့်ပါပလေကာ ကားအဖြူလေးတရွေ့ရွေ့ဝေးကွာ သွားတော့သည်။

အန်တီပင်စီဆီရောက်တော့ မေမေက မျက်စောင်းတစ်ချက် သမ်းခဲ့သည်။ မသိသလိုလုပ်ရင်း အနောက်ဖက်ထဲဝင်ကာ အန်တီပင်စီ ကို နှုတ်ဆက်သည်။ ဆွမ်းပွဲနှင့် ဧည့်သည်တွေအတွက် ပြင်ဆင်ထားသော အရာတွေကို တစ်ချက်ဝေ့ကြည့်လိုက်သည်။ သွားပါပြီ။ စောစောစီးစီး၊ အုန်းနို့ခေါက်ဆွဲတွေ. . .။ နောက် ချိုဆိမ့်အီဝေနေမည့် အချိုပွဲတွေ၊ ဘာလုပ်ရမှန်းမသိတော့။ ဒါတွေကို ဒီလိုမနက်ခင်းမှာ နှင်းမှ စားလေ့ မရှိတာ။ မစားဘဲပြန်လျှင်လည်း အန်တီပင်စီက စိတ်မကောင်းရှိသာ ဖြစ်သော်လည်း မေမေ့မျက်စောင်းနှင့်အပြောကိုတော့ သေချာပေါက်ခံရ နိုင်သည်။

ဒီခေါက်ဆွဲကို သုတ်စားရရင်တော့ မဆိုးဟုတွေးမိသည်။ နောက်များ အန်တီပင်စီအလှူလုပ်မည်ဆိုရင် နှင်းကိုယ်တိုင်လုပ်သော အရာ တစ်ခုခုတော့ အလှူမှာကပ်ဖို့တစ်ရက်အလိုတည်းက ကြိုပို့ပေး ထားမှဟု တွေးထားလိုက်သည်။

"သမီးနောက်ကျလိုက်တာ တုန်းကြီးတွေ ပြန်ကြွသွားတာ တောင်ကြာပြီ၊ သမီးမေမေက သမီးလမ်းသွားလျှောက်တယ်ပြောလို့ လာ. . . လာ စောင့်နေတာ စားရအောင် အုန်းနို့ခေါက်ဆွဲက အန်တီ့ လက်ရာလေ. . ."

သွက်လက်ပေါ့ပါးစွာ နှင်းကိုဆွဲခေါ်သွားသော အန်တီပင်စီက တစ်ကိုယ်လုံးအဆီပိုရယ်လို့တစ်စက်မှမရှိ။ သူ့လောက် အုန်းနို့ကြိုက်၊ ချောကလက်စား၊ ချိစ်တွေကြိုက်တာလည်း သူပင်။ ဘယ်လိုကိုသိုလ်



www.burmeseclassic.com

www.burmeseclassic.com



လည်းတော့ မသိ။

"အန်တီ သမီး ခေါက်ဆွဲကို သုတ်စားလို့ရမလားဟင်. . ."

"အမလေး သိတယ် အန်တီ့သမီးက ဒါတွေမစားဘူးဆိုတာ သိတယ် ဟိုမှာ သမီးအတွက် သီးသန့်ပြင်ထားတယ်. . ."

နှင်းပင်အံ့ဩသွားရသည်။

"ဟုတ်လား ဘာစားရမှာလဲဟင်. ."

စိတ်မချနိုင်စွာ ကြိုကလည်းမေးရသေးသည်။ တော်ကြာ အုန်းနို့ခေါက်ဆွဲ ထက်ဆိုးတာတွေ ဖြစ်နေဦးမှာလည်း စိုးသည်လေ။

"ရိုတီလေ သူက Oats နဲ့လုပ်တာ အသီးအရွက်နဲ့ သက်သတ်လွတ်ပဲ ချက်ထားတာ ဘုန်းကြီးတစ်ပါးက အုန်းနို့မတည့်တာနဲ့ တမင်စီမံပေးရင်း နှင်းအတွက်လည်း ပိုမှာထားတာ အဲဒါ **ဆန္ဒ**လာပို့ထားတာလေ. ."

အန်တီက မေမေ့ကိုပါဆက်ပြောနေသည်။

"ဘယ်သူလဲ အီအီသားလား. ."

မေမေက မေး၏။

"ဟုတ်တယ်လေ မနှင်းရဲ့ အီအီသားကလေးက တော်မှတော် ခုအဲဒါ သူ့ဆိုင်ကလေ. ."

"ဟိုတစ်ခါ ဆိုင်ဖွင့်ပွဲဖိတ်တုန်းက မနှင်းတို့မသွားလိုက်ရဘူး ဘုရားဖူး ထွက်နေတဲ့ အချိန်နဲ့ကြုံလို့လေ. ."

သူတို့ဘာတွေပြောနေလဲဆိုတာ နှင်းစိတ်မဝင်စားတော့။ မေမေ့သူငယ်ချင်း ဒေါ်အီဆိုတာကိုတော့ ကြားဖူးသိဖူးနေကြသည်ပဲ။ သူ့သားတစ်ယောက်က အဖေနှင့် နိုင်ငံခြားမှ နှစ်တော်ကြာသွားနေ





ပြီးပြန်လာတော့ စားသောက်ဆိုင်တစ်ဆိုင်ဖွင့်သည်ဟုလည်း နှင်းသိထားသည်။

ခုလောလောဆယ်နှင်းသိတာကတော့ အုတ်စ (Oats) နှင့် လုပ်ထားဆိုသည်သော ရိုတီ၊ ရိုတီနှစ်ချပ်အပြင် ဟင်းတစ်ခွက်၊ ခရမ်းချဉ်သီးနှစ်နှင့် ပဲစိမ်းစေ့၊ အာလူး၊ ရုံးပတီသီး၊ မုန်လာဥနီ၊ ပန်းဂေါ်ဖီနှင့် ပဲသီးစိမ်းနည်းနည်းပါသည်။ ဆီလည်းသိပ်မများ။ နှင်းအကြိုက်ပေါ့။ ခန်းကန်က သူတို့ဆိုင်က ပန်းကန်လားမသိ၊ ဆိုင်တံဆိပ်ပါသလို စာတမ်းတစ်ခုလည်းကပ်ထားသေးသည်။ Low Cholesterol Recipes တဲ့။ နှင်း ပြုံးလိုက်မိသည်။ ဒါမျိုးဆို နှင်းအကြိုက်ပေါ့။ လမ်းတလည်း လျှောက်ထား လေ့ကျင့်ခန်းကလည်းလုပ်ထားသဖြင့် လူက တော်တော် ဆာနေပြီ။ ဒီတော့ ခေါင်းပင်မဖော်ပဲ စားလိုက်တော့သည်။

မေမေကတော့ အန်တီပင်စိုကိုပြောနေသည်။ သူ့သမီးဘယ်လို ဇီဇာကြောင်၊ ဘယ်လိုတယူသန်၊ ဘယ်လိုအယူသည်း စသည်ဖြင့်။ ဒါကြောင့်လည်း အန်တီပင်စိုသား နှင်းနှင့်ယယ်ယယ်တည်းက အတန်းတူ သူ ဗလက နှင်းကိုသိပ်ကြည့်မရလျှင် ဒေါ်ဇီဇာဟုခေါ်တတ်ပြီး အဆင်ပြေနေလျှင် တောင် ဇီဇဝါရယ်လို့ ခေါ်တတ်တာဖြစ်သည်။ ဒါကမေမေ့အလွန်၊ မေမေအပြောကြောင့်ချည်းတော့မဟုတ်ပါ။ နှင်းကိုယ်တိုင်ကိုက ဖြစ်နေတာကို ဝန်ခံနိုင်ပါသည်။ သို့သော်လည်း ဘာမတတ်နိုင်မှာမို့လည်း၊ ဒီလိုဘဲ မွေးလာတာကိုး. . . ဆိုတာ နှင်းရဲ့လက်သုံးစကား။

"အန်တီ **ဗလ**ရောမထသေးဘူးလား. ."

ချစ်လှစွာသော ရန်သူတော်လေးကို မမြင်၍ မေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းကြီးသွားပို့တယ်လေ"

"အော် . . ."

နှင်းအော်နေတုန်း ဗလက အိမ်ထဲပြန်ဝင်လာပြီ။ ဆာပြီမေ. . . ဆိုသည့်အသံကိုလည်း ကြားရသည်။

နှင်းကိုမြင်တော့ နှင်းစားနေတာကို လာနှိုက်စားသည်။ ပြီး. . .

"အီး . . . ဘာကြီးလဲမသိဘူး. . ."

ထိုသို့အော်ပြီး အုန်းနို့ခေါက်ဆွဲပန်းကန်ကို ပြောင်းကိုင်သည်။

"ဒါမျိုးက စိတ်အခြေအနေမှန်တဲ့လူတွေ မစားဘူး. . ."

. . ဟုလည်း ဆက်ပြောလိုက်သေးသည်။

"နင်မစားတာတောင် ကျေးဇူးတင်သေးတယ်"

"တင်ပါ ဒါမျိုးက မြင်းစားတာလေ လူစားတာမဟုတ်တာ. ."

"မြင်းက နင်လားငါလား မှန်ထဲကြည့်လိုက်ဦး ဗလ နင့်ဆံပင်က မြင်းလည်ဆံမွေးလိုဖြစ်နေပြီ"

နှင်း တစ်ခါတည်း အချွန်နှင့်ပါ မ ပေးလိုက်သည်။ ဗလ တစ်ယောက် ဆံပင်အရှည်ထားနေတာ တစ်နှစ်ကျော်ပြီ၊ ဆံပင်ကို တသသနှင့် သမဆုံးသည်မှာလည်း ကြာပြီ။ သူ့ကောင်မလေးက သူ့ကို ဒီလိုဆံပင် ရှည်လေးနှင့် ပိုကြည့်ကောင်းတယ်ဆိုကတည်းက ရသွားသော ရောဂါဖြစ်သည်။ ဒါကိုမသိတော့ အန်တီပင်စီကလည်း သူ့ဆံပင်ကို သတိရတိုင်း ခလုတ်တိုက်တတ်သည်။ သူလည်း ဒုက္ခတော့ ကြီးပါသည်။ ဆံပင်အရှည်ကို ပုံကျနေအောင် ညှပ်ထားရသည်။ တစ်ပတ်တစ်ခါ ဆိုင်သွားလျှော်ရပြီး တစ်ခါတစ်လေ ဆံပင်ကျွတ်ချင်လာလျှင် နှင်းရေလုပ်ပါအုံး ဘာလုပ်ရမလဲဆိုကာ အကူအညီတောင်း





တတ်သည်။ သူ့ကို ဆံပင်ပေါင်းလိုက်တင်ပေးရတာလည်း တစ်ဒုက္ခ။ များရည်းစားရှိရင် အထင်လွဲလောက်တယ် ဟုကလည်းမပြောနိုင်၊ ခေါင်းလွဲ လက်ဆုပ်လက်ကိုင် တစ်ကယ်ကြီး ရှိနေသောသူက သာပြီး အလွဲခံရနိုင်သည်မဟုတ်လား။

"မွေးသမိခင် . . ."

ဗလ သူ့အမေကို ခေါ်ပုံဖြစ်သည်။ အန်တီပင်စီက မနိုင်၍ သည်းခံရသော အကြည့်နှင့်သူ့သားကိုလှည့်ကြည့်သည်။ ဘာလဲဆိုသော အကြည့်။

"နှင်းကို ဆန္ဒ တို့ဆိုင်ပို့ပေးလိုက်ပါလား။"

"သူတို့လည်းသိပါတယ် မရောက်ဖြစ်သေးတာပါ"

"ဒေါ်ဇီဇာတို့နဲ့အကိုက်ဆိုင်ပဲ. ."

"ဘာလဲ ဘယ်လိုဆိုင်လဲ"

"သူ့ဆိုင်နာမည်ကိုက သူများနဲ့မတူဘူး"

"ဘာတဲ့တုန်း"

" HEALTHY FOOD RECIPES တဲ့"

နှင်း စိတ်မဝင်စားခံနိုင်မလား။ အသက်လေး ၂၀ ကျော်လာတတည်းက ကိုယ့်ကိုယ်ကို ဂရုတစိုက်နှင့် အမေချက်ကျွေးသမျှကို ဟိုဟာမစား၊ ဒီဟာမစား လုပ်လာတာ ခုဆို (၄)နှစ်ရှိပြီ။ အရင်ကစားလားဆိုတော့လည်း ဒေါ်ကြီးကျယ်ဟူသောအမည်တော့ ရခဲ့သေးတာပင်။ ဟိုဟာမကြိုက်၊ ဒီဟာမစား။ ခုကျတော့ အဲဒီထက်သာသည်။ ဟိုဟာက ကယ်လိုရီဘယ်လောက်ပါတာ၊ ဒီဟာက ကယ်လိုရီ ဘယ်လောက်ပါတာ။ စသည်ဖြင့်တွက်၊ ကာဘိုဟိုက်ဒြိတ်လျှော့လိုက် အဆီ

www.burmeseclassic.com



ခါတ်လျှော့လိုက်၊ အစားအစာကိုလည်း အပြင်စာမပြောနှင့် အိမ်က အစာတောင် သူ့ဘာသာသူလုပ်မှ စားတတ်တော့သည်မှာ တော်တော်ကြာပြီ။

အိမ်ကလူတွေကလည်း စိတ်ညစ်ကြရှာပါသည်။ ခုတော့လည်း နှင်းလိုလူ အတွက်စားသောက်ဆိုင်တဲ့။ အိမ်ကမိသားစုတွေ အပြင်ထွက်စားတိုင်း နေခဲ့တတ် ငုတ်တုတ်လိုက်ထိုင်တတ်သော နှင်းအတွက် ထွက်ပေါက်တစ်ခုတော့ ရနိုင်ကောင်းရဲ့လေ။

●





## ပြန်လှည့်လာသောနှင်း

(၂)

အိမ်ရောက်တာနှင့် အသင့်စောင့်နေသော အလုပ်သမားများကိုခေါ်ကာ ဈေးပြေးရသည်။ ကားပေါ်ပါလာသော အုန်းနို့ခေါက်ဆွဲချိုင့်ကိုတော့ လွမ်းလွမ်းနှင့်ခဏထားခဲ့ကာ ဈေးကပြန်လာမှစားတော့မည်ဟု စဉ်းစားလိုက်သည်။ အမှန်ကတော့ ဆာနေပြီ။ အိတ်ထဲဆောင်ထားသော Nuts Crunchy Barတစ်ခုကိုထုတ်ယူကာ ကားမောင်းရင်း ဝါးလာလိုက်သည်။ ကိုယ်ပဲဒရိုင်ဘာ၊ ကိုယ်ပဲဈေးဝယ်၊ ကိုယ်ပဲချက်ပြုတ် ကိုယ်ပဲစီစဉ်နှင့်အစပိုင်းမို့ **ဆာနှ**ပင်ပန်းတာတော့ အမှန်ပင်။ သို့သော်လည်း ဖြစ်အောင်လုပ်မည်ဆိုသော စိတ်ကလေးနှင့် ကိုယ်က ပထမဆုံးသူဆိုသော အတွေးများကြောင့် လူကပင်ပန်းသည်ဟု သိပ်မထင်တော့။

နောက်ဆို ဈေးကိုလိုတာမှာလို့ရအောင် အတူခေါ်လာသော ကောင်လေးကိုလည်း သင်ရကြားရသေးသည်။ သူကြည့်ရတာ ဈေးဝယ်



www.burmeseclassic.com

www.burmeseclassic.com



တာ မိန်းမတွေအလုပ်ဟု တွက်ထားပုံရသည်။ ကမ္ဘာကျော် စားဖိုမှူးတွေ အားလုံး ကိုယ်လိုချင်တာ ကိုယ်တိုင်ရွေးချယ်ဝယ်ရ တတ်ရသည်။ ဒါက လည်း ပညာရပ်တစ်ခုဆိုတာကို အာပေါက်မတတ် သုံးရက်လောက် ရှင်းအပြီးမှာတော့ တော်တော်အဆင်ပြေသွားသည်။ ဆိုင်နားသည့် အချိန်တွေမှာလည်း သူတို့ကို Life Style Food Channel ကိုကြည့်နိုင် အောင် ဖွင့်ပေးထားလိုက်သည်။ ဒီတော့မှ သကောင့်သားလေး ဈေးဝယ် ရတာ နည်းနည်းတက်ကြွလာသည်။ ဟင်းချက်နေတာကို လာချောင်း ကြည့်တတ်လာသည်။

ခက်တာက ဆိုင်က ကလေးတွေ တော်တော်များများသည် ငွေတစ်ခုတည်းအတွက် 'ရရာလုပ်မည်. . ခဏတဖြုတ်ပေ့ါ နောက် ဒီထက်ကောင်းတာတွေ့လျှင်လည်း သွားမည်ဆိုသည့်သူချည်းပင်။ ကောင်းတာတွေ့လျှင် မသွားရဘူးမဟုတ်ပါ။ သွားနိုင်ပါမည် ဘယ်သူ ဘယ်သူမှလည်း စာချုပ်စာတမ်းနှင့်ဆွဲမထား။ သို့သော်လည်း ကိုယ့်ကို လတ်တလော ထမင်းကျွေးထားသည့်အလုပ်ကို တန်ဘိုးထားဖို့ဆိုသော အသိစိတ်လေးတွေ နည်းနေသေးသည်။ ကိုယ်ဘယ်လိုအလုပ်နှင့် အသက်မွေးမည် ဆိုတာလည်း ဆုံးဖြတ်နိုင်ကြသေးပုံမပေါ်၊ ဖြစ်နေပုံက အားလုံးမိုးကျ ရွှေကိုယ်တွေလို ဖြတ်လမ်းက ချမ်းသာချင်နေကြသူများ ချည်း။ အောက်ခြေကမစချင်တာလား။ ကြည့်စရာ Role Model တွေပျောက်ဆုံး နေတာလား၊ မြင်အောင်ပဲမကြည့်တတ်တာလား။ ဒါမှမဟုတ် သူတို့ အတွက် Role Model တွေကမှားနေတာလားမသိ။ ဆန္ဒ ဆိုင်ဖွင့်တော့မည်ဆိုပြီး အလုပ်ခေါ်စဉ်က လူရွေးတာ အင်တာဗျူး လုပ်တာချည်းဘဲ နှစ်လနီးပါးမကကြာခဲ့သည်။ စိတ်တိုင်းကို မကျနိုင်





တော့။ နောက်ဆုံးတော့လည်း ကိုယ့်ကိုယ်ကို သူရဲကောင်းအဖြစ် သတ် မှတ်လိုက်ကာ တိုက်ပွဲပေါ်ကျမှ သင်တော့မည်ဆိုကာ အတတ်နိုင်ဆုံး ပြောဆိုရမည့်ထင်သည့်သူများကိုသာ ရွေးချယ်လိုက် ရတော့သည်၊

မနက်ကပဲကြည့်လေ။ စောစောထပြီး မုန့်သွားပို့မည်၊ တံတားလည်း ပြင်မည်၊ လိုက်ချင်သူလိုက်ခဲ့ကြဟုဆိုသော်လည်း တစ် ယောက်မှ တုတ်တုတ်မလှုပ်ကြ။ သူတို့ လစာယူလုပ်နေသည့်အလုပ်ထဲ ဒီတံတား ပြင်သည့်ကိစ္စနှင့် အလှူမုန့်သွားလှူသည့်ကိစ္စပါသည်ဟု ထင်ပုံမပေါ်။ ဆန္ဒ မနက်စောစောထပြီး အလုပ်လုပ်နေချိန်တော့ အားလုံးထလာ ပေးတာကိုပဲ ကျေးဇူးတင်ရဦးမည်။

ဈေးကပြန်လာတော့ မေမေက အုန်းနို့ခေါက်ဆွဲကို အသင့်နွေး ပေးထားသည်။ သားပြန်လာချိန်ဆို အံကိုက်ဖြစ်အောင်တဲ့။ မေမေက တော့ ဒီသားကို ပြန်ရောက်ကတည်းက မျက်စေ့အောက်ကလည်း အပျောက် မခံချင်သလို အတော်လေးလည်းဂရုစိုက်သည်။ မေမေလုပ် ပေးနေပုံက သူဂရုမစိုက်ထား၍ ဆန္ဒက ဖေဖေနှင့် ဆယ်နှစ်လောက် သွားနေ လာသည်ဟု ထင်နေပုံမျိုး။ သားကနှစ်ယောက်ရှိပါသည်၊ တစ်ယောက်တစ်လှည့်စီ သူ့နားကခွာသွားသလိုဖြစ်နေသည်၊ သူ မသွားခင်က အစ်ကိုက ဟိုမှာ။ သူသွားတော့ အစ်ကိုကပြန်လာနေသည်၊ ခု သူပြန်ရောက်တော့ အစ်ကိုကပြန်သွားပြီ။ တိုင်ပင်ကိုကိုက်လို့၊ အဖေနှင့်အမေ အတွက်ကတော့ သင့်မြတ်ပါသည်။

"အုန်းနို့ခေါက်ဆွဲက မိုက်လိုက်တာ၊ မေမေချက်တာကျနေ တာပဲ. . ."

"အမလေး အဲဒါလက်ဦးဆရာလေ၊ မေမေကို ပင်စီသင်ပေး



www.burmeseclassic.com

www.burmeseclassic.com



တာ၊ အချိုးအစားကအစ . . ."

"ဟုတ်လား. . . မွမမေတို့သူငယ်ချင်းတွေက အရင်ကတော့ တော်တော် တွဲခဲ့တယ်ပေါ့. . ."

"အင်း ဒီနေ့မနက်လည်း မေမေက တကယ့်ကို နေလို့မကောင်းလို့ မလိုက်ဖြစ်တာပါ မဟုတ်ရင်သွားပါတယ် မေနှင်းနဲ့လည်းမတွေ့တာကြာပြီလေ မေမေ့အကျင့်က နေမကောင်းရင် ပြင်ဆင်သွားရမယ့် နေရာမျိုး မသွားချင်ဘူး ဒါကြောင့်. . ."

နေသာမကောင်းသည် ခုကျတော့လည်း သားစားဖို့အကုန်အဆင်သင့် လာလုပ်ပေးနေပြန်သည်။ လက်ဖက်ရည်ကြိုက်တတ်သောသားအတွက် လက်ဖက်ခြောက်ကို ကိုယ်တိုင်နှပ်ပြီး ဖျော်ပေးထားသေးသည်။ ဒီနေ့မနက်တော့ အုန်းနို့ခေါက်ဆွဲနှင့် လက်ဖက်ရည်နှင့် တော်တော်ကို အဆင်ပြေနေသည်။ ခုနက ဈေးကအကြော်တစ်ချို့လည်း ဝယ်လာသဖြင့် အုန်းနို့ခေါက်ဆွဲကို အကြော်နှင့်ရော အလှူကထည့်ပေးလိုက်သော ဘဲသွေး၊ ငါးဖယ်၊ ဘဲဥတွေနှင့်ရောက် ရောကာ တဝကြီးစားပစ်လိုက်သည်။ မေမေကတော့ အုန်းနို့ခေါက်ဆွဲကို မစားရဲသဖြင့် မစား. . . အကြော်နှင့် လက်လက်ရည်သာ သောက်သည်။

"သားအဖေ ဟိုမှာရော စားရသောက်ရတာ အဆင်ပြေလား ဆိုလိုတာက သူက မြန်မာအစားအစာ သိပ်ကြိုက်တာလေ"

"သားလည်း တတ်နိုင်သလောက်လုပ်ပေးပါတယ် သားက ဒီကစထွက်သွားတော့ ဘာမှမ ချက်တတ်ခဲ့တာ ဒီတော့ မြန်မာစာတွေကို ဖေဖေသင်တာလောက်ပဲ ချက်ဖြစ်တယ်၊ နောက်ပိုင်းတော့ ကိုယ့်ဘာသာကိုယ်ပြန် လေ့လာနေပါတယ်. . . ချဉ်ဖတ်တွေဘာတွေစိမ်တာက





အစ လေ့လာရဦးမယ် ရှမ်းမုန့်ညင်းချဉ်တော့ ကောင်းကောင်းလုပ်တတ်တယ်. . ."

မေမေကတော့ သူ့သားပြောသမျှကို သေချာနားထောင်နေသည်။ လူက တော့မလန်း။

"ဒီနေ့ ဆိုင်ပိတ်မလား ဒါမှမဟုတ် မေမေ့ဆိုင်ကိုသားပဲတွဲကြည့်လိုက် ရမလား တစ်ခုခုရွေးပါ မေမေ. . ."

အပြီးပိတ်မေးလိုက်သောစကားကြောင့် မေမေကရယ်သည်၊ မေမေ့ ဆိုင်က မိန်းကလေးအဝတ်အစား၊ အသုံးအဆောင်တွေနှင့် အလှကုန် accessories တွေရောင်းသောဆိုင်။ နားလည်လား မမေးပါနှင့်။ ဘာတစ်ခုမှ နားမလည်။ သို့သော် ဆိုင်ကခေါ်ထားသော ကောင်မလေး နှစ်ယောက်နှင့် သူရှိနေလျှင် မေမေနားလို့ရလောက်သည်။

"ဟိုဖက်ဒီဖက်နဲ့ သားပင်ပမ်းပါတယ်"

"သားဆိုင်ကလည်း အမြဲတမ်း လူကျနေတာမှမဟုတ်တာ အားတဲ့ချိန် ဒီဖက်ကိုကြည့်ပေးရုံပဲလေ"

ဟုတ်တော့ဟုတ်သည်။ အိမ်နှင့်ဆိုင်တွေက တစ်ခြံဝန်းထဲမှာပင်၊ ခြံ၏ ညာဖက်ထောင့်ကို ဖွင့်ကာ ဆိုင်နှစ်ဆိုင်ဆောက်ထားခြင်းဖြစ်သည်။ သို့သော်လည်း ပြောတော့သာ ထိုင်ဈေးရောင်းတာပဲဆိုသော်လည်း တစ်နေကုန်မလဲမလျောင်းရပဲ ထိုင်နေရတာက လူတို့အနည်းနှင့်အများတော့ ပင်ပမ်းစေနိုင်သည်ပဲ။

"ထိုင်နေရမှာစိုးလို့ပြောတာမေမေ လုံနေမှ သက်သောင့်သက်သာရှိမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကုတင်အသေးလေးကို ဂိုထောင်ထဲကထုတ်ခိုင်းထားတယ် အတွင်းဖက်မှာ ပြင်ပေးထားဖို့လေ မေလိုတဲ့အခါနားဖို့. . ."

အော်. . . အမေက အကြံနဲ့ပါလားဟုတွေးကာ ပြုံးရသေးသည်။

"အင်းနော် နေမကောင်းဘူးဆိုပြီး အလုပ်မလိုက်ဘူး၊ အဲဒီထဲက တစ်ယောက်ယောက်ကများ ဆိုင်ကို ဒီနေ့ရောက်လာလို့ကတော့နော်" တတ်နိုင်သလောက်တော့ ခြိမ်းခြောက်လိုက်သေးသည်။ သို့သော် မေ့မေ က မရပါ။ ခေါင်းမာပါသည်။ သူလုပ်မည်ဆို လုပ်မည်ဆိုသော ပုံ တလေးနှင့်။

မတတ်နိုင်တော့။ ဆန္ဒလည်း ဆယ်နာရီဆိုင်ဖွင့်ဖို့စီစဉ်ထား တာ ခု ကိုးနာရီထိုးတော့မှာမို့ ပြေးရတော့မည်လေ။ ရေချိုးသန့်စင်ပြီး ဆိုင်မီးဖို ခန်းထဲရောက်သွားတော့ ကိုးနာရီနှစ်ဆယ်။ ကားဂိုထောင် အပေါ်တွင် အိပ်သော သကောင့်သားလေး သုံးကောင်အနက်က တစ်ကောင် မရောက်သေး။

"သန်းဇော်ရော. . ."

"လာလိမ့်မယ် ဒီကောင် ခုနကမှ နိုးတာ. . ."

"အင်း. . . ကောင်းတယ် ဒီတော့ ဒီကအဆင်သင့်လုပ်ထားရ ခဲ့ယ်ဟာတွေက. . ."

"ကျွန်တော် ဈေးကပြန်လာတည်းက လုပ်နေတာ"

ဈေးလိုက်သော တေဇာ ကပြောသည်။ ဘေးက နေစိုးကတော့ ာနက်က ထချက်ပြီးကတည်းက တစ်ခါတည်း သူ့တာဝန်အပြီးလုပ်ထား ခဲ့လိုက်သည်ဟု ဆိုသည်။





"တေဇာသွားတော့ မနက်စာစားတော့"

"ဟုတ်"

ချက်ရပြုတ်ရတာထက် ပြင်ရဆင်ရာတာက ပိုပြီးအချိန်ယူရ သလို ပိုပြီးလည်း လက်ဝင်ပါသည်။ ပြီးတော့ သူ့ဆိုင်က healthy reci-pes ဆိုသည့်အတိုင်း ပြုတ်တာ၊ ကင်တာ၊ steam လုပ်တာ၊ grill လုပ်တာတွေပဲ များတော့ ပိုလက်ဝင်သည်။ နောက်ဆို သူ့တပည့်တွေပါ ပိုတတ်ကျွမ်းလာလျှင်တော့ အိမ်ကိုပို့သောစနစ် တစ်ခုကို စမ်းသပ်ကြည့် ဖို့ စိတ်ကူးသည်။ ဒါမျိုးဆိုတာကလည်း တကယ့်ကို ကျန်းမာရေးနှင့် ညီညွတ်ချင်သူ တွေသာ စားချင်ကြတာမျိုးလေ။

ဒီနေ့အတွက် Special Menu ကတော့ Blue Berry Tart နဲ့ Mixed- berries yogurt ပါ။ အဲဒီအတွက်လည်း Menu ကို ဆိုင်ရှေ့ ထုတ်ပေးခိုင်းရပါသည်။ ဘယ်ရီသီးကတော့ မြန်မာပြည်မှာ စတော် ဘယ်ရီကလွဲရင် တွေ့ရလေ့မရှိပါ။ ဒါကြောင့် လူကြုံနဲ့သော်လည်း ကောင်း ကယ်ရီနဲ့သော်လည်းကောင်း သယ်လာတဲ့ ဘယ်ရီသီးတွေကို သေချာရေဆေး၊ စင်အောင်သုတ်ပြီး တစ်လွှာချင်းစီဖြည့်လို့ frozen လုပ်ထား ရတတ်ပါသည်။ လိုမှနည်းနည်းစီထုတ်သုံးရုံပါသာ။ မဟုတ်ရင် ရနေကျ စတော်ဘယ်ရီတောင် ရာသီမဟုတ်ရင်မရတော့ပါ။ ဆန္ဒ ကတော့ စတော်ဘယ်ရီချိန်က အကုန် frozen လုပ်ထားပြီး တစ်နှစ်လုံး စတော် ဘယ်ရီရနေအောင်လုပ်မယ်လို့ စိတ်ကူးထားခဲ့သည်။ ခုထိတော့ သိပ်ရောင်းကောင်းသေးသည်မဟုတ်ပါ။ Healthy Burger လုပ်ရောင်း တော့လည်း လူတွေက သိပ်မကြိုက်ကြ။ အမှန်တကယ် ကျန်းမာရေးနဲ့ ညီညွတ်တဲ့အစာတွေဟာ သိပ်အရသာရှိလွန်းတဲ့ထဲ မပါတာတော့



www.burmeseclassic.com

www.burmeseclassic.com



အသေအချာပါပဲ။ မုန်လာဥနီ၊ ဆလပ်ရွက်၊ သခွားသီးစိမ်းစိမ်း ကျွတ်ကျွတ်တွေနဲ့ လှနေတဲ့ ဘာဂါကိုမြင်ရင်တော့ သဘောကျကြပြီး စားတဲ့အခါကျတော့ ပေါင်မုန့်အဖြူလောက် သူတို့ပါးစပ်မတွေ့ ကြသည်ကို တွေ့နေရသည်။

ပြထားတဲ့ကယ်လိုရီတွေ အာဟာရတန်ဖိုးတွက်ချက်ထားမှုတွေကိုသာ စိတ်ဝင်စားကြပြီး အရသာအတွက်ကျတော့ ပါးစပ်ကို အလိုလိုက်ချင်နေပါသေးတယ်။ အမှန်တကယ်ကတော့ ဒါတွေလည်း အရသာရှိအောင် စီမံထားတာပါပဲ။ တကယ့်ချိစ်တွေ မရိုးနိုင်တွေအထပ်ထပ်နဲ့ ဘာဂါတစ်လုံးနဲ့တော့ အရသာမတူနိုင်ဘူးပေါ့။

ဒီနေ့အဖို့တော့ ပထမဆုံး ဧည့်သည်ရောက်လာပြီ။

သူက အသက်လေးဆယ်လောက်ရှိမယ့် လူတစ်ယောက်ပါ။ သူကတော့ ဆန္ဒရဲ့ Healthy Burger ကိုကော်ဖီတစ်ခွက်နဲ့ မကြာခဏသောက်တတ်သူပါ။

“မင်္ဂလာပါ. .”

“မောနင်း ဆယ်နာရီဆိုလို့ စောင့်နေရတာ ထိုးတာနဲ့တန်းဝင်လာတာပဲ လုပ်ပေ့ အရင်စားမယ်၊ ဒီနေ့တော့ ပါဆယ်လည်းယူမယ် အလုပ်မှာကြော်ငြာပေးမလို့ ဆိုင်ကဒ် လေးတွေပါပေးလိုက်လေ”

“ဟုတ်. . . ဒီနေ့ အုတ်စနဲ့လုပ်ထားတဲ့ ရိုတီပါရမယ် သုံးဆောင်ကြည့်မလား. . .”

“ဟေ. . . ဟုတ်လား ဒါဆို အဲဒါပဲပေး ဘာဂါမစားတော့ဘူး green tea လေးချပေး ဟုတ်လား ကော်ဖီမသောက်တော့ဘူး ဒါနဲ့ဆို. .”





လူလည်းနည်းနေသေးတော့ ဆန္ဒကိုယ်တိုင်တစ်ခါတစ်ခါထွက်ဧည့်ခံနိုင်သည်။ ခုဆို healthy burger ကို နေစိုးကတော်တော်လေး ကျွမ်းကျင်စွာ လုပ်တတ်နေပြီမို့ လွှဲထားလို့ရနိုင်သည်။

“ဟား ဘယ်ရီတော့ ဆိုပဲ့လား nutrition value လေးပြပါဦး. .”

Nutrition value ရေးထားသောကဒ်ကလေးကို ကမ်းပေးလိုက်သည်။

“အင်း. . . ကယ်လိုရီက ၁၁၇ တောင် . . . တစ်စိပ်မှာ. . fat ကတော့ ၁၁ ဂရမ်၊ အဲဒီထဲမှာမှ ပြည့်ဝဆီက ၄ ဂရမ်. . တဲ့. . ကာဘိုဟိုက်ဒြိတ်က ၁၇ ဂရမ်၊ ပရိုတင်းက ၄ ဂရမ်၊ ဖိုင်ဘာက တစ်ဂရမ်၊ ဆိုဒီယမ်က ၁၃၈ ဂရမ်တောင်. . တော်ပြီ Mixed berry Yogurt ပဲပေးတော့ ဒိန်ချဉ်ကရော Low Fat နဲ့လုပ်ထားတာလား. .”

“ဟုတ်ပါတယ် ကိုယ်တိုင်လုပ်ပါတယ်”

ဒီလူကြီးက တော်တော်လည်းနှံ့စပ်ကာ တော်တော်လည်းသိပုံတော့ရသည်။ ကိုယ်တိုင်ချက်မစားနိုင်တာတစ်ခုပဲရှိပုံရသည်။

“အစ်ကိုက ကျန်းမာရေးကို ဂရုစိုက်ပုံရတယ်. .”

“စိုက်ရတယ်လေ၊ အသက်ကလည်း ငယ်မှမငယ်တော့တာ”

“အာ အစ်ကိုကလဲ ငယ်တာကငယ်ပါသေးတယ် ကျန်းမာရေး ဂရုစိုက်တာက ကြီးကြီးငယ်ငယ် ကောင်းပါတယ် အစ်ကိုရဲ့. .”

“ဟားဟား ငယ်ပါသေးတယ်တဲ့လား ကဲ ငါ့အသက်လေးမှန်းကြည့်ပါ။ မှန်ရင် မုန့်ဘိုးတွေနှစ်ဆပေးမယ် မှားရင် မင်းငါ့စားတာ မယူနဲ့လေ. .”



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးသူ့ဘာသာသူ သဘောကျကာရယ်နေသည်။ ဆန္ဒမှာ သာကိုယ့်စကားနှင့်ကိုယ်မြွေပတ်တော့သည်။ အင်းလေးဆယ်ဝန်းကျင်ဆိုပေမယ့် ၃၉ လား ၄၀ လား၊ ၄၂ လား၊ ဘယ်လိုမှန်းမလဲ။ မတတ်နိုင်တော့။ ခပ်တည်တည်နှင့် ၄၂ နှစ်ဟု ဖြေလိုက်သည်။

"ကဲ ကျွေးပေတော့ ကျွေးပေတော့"

"မှားလည်း သိပ်မကွာပါဘူး အစ်ကိုရာ. ."

"ဟ. . ကွာတာပေါ့. . ငါ့အသက် ၄၈ နှစ်ရှိပြီ"

"ခင်ဗျာ. ."

ဆန္ဒအသံပင် နည်းနည်းပျောက်ချင်သွားရသည်။ မတရားကိုနုပျိုလွန်းသည်ပဲ။ ဆန္ဒတောင် သူ့လိုဖြစ်ဖို့မလွယ်လောက်။ ကိုယ်တိုင်ကလည်း ဒီလိုအကြွသစ်ရလို့သာ ဒီဆိုင်မျိုးဖွင့်ထားတာ။ ဆန္ဒကိုယ်တိုင်လည်း ဒီလိုအစာတွေကို စစ်စီစားလေ့မရှိတာတော့ အသေအချာ၊ မနက်ကပဲကြည့်၊ အုန်းနို့ခေါက်ဆွဲကို တစ်ဝစားထားခဲ့သည်။ အင်း. . . လူတွေနှင့်၊ အစားအသောက်နှင့် ပတ်သက်သော အသိဉာဏ်. . .၊ သူ့ဆိုင် အောင်မြင်ဖို့ အများကြီးသူလုပ်ရဦးမည်။ နောက်အသိပညာပေးမှုတွေလည်း အများကြီးလိုနေသေးသည်ဟု သူထင်သည်။ လောလောဆယ်တော့ သူ့ဘာမှသိပ်မတတ်နိုင်သေးပါ။ နောက်အောင်မြင်လာလျှင်တော့ မီဒီယာများမှတဆင့် သူ ကျန်းမာရေးနှင့်ပတ်သက်သော အသိအမြင်များဆိုင်ရာ ဆောင်းပါးတွေ ကဏ္ဍတွေ ဗီဒီယိုကားတို လေးတွေလည်းလုပ်ချင်နေသေးသည်။ ခုတော့ အချိန်ကမတန်သေးသလို အခွင့်ကလည်းမသာနိုင်သေးပါ။





ဆန္ဒ၏ ပင်တိုင်ဖောက်သည်ကြီးကတော့ healthy burger အလုံး ၂၀ နှင့် ရိုတီ နှစ်ပွဲကို ပါဆယ်ထုတ်ကာပြန်သွားတော့သည်၊ ထကယ်တမ်း ကျတော့ သူ ဈေးလျှော့ယူတာကိုပင် လက်ခံမသွားခဲ့ရှာပါ။

●



www.burmeseclassic.com

www.burmeseclassic.com



## ဇီဇဝါနှင်း

(၃)

နှင်း ရုံးရောက်တော့ စားပွဲပေါ်မှာ ဘူးတစ်ဘူးက အဆင်သင့်စောင့် နေသည်။

"အဲဒါဘာလဲ မီး. ."

အနားက မီးမီးကိုမေးတော့ မီးက " ဘာဂါ ". . ဟုဆိုကာ ပုခုံးတွန့် ပြသည်။ ဆိုလိုတာက နှင်း နှင့်ဘယ်လိုမှအဆင်မပြေသော အစာဆိုတာ သူသိနေပုံ။ နှင်းကလည်း စားလေ့စားထကိုမရှိ။ ကိုယ့်ဘာသာကိုယ် လုပ်စားလျှင်တောင် ဆင်းဒဝစ်လောက်ပဲ စားဖြစ်သည်။

"ဆရာလား မီး"

"ဒါပေါ့. . ဘယ်သူက ဒီလို တစ်ယောက်တစ်လုံးကျွေးချင်မယ် ထင်လို့လဲ. ."

နှင်း ခစ်ကနဲ ရယ်လိုက်မိသည်။ နှင်းတို့ရုံးခန်းမှာက စုစုပေါင်း





လူ ၂၀ လောက်ရှိတာ။ တစ်ခုခုဆို ဒီလူတွေရနေသော လစာပမာဏနဲ့ ဒီသူ နှစ်ဆယ်လောက်ကိုအသာလေး ကျွေးနိုင်ပါလျက် ချန်ချန်ထား ဖတ်သောလူတွေကို မီးမီးကဆိုလိုချင်တာမှန်း နှင်းသိသည်။

"ဘာအတွက်လဲ သူမွေးနေ့လည်း ဟုတ်ပါဘူး. . ."

"သိဘူး ကြော်ငြာထင်တယ် ကဒ်တစ်ကဒ်စီလည်းပါတယ်"

"ဟမ်. . ကဒ် ဟုတ်လား ဘာကဒ်လဲ"

"ဆိုင်ကဒ်လေ. . ဘာဆိုလား အဲဒီမှာကြည့်လိုက်"

ပြီး. . . မီးမီးက မင်းမင်းရောက်လာခါနီးပြီမို့ အပြင်ဘက် ထွက်သွားတော့သည်။

နှင်း ကျွတ်ကျွတ်အိတ်အဖြူလေးနှင့်ထုတ်ထားသော ဖော့ဘူး အဖြူလေးကို ကြည့်လိုက်တော့ ဘေးမှာ ကဒ်ပြားလေးတစ်ခု၊ အသာကောက် ယူလိုက်သည်။

Healthy Food Recipes တဲ့။

ဟမ်. . ။ ဒါပါနဲ့ဆို ဒီစာလုံးကိုဒီနေ့မြင်တာ နှစ်ခါရှိပြီ၊ အဖြူရောင် ဖွေးနေသောကဒ်ပြားလေးပေါ်တွင် အနီရောင်စာလုံးနှင့် လိုဂိုလေးက အဝါရောင်။ ဆိုင်လိပ်စာပါသည်။ နောက်တစ်ခုက စာကြောင်းကလေး တစ်ကြောင်း။

<u>Your health is our concern</u> !! တဲ့။

တယ်ဆိုတဲ့စာပါလား . . ဟု တွေးကာ ခပ်ဖွဖွပြုံးမိသည်။ ဒါ မနက်က ဇလတို့ အန်တီတို့ ပြောသော ဆန္ဒ ရဲ့ဆိုင်ပေါ့။ အင်း တစ်နေ့ တော့ ရောက်အောင်သွားမည်ဟု တွေးထားတာ ခုသွားစရာအောင် မလိုတော့ သူ့ဆိုင်က အစားအသောက်က ကိုယ့်ဆီကို ရောက်ပါစွာ



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာခဲ့ပြီ။

ထိုစဉ်မှာပဲ မင်းမင်းနှင့်မီးမီးပြန်ဝင်လာသည်။

" နှင်းက ဘာဂါမစားဘူးမဟုတ်လား မမနှင်းကိုယ်တာကို ကျွန်တော်တို့ နှစ်ယောက်ညနေစာ လုပ်လိုက်မယ်လေ. ."

"အမယ်. . ရမလား ဘာဂါက ဘာအမျိုးအစားလဲလည်း ကြည့်ဦး တော်ကြာကျမှ ကျွန်တော်နဲ့မီးမီးကိုယ်တာလေးလည်း နှင်းကို ပေးလိုက်ချင်လို့ ဆိုတာကြားနေရဦးမယ်"

"အမ်. . . ဟုတ်လား ဘာလို့လဲ"

ပြောပြောဆိုဆို ခပ်တည်တည်နှင့် နေရာမယွင်းထားထား သော ဘာဂါ ဘူးကိုဆွဲယူဖွင့်ကြည့်လိုက်သည်။ ပေါင်မုန့်က အညိုရောင် ပေါင်မုန့် အမျိုးအစား။ brown bread ။ နောက် အထဲမှာက မုန်လာ ဥနီတွေ၊ ဆလပ်ရွက်တွေ၊ ခရမ်းချဉ်သီးတွေ ပန်းငရုတ်အနီအစိမ်းအဝါ တို့ အမြောင်းလိုက် ပါးပါးလှီးထားတာတွေကို မြင်နေရသည်။ စားချင် စဖွယ်အရောင်များနှင့်။

"သတ်သတ်လွတ်ကြီးလား ဟင့်"

မင်းမင်းက ထိုသို့ရေရွတ်ကာ ပေါင်မုန့်ကို ဆွဲဖွင့်လိုက်သည်။ အထဲမှာ က grill လုပ်ထားသော ကြက်ရင်ပုံသား။ ဒါကိုမြင်မှ သူတို့ သက်ပြင်းကို တမင်လုပ်ကာ ချလိုက်ကြသည်။

"အတော်ပဲ ဒီနေ့ ထမင်းချိုင့်မပါဘူး"

မင်းမင်းက သူ့ဘူးလေးကို သူ့ကျောပိုးအိတ်ထဲကောက်ထည့် တာ နေရာသို့သွားရန် ပြင်သည်။

မီးမီးက. . .





"အင်း အဆင်ပြေသလိုပေါ့. . ."

"နှင်းထင်တာကတော့ ဒါက ချက်ချင်းစားတာကောင်းတယ် ထင်တယ်။ ညနေထိထားရင် အသီးအနှံတွေကလည်း မကျွတ်တော့ဘူး ဖုင်းရိ ပျင်းတွဲဖြစ်သွားမှာ၊ ပေါင်မုန့်လည်းမာသွားလိမ့်မယ်"

မင်းမင်းထွက်သွားတော့ အန်တီမွန် ဝင်လာသည်။ ထုံးစံ အတိုင်း ဘာဘူးလဲမေးပြန်သည်။ မီးမီးက ဒိုင်ခံဖြေ၏။ ဆိုင်ကဒ်တောင် ဝါသေး. . . ဟု နှင်းက ဝင်ပြောလိုက်တော့ အန်တီမွန်တို့ပြန်ပုံက. . .

"အိုး. . . ဘာလုပ်ရမှာလဲကွယ် ရခိုင်မုန့်တီဆိုင်လည်းမဟုတ်" . . . တဲ့။

"အဲဒါ. . . မေမေ့သူငယ်ချင်းသား ဖွင့်တာ. . ."

နှင်း မနေနိုင်မထိုင်နိုင်ဝင်ကြေညာပေးလိုက်သည်။

"ဟင်. . . ကိုဗလ လား"

မီးမီးတို့ အားလုံးက ဗလကို သိထားသူများ ပီပီမေးသည်၊ မေမေ့မှာက သူငယ်ချင်းတစ်ယောက်တည်းရှိတာမှမဟုတ်တာ။

"ဟင့်အင်း နောက်တစ်ယောက် ငယ်ငယ်ကတော့ သိခဲ့ဖူးကြ မယ်၊ ခု သူက နိုင်ငံခြားရောက်နေတာ ဆယ်နှစ်၊ ခုမှပြန်လာတာ"

"အော်. . ."

အန်တီမွန်က ထပ်ပြောပြန်သည်။

"ဒါဆို ဗလကို ရခိုင်မုန့်တီဆိုင်ဖွင့်ခိုင်းလိုက်. . ."တဲ့။

သူ့စကားကြောင်း နှင်းနှင့် မီးမီး ရယ်လိုက်မိကြသည်။ ဒီ section မှာက နှင်းရယ် အန်တီမွန်ရယ် မီးမီးရယ် သုံးယောက်သာ ရှိသည်။ သုံးယောက်လုံးက တခြားသောသူများနှင့်မတူ စိတ်တူကိုယ်တူ



www.burmeseclassic.com

www.burmeseclassic.com



ရှိလှသည်။ မီးမီးကြောင့် ဒီသုံးယောက်နှင့်လာတွဲဖြစ်နေတာက မင်းမင်း။ နောက် တစ်ခါတစ်ခါ ထမင်းလာစားတတ်သော အန်တီမွန့်တူ ဆရာ့နားမှာ နေရသော ဇေယျာသင်း။ တကယ်က အန်တီမွန်နှင့်ဆရာက ငယ်သူငယ်ချင်းတွေ. . .။

အလုပ်စရန် ပြင်လိုက်ဆဲ ဇေယျာသင်းရောက်လာသည်။

"မနှင်း ဆရာခေါ်နေတယ်"

နှင်းရောက်သွားတော့ ဆရာက

"နေ့လည် ဆယ့်နှစ်နာရီမှာ အပွဲ့ငှ့်ခင့် တစ်ခုရှိတယ်"

"ဟုတ် သိတယ်ဆရာ ဆယ့်တစ်ခွဲရင် သတိပေးမလို့. . ."

"အဲဒါ နေ့လည်စာကို ဆယ့်နှစ်ခွဲမှာကျွေးမယ်"

"ရှမ်. . ."

အလုပ်ကိစ္စနှင့် လာတတ်သောဧည့်သည်များကို ဆရာက ထမင်းကျွေးလည်း ဒီမှာမကျွေးတတ်။

ခုကျတော့ ဒီရုံးမှာကျွေးမတဲ့။ ရုံးမှာက ဘာမှပစ္စည်းပစ္စယ စုံစုံလင်လင် ရယ်ရှိတာမဟုတ်။

"အင်း ဟုတ်တယ် ငါ ဝယ်လာပါတယ် နင်က စီစဉ်ရုံပါ. . ."

"အော်. . . ဟုတ်. . ."

"ရိုတီ နှစ်ပွဲစာရယ် ဘာဂါရယ် ပြင်ပေး ဂရင်းတီးတစ်အိုး ချပေး အချိုပွဲ ကတော့အသီးပဲ ပန်းသီးကို အခွံမန္တာဘူး လေးစိတ် စိပ်မယ် ဆယ့်နှစ် ဆယ့်ငါးကျမှခွဲ ဆားရည်နည်းနည်းစိမ်ပေး ဟုတ်ပြီလား. . ."

"ဟုတ်"





ပါးစပ်ကသာဟုတ်လိုက်သော်လည်း စိတ်ထဲကတော့ သိပ်မဟုတ်တာကို သိနေသည်။ တကယ်တည်း ပန်းသီးတစ်လုံးကို လေးစိပ်စိပ်ရမှာကအစ အခွံမန္တာတာအလယ် ဆားရေစိမ်ရမှာ အဆုံး. . . ဆယ့်နှစ်နာရီ ဆယ့်ငါးမှာ ခွဲရမှာက ပါလိုက်သေး. . .။ နှင်းကိုယ်နှင်း ဇီဇာကြောင် လှပြီမှတ်တာ၊ ဒီလိုလူမျိုးနှင့်တွေ့တော့ နှင်း. . . နည်းနည်းတော့ စိတ်စပါးမွှေးစူးချင်သည်။ အင်း. . . ကိုယ့်ကိုလည်း လူတွေ တော်တော် စပါးမွှေးစူးကြမည်မှာ အသေအချာပေါ့။ ကိုယ့်ကို ဇီဇဝါလို့ခေါ်လျှင် ဆရာ့ကိုလည်း ဇီဇွဲဇာဟု နာမည်ပေးသင့်သည်ဟု စိတ်ပေါက်ပေါက်နှင့်တွေးလိုက်သည်။

ပန်းကန်ခွက်ယောက်တွေကို ပြင်ဆင် ရေဆေးတည်ပြီး သကာလ အခန်းထဲ ပြန်ဝင်လာသော နှင်းကို အန်တီမွန်က မေးသည်၊

"ဘာတဲ့လဲ နင့်ဆရာက"

"ဒီနေ့ ဧည့်သည်တစ်ယောက်နဲ့ ချိန်းထားတယ်လေ"

"အဲဒါ. . ."

"အဲဒါ နေ့လည်စာကျွေးဖို့ပြင်ခိုင်းတာ"

"လုပ်ပေးလိုက်ပါကွယ် ဒီလူတွေပဲ သူ့မှာခိုင်းစရာရှိတာ"

အန်တီမွန်ကျတော့ သူငယ်ချင်းအရင်းကြီးဖြစ်နေလို့လားမသိ၊ အားနာတာလည်းပါမည်ထင်သည်၊ သေချာတာက မီးမီးနှင့် နှင်းတိုတော့ ဆရာက လိုအပ်တာတော်တော်များများကို ခိုင်းတတ်သည်၊

"လုပ်ပေးပါတယ် အန်တီမွန်ရဲ့ နှင်းက ဘယ်တုန်းက ကိုယ့်အလုပ် မဟုတ်ဘူးဆိုပြီးကပ်ဖူးလို့လဲ"

"ဒါဆို မျက်နှာကဘာလို့တစ်မျိုးဖြစ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ နှင်းကလဲ မီးဘာကူရမလဲ"

ထိုအခါကျမှ ကိုယ့်မပြေလျော့သေးသော မျက်နှာကို ပြန်လျော့ချရင်း ရယ်လိုက်ရသည်။

"ဟုတ်ပါဘူး ဆရာလေ. . ."...ဟုဆိုကာပြောပြလိုက်တော့ မီးမီးက ရယ်သည်။

"အိမ်က အဖေလိုပေါ့ သမီးကော်ဖီတစ်ခွက်ဆိုမြီးပြီကို မဟုတ်ဘူး၊ သမီး ကော်ဖီတစ်ခွက်ဖျော်မယ် ဖေဖေသောက်နေကျ ခွက်ကိုယူ ကော်ဖီမှုန့်က တစ်ဇွန်းခွဲ သကြားက နှစ်ဇွန်းနို့ဆီမထည့်ဘူး နွားနို့ရှိသေးရင် ထည့်မယ် မရှိရင် နို့မှုန့်ထည့်ပြီးရင် ရေနွေးထည့် သေချာမွှေပြီးအုပ်ထား၊ ပြီးရင် ဖေဖေ့ဆီယူလာခဲ့. . ."

မီးမီးစကားအဆုံးမှာတော့ ရယ်မိကြတော့သည်။ မီးမီး အဖေကလည်း ဒီလိုရာဇဝင်နှင့်ဆိုတာ သူတို့သိထားပြီးသားလေ။ အန်တီမွန်ကတော့ . . .

"သိပ်တော့မထူးပါဘူး သူလည်းအတူတူပါပဲ"

"ဟုတ်လား အန်တီသူငယ်ချင်းပြီးလည်း ဇီဇဝါပဲလား"

မီးမီးစကားကြောင့် မီးမီးကို မျက်စောင်းထိုးပစ်လိုက်သည်။ ပါလာရ ပြန်ပြီ ဒီဇီဇဝါ။ ဒါ ဗလ လက်ချက်။ ဗလက နှင်းကို နားမည်လေးလှလို့ဆိုပြီး လူရှေ့သူရှေ့မရှောင် ဇီဇဝါ ခေါ်တတ်တာကိုး။

"ဒါနဲ့ စည့်သည်လား အလုပ်ကိစ္စလား လာမှာက အမျိုးသမီးလား အမျိုးသားလား"

"အလုပ်ကိစ္စအန်တီ နှင်းတောင် ဖိုင်တွေအပြီးလုပ်ပေးထားတာ လာမှာကတော့ အမျိုးသမီးပဲ Ms Sandra Mae ဆိုလား. . ."





"အော်. . ."

အန်တီမွန်က အော် ဆိုကာ ပြုံးစိစိကြီးဖြစ်သွားတော့ မီးမီးရော နှင်းရော စိတ်ဝင်စားသွားကြတော့သည်။

"ဘာအော်လဲ အန်တီ. . ."

"စန္ဒရာ ဆိုလို့ပါ"

"အမ် သိလား အန်တီက"

"သိတယ်တော့မဟုတ်ဘူး ဒါပေမယ့် ကြားဖူးနေတယ်"

"အော် နှင်း က နိုင်ငံခြားသားထင်နေတာ လာမှာကလည်း အမေရိကားကလို့ဆိုတာကိုး"

"အင်း ခုတော့ ဟိုကလာမှာပေါ့ အရင်ကတော့ ဒီကပဲ"

"အော်. . ."

ဒီတစ်ခါ အော် လိုက်ရသူက မီးမီးနှင့် နှင်း။ သို့သော် သူတို့အော် နောက်မှာ ဘာမှထပ်မလိုက်လာတော့ အန်တီမွန့်ကိုပဲ ဝေဇါကြည့် ရတော့သည်။

"ဟမ် ဘာကြည့်ကြတာလဲ. . ."

"အန်တီ့ကို စကားထောက်ပေးနေတာ ဆက်ပြောလေ"

"ဘာဆက်ပြောရမှာလဲ ဘာမှပြောစရာမရှိဘူး"

"အာ. . . အန်တီမွန်နော် ဒါကြောင့် အပျိုကြီးဖြစ်နေတာ သိလား"

ထိုစကားကြောင့် အန်တီမွန်က ရယ်သည်။ တကယ်တော့ အန်တီမွန်က အပျိုကြီးမဟုတ်။ သို့သော် ယောကျ်ားဆုံးသွားပြီး သားက အဝေးမှာ ကျောင်းသွားတက်နေသဖြင့် နှင်းတို့က သူ့ကို အပျိုတိုင်း



www.burmeseclassic.com

www.burmeseclassic.com



အပျိုကြီးဟု နောက်ကြသည်။

"ကန္တာလေးတွေ. . ."

"ရှင်"

"ဗျာ"

ဘယ်တုန်းကရောက်နေမှန်းမသိသော မင်းမင်းကလည်း ဝင်ထူးသည်။

"ကိုယ့်ကိစ္စကိုယ်လုပ်၊ တော်ကြာ ထမင်းစားချိန်ကျ မနက်ခင်းအလုပ်တွေ မပြီးပဲနေမယ်"

"ဟုတ်သားပဲ၊ ကဲကဲ အလုပ်လုပ်မယ်၊ မီး အလုပ်ပြန်လုပ်တော့၊ မင်းမင်း နင်လည်းသွားတော့ ဘာလာလုပ်တာလဲ အန်တီမွန်က ထမင်းစားချိန်ကျမှ ဆက်ပြောမှာတဲ့. . ."

နှင်း လှူလည်ကျလိုက်တာကို ကြားတော့အန်တီမွန်က မျက်စောင်းထိုးသည်။ မီးမီးကတော့ ကြိတ်ရယ်နေသည်။ မင်းမင်းကသာ သူယူလာသော စီဒီတစ်ချပ် နှင့် ဘာမှန်းမသိရပ်နေသည်။

"ဟဲ့ နင့်လက်ထဲက ဘာလဲ"

"စီဒီလေ"

"နင်ပြောမှလား ငါမြင်နေတယ် ဘာစီဒီလဲမေးတာ"

"အန်တီပဲ ခုတ်ခိုင်းထားတာလေ ကြော်ငြာဒီဇိုင်း၊ ဒီနေ့ မဂ္ဂဇင်းက မားကက်တင်းနဲ့ ချိန်းထားတယ်ဆို. . ."

"အင်း. . . အင်း. . . ထားခဲ့၊ ဒါများ မပြောဘူး နင့်မလဲ ဒီအခန်းထဲရောက်ရင် ပါလာတဲ့ ကိစ္စမေ့တယ်"

အန်တီမွန် ကလည်း ရအောင်ပြောလိုက်သေးသဖြင့် မီးမီးက





ရယ်သည်။ မင်းမင်းကတော့ ပုခုံးတွန့်လိုက်ရင်း ဒီအခန်းထဲမှရယ်ရတာပါဘူး နေရာတိုင်းမေ့ပါတယ် ဟု မကြားတကြားပြောကာထွက်သွားတော့သည်။

နောက်ထပ်သဲသဲကွဲကွဲကြားလိုက်ရတာကတော့ ဆရာသမား၏ ဒီဟာကို ဒီပန်းကုန်နဲ့ထည့် ဟိုဟာကို ဟိုပန်းကန်နဲ့ထည့် လက်ဖက်သုပ်တြမ်းကို တရုတ်ရှေးဟောင်းကြွေခရားအကောင်းစားကြီးနှင့်ထည့် ဆိုတာတွေပဲ ဖြစ်သည်။ အင်း. . . . သေချာပါသည်။ ဒီနေ့သည်တော့ ရှေးဟောင်း ကြွေခရားကြီးတွေနှင့် ထိုက်တန်သော ရှေးဟောင်းနှလုံးသားပြတိုက်ထဲက ရုပ်ကြွင်းတစ်ခုဖြစ်နိုင်ကောင်းသည်ဟု တွေးနေမိတော့သည်။

●



www.burmeseclassic.com

www.burmeseclassic.com



## လွှန်ခဲ့သော နှင်း

(၄)

ဆိုင်ထဲဝင်လာသူကို မြင်ဖူးသလိုပဲဟု ကြည့်လိုက်တော့ ဗလ ဖြစ်နေသည်။

"ဟား ဘယ်က လမ်းမှားလာတာလဲ. . ."

မေးပြီးမှ လမ်းမှားလာတာမဟုတ်လောက်ဟု တွေးလိုက်သည်။ ဘေးမှာက ကောင်မလေးတစ်ယောက်နှင့်။ အပျံစားလေး။ ကော့ပျံနေသည်ဟုတောင် တင်စားလို့ရသည်။ ကြွကြွရွရွဖူးဖူးကလေး လှနေပုံ ဗလနှင့် တောင်ဘာမှ မဆိုင်ချင်။

"တည့်တည့်လာတာလေ ဧည့်သည်ပါတယ် ဒီဆိုင်က အစားအစာတွေကို ကျွေးချင်လို့"

"အာ. . . ရပါတယ် menu ယူလာခဲ့"

တစ်ယောက်ကို menu ယူခိုင်းလိုက်သည်။ ဗလက menu





ဘ်မဝင်စား။ ဘေးနားက ဖူးဖူးလှလှလေးကိုပဲ စိတ်ဝင်စားပုံရသည်။

"ဖူးဖူး ဒါ ဆန္ဒတဲ့၊ ငယ်ငယ်တည်းက သူငယ်ချင်း၊ မတွေ့တာကြာပြီး ဒီကောင်က နိုင်ငံခြားက ပြန်လာတာလေ မကြာသေးဘူး"

ကောင်မလေးက မလှိုက်မလှဲ မျက်နှာတည်နှင့်။ နင့်ဟာနင်ဆယ်ကပြန်လာလာ အထင်မကြီးဘူးဆိုသော မျက်နှာမျိုးနှင့် ခပ်ဆင်ဆင်တူသည်ဟု ဆန္ဒ ခံစားလိုက်ရသည်။ တကယ်တော့ ဆန္ဒသည် ကောင်းမြင် စိတ်ကြီးစိုးသူမဟုတ်ချေ။ သို့သော် ဒီကောင်မလေးကြည့်ရတာတော့ နည်းနည်းမက ဘဝင်မြင့်နေပုံရသည်ဟု ခံစားရသည်။

"ကဲ. . . ဗလ ဘာစားမလဲကြည့်. . ပြီးရင် လှမ်းခေါ်လိုက်ဒါ ကောင်တာမှာရှိမယ်"

လွတ်လွတ်လပ်လပ်နေပါစေတော့ ဟုတွေးကာ ထားခဲ့လိုက်သည်။ စိတ်ထဲကတော့ ဗလကို ဒီတစ်သက်တော့ မလွယ်ဟု တွေးကာရယ်ဖြစ်အောင် ကြိတ်ရယ်လိုက်မိသေးသည်။ မကောင်းစိတ်နှင့်တော့မဟုတ်ပါ။ ကြုံရပလေဟူသော အတွေးနှင့်ဖြစ်သည်။

ခဏနေကျတော့ စားစရာခေါ်မှာသည်။ Steam prawns လည်းပါသည်။ အသီးအရွက်စွတ်ပြုတ်လည်းပါသည်။ ပဲစိမ်းထမင်းလည်းပါသည်။ အသားနှင့်အရွက်ရောထားတာ salad တစ်ခွက်ကလည်းပါသေးသည်။

"မင်းပါ ငါတို့နဲ့အတူလာစားပါလား. . ."

ဗလက လောကဝတ်လုပ်ကာခေါ်သည်။

"နေစမ်းပါ ဗလရာ ဝင့်လိုက်စရာမရှိပါဘူးဆိုပြီး ဖိတ်ခေါ်မနေနဲ့ ငါက လူမှုရေးတော့ နည်းနည်းသိပါတယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် ဗလနှင့် ဆိုင်က ကလေးတွေကရယ်သော်လည်း မရွှေဖူးကဖြင့် တစ်စက်ကလေးမှကို မရယ်ပါ။ တစ်မျိုးတော့ တစ်မျိုး ပင်။ ထိုသို့တွေးရင်း ငယ်ငယ်က သိခဲ့ဖူးသော ဗလနှင့် အတွဲများသော **သိဂ်ီနှင်း** ဆိုသည့်တစ်ယောက်ကို သွားသတိရသည်။ အင်း. . . ဒီကောင် ဘယ်ရောက်သွားလို့၊ ဗလက. . . ဒီတစ်ယောက်နှင့် တွေ့တာလဲမသိ၊ နှင်းဆိုသည့် တစ်ယောက်နှင့် ဗလရယ် သူရယ်က တစ်တန်းထည်းမဟုတ်သည့်တိုင် အရွယ်တွေက မကွာကြတာမို့ တွဲဖြစ်ခဲ့ကြသေးတာကို သတိရသည်။

"ဗလ. . . နှင်း တစ်ယောက်ရော သိဂ်ီနှင်းဆိုတာလေ. . ."

"အင်း. . . ရှိတယ်လေ. . .၊ ပြန်ရောက်တည်းက တစ်ခါမှ မတွေ့သေးဘူးလား. . ."

"တွေ့ဘူး၊ ဆိုင်ဖွင့်ပွဲတုန်းကလည်း သူ့အမေက နေမကောင်းလို့ မလာဘူးလေ၊ နောက်တော့ အမေ့ဆီတော့ အန်တီတစ်ယောက်တည်း ရောက် ရောက်လာတယ်"

"သတိရနေတယ်ပေါ့. . ."

ဗလက သူလွှတ်ရာလွှတ်ကြောင်း လေသံနှင့်ပြန်မေးသည်၊

"အင်း မင်းကိုကြည့်ပြီး သတိရနေတာ. . ."

အမှန်က ဒီလိုစကားမျိုးက အန္တရာယ်များမှန်းသိသားပဲ၊ သို့သော် ဗလကို မေတ္တာရှိပေမယ့် ဟိုကောင်မလေးကို ကလိချင်တာနှင့် ပြောပစ်လိုက်သည်။ ကောင်မလေးက ဗလကို တစ်ချက်ဖျက်ကနဲ ကြည့်သည်။ ပြီး ဘာမှမဖြစ်သလိုပင်။ သူ့ဘာသာသူ salad တွေကို ငွေရောင်တူကလေး နှင့် ထိုးဆွနေသည်။





"အာ ဘာဆိုင်လဲ. . ."

"အော် ငါတို့ငယ်ငယ်က ကစားခဲ့ကြတော့ မင်းနဲ့သူနဲ့က တည့်ရင်လည်း အရမ်းတည့် မတည့်ရင်လည်း အသားကုန်ရန်ဖြစ်နေခဲ့ပါ"

"မင်းနဲ့က အမြဲတည့်နေတာပဲ"

"အင်. . . တည့်ပါတယ် ငါမှ ရန်မဖြစ်တတ်တာ၊ ဒီတော့ နီးသစ်ကျက်ကျက် ဝေးတစ်သက်သက်ဖြစ်စရာအကြောင်းလည်း မရှိဘူးပေါ့. . ."

"ဟားဟား ကြိုကာနေတာလား"

ပညာရှိ ဗလ က . . . သူ့ဖက်လှည့်လာမှာ ကြိုသိနေသော များတွေကို ဆက်တိုက်ဆိုသလို ကာထားနိုင်သည်။ အင်း. . . ကိုယ်ကလည်း စိတ်အချဉ်ပေါက်ပေါက်နှင့် ပစ်နေမိသည်ကိုး။

"ကာစရာတော့မရှိပါဘူး ပြောပြတာပါ ပြန်လာကတည်းက တွေ့သေးလို့ မင်းတစ်ရက်ခေါ်ခဲ့ပါဦး"

ဒါက အကြီးအကျယ် foul ...။ သို့သော် ဗလသာ ပြာယာတွေခတ်ချင်သွားသည်၊ ဟိုကတော့ တစ်ဆိတ်မှ မလှုပ်။ လုပ်နေပုံက နှင့်ဗလလောက်ကတော့ ပိုင်ပြီးသားဆိုသော ပုံမျိုးလေး။

"မင်းတွေ့ချင်တယ်ဆို ခုကို ငါဖုန်းဆက်ခေါ်ပေးပါ့မယ် နေ့လည်စာလာစားဖို့ ကျွေးတာကတော့ မင်းပဲကျွေးရမှာနော်. . ."

"အော် ရပါတယ် သူတစ်ယောက်စာက၊ မင်းတို့နှစ်ယောက်စာသာ ရှင်းခဲ့ပါ. . ."

စိတ်ပါလက်ပါတစ်ဝက် အရွဲ့တစ်ဝက်နှင့် ဆန္ဒ တမင်ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့ ဗလက ရယ်သည်။ ပါရမီကိုက ထူးတာဖြစ်လိမ့်မည် ထင်သည်။ ဆန္ဒတစ်သက် မြင်မြင်ချင်း အမြင်ကပ်စရာကောင်းသော သူတစ်ယောက်မှ မတွေ့ဖူးသလို တွေ့သည်တိုင် ဥပက္ခာပြုထားလို့ရခဲ့ဖူးသည်။ ခုကျကာ မှ ဒီပါရမီရှင်က ဗလနှင့် ပတ်သက်သူဖြစ်နေသည်၊

ဗလက. . . တကယ် ဖုန်းဆက်ခေါ်၏။

"ဇီဇဝါ. . . နင်ဘယ်ရောက်နေလဲ. . ."

ဇီဇဝါဆိုတော့ သူထင်ထားသလို နှင်းမဟုတ်သဖြင့် စိတ်မဝင်စားတော့ပဲ တစ်ဖက်လှည့်မည်ပြင်ပြီးမှ . . . ဆက်ပြောသော စကားကြောင့် ပြန်လှည့်လာရသည်။

"ဒါဆိုလာခဲ့ပါလား၊ ငါ ဆန္ဒဆိုင်ရောက်နေတယ်၊ ဖူးဖူးလည်းပါတယ်။ ဆန္ဒကလည်း ပြန်ရောက်တည်းက နင့်ကိုမတွေ့လို့ မေးနေတယ်။ အင်း အင်း မြန်မြန် ဘယ်နှမိနစ်အတွင်း ရောက်မလဲ. . .။ ဆယ်မိနစ်နော်. . .။ အင်း. . . စောခွင့်ရှိတယ်။ နောက်ကျခွင့်မရှိတာ"

ဗလ ဖုန်းပိတ်လိုက်တော့မှ မေးရသည်။

"ဘာလဲ သူက နာမည်ပြောင်းလိုက်တာလား၊ ဇီဇဝါ တဲ့"

ထိုစကားကြောင့် ဗလက နှာခေါင်းရှုံ့သည်။ ဖူးဖူးကတော့ တစ်ချက်ပဲ လှမ်းကြည့်သည်။ သေချာသလောက်ကတော့ ဒီကောင်မလေး လှလှလေးနှင့် ဆန္ဒ ဓါတ်မတည့် ဆိုတာပင်။

"သူလား၊ ငါပေးထားတာလေ အဲဒီနာမည်က၊ ဇီဇာကြောင်လွန်းလို့ ဒေါ်ဇီဇာ လို့ခေါ်တာ၊ စိတ်လိုလက်ရမို့ ဇီဇဝါလို့ ခေါ်တာ မလှဘူးလား. . ."

"လှပါ့. . . ဒါနဲ့ ဘာတွေဇီဇာကြောင်တာလဲ အပျိုကြီးတွေ





ဆိုတော့ ဒီလိုပဲ နေမှာ"

"သူလား အသက် ၁၈ နှစ် ၁၉ နှစ်တည်းကစပြီး ဇီဇာကြောင်တော့တာ၊ ခုမှမဟုတ်ဘူး၊ အစားအသောက်လေ၊ အင်း. . . မင်းနဲ့တော့ ကိုက်မယ် သိလား သူက အစားအစာရွေးတယ် ကျန်းမာရေးနဲ့ မကိုက်ညီတာမစားဘူး၊ ကယ်လိုရီတွေဘာတွေ တွက်ချက်စားနေတတ်တာများတယ်၊ ဟုတ်ပ မင်းဆိုင်နဲ့ ဒေါ်ဇီဇာနဲ့တော့အကိုက်။ မင်း သူ့အတွက် ပြန်လာသလိုပဲ"

ဗလကလည်း မြားကို စနစ်တကျကို ပြန်ပစ်တော့သည်။ ခေသူတော့ မဟုတ်ချေ။

"ငါက စီးပွားရေးလုပ်စားနေတာလေ"

"တစ်ယောက်စာလေကွာ မင်းချက်ကျွေးလို့ အဆင်ပြေမှာပါ. . ."

"မရတော့ဘူး ငါကလည်း ငွေရေးကြေးရေးဆို မိတ်ဆွေမရှိဘူး"

"ဟားဟား အဲဒီလိုဖြစ်သွားပြီလား"

ဗလက အားရပါးရရယ်သည်။ သူ့ကို ထိမည်ဆိုတာမှ မသိသေးပဲ။

"အင်း ဖြစ်သွားပြီ တချို့တွေလို အရင်က ကပ်စေးနည်းသလောက် ခုကျမှ စေတနာရှိရှိကျွေးမွေးတာတွေ ဘာတွေတော့ မဖြစ်နိုင်တော့ဘူး"

ဗလ တဟားဟား ထရယ်ဆဲ တံခါးကိုတွန်းဖွင့်ဝင်လာသော မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရသည်။ အစိမ်းရောင် တောက်



www.burmeseclassic.com

www.burmeseclassic.com



တောက်ကို အဖြူနှင့်စပ်ထားသော အိတ်အကြီးကြီးတစ်လုံးကိုလွယ်ထားပြီး လူကလည်း အိတ်ကအစိမ်းနှင့်ဆင်သော အစိမ်းရောင် ဝတ်ထားသည်၊ ခေါင်းမှာလည်း ကပိုကရိုခေါက်တင်ထားတာ ကျားပါးစပ်လိုဟာလေးက အစိမ်းရောင်လေး. . .။ နားမှာ နားကွင်းအကြီးကြီးအစိမ်းရောင်ကလည်း ပါသေးသည်။ ဖူးဖူးလို သပ်ရပ်ကျော့မော့နေတာမျိုးမဟုတ်ပဲ ကပိုကရိုနှင့်လှနေသော မိန်းကလေးကို သေချာကြည့်လိုက်တော့ ဟိုနေ့က တံတားကိုဖြတ်လျှောက်သွားသော ကောင်မလေး. . .။

"လာ ဇီဇဝါ. . ."

"ဟမ်. . . သူလား ဇီဇဝါ ဆိုတာ"

"အမ်. . . သူလား ဆန္ဒဆိုတာ"

တစ်ယောက်ကိုတစ်ယောက် တအံ့တဩနှုတ်ဆက်မိတော့ ဘယ်လိုဖြစ်တာလဲဟူသော အကြည့်နှင့်တစ်ယောက်စီကို ကြည့်သည်။

"ဘယ်လိုဖြစ်တာလဲ မတွေ့ဖူးကြတဲ့သူတွေကျနေတာပဲ"

"အမယ် မတွေ့တာဆယ်နှစ် ရုပ်ကလည်းပြောင်းသွားလိုက်တာ"

နှင်းက ထိုသို့ပြောသည်။ သူမ မမှတ်မိတာလည်း အပြစ်မဟုတ်။ ဆန္ဒလည်း မမှတ်မိ။ ဒါပေမယ့် ဗလကိုကျမှတ်မိလားဆိုတော့ ဗလလည်း ဗလအိမ်မှာတွေ့လို့သာ ဗလမှန်း မှန်းလို့ရတာဖြစ်နိုင်၏၊ ဒါကတော့ ကိုယ့်အပြစ်မဟုတ်။

"အင်းလေ ငါက ခန့်ချောကြီး ဖြစ်လာတာဆိုတော့ ဘယ်မှတ်မိမလဲ၊ မင်းလိုပိန်ချိုချိုလေးမှ မဟုတ်တာ"

"နှင်လား ခန့်ချော လက်သမားပဲထင်တယ်. . ."





နှင်းစကားကြောင့် ဆန္ဒ ပြုံးလိုက်မိသည်။ အဲဒီမနက်က ကိုယ်ညီး သူ့ကို သေချာကြည့်လိုက်မိပါလျှက်နှင့် မမှတ်မိတာ။ သူလည်းကိုယ့်ကို သေချာကြည့်မှာ သေချာသည်။ ဆယ်နှစ်ဆိုသော အချိန်ကာလဟာ လူတစ်ယောက်ကို မမှတ်မိလောက်အောင် ပြောင်းလဲ သွားစေတာတော့ မဟုတ်လောက်။ တစ်ယောက်ကိုတစ်ယောက် သာမန်လောက်ပဲစိတ်ထဲ ရှိခဲ့ကြလို့သာဖြစ်မည်။

"ရပါတယ် ဘယ်လိုထင်ထင်ပါ၊ သေချာတာက နင်ထင်လောက်အောင်တော့၊ ငါ့ကို ဂရုတစိုက်လေး ကြည့်လိုက်တယ် မဟုတ်သား. . ."

ထိုစကားကြောင့် နှင်းဘာပြောရမှန်းမသိဖြစ်ကာ မျက်စောင်းထိုးသည်။ ဗလကတော့ အူတူတူနှင့်

"ဘာလဲ မင်းတို့က တစ်နေရာမှာတွေ့ပြီးကြပြီလား"

"အင်းလေ မင်းအိမ် အလှူလုပ်တဲ့နေ့က မုန့်ပို့ပြီး အပြန်ခင်းတို့လမ်းနားက တံတားလေးကို ဝင်ပြင်တာ အဲဒီမှာ တွေ့တာပဲ. . ."

ဗလက နှင်းကို နင်က အဲဒီမှာ ဘာသွားလုပ်နေတာလဲ ဟူသည့် အမေးပါသည့် အကြည့်နှင့်ကြည့်၏

"ငါ အဲဒီမနက်က မေမေ့ကိုပို့ပြီး လမ်းလျှောက်ထွက်တာလေ"

ဗလက ဇာတ်ရည်လည်သွားပုံနှင့်ခေါင်းညိတ်သည်။

"မမှတ်မိကြဘူးတဲ့၊ အင်း. . .မှတ်မိချင်စရာလည်း သိပ်မှမရှိတာ"

ဗလစကားက ဘာလိုလို. . .။



www.burmeseclassic.com

www.burmeseclassic.com



"နင့်စကားက. . . ဘာအဓိပ္ပါယ်လဲ. . . "

"နင်တွေးလိုက်တဲ့အတိုင်း အဓိပ္ပာယ်ထွက်တယ်လို့သာ စိတ်ချမ်းသာသလို တွေးယူလိုက်ပါ"

"နင်တော့ နာတော့မယ် ငါ ဖူးဖူးကို အားနာလို့နော်"

ဖူးဖူးဆိုသည့်ကောင်မလေးကတော့ ဘာတစ်ခွန်းမှဝင်မပြောသလို ဝင်လည်း မပြုံးမရယ်။ စကားဝိုင်းနှင့် သူမက တစ်သီးတစ်ခြားစီလို. . .။ မနှောက်ယှက်တာပဲ ကျေးဇူးတင်ရဦးတော့မည်။

"ကဲကဲ. . . နင်ဘာစားမှာလဲ ပြောလိုက်ဦး၊ မှာလိုက်ဦး၊ ဒီမှာတော့ နင့်အကြိုက်ပဲ၊ နင်တောင် ဒီဆိုင်မှာ အလုပ်လေးဘာလေး ဝင်သင့်တယ် ထင်တာပဲ. . . "

ဗလက စကားကိုတမင်လွှဲလိုက်သည်။ ဒါတောင် အနှောင့်ကမလွတ်ချင်။ ဘာကိစ္စနဲ့ ငါက ဝင်ရမှာလဲ ဝယ်စားလို့ရတာပဲ ဟူသောအကြည့်နှင့်ဗလကို နှင်းက ကြည့်လိုက်တာတော့ မြင်လိုက်ရသည်။ ဆန္ဒကပဲ ဆိုင်ရှင်ပီပီ menu ကို ထိုးပေးလိုက်ရသည်။

"ဟိုနေ့က စားတဲ့ ရိုတီလိုမျိုးလေ"

"ဒီနေ့ မရဘူး"

"ဟင့်. . . "

နှုတ်ခမ်းလေး ခပ်ဖွဖွစူသွားကာ မကျေမနပ်ဖြစ်သွားသံကြားရသည်။

"အမယ် ဟိုနေ့က ရုံးကဆရာ ဒီက ဘာဂါတွေ ဝယ်လာတယ် အဲဒါ ရလား"

"healthy burger အင်း ရတယ် steam prawn လည်းရတယ်





[illegible]လား ဒါမှမဟုတ် salad တစ်ခုခု. . . "

"အင်း. . . ဟုတ်တယ် grill meat တစ်ခုခုပါတဲ့ salad နဲ့ [illegible]am prawn စားမယ်လေ ဟိုဟာက စားဖူးပြီးသား"

"အိုကေ သွားလုပ်လိုက်ဦးမယ်"

"ကိုယ်တိုင်လုပ်တာလား"

"အင်းပေါ့. . . "

"ငါလာကြည့်လို့ရလား"

"မရဘူး"

ဗလက ခပ်တည်တည်နှင့်ဝင်ငြင်းသည်။ ဆန္ဒကတော့ ဘာမှမပြစ်ပါ။ နည်းသိသွားပြီး သူဘာသာ သူလုပ်စားနိုင်လည်း ကိစ္စမရှိပဲ။ သို့သော် နည်းသိတိုင်းလည်း အရသာတူအောင်လုပ်တတ်ဖို့ မလွယ်ဆိုတာတော့ ဆန္ဒသိနေသည်။

"ရပါတယ် ဘာလို့မရရမှာလဲ လာ. . . "

"တွေ့လား ဆန္ဒက နင့်လိုမဟုတ်ဘူး စိတ်ပုပ်မရှိဘူး"

"ငါကလည်း နင့်တစ်ယောက်လောက်ပဲပုပ်ချင်တာပါ. . . "

ဗလက လည်း မရရအောင် လှမ်းပြောလိုက်သေးသည်။ နှင်းတလည်း ခေသူမဟုတ်ပါ။

"နင် နောက်တစ်ခါ ဆံပင်ပေါင်းတင်ချင်တယ် လျှော်ချင်တယ်တွေ လာမပြောနဲ့တော့နော်၊ ငါမကြားချင်တော့ဘူးနော် ဒါပဲ. . . "

အော်ပြောပြီး ဆန္ဒနှင့်အတူ မီးဖိုထဲလိုက်လာသည်။

ဆန္ဒပြင်ဆင်လုပ်ကိုင်နေသည်ကို တိတ်တိတ်လေးထိုင်ကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



“နင်က လိုက်ကြည့်ပြီးရင် ကိုယ့်ဘာသာပြန်လုပ်စားမှာလား”

“ဒါပေါ့ အိမ်မှာက ငါစားတာငါပဲချက်ရတာ”

“ငါချက်တာ ဘယ်သူမှမစားဘူးလုပ်ပါ”

ဆန္ဒကရယ်စရာပြောတော့ နှင်းကလည်းဝန်ခံပါသည်။

“ဒါလည်းဟုတ်တာပါပဲ နှင်းကြိုက်တာတွေ သူတို့မှမကြိုက်တာ အဖေဆို ဆီပြန်ဟင်းမပါပဲ ထမင်းမစားတတ်ဘူး နှင်းကကျ ဆီပြန်နေတဲ့ ဟင်း တွေမြင်ရင် အလိုလိုအသည်းယားတယ်”

“ဖြစ်တတ်ပါတယ် မြန်မာ အများစုကတော့ ဆီပြန်ဟင်းကို နှစ်ခြိုက်တတ်ကြတာပဲ”

“ဟုတ်တယ်၊ ဒါပေမယ့် ကျန်းမာရေးအတွက် မကောင်းဘူးလေ နောက် အသက်အရွယ်အရလည်း မကောင်းဘူး”

“ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါကလည်း ကျယ်ကျယ်ပြန့်ပြန့် ပညာပေးဖို့ တွေလိုနေသေးတယ်၊ ငါက အဲဒါတွေပါ လုပ်ချင်တာ”

“ဘာလဲ”

“အဲဒီကျန်းမာရေးနဲ့ ပတ်သက်တဲ့အစားအစာနဲ့ ဆောင်ရန် ရှောင်ရန်တွေ၊ ဆောင်းပါးတွေ ဘာတွေနဲ့ ပညာပေးချင်တာမျိုးထက် အသိလေးတစ်ခု လောက်ဖြစ်ဖြစ်ထည့်ပေးလို့ရတဲ့ ဟင်းပြင်ဆင်နည်း တွေ . . . အဲဒါမျိုး”

“ကောင်းတာပဲ၊ နှင်းက သဘောကျတယ်”

နှင်းကတက်ကြွစွာ ထောက်ခံသည်။ ငယ်ငယ်ကတော့ သူမ ကိုယ်သူမ နှင်းကလို့ မပြောတတ်ပါ။ နင်နဲ့ ငါသာပြောခဲ့ဖူးသည်။ ခု နှင်းကဟုပြောတော့လည်း တစ်မျိုးလေးပေမယ့် အဆင်တော့ ပြေနေ





[illegible]တုတွေး ကာ ပြုံးလိုက်မိသည်။ ဒါကို နှင်းက . . .

“ဘာပြုံးတာလဲ”

“အော်. . . နှင့်ကို မမှတ်မိတာလည်းမပြောနဲ့ စကားပြောတာ [illegible]အစ ပြောင်းသွားတာကို”

“ဘယ်လို ဘယ်လိုရယ်. . .”

နှင်းက တအံ့တသြကြီးမေးသည်။

“နင် အစက နှင့်ကိုနင် နှင်းလို့မပြောဘူးလေ”

ထိုစကားကြောင့် နှင်း သတိထားမိသွားကာ ရှက်ပြုံးလိုလိုပြုံး သည်။ တစ်ခုသတိထားလိုက်မိတာက ထိုအပြုံးလေးက ထူးဆန်းစွာ သနေသည် ဆိုတာကို. . .။

●



www.burmeseclassic.com

www.burmeseclassic.com



## တိတ်ဆိတ်သောနှင်း

(၅)

ကားထဲမှာ စိတ်မရှည်ဟန်ဖြင့်စောင့်နေသော ဗလကိုကြည့်ကာ နှင်းမျက်နှာကို မဲ့ပစ်လိုက်သည်။ ဒင်းကပဲ စိတ်မရှည်ဖြစ်ရသေး။ ဘယ်သူမှလည်း သူ့ကို တစ်ခုတ်တရ လာမကြိုခိုင်း။ သူအလိုရှိတဲ့ ကိစ္စလည်း လိုက်လုပ်ပေးရဦးမည် သူကပဲစောင့်ရတာစိတ်မရှည်ဆိုတော့ မဟုတ်သေးပါဘူး။ သို့သော် နောက်ကပါလာသော အန်တီမွန်နှင့် မီးမီးတို့ကိုမြင်တော့ မျက်နှာကြောက ပြောင်းသွားသည်။

"အန်တီ. . . နေကောင်းတယ်နော်၊ မမီး. . . မင်းမင်းရော"

" အင်း ကောင်းပါတယ်ကွယ်"

"မင်းမင်း နောက်ကလာလိမ့်မယ်"

အမှန်က နောက်တစ်နေ့မှာ လုပ်မည့် ဖူးဖူးတို့အိမ်က အလှူအတွက် အချိုပွဲ ဗန်းနှစ်ဗန်းနှင့် သက်နင်းငါးစုံပို့ချင်သည်တဲ့။ မောင်ဗလ





က. . .။ သူ့ အမေလည်း သူ့အကူအညီမတောင်းရဲ။ သူကိုယ်တိုင်ကကျ အချိုပွဲဗန်း မပြောနှင့် သက်နင်းတောင်ဘယ်နားကားထိုးဝယ်ရမှန်းမသိသူ။ ဒီတော့ နှင်းကို အကူအညီတောင်းသည်။ အန်တီမွန်က သူ့မိတ်ဆွေ အန်တီမြဆီ ခေါ်သွားမည်။ အန်တီမြဆီမှာက အချိုပွဲတွေအစုံကို ရနိုင်သည်။ နာမည်ကြီးသည်က ပူတင်းတဲ့။ နောက် သက်နင်းသွားဝယ်ကြမည်။ ဒီညနေစာကိုတော့ ဒီအုပ်စုကို ဗလကကျွေးရမည်၊ သိပ်တော့ချောင်သည့် ကိစ္စမဟုတ်ပါ။ သို့သော်နှင်းက ခုနကလို စူပုပ်စိတ်မရှည်ဟန်သာ မတွေ့ရလျှင် ညနေစာကိုနှင်းပဲကျွေးဖို့စဉ်းစားထားသည်။ ခုတော့ စောစောက ဆရာသမားက ပြန်ခေါ်ကာ နောက်နေ့လုပ်မည့် အစည်းအဝေးတစ်ခုအတွက် ပြန်ပြီး အစီအစဉ်ပြောင်းနေသဖြင့် ပြန်လုပ်ပေးနေရသောကြောင့် ရုံးဆင်းချိန်ထက် နာရီဝက်နောက်ကျသွားခဲ့ရသည်။ ဒါကို ဗလတစ်ယောက် စူပုပ်နေခြင်းဖြစ်သည်။

"ညနေစာက ဘယ်မှာကျွေးမှာလဲ ကိုဗလ"

မီးမီးကမေးတော့ ဗလက သွက်လက်စွာဖြေသည်။ Healthy food recipes တဲ့။ အန်တီမွန်ကတော့ နှာခေါင်းရှုံ့သည်။ အကုန်အကျများမှာတွေ သိပ်မလုပ်ပါနဲ့ဟုဆိုတော့ ဗလက ကံကောင်းရင် အလကားတောင် စားရဦးမယ်ဟု ပြန်နောက်နေသဖြင့် ဘာမှထပ်မပြောသာ။ မင်းမင်း ရောက်လာတော့ ကားစထွက်သည်။ အနီးဆုံးဆိုပ်ကမ်းသာ သမ်းရှိ အန်တီမြဆိုင်ကို သွားကြသည်။ ပူတင်းတစ်ဗန်း၊ ရွှေခြည် တစ်ဗန်း၊ ငှက်ပျောသီးဆနွင်းမကင်းတစ်ဗန်းမှာကြသည်။

"ဒီမှာပဲထမင်းစားမလား"

အန်တီမွန်ကမေးသည်။ မြန်မာထမင်းဟင်းများရသည်ကိုး။



www.burmeseclassic.com

www.burmeseclassic.com



## တိတ်ဆိတ်သောနှင်း

(၅)

ကားထဲမှာ စိတ်မရှည်ဟန်ဖြင့်စောင့်နေသော ဗလကိုကြည့်ကာ နှင်းမျက်နှာကို မဲ့ပစ်လိုက်သည်။ ဒင်းကပဲ စိတ်မရှည်ဖြစ်ရသေး၊ ဘယ်သူမှလည်း သူ့ကို တစ်ခုတ်တရ လာမကြိုခိုင်း။ သူ့အလိုရှိတဲ့ ကိစ္စလည်း လိုက်လုပ်ပေးရဦးမည် သူကပဲစောင့်ရတာစိတ်မရှည်ဆိုတော့ မဟုတ်သေးပါဘူး။ သို့သော် နောက်ကပါလာသော အန်တီမွန်နှင့် မီးမီးတို့ကိုမြင်တော့ မျက်နှာကြောက ပြောင်းသွားသည်။

"အန်တီ. . . နေကောင်းတယ်နော်၊ မမီး. . . မင်းမင်းရော"

" အင်း ကောင်းပါတယ်ကွယ်"

"မင်းမင်း နောက်ကလာလိမ့်မယ်"

အမှန်က နောက်တစ်နေ့မှာ လုပ်မည့် ဖူးဖူးတို့အိမ်က အလှူအတွက် အချိုပွဲ ဗန်းနှစ်ဗန်းနှင့် သက်န်းငါးစုံပို့ချင်သည်တဲ့။ မောင်ဗလ





. . . ၊ သူ့ အမေလည်း သူ့အကူအညီမတောင်းရဲ။ သူ့ကိုယ်တိုင်ကကျ
ွဲဘန်း မပြောနှင့် သင်္ကန်းတောင်ဘယ်နားကားထိုးဝယ်ရမှန်းမသိ
ဒီတော့ နှင်းကို အကူအညီတောင်းသည်။ အန်တီမွန်က သူ့မိတ်ဆွေ
တီမြဆီ ခေါ်သွားမည်။ အန်တီမြဆီမှာက အချိုပွဲတွေအစုံကို ရနိုင်
ည်၊ နာမည်ကြီးသည်က ပူတင်းတဲ့။ နောက် သင်္ကန်းသွားဝယ်ကြမည်၊
ညနေစာကိုတော့ ဒီအုပ်စုကို ဗလကကျွေးရမည်။ သိပ်တော့ချောင်
ည့် ကိစ္စမဟုတ်ပါ။ သို့သော်နှင်းက ခုနကလို စူပုပ်စိတ်မရှည်ဟန်သာ
ဘွေ့ရလျှင် ညနေစာကိုနှင်းပဲကျွေးဖို့စဉ်းစားထားသည်။ ခုတော့
စောက ဆရာသမားက ပြန်ခေါ်ကာ နောက်နေ့လုပ်မည့် အစည်း
ဝေးတစ်ခုအတွက် ပြန်ပြီး အစီအစဉ်ပြောင်းနေသဖြင့် ပြန်လုပ်ပေး
ရနေသောကြောင့် ရုံးဆင်းချိန်ထက် နာရီဝက်နောက်ကျသွားခဲ့ရသည်။
တို့ ဗလတစ်ယောက် စူပုပ်နေခြင်းဖြစ်သည်။

"ညနေစာက ဘယ်မှာကျွေးမှာလဲ ကိုဗလ"

မီးမီးကမေးတော့ ဗလက သွက်လက်စွာဖြေသည်။ Healthy
od recipes တဲ့။ အန်တီမွန်ကတော့ နှာခေါင်းရှုံ့သည်။ အကုန်အကျ
များမှာတွေ သိပ်မလုပ်ပါနဲ့ဟုဆိုတော့ ဗလက ကံကောင်းရင် အလကား
တောင် စားရဦးမယ်ဟု ပြန်နောက်နေသဖြင့် ဘာမှထပ်မပြောသာ။
မင်းမင်း ရောက်လာတော့ ကားစထွက်သည်။ အနီးဆုံးဆိပ်ကမ်းသာ
ခမ်းရှိ အန်တီမြဆိုင်ကို သွားကြသည်။ ပူတင်းတစ်ဗန်း၊ ရွှေခြည်
တစ်ဗန်း၊ ငှက်ပျောသီးဆနွင်းမကင်းတစ်ဗန်းမှာကြသည်။

"ဒီမှာပဲထမင်းစားမလား"

အန်တီမွန်ကမေးသည်။ မြန်မာထမင်းဟင်းများရသည်ကိုး။



www.burmeseclassic.com

www.burmeseclassic.com



မီးမီးနှင့် မင်းမင်းကလည်း စိတ်ဝင်စားဟန်ဖြင့် ကောင်းသား ဟုဆိုသည်။ ပြီး ဗလကို သက်သာတယ်သဘောထားပါ။ ဒီမှာပဲစား ဟုဆိုသဖြင့် ဗလ နှင်းကိုလှည့်ကြည့်သည်။

"ရတယ်လေ စားပါ၊ ငါစားလို့ရတာ တစ်ခုခုရှိမှာပါ"

"အော် သိပါဘူး၊ နှင်းများဆန္ဒဆီသွားချင်မလားလို့"

"သွားချင်ငါ့ဟာငါသွားမှာပေါ့၊ နှင်းခေါ် သွားမှ ရောက်မှာ ကျနေတာပဲ"

ပက်ခနဲပြန်ပြောလိုက်တော့ ဗလ တအံ့တဩဖြစ်သွားသည်။ ပြီးမှ . . .

"အော် ဒီလိုတောင် ဖြစ်နေပြီလား"

"နှင်းထင်ထားတဲ့အတိုင်းပါပဲ အဲဒီတိုင်းသာဆက်ထင်လိုက်"

သူပြောနေကျ စကားနှင့် သူ့ကို ပြန်ပက်တော့ ဗလရယ်သည်။ အန့်တီ မွှန်တို့ မီးမီးတို့ကတော့ သူ့ကို စကားကို စိတ်ဝင်တစားနှင့်။

"အမယ် ဘယ်လိုတွေဖြစ်ကုန်တာလဲ၊ နှင်း. . . ဆန္ဒဆိုတာ ဟိုဆိုင်ဖွင့်တဲ့ တစ်ယောက်လား"

"ဟုတ်တယ်လေ"

"အမယ် တကယ်ဟုတ်ပါလား"

မီးမီးက နောက်သည်။

"ဘာမှဟုတ်မနေနဲ့ သူ့အမြင်ကပ်လို့ပြောတာ။ ငယ်ငယ်တည်းက တစ်ယောက်ကိုတစ်ယောက် အမှတ်အသားတောင်သိပ်မရှိအောင် ချစ်ခဲ့ကြတာ၊ ခုပြန်တွေ့တော့ မှတ်တောင်မမှတ်မိကြဘူး"

နှင်းစကားကြောင့် အားလုံးက ဝိုင်းရယ်ကြသည်။





ဗလကတော့ မျက်မှောင်ကြုတ်ကာ နှင်တို့မမှတ်မိဘူးဆိုတာ နည်းတော့ အိုဗာဖြစ်သလိုပဲ ဟုရေရွတ်နေသေးသည်။ ဘယ်နှယ့် ်မိတာပဲ အိုဗာဖြစ်ရသတဲ့။ ပြောပုံက. . .။ တမင်တကာပဲ မမှတ် င်ယောင်ဆောင်နေကြသလိုလို။ ငယ်ငယ်တည်းကလည်း ဒီလောက် း တတွဲတွဲနေခဲ့ကြသည့်သူများမဟုတ်။ တစ်ယောက်ကို တစ်ကျောင်းစီ ်ကြပြီး အမေတွေ တစ်ပတ်တစ်ခါ နှစ်ပတ်တစ်ခါ လောက်ဆုံမှ ကြ၊ အတူဆော့ခဲ့ကြရုံလောက်သာ။

"ကဲပါ နှင်းဘာစားလို့ရမလဲပဲ အန်တီမွှန်မေးပေးပါ၊ အရွက် ော်တစ်ခုခု သို့မဟုတ် မြင်းခွာရွက်သုတ် ခရမ်းချဉ်သီးသုတ် ်တာမျိုး"

"ရတယ်လေ အရွက်သုတ်က"

"အဲဒါဆို အဲဒီနှစ်မျိုးနဲ့ ထမင်းဖြူမှာပေးပါ"

"ဗလရော"

"သူစားသလိုပဲစားမယ်"

"သူများတွေအထင်လွဲအောင် ငါနဲ့တူတူလာမစားပါနဲ့"

နှင်း အမြင်ကပ်ကပ်နှင့် ပြောလိုက်တော့ ဗလကလည်း မခံပါ။

"ငါက ကျွေးရမယ့်သူမို့ အကုန်အကျသက်သာတာလိုက် စားတာ။ င့်လို စားမယ်ပြောတာနော်. . .၊ နှင်နဲ့ တူတူစားမယ်မပြော ဘူး ခံစားမနေနဲ့"

"သေလိုက် ငါ့ဘာသာငါရှင်းမယ်"

"ဒီလောက်ကတော့ ရပါသေးတယ်၊ တော်ကြာ ငါသက်နီးဆိုင် ရောက်ပဲ နေဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုကျတော့ ဗလက အကင်းပါးသည်။ သူ့ကိစ္စတွေမပြီးသေး ဆိုတာကို သူသိနေသည်။

ဆိုင်ကျဉ်းကျဉ်းလေးထဲမှာ ဆူညံဆူညံနှင့်ပင် သူတို့ထမင်းစား ပြီးသွားသည်။ နှင်းက ထမင်းပါသည်ဆိုရုံသာ စားခြင်းဖြစ်သည်။ အဓိကက အသုတ်တွေနှင့် အရွက်ကြော်တစ်ပွဲတွေ့တာကိုစားလိုက်၏။ ကျန်လူတွေကတော့ ဟင်းဖွယ်ဖွယ်ရာရာနှင့် စားကြသည်။ ခရမ်းချဉ်သီး ပန်ထွေဖျော်၊ တို့စရာ၊ ငါးကြော်နှပ်၊ ပုဇွန်ဟင်း၊ ကလီဇာစသဖြင့် အစုံတွေ့ရသည်။ ထူးခြားသည်က ဟင်းအားလုံးက ဆိုင်ဟင်းနှင့်မတူပဲ အိမ်ဟင်း လေးတွေလိုစားချင့်စဖွယ်ဖြစ်နေခြင်းပင်။ ဆီလည်း သိပ်မများ။ ဘာပဲ ပြောပြောဆန္ဒ ဆိုင်က salad တစ်ခုခုကို စားရလျှင် ပိုအဆင်ပြေမည်ဟု တော့ တွေးလိုက်မိတာဝန်ခံလိုသည်။

စားသောက်ပြီး သက်န်းဝယ်သည်။ အန်တီမွန့်ကိုအရင်လိုက် ပို့သည်။ နောက် မင်းမင်း နှင့် မီးမီးကို သူတို့သွားရမည့် မှတ်တိုင်တစ်ခု မှာ ချပေးသည်။ သက်န်းတွေကို နှင်းက အိမ်သယ်သွားပေးရဦးမည်။ ဒါကြောင့် မောင်ဗလတစ်ယောက်က သဘောမကောင်းချင်ပဲ ကောင်း နေမှန်း ခုမှသိတော့သည်။

"သက်န်းပဲဟာ နင့် အိမ်ယူသွားတော့ဘာဖြစ်လဲ၊ လှူဖို့ဟာကို"

"ငါ့အမေ အကြောင်းငါသိတယ်၊ မေးမှာမြန်းမှာ စုံနေအောင်"

"မေးတော့လည်းဖြေလိုက်ပေါ့၊ နင်လိပ်ပြာလုံလုံနဲ့ ဆိုဘာမှ မဖြစ်ဘူး"

"မွေးသမိခင်က ဖူးဖူးကို သိပ်ကြည့်လို့မရဘူးလို့ ပြောဖူးတယ် ဒါတောင် ငါနဲ့ ကြိုက်နေမှန်း မသိသေးဘူး"





"နင့် ကောင်မလေးကလည်း အကြောကြီးကြီးလေးလေ အန်တီပင်စီနဲ့တော့ တွေ့မှာပေါ့"

"စိတ်ညစ်ရတဲ့ထဲ နင်ကတမျောင့်. . . ငါ ဒါတွေစဉ်းတောင် မစဉ်းစားရဲသေးဘူး"

"အမလေး မစဉ်းစားရဲသေးလည်း မချစ်နဲ့ပေါ့"

စိတ်ပေါက်ပေါက်နှင့် နှင်းအော်ပစ်လိုက်တော့ ဗလက မခိုး မခန့်ရယ်သည်။

"ဒါတွေ နင်နားမလည်ပါဘူး". . . တဲ့။

သေပစ်လိုက်. . . ဟု ကြားသာရုံခပ်ဖွဖွလေးမေတ္တာပို့ပစ်လိုက် သည်။ ပြီးမှ. . .

"နေစမ်းပါဦး ငါက သက်န်းတွေသယ်သွားပါပြီတဲ့၊ အိမ်က မေးတော့ ငါက ဗလကောင်မလေးအိမ်မှာ အလှူလုပ်မှာမို့ ဒင်းက ပို့မယ့်ပစ္စည်းတွေ အန်တီပင်စီ ဆူမှာစိုးလို့ သယ်သွားပေးပါ ဆိုတာနဲ့ လို့ ပြောရမှာလား"

"ဟာ. . . ငတုံးလား ဒေါ်ဇီဇာရာ"

"အမယ် မတုံးရင် ငါက လိမ်ရမယ်ပေါ့"

"နင်ကလဲ တစ်ရက်ပဲဟာ မနက်ဖြန်ရုံးလာရင်ယူလာရုံပဲ ညနေငါ ရုံးကနေ ဝင်ယူမှာပဲ၊ ရုံးက လှူဖို့ ပစ္စည်းတွေလိုက်ဝယ်ခိုင်းလိုက် လို့၊ ငါနဲ့ လိုက်ဝယ်တယ်ပေါ့. . .၊ ငါပြန်ပို့တာပဲ. . ."

နှင်း မျက်လုံးပြူးကြည့်မိသည်။

"ဟင် နင့်ကိစ္စကြီးကနေ ငါ့ကိစ္စလုံးလုံးပြန်ဖြစ်ပြီး နင်ကပဲ ငါ့ကို ကူညီ ပို့ဆောင်ပေးနေသယောင် ဖြစ်နေမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်မှ မဟုတ်တာဟာ ဒါလေးများ"

"အကုသိုလ်ကိစ္စကြီး"

ဒီလောက်လေးများ. . . ဟု သူဆိုသလိုလည်းရနိုင်ပါလျှက်နှင့် တမင် သက်သက်ကို ကပ်ကပ်သပ်သပ်တွေ လုပ်ပေးလိုက်သည်။

"နင်လည်း ဒီလောက်သူတော်ကောင်းအစစ်ကြီး မဟုတ်ပါဘူးဟာ၊ လုပ်မနေပါနဲ့"

"အမယ် ကိုယ့်အတွက် ကိုယ်လိမ်တာညာတာက ကိစ္စမရှိဘူး ကိုယ့် အကုသိုလ်ကိုယ်ခံပေါ့၊ ခုဟာက နင့်ကိစ္စကြီး ငါက အကုသိုလ်ဝင်ယူရမှာ. . ."

"အမလေး. . . တော်ပါတော့ ဒေါ်ဇီဇာ၊ ကဲပြော အပေးအယူကဘာလဲ၊ ဘာကြေးလဲ ပြော"

"နင် နားလည်လွယ်သားပဲ"

မချို မချဉ်နှင့် အနိုင်ယူလိုက်သော နှင်းကို ဗလ မကျေမနပ်ကြည့်နေသော်လည်း ဘာမှတော့မတတ်နိုင်။

"ဆန္ဒဆိုင်မှာ နင်စားချင်တာ တစ်ရက်ကျွေးမယ်လေ. . ."

"အမယ် ဘယ်ရမလဲ စားတာလောက်နဲ့"

ဟူး ကနဲ ဗလက တမင်သက်ပြင်းချပြသည်။

"ဒါဆို ဘာလဲကွာ"

"အကြွေးတစ်ခုအနေနဲ့ မှတ်ထားလေ လောလောဆယ်တော့ ငါမပြောတတ်ဘူး သေချာတာက ဆန္ဒဆိုင်က တစ်ခုခုနဲ့တော့ မရတာပဲ"

"နင်ဟာက ဘာမှန်းမသိသေးပဲ ငါက သဘောတူထားရမှာ ငါ မတတ်နိုင်တာဆို ဘယ်လိုလုပ်မလဲ"





"အဲဒီလောက်တော့ ငါမရက်စက်ပါဘူး"

"တကယ်နော်"

"တကယ်ပါ. . ."

"ဒါဆို ပြီးရော အကြွေးတစ်ခု တင်တယ်လို့မှတ်ထား"

"အိုကေ. . . ငါသွားမယ်"

အိမ်ရှေ့ရောက်နေပြီမို့ ဆင်းရန်ပြင်တော့ သကောင့်သားက သဘောကောင်းစွာ သက်နှ်းအိတ်တွေကို ကိုယ်တိုင်လိုက်ချပေးသည်၊ မေမေ မြင်တော့ . . .

"ဟဲ့သား ဗလ ဘာတွေလဲ"

"သူတို့ ရုံးကမှာတာတွေပါ အန်တီ၊ ကျွန်တော်လိုက်သယ်ပေးတာပါ"

"အော်. . . အေးအေး ကျေးဇူးပဲ"

ပုံစံကတော့ နင့်ကိုယ်စားငါပဲ ညာပေးသွားတယ် ဆိုသော မျက်နှာပေးနှင့် ဗလ ကားပေါ်တက်သွားသည်။ ကားအထွက်မှာ လှမ်းမှာသွားသေးသည်။

"နင် မနက်မေ့မနေနဲ့ သတိပေးတာ။ နင်က မေ့တတ်ပါဘိနဲ့ ငါဖုန်းလှမ်းဆက်ပေးရမလား". . တဲ့။

မေမေက ဘုမသိဘမသိနှင့် ဗလကိုအားနာကာ . . .

"ရပါတယ် အန်တီသတိပေးလိုက်မယ် သား" . . . ဟု ဝင်ပြောနေသဖြင့် စိတ်ထဲက ဗလကို မေတ္တာတွေ အတုံးလိုက်ပို့လိုက်မိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒ နိုင်ငံခြားထွက်သွားပြီးမှ ဗလနှင့် နှင်းလည်း ပိုပြီး ရင်းနှီးလာခြင်းဖြစ်သည်။ အကြောင်းရင်းက တက္ကသိုလ်မှာ တစ်လိုင်းတည်းတူတူရတာမို့ ကျောင်းတူသွားသောကြောင့်ဖြစ်သည်။ ကျောင်းမှာ သိပ်မတွဲဖြစ်သည့်တိုင် အရင်ကထက်တော့ ရင်းနှီးသွားခဲ့ကြသည်။ ဒါက အမေသုံးယောက်က သိပ်ချစ်ကြပြီး ကိုယ်တွေကျကာမှ တစ်ယောက်နှင့် တစ်ယောက် မရင်းနှီးသလိုဖြစ်နေတာကို မေမေက ညည်းဖူးသဖြင့် သတိတရနှင့် ဗလကို သူငယ်ချင်းစာရင်းထဲသွင်းဖြစ်ခဲ့ခြင်းဖြစ်သည်။

"ညစာစားခဲ့ပြီလား"

"ဟုတ် မေမေ"

"အမယ် အပြင်စာတွေဘာတွေစားပြီလား ဟိုနေ့ကလို ဆန္ဒဆိုင်မှာ ပဲလား"

"ဟုတ်ဘူး ဒီနေ့က အန်တီမွန်တို့သွားတဲ့ဆိုင်မှာစားခဲ့တာ ခရမ်းချဉ်သီးပန်တွေဖျော် မြင်းခွာရွက်သုတ် ခရမ်းချဉ်သီးသုတ် အရွက်ကြော်တွေနဲ့ စားလာတယ်"

"အော်အော် အဲဒါတွေက အချိုမှုန့်မပါဘူးတဲ့လား မရွှေဇာ"

ကြည့်. . .။ မေမေကပါ မရွှေဇာဖြစ်နေပြီ။

"မပါဘူး မေမေ အဲဒီဆိုင်က အချိုမှုန့်မသုံးဘူး၊ နောက်ဟင်းတွေက ဆိုင်ချက်လို မဟုတ်ဘူး။ အိမ်ချက် တောချက်ကလေးလိုပဲ"

"ဟဲ့ ဟုတ်လား ပြောထားပါဦး နေရာလေး"

"ဆိပ်ကမ်းသာလမ်းထဲမှာ၊ မြသဇင်တဲ့ မေမေ"

"အင်း မှတ်ထားမှ"





မေမေက သူ့ဘာသာသူ ရေရွတ်မှတ်သားရင်း ပြန်ထွက်သွား ည်၊ နှင်းမှာသာ ဒင်းချထားခဲ့သည့် သက်န်းတွေကို မနက်မေ့မှာစိုးလို့ င်ပေါက်နားက စားပွဲပေါ် ထင်သာမြင်သာအောင် တင်ထားလိုက်ရ ည်၊ အမှန်က ညစ်ချင်လျှင် လွယ်လွယ်လေး။ သူဖုန်းမဆက်လို့က ာ့ မေ့လို့ဟုဆိုကာ တမင်ထားပစ်လိုက်ရုံသာ။ ကိုယ်က အဲလောက် ာပုပ်တတ်လို့ဟု ကိုယ့်ကိုယ်ကို နှင်းပြန်အမှတ်ပေးလိုက်သေးသည်။ ာထဲကတော့ ဗလကို ကြည့်မရချင်တာအမှန်။ အလကား ဘာမှန်း ၊ သတ္တိလည်းမရှိ ဟုပင် တွေးလိုက်သေးသည်။ ဟုတ်တယ်လေ န်တီပင်စီ မကြိုက်နိုင်မှန်း သိသိကြီးနှင့် ကြိုက်သည်။ ဖူးဖူးကလည်း ကြောမသေးတာ သူသိသည်။ ဒီလိုနှင့် မချစ်ရတော့ဘူးလားဟု ျှင်တော့ ချစ်ပါ. . .။ သတ္တိရှိရှိ တစ်ခုခုတော့ ဆုံးဖြတ်ရဲရမည်ပေါ့။ န်တီပင်စီကို ညှိသင့် ညှိရမည်။ ဖူးဖူးကိုလည်း ညှိရမည်။ ခုတော့ သဟာက ဘာမှန်းကို မသိ။ အို ဒါ ကိုယ့်အလုပ်မှမဟုတ်တာ။ န့်ထွက်လာတော့ ဖုန်းသံက ကြိုနေသည်။

"နှင်း. . . ဖုန်း၊ ရုံးက ဆရာ"

ဟမ် ကနဲ အသံမထွက်သွားအောင် သတိထားလိုက်ရသည်။ ဒီအချိန်ထိ ဘာများကိစ္စရှိနေလဲ ဟုတွေးကာ ဘုရားတလိုက်မိသည်။

"ဟုတ်ကဲ့ ဆရာ"

"အေး မှာစရာရှိလို့ မနက်ဖြန် Healthy Food Recipes ဝင်ပြီး ရိုက်ဝယ်ခဲ့ပေးပါ သုံးပွဲ"

"အဲ. . . အဲဒါက မှာရတာဆရာ၊ သူက နေ့တိုင်းမရှိဘူးတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ဒါဆိုလည်းမှာလိုက်"

"ဘယ်နှစ်ပွဲမှရမယ်ဆိုလည်းမှာ မှာလားဆရာ"

"ဘယ်လိုရယ် ဘာရယ်"

"မဟုတ်ဘူးလေ ဆရာ သီးသန့်မှာတာဆိုတော့ ဘယ်နှစ်ပွဲနဲ့ အထက်မှ လုပ်ပေးတယ် ဘာညာရှိမှာစိုးလို့ မေးထားတာ"

"အေး ဆယ်ပွဲဆိုလည်းဝယ်လာခဲ့ ကြားလား"

"ဟုတ်"

"ဒါပဲ"

နောက်တစ်ကြိမ်တောင် မဟုတ်လိုက်ရ။ ဖုန်းကကျသွားပြီ၊ ကိုယ့်မှာတော့ ဆန္ဒကို ဖုန်းဆက်ရဦးတော့မည်ပေါ့။ ဖုန်းနံပါတ်ကလည်း အရေးထဲ ရှာမတွေ့။ ဟိုနေ့က လိပ်စာကဒ်ကို ဘယ်နားထားမိမှန်း မသိ။ မေမေ့ပဲ မေးရတော့သည်။ ဖုန်းနံပါတ်ရလို့ဆက်တော့... တစ်ယောက်ကိုင်သည်။ ဘယ်သူလဲမေးနေသဖြင့် အန်တီမေနှင်းသမီး ဟုပြောလိုက်ရသေးသည်။ သို့သော် ဆန္ဒလာကိုင်တာနှင့်...

"ခုပြောနေတာ နှင်းလား"

တစ်ဖက်က အသံကြားတာနှင့်မေးသည်။

"ဟုတ်တယ် ဘယ်လိုသိလဲ"

"စိတ်ထဲ မလိုလိုထင်တာ"

"ဟာဟ စိတ်ကိုစိတ်ဖြင့်ဟောသည် လား"

ဆန္ဒကရယ်သည်။ အလုပ်ကိစ္စကိုမေ့ပြီး ညနေက လာမည် စဉ်းစားပြီးမှ မလာဖြစ်ကြကြောင်းကို ပြောဖြစ်သည်။ နောက်မှ ရှိတီကိစ္စ





ပြောရသည်၊ ငါးပွဲဆိုလုပ်ပေးပါသည်ဆို၍ ငါးပွဲပဲမှာလိုက်၏။

"အဲဒီလူကြီးနာမည်က ဘာ..."

"**ဦးဥတ္တမ** တဲ့"

"အင်း သူက ငါ့ဆိုင်ဖွင့်တည်းက ပုံမှန်လာအားပေးနေကျ"

"ခုဟာက သူ့အတွက်မဟုတ်ဘူး အထူးစည့်သည်တော် အတွက်...ဟာဟ"

ပြောရင်းရယ်ချင်လာသဖြင့် ရယ်လိုက်မိသည်။ ဆန္ဒကပါ လိုက်ရယ်သည်။

"နှင်းလည်း အထူးစည့်သည်အတွက်လိုအပ်တာရှိရင် ပြော ပါ..."

"အလိုတော်...ဘယ်လိုကဘယ်လို နှင်းဖက်လှည့်လာတာလဲ"

"မလှည့်ပါဘူး လိုအပ်တဲ့အခါပြောဖို့ပြောတာပါ"

"လိုပါဘူး ကိုယ်တိုင်ချက်ကျွေးမှာပေါ့"

"ဟာဟ တကယ်ကြီးလား ဟိုက ထွက်ပြေးနေပါဦးမယ်"

"လာသင်ထားမှာပေါ့ကွယ်။ သင်ပေးမယ်မဟုတ်လား"

"ရပါတယ် စီးပွားမပျက်ဘူးဆိုရင်ပေါ့"

အပြောင်အနောက်တွေပြောနေရင်းက သတိထားလိုက်မိတာ က နှင်းနှင့်ဆန္ဒ ပြန်တွေ့လို့မှ တစ်ယောက်နှင့်တစ်ယောက် မမှတ်မိကြ သူတွေ ခုကျတော့လည်း တရင်းတနှီးစိတ်ထဲက ပြန်ဖြစ်နေမိကြတာကို၊ အရင်ကတည်းကလည်း ခင်ခင်မင်မင်ရှိခဲ့ကြဖူးပေမယ့် ဆယ်နှစ်တာ ကာလအတွင်း ဗလနှင့် တစ်ခါတစ်ခါ စကားစပ်မိတာကလွဲလျှင် သတိ ရမှုမရှိခဲ့ကြ။ ခုတော့လည်း ငယ်ပေါင်းကြီးဖော်တွေလို၊ ဖုန်းပြောတာ



www.burmeseclassic.com

www.burmeseclassic.com



ပင် နာရီဝက်ခန့်ကြာသွားခဲ့သည်။ နှင်း အစ်မကပင် အော်အော်မုန့်မှာတာ တဲ့. . . ဟုပြောဖြစ်အောင် ပြောသွားခဲ့သေးသည်။ နှင်းမှာတော့ ဘာမှ ပြန်ပြောရန်အားမရှိတော့၊ တစ်နေ့ကုန်ပင်ပန်းထားခဲ့ပြီး ခြေပစ်လက်ပစ်အိပ်ပစ်လိုက်တော့သည်။ နှင်းက ည ၁၁ နာရီနှင့် မနက်သုံး နာရီ ကြားတော့ မပျက်မကွက်အိပ်တတ်သည်။ ထိုအချိန်က metabo-lism အလုပ်လုပ်တဲ့ အချိန်တဲ့လေ။

●





## ထံယောင်ငြှိုးနှင်း

(၆)

"သားညက ဖုန်းလာတာ မေနှင်းသမီးဆို. . ."

မေမေက မနက်စာပြင်ပေးနေရင်းမေး၏။ ဒီနေ့ကစပြီး ဆိုင်ကတောင်လေးတစ်ယောက်ကို စျေးစမ်းလွှတ်သည်။ ဆိုင်တွေကိုလည်း အောက်သည်ဖြစ်အောင် လုပ်ထားပြီးပြီမို့ ဘာမှစိတ်မချစရာတော့ မရှိ။ ဇာရင်းနှင့်တကွ ပြန်လာလျှင်တစ်ယောက်က စစ်လိမ့်မည်။

"ဟုတ်တယ် မေမေ ရုံးအတွက် ရိုတီမှာတာ မနက်က ထလုပ်ပေးပြီးပြီ သူအလုပ်သွားရင် ဝင်ယူမယ်တဲ့"

"အော်. . . အဲဒီ နှင်းကလေးက ကဂျိကဂျောင်လေးတဲ့ သူ့အမေက အစပြောတယ်။ သားနဲ့ရော အဆင်ပြေလား၊ ဗလနဲ့တော့ တကျက်ကျက် နဲ့ တွဲနေတာပဲ"

"ဟုတ်တယ်မေမေ ဗလနဲ့တော့ ရန်ဖြစ်နေပေမယ့် ခင်လည်း



www.burmeseclassic.com

www.burmeseclassic.com



ခင်ကြတယ်၊ ကဂျီကကျောင်ဆိုတာက အစားသောက်ကို ပြောတာထင်ပါတယ်မမေ။ ကျန်တာကတော့ အဆင်ပြေပါတယ်"

"အင်း ဟုတ်မှာပေါ့ ဒါကြောင့် သားဆိုင်နဲ့ဆို အဆင်ပြေမှာလို့ တလောက မနှင်းနဲ့ ဖုန်းပြောမိတော့တောင် ပြောနေသေးတယ် သူက ဆီပြန်ဟင်းလည်းမစား၊ အဆီတွေ ချိစ်တွေ ကယ်လိုရီများတာတွေ တစ်ခုမှမစားဘူးတဲ့။ အိမ်မှာလည်းသူဟာသူပဲ တစ်ယောက်စာလုပ်လုပ်စားတာလို့ ပြောတယ်"

"ဟုတ်လား. . သားမသိဘူးမမေ"

"ဟုတ်တယ် ဒါပေမယ့် ဒါလေးတစ်ခုပါပဲ ကလေးမက တော်ရှာပါတယ်"

"ဘာတော်တာလဲ မမေ"

မမေ့ကို စချင်သည်မို့မေးလိုက်မိသည်။ မမေတစ်ယောက် သူ့သူငယ်ချင်း၏ သမီးချောဆိုတော့ တော်ရှာသည်ဟု ပြောဖို့တာဝန်ရှိနေပုံရသည်။

"အော် ပညာလည်းတော် အခုလည်း အလုပ်အကိုင်ကောင်းကောင်းနဲ့ လိမ်လိမ်မာမာလည်းရှိတယ် အဲဒါကိုပြောတာ သူ့အစ်မတစ်ယောက်လည်းရှိတယ် **အလိမ္မာလင်း** ဆိုလားပဲ"

" သားသိတယ်လေ ငယ်ငယ်က အဲဒီတစ်ယောက်က သားတို့နဲ့ မတည့်"

"အင်း၊ ဟုတ်သားပဲ. ."

"မမေ. . . ဒီကောက်ညင်းပေါင်းထဲမှာ အုန်းနို့ထည့်ပေါင်းတာလေ အဲဒါဘာ"





"အဲဒါပြန်ပေါင်း သား၊ ခုဟာက အုန်းနို့မပါဘူး။ ဒီတိုင်းပေါင်းထားတာ ဆီလေးနည်းနည်းဆမ်းပြီး ပဲပြုတ်နဲ့ပြန်ထည့်ပေးထားတာ"

"ပြန်ပေါင်းစားချင်လို့မေးတာ မမေ. . ."

"အင်းအင်း နောက်မှ လုပ်ပေးမယ် အုန်းနို့ဆိုတော့ မမေက ရှောင်တာကြာပြီမို့ လောလောဆယ်တော့ ဟိုမှာ မနှင်းကား၊ ပြန်ပေါင်းထုတ်လိုက်ဦး"

မမေက ရယ်စစကြည့်ကာပြောသဖြင့် ဆန္ဒ ထိုင်ရာတ ချက်ချင်း ထပြေးမည့်ဟန် ပြင်ပြလိုက်သည်။

သို့သော် နောက်ဖက်ကနေလှမ်းမြင်နေရသော ကားပေါ်မှ ဆင်းလာသူက အန်တီမနှင်းဖြစ်နေတာမို့ ထလိုက်ရသူက မမေး ဒါဆို နှင်းရောဟု စိတ်ထဲကတွေးဆဲ ဒေါ်သိင်္ဂီနှင်းက နောက်ကနေ လိုက်ဆင်းလာသည်။ လက်ထဲမှာ ချိုင့်တစ်လုံးနှင့်။

"ဒီမှာ နှင်းက နင့်သားဆိုင်သွားမယ်ဆိုတာနဲ့ လိုက်လာတာ နင်နဲ့မတွေ့တာကြာလို့"

"ဟုတ်ပ ခုပဲပြောနေတာ ညက မနှင်းသမီးဖုန်းဆက်တယ်ဆိုလို့"

"အင်း သူတို့က ဘာဆိုလား ဟိုနေ့က ပင်စီအိမ်မှာ သူစားခဲ့တဲ့ ဟာမျိုး မှာထားတာ ဝင်ယူတာတဲ့၊ ငါကတော့ မုန့်ဟင်းခါးချက်ထားတာ ယူလာခဲ့တယ်၊ နင်စားဖို့"

"ဟား . . . ကောင်းလိုက်တာ။ ငါလည်းဒီမှာ ကောက်ညင်းပေါင်းထားတယ်။ ငါးနီတူအစပ်ကြော်လေးနဲ့. . . နှင်းလည်းစားပါလား"

နှင်းကချိုင့်ကို ဆန္ဒ လက်ထဲထည့်ပေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ရော့ နှင်းလိုက်လှယ်ပေးမယ်"

. . ဟုဆိုကာ နောက်ဖက်လိုက်ဝင်လာသည်။ မေမေကလည်း အန်တီ မေနှင်းကို မီးဖိုထဲသာ တန်းခေါ်လာ၏။ ချိုင့်ကို နှင်းက လှယ်ပေးသည်။ ဆန္ဒ ကတော့ ကောက်ညှင်းပေါင်းနှင့် ငါးနီတူကြော်ကို အန်တီမေနှင်းအတွက် ပြင်ပေးလိုက်သည်။ ပြင်နေရင်းက မေးရသေးသည်။

"နှင်းက မစားဘူးမဟုတ်လား"

"အမလေး မေးပုံက မစားဘူးမဟုတ်လားတဲ့၊ စားမှာလား မမေးဘူး"

"စားမယ်မထင်ဘူးလေ"

"စားမယ်၊ ဒါပေမယ့် မေမေ့ ဆီကပဲ တစ်ဇွန်းလောက်ခပ်စားမှာ၊ ရတယ်"

မေမေက မုန့်ဟင်းခါးစားသည်။ သူ့သူငယ်ချင်း ယူလာတာဆိုတော့ ချက်ချင်းကို စားတော့သည်။

"သားစားဦးမလား"

"နေ့လည်မှ စားတော့မယ် ခုနက ကောက်ညှင်းတွေစားတာများသွားတယ်"

လူကြီးနှစ်ယောက်ထားခဲ့ကာ ဆိုင်ဖက်ကူးလာခဲ့လိုက်ကြသည်။ သေချာ Healthy Food Recipes ဘူးများနှင့် ထည့်ထားသော ရိုတီပွဲများကို ကြွတ်ကြွတ်အိတ်နှင့် သေချာပြန်စီထည့်ပေးထားသည်။

"သယ်ရလွယ်တယ် မဟုတ်လား နှင်း"

"အင်း ရပါတယ် နှင်းဒီနေ့ သင်္ကန်းတွေလည်း သယ်ရဦးမှာ





နှီးနားကျမှ မင်းမင်းတို့ကို ခေါ်ရမယ်"

"သင်္ကန်း ဟုတ်လား ဘာလုပ်ဖို့လဲ"

နှင်းက အစအဆုံး ရှင်းပြ၏။

"ဗလကတော့မလွယ်ပါလား"

"မလွယ်တာတော့အမှန်ပဲ၊ ကောင်မလေးက သူ့ကိုသိပ်အလေးအနက်ကြီး မရှိတာလည်း သူသိတယ်။ နောက် ခပ်ကြောကြောလေးမို့ အန်တီပင်စီနဲ့ ဘယ်လိုမှ မဖြစ်နိုင်တာလည်း သူသိတယ်။ ဒါကို သိသိကြီးနဲ့ ရှေ့တိုးနေတာ"

နှင်းက ဗလအကြောင်းကို စိတ်လိုလက်ရ ပြောပြနေသည်။

"လိုက်ပို့ပေးရမလား ပစ္စည်းကူသယ်ပေးဖို့လေ"

"ရပါတယ် ဒရိုင်ဘာလည်းရှိတာပဲ"

"မဟုတ်ဘူး ငါကားနဲ့ပဲ လိုက်ပို့လိုက်မယ် နှင်းကားကိုထားခဲ့ အန်တီပြန်ချင်တဲ့အချိန် ပြန်လို့ရအောင်လေ"

နှင်းက ဆန္ဒကို တအံ့တဩနှင့် ကြည့်သည်။ ဖျတ်ကနဲသာ။ ပြီး ဘာမှမဖြစ်သလို ကောင်းသားပဲဟု ရေရွတ်သည်။ အမှန်တော့ ကိုယ်လည်း ဆိုင်ကိစ္စရှိလျက်နှင့် ဘာလို့များ လောကွက်လုပ်မိသလဲ ကိုယ့်ဘာသာကိုယ်မသိ။

ကားသော့ယူပြီး ထွက်လာတော့ မေမေက ဘယ်လဲဟု မေးသည်။

"နှင်းကို ရုံးလိုက်ပို့မယ် မေမေ သားလည်း သွားစရာရှိတာနဲ့"

"အင်းအင်း သားက ဘယ်သွားမှာလဲ"

"ပစ္စည်းဝယ်စရာရှိတာမေမေ"



www.burmeseclassic.com

www.burmeseclassic.com



အရေးထဲ မေမေ့ မေးခွန်းကြောင့် အဖြေက ပြေပြေပြစ်ပြစ် ထွက်သွားသော်လည်း စက္ကန့်ပိုင်းလောက် စဉ်းစားလိုက်ရတာ ကိုယ့်ဘာသာ ကိုယ်ပဲသိသည်။

နှင်းကတော့ ပစ္စည်းတွေကို ကားနောက်ခန်းရှေ့တင်ခိုင်းနေသည်၊ ဆန္ဒကားက ပတ်ပလစ်ကာကိုး၊ ကားရှေ့ခန်းကို နှင်းတက်လာတော့ တစ်စုံတစ်ခုကို သတိရသလိုမေးသည်။

"ပြန်ရောက်တာမကြာသေးပဲ ကားမောင်းနေတာ၊ လမ်းတွေ သိလား လိုင်စင်ရော"

ဒါကြောင့် သူ့ကို ဇီဇဝါလို့ခေါ်တာဖြစ်မည်ဟု ချက်ချင်းတွေးမိကာ ရယ်လိုက်မိသေးသည်။

"ဟား ဟား ဘာလဲ ကြောက်လို့လား၊ ကားတော့ကျွမ်းကျွမ်းကျင်ကျင် မောင်းတတ်တယ်၊ လိုင်စင်တော့ ဒီက လိုင်စင်မရှိဘူး ဖမ်းခံစရာ အကြောင်းတော့မရှိပါဘူး"

"အာ. . တစ်ခါတစ်လေ လမ်းမှာ လိုင်စင်စစ်တတ်တယ်လေ"

"ဆန္ဒက ကံကောင်းတတ်ပါတယ် မဟုတ်လည်း အစ်ကို့လိုင်စင်ရှိပါတယ် မေမေက လိုရမယ်ရ ဆောင်ထားခိုင်းလို့ ဆောင်ထားတယ် ပြရဦးမလား"

ဒီလိုကျတော့ မျက်စောင်းထိုးသည်။

"မလိုပါဘူး ဘာမဆို မဖြစ်ခင်ကြိုတွေးထားတာ အကောင်းဆုံး၊ ဖြစ်ပြီးမှ ဘာမှလုပ်လို့မရဘူး လိုင်စင်မှာပါတဲ့ အစ်ကိုတော်ဓါတ်ပုံနဲ့ ဆန္ဒ ပုံက တူလို့လား"

"ခပ်ဆင်ဆင်ပေါ့ ညီအစ်ကိုပဲဟာ ကြည့်မလားမေးနေတယ်





စိတ်ချရအောင်။ မဟုတ်ရင် စိတ်မဖြောင့်ပဲ လိုက်လာနေရဦးမယ်"

"မလိုပါဘူး။ မောင်းတော့ရပြီ"

စိတ်မရှည်သံနှင့် ခပ်ဆောင့်ဆောင့်လေးပြောမှ ဆန္ဒသည်းပိုရယ်မိတော့သည်။ တကယ်တော့ နှင်းဘက်က မှားတာတစ်ခုမှမပါ၊ အကုန်လုံး ကြိုတင်ပြင်ဆင်မှုနှင့် စစ်ဆေးမှုများသာဖြစ်သည်၊ တကယ်တမ်း လွယ်သလိုလုပ်တတ်တာက သူ။ ဒါကလည်း သူတစ်ယောက်တည်းမှမဟုတ်ပါ။ တော်တော်များများက အကျင့်ပါနေကြတာဖြစ်သည်။ ဒီတော့ နှင်းလိုလူက ဇီဇာကြောင်၊ အယူသည်း၊ တစ်ယူသန်၊ ဒေါ်စည်းကမ်း၊ ဒေါ်ကလနား၊ ဖြစ်ရတော့သည်။

"နှင်းက အရာရာစိတ်ချရအောင်ကို တိကျစည်းကမ်းကြီးတယ်နော်"

နှင်း ဖျတ်ကနဲ မသက်သာလို တချက်လှည့်ကြည့်သည်၊ ရွဲ့ပြောနေတာလား ဟူသောစူးစမ်းကြည့်။

" စကားလုံးလှလှ ခန့်ခန့်တွေ သိပ်ရွေးသုံးမနေပါနဲ့ အများခေါ်သလို ဇီဇဝါပေါ့"

"မဟုတ်ပါဘူး တကယ်ပါ တကယ်စိတ်ရင်းနဲ့ပြောတာပါ၊ ဇီဇဝါလို့ မခေါ်မိဘူးလို့တော့ အာမမခံပါဘူး။ ခေါ်မိတဲ့အခါကျ ခေါ်မိနိုင်ပါတယ်"

စကားလုံးကို ရွေးချယ်ပြောတတ်သော စကားတောင်စားထဲမှာ ဆန္ဒ မပါမှန်း ကိုယ့်ကိုယ်ကိုတော့သိသည်။ ထို့ကြောင့် အခန့်မသင့်နိုင်မှုအတွက်လည်း ကြိုကာထားရသေးသည်။

တကယ်တော့ သူတို့နေရာနှင့် နှင်းတို့အလုပ်ကသိပ်မဝေးလှ၊



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ဦးဉက္ကာ အမြဲလာနေတတ်တာ ဖြစ်လောက်သည်ဟု တွေးလိုက်မိသည်။

ရုံးရှေ့မှာက သူတို့လုံးဝမျှော်လင့်မထားသည့် လူတစ်ယောက်။ ကားကို ခပ်လျှော့လျှော့အနေအထားနှင့် မီကာစောင့်နေသည်။ ဗလ။ သူ့ဘေးမှာက မင်းမင်း။ အတော်ပင်။

"ဟာ ဗလပါလား"

"ဟုတ်ပ။ သူသက်နီးတွေလာယူတာနေမှာပေါ့"

"အတော်ပဲ ပစ္စည်းချဖို့လူရတာပေါ့"

ဆန္ဒ ကားရပ်ပြီး နှင်း ဆင်းလာတာမြင်တော့ မင်းမင်းက မမြင်ဘူးသော ဆန္ဒ ကို သေချာစူးစမ်းသလိုကြည့်သည်။ ဗလ ကလည်း ဘာလို့မင်းက နှင်းနဲ့ပါလာရတာလဲဟူသော စူးစမ်းအကြည့်နှင့်ကြည့်၏။ ပြီး မချိုမချဉ်က ပြုံးသေးတာကို ဆန္ဒ တွေ့ဖြစ်အောင် တွေ့လိုက်သေးသည်။

"နှင့်ပစ္စည်းတွေ နှင်ချ"

နှင်းက ဗလကိုလှမ်းပြောသည်။ ပြီး မုန့်ဘူးတွေပါသော အိတ်ကိုတော့ မင်းမင်းကို လှမ်းပေး၏။

"အော် delivery လုပ်ပေးတာလား"

ဗလက မုန့်ဘူးများကို မြင်မှ တအံ့တဩနှင့်ဆိုသည်။ ပြီး နှင်းဘက်လှည့်ကာ . . .

"နှင်ငါ့အတွက် အချိုပွဲပို့မှာပေးတာတော့ မဟုတ်ပါဘူးနော်"

"ဝေးသေး"

"ထင်ပါတယ်၊ နှင်ဒီလောက်သဒ္ဒါတရားမကောင်းပါဘူးလို့"





"ဟုတ်တယ်၊ နှင့်အပေါ်မှာဆိုရင်တော့ မကောင်းဘူး"

"ဆန္ဒ အပေါ်မှာရော "

ဒါကတော့ ဗလအလွတ်ကြီး ပြောလိုက်တာဖြစ်သည်။ ဘယ်ဘည်းက ပြောချင်နေမှန်းလည်းမသိ။

"နှင်ကလွဲရင် ဘယ်သူ့အပေါ်မဆိုရှိပါတယ်"

နှင်းက မထိတရိလေးရှောင်ထွက်သွားတော့ ဆန္ဒဘက်လှည့်သာသည်။

"မင်းတို့ဆိုင်delivery system က မိုက်လှချည်လား"

"အော်ဒါက ကာစတမ်မာကိုလည်း ကြည့်ဦးလေ မှာတာက regular customer ဦးဉက္ကာ၊ ကူပေးတာက နှင်းဆိုတော့ ဒီလောက်တော့ ရှိမှာပေါ့"

ဆန္ဒ အဖြေကလည်း ကွက်တိဖြစ်နေသဖြင့် ဗလ ဘာဆက်ပြောရမှန်း မသိတော့။ သို့သော် သူက သူကိစ္စတော့ သူသိသည်။

"ငါအချိုပွဲသွားယူရင် နှင့်ကိုလာခေါ်မယ် နှင်း"

အမယ် နှင်း တဲ့။ ဆန္ဒ ပင်ရယ်ချင်သွားရသည်။ နှင်းက ခေါင်းခါ၏။

"ဒီမှာတွေ့လား အဲဒါ ဦးဉက္ကာအထူးဧည့်သည်တော်အတွက် မှာလာတဲ့ မုန့်နဲ့ အိမ်ကနေသယ်လာတဲ့ ကြွေပန်းကန်လှလှတွေ "

"အဲဒါဘာဖြစ်လဲ"

"ငါဒီနေ့ အဲဒါနဲ့နပန်းလုံးရတော့မယ်"

"အာ အဲဒါနှင့်အလုပ်လား နှင်နဲ့ဆိုင်တာက management လေ"



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့အားလုံးက မိသားစုတွေလိုပဲ ဒီလိုမှ မဟုတ်ရင်လည်း ဒါက management ထဲပါတာပဲ။ သူ့အထူးဧည့်သည်တော်အတွက် ငါက စီစဉ်ပေးရတာ"

"ဒါဆို နင်ကမလိုက်တော့ပဲ ငါပဲသွားယူရမယ်ပေါ့"

ဗလက မကျေလည်သည့်လေသံနှင့်ပြောသည်။

"ယူတာပဲဟာ ပြေစာပြစရာတောင်မလိုဘူး။ အန်တီမွန်လို့သာ ပြောလိုက် အဆင်ပြေပြီးသား"

"ဘယ်အချိန်သွားရမှာလဲ ငါလိုက်ပေးမယ်လေ၊ မင်းတစ်ယောက်တည်း ဗန်းကြီးတွေနဲ့ တစ်ယောက်ယောက်မပါဘဲ မဖြစ်ပါဘူး"

ဆန္ဒ ထိုသို့ ဝင်ပြောလိုက်မှ ဗလမျက်နှာ ပြန်ကြည်လာသည်။

"နင်များ အဲလိုကိုစိတ်ကောင်းမရှိတာ"

နှင်းကိုရအောင် လှည့်ပြောလိုက်သေးသည်။ ဟိုကလည်း မခံပါ။ ပြုံးပြုံးလေး ပြန်ပြောသည်။

"အော် ပြောပြီးပြီ၊ နင့်ကိုဆို စိတ်ကောင်းကို မထားဘူး မသဒ္ဓါဘူး၊ detail လိုက်ပြောနေရတာ လူကြားမကောင်းပါဘူးဟာ မသိရင်ငါက သိပ်စိတ်ပုပ်တယ် ထင်နေအုံးမယ်"

"မဟုတ်လို့လား"

"အာ. . တော်ကြပါတော့၊ ကဲ လာဗလ သွားမယ်၊ နှင်းလည်း သွားတော့"

ဆန္ဒ ကပဲ လူခွဲပေးလိုက်သည်။ ဗလက မင်းဘယ်သွားဦးမှာလဲ မေးသည်။ ဒီတော့မှ မေမေ့ကို တစ်ခုခုဝယ်ဖို့ အကြောင်းပြထွက်လာတာကို သတိရသည်။ ဒီကောင်ပါ ပြန်ပါလာလို့ကတော့ တစ်ခုခုကို





ဝယ်သွားမှ ဖြစ်မည်။ ထို့ကြောင့် စီးတီးမတ် ဟုဆိုကာ စီးတီးမတ်ကို ထွက်လာခဲ့ လိုက်၏။ ဗလနောက်ကလိုက်လာသည်။

စီးတီးမတ်ထဲရောက်တော့ ခပ်တည်တည်နှင့်ဘာဝယ်ရမလဲ ကြည့်သည်။ အမှန်က ဘာမှဝယ်စရာမရှိ။ သို့သော်လည်း ရှာကြံရတော့မည်။ လက်ဘက်ခြောက် အဖြူ၊ အစိမ်း၊ အနက် . . စတာတွေကို တစ်ဘူးစီ ယူလိုက်သည်။ ဗလကမေး၏။

"လက်ဘက်ခြောက်တွေက ဘာအတွက်လဲ ဆိုင်အတွက်လား"

"အင်း ဆိုင်ရော မေမေ့အတွက်ရော"

"ဟုတ်လား ဘာကောင်းလဲ"

"လက်ဘက်ခြောက်ကတော့ ကျန်းမာရေးအတွက် ကောင်းတာ ပေါ့၊ အထူးသဖြင့် လက်ဘက်စိမ်းနဲ့ လက်ဘက်ဖြူ white tea ပေါ့"

ဗလက လက်ထဲကဘူးတွေကို ဖြတ်ကနဲယူကြည့်သည်။

"white tea ဆိုတာရှိသေးလား၊ ငါဖြင့် green tea တောင်ကြားဖူးတာ မကြာသေးဘူး"

"အင်း white tea ကတော့ အားလုံးထဲမှာ သဘာဝလက်ဘက်ဓါတ် အများဆုံးပါတာပေါ့၊ နောက်လက်ဘက်စိမ်း၊ နောက်ဆုံးမှ ဒီမှာ လူသုံးများတဲ့ လက်ဖက်ခြောက်အနက် black tea လို့ခေါ်တဲ့ ဟာတွေပေါ့"

"အင်း ငါလည်း မေမေ့အတွက် ဝယ်သွားဦးမယ် လက်ဘက်စိမ်းနဲ့ လက်ဘက်ဖြူ တစ်ဘူးစီ"

ဗလကလည်း သူ့လိုတစ်ဘူးစီကောက်ယူသည်။ ဒီလိုမှတော့ ဆန္ဒက လိုရမယ်ရ သုံးဘူးစီယူရတော့သည်။ အိမ်မှာက အန်တီမေနှင်း လည်း ရှိနေသည်ကိုး။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ပြန်ရောက်တော့ ဆိုင်ဘက်အရင်ဝင်ကြသည်။

"မင်းဘာစားဦးမလဲ"

"ငါကော်ဖီသောက်ခဲ့တယ်ကွ၊ ဘာရှိလဲ"

"မုန့်ဟင်းခါး"

"အမ် မင်းက မုန့်ဟင်းခါးပါ ရောင်းတာလား"

ဗလ တအံ့တသြ မေးလာသဖြင့် ရယ်ရသေးသည်။

"ကြဲကြီးစီရာ ဗလရယ် အန်တီမေနှင်းလည်း ရောက်နေတယ်လေ၊ သူမနက်က ယူလာတာ၊ သူတို့စကားပြောပါစေဆိုပြီး နှင်းကို လိုက်ပို့လိုက်တာ"

အမှန်တော့ ဘာမှမဆိုင်။ ကားက အန်တီမေနှင်းမောင်းပို့ရမှာလဲမဟုတ်။ ဗလကတော့ ခုမှ သဘောပေါက်သွားသလို အော် ဟုဆိုသည်။

"စားမှာလား"

"စားပါဘူး မင်းဆိုင်ကဟာပဲစားမယ် ငါ့ကို ဆင်းဒဝစ် လုပ်ပေး ဟို ဒေါ်ဇီဇာလိုတော့ ဒိုင်းယက်တွေ ဘာတွေမလိုချင်ဘူးနော် tuna နဲ့စားမယ်"

"အင်းပါ"

ဆန္ဒကိုယ်တိုင်ပင် စိတ်လိုလက်ရ လုပ်ပေးလိုက်သည်။ ကိုယ်တိုင်ကတော့ မနက်တည်းကစားချင်နေသော မုန့်ဟင်းခါးကို အိမ်ဘက်ကသွားယူခိုင်းကာ စားလိုက်သည်။

"မင်း . . နှင်းကို စိတ်ဝင်စားလား"

ရုတ်တရက်ကြီး ဘာမှမဆိုင်ဘဲ ဖြတ်မေးလိုက်သော စကား





ကြောင့် ဆန္ဒ ကြောင်သွားရသည်။

"ဟမ် ဘယ်လိုဖြစ်ရတာလဲကွ"

ဗလက ရယ်ကျဲကျဲနှင့် . . .

"ဘယ်လိုမှ မဖြစ်ပါဘူး ဒီနေ့မင်းတို့နှစ်ယောက်ကို တွဲတွေ့လိုက်လို့ စိတ်ထဲ တစ်မျိုးမို့မေးတာပါ"

"တစ်မျိုး. . ဟုတ်လား ဘယ်လိုတစ်မျိုးလဲ"

ဆန္ဒ မျက်မှောင်ကြုတ်ကာ မေးမိသည်။

" သိဘူးကွ ထင်တာကိုပြောတာပါ"

ဗလစကားကို လျှော့ချတာတော့မဟုတ်။ သူကိုယ်တိုင်လည်း ဝေဝါး ဖြစ်နေပုံရသည်။

ဆန္ဒက ခေါင်းခါပြလိုက်သည်။

"ဝင်စားပါဘူး။ မှတ်တောင်မမှတ်မိကြဘူး။ တစ်ယောက်နဲ့တစ်ယောက်"

"အဲဒါကို ပြောတာပါ၊ မမှတ်မိဘဲ တွေ့တဲ့အချိန်မှာကော ဘယ်လို ခံစားရလဲ"

"ကတ်သီးကတ်သတ် မင်းဘဲမေး၊ ပြန်စဉ်းစားလိုက်ဦးမယ် အင်း . . ကိုယ်ပြင်လိုက်တဲ့တံတားပေါ် ပထမဆုံးဖြတ်လျှောက်ပေးတဲ့ ညှိသည်လှလှလေး"

ဗလက ဆန္ဒ စကားကို ထရယ်သည်။ ပြီးဆက်မေးပြန်သည်။

"ဒီမှာ သူဟာ မင်းသိခဲ့တဲ့ တစ်ချိန်က နှင်းဆိုတာသိလိုက်ရတော့ရော"

ဒီတစ်ခါတော့ ဆန္ဒ ဒင်းကိုပဲ မသက်သာသလိုကြည့်မိ တော့သည်



www.burmeseclassic.com

www.burmeseclassic.com



ဒင်းကတော့ မသိသလိုလုပ်ကာ ကော်ဖီကိုစိတ်တိုင်းကျ ဆက်ဖျော်နေသည်။

"အော် ဖြစ်ရလေ ဖြစ်ရလေပေါ့၊ ယူကြုံးမရပေါ့၊ ဇာတ်လမ်းလေးတောင် ဖြစ်ခွင့်မရလိုက်ဘူးပေါ့"

ဆန္ဒ တမင်ထိုသို့ပြောလိုက်ကာ ဗလကို လှမ်းအကဲခတ်လိုက်သည်။ ဗလပုံစံက ဘာမှမထူးခြားသလို။ ဟင့်အင်း မထူးခြားတာမဟုတ်။ မထူးခြားအောင် တမင်နေနေသလို. . .။ ဒင်းကတော့ဖြင့် ကိုယ့်ထက် ပင် တစ်ခုခုမကမှားနေသလို. . . . ဟု ဆန္ဒ တွေးနေမိတော့သည်။

●





# ထက္ကာနှမဲ့နှင်း

(၇)

မီးမီးက အထဲမှာသူ့ကို မေးခွန်းနှင့်စောင့်နေသည်။

"ဘယ်သူလဲဟင် လိုက်ပို့တာ "

နှင်း မျက်စောင်းထိုးလိုက်သည်။ လူတွေများ မြင်လည်း မြင်တတ်စိတ်လည်း ဝင်စားတတ်ပ။

ကိုယ်ဖြင့်ရုံးကို ဘယ်သူတွေဘာကားစီးပြီး ဘယ်သူနှင့်လာနေမှန်းမသိဟုလည်း တွေးလိုက်သေးသည်။ စိတ်လည်းမဝင်စား။ ခုမေးသူက မီးမီး ဖြစ်နေလို့၊ တခြားလူသာဆို နှင်းက အေးစိမ့်စိမ့်ကြည့်ကာ ကျော်ပစ်ခဲ့မှာပင်။

"ဆန္ဒ လေ"

"အော် . . ဒါကြောင့် မင်းမင်းကပြောတာကို ဗလနဲ့လည်းသိပုံပဲတဲ့ "



www.burmeseclassic.com

www.burmeseclassic.com



တွေ့သား။ ငါးပိတွေ ပုဇွန်ခြောက်မှုန့်တွေနှင့်။ ကြော်စားတာတော့ တစ်ခါမှမကြားဖူး။ ဒီတွင် မီးမီးက. . .

"သရက်သီးထမင်းရော စားဖူးလားအန်တီမွန်"

"ဟင့်အင်း. . . ဘယ်လိုလဲ၊ သရက်သီးမှည့်နဲ့ ထမင်းနဲ့လား"

အန်တီမွန်က မီးမီးကို နည်းနည်းမှ မယုံသော မျက်နှာနှင့် မေးသည်။ မီးမီးက ခေါင်းခါသည်။

"ဟုတ်ဘူး အန်တီ၊ သရက်သီးစိမ်းနဲ့ ထမင်းနဲ့ထောင်းတာ၊ ရေှတ်ဆုံထဲမှာ"

"ဟုတ်လား၊ ဘာပါသေးလဲ ဘယ်လိုလုပ်ရမလဲ"

"သိဘူး အန်တီမွန်၊ မေမေလုပ်တာတော့ စားကောင်းတာပဲ၊ သရက်သီးလည်းထောင်းတယ်၊ ထမင်းကိုလည်း ထည့်ပြီး ပဲမှုန့်တို့၊ ရှောက်သီးမှုန့်တို့လည်းပါမယ်ထင်တယ်၊ ဆုံထဲ ခပ်ဖွဖွထပ်ထည့်ထောင်းတာ၊ စားလို့တော့ကောင်းတယ်။ လုပ်နည်းသေချာတော့ မီးမီးလည်း မသိဘူး"

"အင်း. . . အင်း. . . နင်က မိန်းကလေးဆိုတော့ လုပ်နည်း ဘာသိစရာလိုလဲ၊ နောက်ကျမှ မင်းမင်းကို ခေါ်ကြည့်ခိုင်းထားလိုက် . . . သိလား"

အန်တီမွန်က မိန်းမပီသမှုကို အချက်အပြုတ် အချုပ်အလုပ်နှင့် တိုင်းပုံရသည်။ ဒီအခန်းထဲမှာလည်း နှင်းက ကိုယ်စားမည့် ဆီမပါ ကော်လက်စထရောနည်းသော အစားအစာ၊ ကယ်လိုရီပါမှုနည်းသည့် အစားအစာတို့ကိုသာ ဘယ်လိုလုပ်စားရမလဲသိသည်။ ကျန်တာတော့ ကြားဖူးနားဝပင်မရှိသလို စိတ်လည်းမဝင်စားပါ။ မီးမီးကလည်း ကြက်ဥ





ကို ထမင်းအိုးထဲပစ်ထည့်ပြီး ပြုတ်လိုက်၊ အလုံးလိုက်ကြော်လိုက်၊ ခေါက်ကြော်လိုက်၊ မွှေကြော်လိုက်၊ ချဉ်ရေချက်လိုက်၊ အစာသွပ်ကြော်လိုက် တလှဲ့လှည့်ကျွေးချင် ကျန်တာက တစ်ခါတစ်ခါမှ ထူးထူးခြားခြားမြင်ရတတ်သည်။

အဲဒီထူးထူးခြားခြားကလည်း ကြက်သားပြုတ်ကြော်၊ ဝက်သား အချိုချက်နှင့်ငါးကြော်နှပ်သာ။ ကျန်တာတော့ သိပ်လည်းမတွေ့ရတတ်၊ သိပ်ပြီး ဖွယ်ဖွယ်ရာရာဆိုလျှင် တစ်ခါတစ်ခါ လက်ဖက်သုတ်နှင့် ထမင်း ပင် တွေ့ရတတ်သေးသည်။

"ဟုတ်ကဲ့. . . အန်တီမွန်၊ အန်တီမွန်က မှာတာပါလို့ ထည့် ပြောလိုက်ပါ့မယ်"

မီးမီးက ဒီတစ်ခါတော့ အူတာမဟုတ်တော့။ ဒါမျိုးလည်းတတ်လာပြီဟု တွေးကာ ရယ်လိုက်မိသေးသည်။

"ဆရာခေါ်တယ် ဒေါ်နှင်း'

မင်းမင်းရောက်လာကာ ခေါ်သဖြင့် ကဗျာကယာထပြေးရသည်။

"နှင်း အဆင်ပြေလား၊ အုတ်စ်ရှိတီရလား"

"ဟုတ်. . . ရတယ်ဆရာ"

"အသီးတွေပါလာတယ်"

"ဟုတ်. . . ဆရာ. . . ပန်းသီးက အခွံမခွာဘဲ လေးစိပ်စိပ်မယ် အစေ့နဲ့အူတိုင်ဖယ်မယ်၊ စားခါနီး ငါးမိနစ်လောက်အလိုမှာမှ ဆားရေ လေးနဲ့စိပ်ထားမယ်"

နှင်း၏ ကြက်တူရွေးနှုတ်တိုက်ရွတ်သလို ရေရွတ်သံကြောင့် ဦးဥက္ကာ မျက်မှောင်ကြုတ်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



နှင်း မသိချင်ယောင်ဆောင်ကာ . . .

"အော် . . . ဆရာ . . . သတိရတာနဲ့ နှင်းအိမ်က ကြွေပန်းကန်လှလှတစ်စုံ ယူလာတယ်"

"ဘာရယ်"

"ကြွေပန်းကန်လှလှတွေလေ၊ ရွှေရေးနှုတ်ခမ်းသားနဲ့ တရုတ်ပြည်ကလာတာ၊ ရှေးဟောင်းပစ္စည်းဆရာရဲ့ မေမေ့ဆီက အတင်းတောင်းလာတာ ကတိနဲ့"

ဦးဥက္ကာမျက်နှာက ပိုတင်းလာသည်။

"နှင့်ကြွေပန်းကန်တွေကို ငါက ဘာလုပ်ရမှာလဲ"

"ဆရာ့ဧည့်သည်အတွက်လေ၊ ဟိုတစ်ခါ ပစ္စည်းပစ္စယမစုံလို့ နှင်း သေချာယူလာပေးတာ"

"နင့်အထူးဧည့်သည်ကျမှ နင်သုံးဖို့ချန်ထားလိုက်၊ ခုတော့ အရင် ကြွေထည်တွေပဲသုံး"

"အမ် . . . ဆရာ့ကြွေထည်တွေကဖြင့် ဟောင်းပြီး ဒီဇိုင်းကလည်း မမိုက်လို့"

ပြောချင်တာကတော့ လာပြန်ပြီတစ်ယောက် နင့်အထူးဧည့်သည်တဲ့ . . . ဆိုတာ၊ သို့သော် ထိုစကားလုံးတွေကို မျိုချပစ်လိုက်ရင်း ကြွေထည်ကိုပဲ ပြောလိုက်မိသည်။

"ငါ့အတွက်ကတော့ အဲဒါက အသင့်တော်ဆုံးပဲ"

"နှင်း . . . ပန်းကန်တွေကိုကြည့်ပါဦး ဆရာရဲ့"

ဦးဥက္ကာမျက်နှာက ချက်ချင်း မျက်မှောင်များကြုတ်ထားရာက ပြေကာ ပြုံးချင်ချင်ဖြစ်လာသည်။





ဘယ်လိုများဖြစ်သည်မသိ။ ပန်းကန်တွေများကြည့်တော့မလား [illegible]သည်။ သူက . . .

"နှင်မသိပါဘူး၊ ဒီပန်းကန်တွေကသာ ငါတို့အတွက် အမှတ်တရပစ္စည်းတွေ နားလည်ပလား၊ ပြောရဆိုရတာ သိပ်ဝေးတာပဲ ပြောတော့ သူက မီးမီးကိုဝေးသတဲ့၊ သွားတော့ နင့်ပန်းကန်တွေ သေချာပြန်သိမ်းထားလိုက်"

ထိုသို့ တန့်တလျှားပြောကာ ဆုံလည်ကုလားထိုင်ကိုလှည့်ကာ တစ်ဖက်ပြန်လှည့်သွားတော့သည်။

နှင်းမှာသာ အောင့်သက်သက်နှင့်ကျန်ခဲ့ရသည်။ သို့သော်လည်း မလှည့်သွားခင်မြင်လိုက်ရသည့် ဆရာသမား၏ ဖုံးမနိုင်ဖိမရ အပြုံးကြောင့် နှင်း စိတ်မတိုအားပဲ ရယ်ချင်ပက်ကျိနှင့် အပြင်ပြန်ထွက်သွားခဲ့လိုက်သည်။ မျက်နှာကတော့ တည်လို့မရတော့။

အန်တီမွန်က ဒါကိုမမြင် . . .။ မီးမီးကတော့ မြင်သည်။ ဘာဖြစ်လာတာလဲ . . . ဟု တိုးတိုးကပ်မေးတာကို တမင် ကျယ်ကျယ်ပြပေးလိုက်သည်။ ဆရာလေ . . . ဟုဆိုကာ မီးမီးကို ဘေးထားပြီး ဘဲလား အန်တီမွန်ချည်း ထပ်နေအောင် ဖြေပေးလိုက်သည်။

ပထမတော့ ခပ်တည်တည်နှင့်ဘာသိဘာသာနားထောင်သည်။ နောက်တော့ ပြုံးလာကာ နောင်ဆုံးတော့ ရယ်ပါတော့သည်။

"ကောင်းတယ် . . . သိင်္ဂါနှင်းတို့လည်း တစ်ပွဲပွဲတော့ အဲလိုဖြစ်ပေးဦးမှ . . ."

ဟင် . . . ယိုချက်ကလွဲပြန်ပြီဟု စိတ်ထဲက မသက်မသာရေရွတ်လိုက်မိသည်။ ဖြစ်စေချင်တာက တစ်မျိုး၊ ဖြစ်လာတာက တစ်မျိုး



www.burmeseclassic.com

www.burmeseclassic.com



တော့ဖြစ်နေပြီ။ သို့သော် လွယ်လွယ်နှင့်တော့ လက်မလျှော့နိုင်ပါ။

"အာ. . . အန်တီမွန်ကလည်း နှင်းခံခဲ့ရတာ အကြောင်း မဟုတ်ပါဘူး၊ ကိုယ့်ဆရာသမားရဲ့ အကျိုးအတွက်လုပ်တာ သူက သူ့ ရာဇဝင်နဲ့သူဆိုတော့ လက်မခံနိုင်တာကိုမသိဘဲ ပြောနေမိလို့ ကိုယ့် ကိုယ်ကိုတောင် ရယ်ချင်နေတာ၊ အင်းလေ. . . ဘာပဲပြောပြော ပြုံးစိစိ ဖြစ်နေပုံကြီးက ပီတိကြီးသိလား"

"မြင်ချင်လိုက်တာ နှင်းရယ်"

မီးမီးက ထိုသို့ဆိုသည်။ အန်တီမွန်ကဖြင့် မလှုပ်ပါ့လေ။

"အန်တီမွန်. . . အဲဒီ ကြွေခရားကြီးကဖြင့် ချစ်သက်လက် ဆောင်ဖြစ်ရမယ်နော်"

"အမ်. . . ငါ ဘယ်သိမလဲ"

"အန်တီမွန့်သူငယ်ချင်းတွေလေ"

"အမယ်. . ဘယ်သူပြောလဲ"

"အန်တီပဲပြောတာ"

"အတန်းဖော်ပြောတာပါ"

"အင်းလေ. . တူတူပဲပေါ့"

"မတူပါဘူးတော်"

"ထားပါ. . . တူတာ မတူတာ အံ့သြစရာကြီး၊ အမှတ်တရ ပစ္စည်းကလည်း ကြံကြံဖန်ဖန် ကြွေခရားကြီးတဲ့၊ ဟာသနော့ မီးရယ် နင်တို့လည်း အထိမ်းအမှတ်နေ့ကျ ကြွေခရားပေးသိလား"

"အမ်. . . ကြံကြီးစည်ရာ၊ နေပါ အေးအေးနေပါရစေ၊ မင်း





လုပ်တာနဲ့ ကျကွဲမယ်၊ ပြီးတော့ ဒီခေတ်က ကြွေခေတ်မဟုတ်ဘူး"

"ဘာခေတ်လဲ"

"စတီး. . . အပူခံခွက်ခေတ်. . . ခစ်. . . ခစ်"

မီးမီးက ပြောပြီးရယ်သည်။ ခက်တာက လိုရင်းကမရောက် ။

"အန်တီမွန် အန်တီတို့ခေတ်က ဒီလိုပဲ ကြွေခရားကြီးတွေကို မှတ်တရပေးကြလား"

"အိုအေ. . . ကြံကြီးစည်ရာ၊ သူတို့က ဒီခရားကြီးကို ရှေး ဟောင်းပစ္စည်းရောင်းတဲ့ဆိုင်ကနေ ရလာကြတာ၊ စန္ဒရာက ရှေး ဟောင်းပစ္စည်းတွေစုရတာ ဝါသနာပါတယ်လေ၊ အဲဒါ အမ်. . . တော်ပြီ . . . တော်ပြီ. . . ဘာမှမဟုတ်ဘော့ဘူး. . . ဒါပဲ"

အန်တီမွန် ယောင်ယမ်းပြောပြီးမှ စကားကို ဖြတ်ရန် ကြိုးစား သည်။

"အာ. . . မရပါဘူး၊ ပြောလက်စနဲ့ ဆက်ပြောပါ"

"ဟုတ်သားပဲ. . . အန်တီမွန်၊ မီး တံခါးပိတ်လိုက်မယ်၊ ဘာမှ ကြောပါဘူး"

မီးမီးက ပြောပြောဆိုဆို အခန်းတံခါးကိုထပိတ်သည်။ ထိုအခါ မှ အန်တီမွန်လည်း မထူးပါဘူးဆိုသည့် ဟန်နှင့် ဆက်ပြောတော့ သည်။

"သူတို့က ကျောင်းနေစဉ်တောက်လျှောက်တော့ ဘာသိ ဘဲ၊ ဥက္ကာက စန္ဒရာ့ကို စိတ်ဝင်စားနေမှန်းလည်း ဘယ်သူမှ မသိ



www.burmeseclassic.com

www.burmeseclassic.com



ကြဘူး၊ ကျောင်းပြီးလို့ အလုပ်တွေလုပ်တော့ အဲဒီတရုတ်ကလာတဲ့ ကြွေ ခရားတစ်ခုကို ဈေးပြိုင်ပေးဝယ်ကြရင်း ပြန်တွေ့ကြတယ်၊ တိုတိုပြော ရရင် ဥက္ကာက အဲဒီခရားကို ရအောင် လေလံဆွဲပြီးမှ စန္ဒရာကို လက် ဆောင်ပေးခဲ့တာ"

"ဟင်. . . ဒါဆို ဘာလို့ ခရားက ဆရာ့ဆီရောက်နေတာလဲ နှစ်လုံးရှိလို့လား"

အန်တီမွန်က နှင်းကိုကြည့်ကာ ရယ်သည်။

"ပြောတော့ မယ်နှင်းတို့က သိပ်လျှင်သတဲ့၊ ပါးတယ်နပ်တယ် တဲ့၊ အံ့ရော. . ."

"အမ်. . . ဘာဆိုင်လို့လဲ အန်တီမွန်"

နှင်း ရှက်ရှက်နှင့် ပြန်ပြောမိသည်။

"စန္ဒရာက အဲဒါကြီးကို နိုင်ငံခြားအပြီးထွက်ခါနီး မလိုက်ဘူး ဆိုတဲ့ ဥက္ကာကို ပြန်ပေးခဲ့တာလေ"

"ဟင်. . . ဟုတ်လား. . . ဆရာက မလိုက်နိုင်ဘူးတဲ့လား၊ ညွှန်း ခေါ်တာများ လိုက်မသွားဘူး"

မီးမီးက တအံ့တသြလေးရေရွတ်၏။

"ဥက္ကာမိဘတွေက ဒီမှာ စီးပွားရေးကောင်းတယ်၊ နောက် လုပ် ငန်းအားလုံးက ဥက္ကာပဲ ဆက်လုပ်ရမှာဆိုတော့ ဘယ်လိုမှမဖြစ်နိုင်ဘူး လေ၊ ဒါကြောင့် စန္ဒရာပြန်ပေးတဲ့ ချစ်သက်လက်ဆောင်များကို ပိုက် ရင်း ကျန်ခဲ့လေသတည်းပေါ့၊ ခုတော့လည်း ဟိုက အလုပ်နဲ့ပြန်လာရင်း လာတွေ့တုန်း၊ သူက ဒါတွေ တခုတ်တရ မကြွေမပျက် သိမ်းထားဆဲပါ





ဆိုတာ ထုတ်ပြနေတာ၊ ဒါကို အလိုက်ကမ်းဆိုးမသိ၊ အိမ်က အမေဆီက မွှေနှောက်ရှာကြွေပန်းကန်တွေ မျက်နှာလိုအားရသယ်လာတဲ့သူကလည်း ရှိ သေး"

ဒီတစ်ခါတော့ နှင်း ကိုယ့်ကိုယ်ကိုပဲ ဝါးလုံးကွဲ ရယ်ပစ်လိုက်ချင် တော့သည်။

"ဒါဆို ပိုက်ကျန်ခဲ့တဲ့ ချစ်သက်လက်ဆောင်တွေက ဒီခရားတစ် လုံးတည်း မကလောက်ဘူးပေါ့၊ ဟုတ်လား. . . အန်တီမွန်"

"နင့်ဟာနင်သွားမေးလေ"

"ပညာရှိပဲ၊ တွေးလိုက်ပါဦးမယ်၊ ညှော်သည်ညှော်ခဲ့တဲ့ခန်းထဲက ဝမ္မန်းတစ်မျိုးစိုက်ထားတဲ့ ကြွေအိုးကြီးလည်း ပါရင်ပါမှာနော်"

နှင်း ငေါ့တော့တော့ပြောတော့ သူတို့ရယ်ကြသည်။ မီးမီး ကတော့ ဆက်မေး၏။

"အဲဒီအန်တီက ခုထိ အပျိုကြီးပဲလားဟင်"

"ဒါလည်း နင့်ဟာနင်သွားမေးလေ"

အန်တီမွန် စိတ်မရှည်ဟန်နှင့်ပြောကာ ထထွက်သွားတော့ နှစ်ယောက်သား ရယ်မိကြသည်။

နှင်းကတော့ ဒီတစ်ခါ ဒီအန်တီကို သေချာတော့ကြည့်ရတော့ မည်ဟု ဆုံးဖြတ်လိုက်သည်။ ပထမတစ်ခေါက်တုန်းကတော့ သူက ကြည့် ဖို့နေနေသာသာ လုပ်ပေးစရာရှိတာလုပ်ပေးပြီး ဇေယျာသင်းက သွားပို့ ပေးခြင်းဖြစ်သည်။ ခုတော့ တစ်ခေါက်လောက်တော့ အနှစ်နာခံကာ နှင်းကိုယ်တိုင် ဝင်ပို့ဖို့ဆုံးဖြတ်လိုက်သည်။

"နှင်း. . . လူလိုရင်ခေါ်နော်၊ မီး လာကူမယ်သိလား"



www.burmeseclassic.com

www.burmeseclassic.com


"အရေးထဲ အကြဲကလာတူနေတယ်၊ ဇေယျာသင်း ခုထိမလာ သေးဘူး၊ သူမလာရင်တော့ နင်နဲ့ငါပဲပေါ့ကွယ်၊ ဆရာ့ကံကြမ္မာက ငါ့ လက်ထဲမှာပေါ့"

နှစ်ယောက်သား မိန်းကလေးပီသစွာ တဟားဟားထရယ်ပစ် လိုက်ကြသည်။ ဘာပဲပြောပြော ဒီနေ့ အောင်မြင်စွာနှင့် အန်တီမွန့်ထံ မှ သတင်းအစနများရလိုက်သည့်အတွက် ပျော်ပါသည်။

●



## မျှော်လင့်ခြင်းနှင်း

(၈)

မနက်ဖက်ဆိုင်ဖွင့်ပြီးကတည်းက လမ်းဖက်ရောက်ရောက်နေ သော မျက်လုံးကို မနည်း ပြန်ပြန်လှမ်းဆွဲနေရသည်။ စားသုံးသူမျှော်နေ သည်ဟုထင်လျှင်တော့ မှားပေတော့မည်။ နှင်းက ဒီနေ့ Summer Roll လုပ်နည်းလာသင်မည်ဆိုကတည်းက မျှော်နေမိတော့တာ။

"မောနင်း. . . ညီ"

မျှော်သူကရောက်မလာဘဲ ရောက်လာသူက ဦးဥက္ကာ။ ဘေးမှာ လည်း အမျိုးသမီးတစ်ယောက်နှင့်။ ထိုအမျိုးသမီးက ဆိုင်ကို သေချာ လှည့်ပတ်ကြည့်ကာ စိတ်တိုင်းကျသလိုနှင့် ထိုင်ခုံတစ်ခုမှာ ဝင်ထိုက်လိုက် သည်။ ဦးဥက္ကာက သူထိုင်သောခုံမှာ လိုက်ထိုင်လိုက်၏။

"မောနင်း. . . အစ်ကို"

ဒီလူမလာတာ တော်တော်လေးကြာသွားသလိုပင်။ တစ်ပတ်


www.burmeseclassic.com

www.burmeseclassic.com



ပင်ကျော်တော့မည်ထင်သည်။ ကိုယ်ကလည်း အရင်ကလို ဧည့်မနည်းတော့သဖြင့် သတိတော့မထားမိလိုက်။ ပျောက်နေမှန်းတော့ တစ်ချက်သတိရလိုက်သေးသည်။

"မတွေ့တာကြာပြီ အစ်ကို၊ ဘာသုံးဆောင်မလဲ"

"ဒီနေ့မနက် စပယ်ရှယ်ဘာရှိလဲ"

"breakfast လား၊ lunch လား အစ်ကို"

"bruch ပေါ့ကွာ"

အမျိုးသမီးက menu စာအုပ်ကို ကောက်ကြည့်သည်။

"Roasted Vegetables က ဒီနေ့ special dish ပါ"

"အေး. . . အဲဒါ. . . စားမယ်ကွာ"

"ရွှေပဲသီးနဲ့ ကြက်သားသုတ်က ကြက်သားကို ဘယ်လိုလုပ်ထားတာလဲ"

"grill လုပ်တာပါ"

"အိုကေ. . . အဲဒါပေးပါ၊ နောက် soup က ဘာရမလဲ"

"မုန်လာဥနီ. . . ကညွတ်. . . မှို. . . ပြောင်းဖူး"

"မုန်လာဥနီပေးပါ"

သူမ လိုတာမှာပြီးချိန်မှာ နှင်း ဝင်လာသည်။ နှင်းက သူတို့ကို တွေ့တော့ ရုတ်တရက် ခြေလှမ်းတုံ့ကာ လျှာကလေးထုတ်ပြသည်။ ဦးဥက္ကာတို့က ကျောခိုင်းထားကြသဖြင့် မတွေ့။

"ဆရာရောက်နေတာကိုး"

"အမယ်. . . နင်က ဘာလာလုပ်တာလဲ"

ဦးဥက္ကာ ထိုသို့နှုတ်ဆက်သလို အမျိုးသမီးကလည်း အော်ဟု





ဆိုကာ ပြုံးပြလိုက်သည်ကို တွေ့ရသည်။

"ဆန္ဒဆီမှာ ဟင်းချက်နည်းတွေ လာသင်တာ"

"ဘာလုပ်ဖို့လဲ"

ဦးဥက္ကာက မျက်မှောင်ကြုတ်ကာမေး၏။ နှင်းမဖြေခင် ဆန္ဒဝင်ဖြေပေးလိုက်သည်။

"သူ့ အထူးဧည့်သည်ကျ ကိုယ်တိုင်ချက်ကျွေးဖို့ဆိုပဲ အစ်ကို"

ဦးဥက္ကာတို့ ရယ်ကြသည်။ သို့သော် ထိုစကားက သူတို့ဆီကနေ ဆင်းသက်လာကြောင်းသာသိလျှင် ရယ်နိုင်ကြပါ့မလားမသိ။

"ဒီဆိုင်ပဲ ခေါ်လာကျွေးလိုက်ပါဟာ၊ နင်ချက်ကျွေးမှ အစားပျက် အသောက်ပျက်ဖြစ်နေဦးမယ်"

ဦးဥက္ကာ ထိုသို့ချီးကျူးထောပနာပြု၏။ အမယ်ဟုဆိုကာ နှင်းက ပြန်ပြောရန်ပြင်ပြီးမှ အမျိုးသမီးကို တစ်ချက်ကြည့်ကာ စကားစကို သိမ်းလိုက်သည်။ ဒီတော့ ဆန္ဒပဲ ဆက်ပေးလိုက်သည်။

"အစ်ကိုလိုပေါ့နော်၊ ဧည့်သည်ကိုခေါ်လာတာပြောပါတယ်"

ဦးဥက္ကာ အမ်းတမ်းတမ်းဖြစ်သွားသလိုရှိသော်လည်း ပါလာသော အမျိုးသမီးကဖြင့် ခပ်တည်တည်။ သူတို့ဘာသာစကားကိုပဲ နားမလည်သလို မသိသလို မကြားသလို လုပ်နေသည်။ သူ့ကြည့်ရတာကလည်း ဖူးဖူးအကြီးစားကို ကြည့်ရသလိုပင်။

နှင်းကတော့ မီးဖိုထဲသို့လိုက်ဝင်လာသည်။

"ခု သူတို့မှာတာတွေ လုပ်ပေးမလို့မဟုတ်လား၊ နှင်းကူမယ်လေ"

"ကြည့်ပဲကြည့်ပါ၊ ကြက်သားကို grill လုပ်လိုက်ဦးမယ်၊ တေဇာ



www.burmeseclassic.com

www.burmeseclassic.com



ရွှေပဲသီးကိုပြုတ်ထားလိုက်၊ စိမ်းစိမ်းလေးနော်၊ မနေ့က ပြတဲ့အနေအထား မှတ်မိလား"

"ဟုတ်"

"နေစိုး Roasted Vegetables ကို တစ်ပွဲပြင်ထားလိုက်"

"ဟုတ်ကဲ့"

"မုန်လာဥနီစွတ်ပြုတ်ကို ငါလာလုပ်မယ်"

ဆန္ဒက grill လုပ်ထားသော ကြက်သားကို လှီးပုံကအစ သူ့လူတွေကိုပြသည်။ နှင်းလည်း လိုက်ကြည့်နေရှာသည်။

"အသုတ်တစ်ပွဲအတွက် အရေးကြီးတာက dressing လို့ခေါ်တဲ့ အရည်ပဲ၊ ခု ဒီမှာထည့်မယ့် dressing ကတော့ ရိုးရိုးလေးပါပဲ၊ vanilla yoghurt ရယ် မရိုးနိစ်ရယ် ဂျင်းရယ် သံပုရာရည်ရယ် ဆားနဲ့ ငရုတ်ကောင်းရယ်ပဲပါတယ်"

ပြောလည်းပြော လက်ကလည်းလုပ်သွားသည်။ စိမ်းစိမ်းလေးပြုတ်ထားသော ရွှေပဲသီးများနှင့် သေချာလှီးထားသောကြက်သား dressing တို့ကို ဇလုံတစ်ခုထဲ ရောမွှေလိုက်သည်။ ပြီး ပန်းကန်ပြားလေးထောင့်ကြီးကြီးတစ်ခုထဲထည့်ကာ အပေါ်က သစ်စေ့တချို့ ဖြူးလိုက်သည်။

"အဲဒါ ဘာသစ်စေ့တွေလဲ"

"အစုံပဲ. . . လေးစိပ်ကွဲလိုလုပ်ထားတာ၊ အဲဒါ အစားဖယ်စေ့နေကြာစေ့ နှမ်းတွေလည်း သုံးလို့ရတယ်"

ပြီးတာနှင့် ရှေ့ပို့ရန်ပြင်နေသော တပည့်တွေကို အော်ရသေးသည်၊





"စွတ်ပြုတ်မှာထားရင် ဘာကိုမှ စွတ်ပြုတ်ရှေ့ကနေ သွားမချနဲ့ ကြားလား"

တပည့်တွေက ဟုတ်တော့လိုက်ကြသည်။ ဘာကြောင့်လဲတော့ ဖြန်မပေးကြ။ သူလည်း ရှင်းမနေတော့။ အဆင်သင့်လုပ်ထားသော မုန်လာဥနှစ်များနှင့် စွတ်ပြုတ်တစ်ခွက် အမြန်ပြင်လိုက်သည်။ ကြက်စွပ်ပြုတ်ရည်ကိုယူကာ မုန်လာဥနှစ်များနှင့် စွတ်ပြုတ်လုပ်ရင်း နှင်းကိုလည်း ရှင်းပြရသေးသည်။

"သက်သတ်လွတ်စားတဲ့သူတွေအတွက်ဆို vegetable stock ကိုသုံးတယ်။ ခုတော့ သူက အသားစားတဲ့သူမို့ ကြက်စွတ်ပြုတ်ရည်ကို သုံးတာ"

"vegetable stock ဆိုတာက . . ."

နှင်းက နားမလည်သလိုမေးသည်။

"အသီးအရွက်တွေ၊ ဥတွေကိုပြုတ်ထားတာလေ၊ မုန်လာဥနီတို့ ကြက်သွန်တို့ ပန်းပွင့်တို့ စသဖြင့်. . ."

"အဲဒါက ကြိုလုပ်ထားရတာပေါ့"

"ဟုတ်တယ်. . . လုပ်ပြီး အအေးခန်းထဲ ထည့်သိမ်းထားလို့ရတယ်၊ ခဲထားလို့ရတယ်၊ လိုမှ လိုသလို သုံးလို့ရတယ်"

အားလုံးပြီးသွားချိန်ကျမှ နှင်းက . . .

"နှင်းရဲ့ နွေရာသီအလိပ်ကလေးရော စသင်တော့မှာလား"

Summer Roll ကိုခေါ်လိုက်ပုံက နွေရာသီအလိပ်ကလေးတဲ့၊ ဟိုတစ်နေ့က ကော်ပြန့်လိပ်ကို spring roll ဟုခေါ်ပြီး Summer Roll ဆိုတာလည်းရှိသေးကြောင်း ပြောပြီးကတည်းက နှင်းက စိတ်ဝင်တစား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည်။

"နှင်း. . . ဘာစားပြီးပြီလဲ"

"နှင်းလား. . . မနက်က ကြာဇံဟင်းခါးသောက်လာတယ်၊ နှင်းကိုယ်တိုင်ချက်တာ၊ ရေတ်ကောင်းများများနဲ့"

"တစ်ခုခုစားဦးမလား. . ."

"ဟင့်အင်း. . . မစားဘူးလေ. . . summer roll လုပ်ပြီး စားမယ်လေ"

"ကဲလာ. . စမယ်"

တစ်ဖက်တွင် အသင့်ပြင်ထားသော စားပွဲသို့ခေါ်သွားလိုက်သည်။ နှင်းက summer roll အတွက် လိုအပ်သော ဆန်ပြားချပ်ကလေးများကို ကြည့်ကာ ဘာတွေလဲ မုန့်လေပွေချပ်နဲ့တူတယ်၊ မကင်ခင်အချပ်လေဟုဆိုသည်။ နှင်းပြောသော မုန့်လေပွေမကင်ခင်အချပ်ကို ဆန္ဒ မမြင်ဖူးပါ။ ဒါကတော့ အသင့်လုပ်ထားသော summer roll အတွက် အချပ်လေးများဖြစ်သည်။ ရန်ကုန်တွင် ကော်ပြန့်ဖက်များကို လုပ်ရောင်းသလိုပါပဲ။ ဒါကတော့ တာရှည်ခံပေါ့။

"အဲဒါ summer roll လုပ်မယ့်ဟာလေ၊ ကော်ပြန့်ဖက်လိုပေါ့၊ သူကတော့ တာရှည်ခံ အဲဒါကိုမှ ရေနွေးနွေးထဲ အသာစိမ်ပြီးသုံးရတယ်"

ပြောပြောဆိုဆို ဆန္ဒ ဇလုံတစ်ခုထဲ ရေနွေးထည့်ကာ ရေအေးတစ်ခွက်ရောလိုက်သည်။ ပြီး ထိုအချပ်သုံးလေးခုကို အသာထည့်စိမ်လိုက်သည်။

"ဒါလေးတွေက ကျိုးပဲ့လွယ်တယ်၊ စိမ်ပြီးလည်း ပြဲလွယ်တယ်၊ ကော်ပြန့်ဖက်ထက် သတိထားရတယ်"





"ဒါက ဘာလဲ၊ ကြာဇံပြုတ်တွေလား"

"ဟုတ်တယ်. . . ကြာဇံကို တချို့က ဆန်ကြာဇံသုံးတယ်၊ တချို့က ပဲကြာဇံသုံးတယ်၊ ခု နှစ်ခုလုံးလုပ်ထားတယ်၊ အဲဒါကိုပြုတ် ရေစစ်ပြီး နှမ်းဆီလေးနဲ့လူးထားတာ"

ကြာဇံလေးတွေက နှမ်းဆီနံ့သင်းနေသည်။

"ဒါက ဆလပ်ရွက်၊ ဂေါ်ဖီ၊ ဒါက ပူစီနံနဲ့ နံနံပင်၊ ဒါက ကြက်သွန်မိတ်၊ ဒါက ပုဇွန်ပြုတ်၊ ဟိုဖက်က ကြက်သားရှိုစ်လုပ်ထားတဲ့အသားကိုယ်လိုသလိုလုပ်လို့ရတယ်၊ များသောအားဖြင့်က ပုဇွန်ပြုတ်နဲ့ လုပ်တာများတယ်၊ ပုဇွန်ကို အခွံမခွာဘဲ အရင်ပြုတ်ရတယ်၊ ပြီးမှ အခွံခွာ အကောင်ကြီးတွေဆိုရင် အလျားလိုက်နှစ်ခြမ်းပြန်ခြမ်းနိုင်တယ်၊ ဓါးသက်ထက်နဲ့"

ဆန္ဒ အသင့်ပြုတ်ပြီး အခွံခွာထားသော ပုဇွန်များကို နှစ်ခြမ်းခြမ်းလိုက်သည်။ စိမ်ထားသောအဖတ်များကိုလည်း ဆယ်လိုက်ကာ ရေစစ်ထားလိုက်သည်။

နောက် အောက်ခံ board တစ်ခုပေါ် ရေစစ်ထားသော အဖတ်တစ်ခုကို သေချာဖြန့်ခင်းကာ ဆလပ်ရွက်တစ်ရွက် အရင်တင်သည်။ နောက် ဂေါ်ဖီခပ်သေးသေး။ အပေါ်က ကြာဇံကိုတင်ကာ ကြာဇံပေါ်က မုန်လာဥနီ စိန်ခလုတ်နှင့်ခြစ်ထားတာကို တစ်ဝက် ပဲပင်ပေါက်အစိမ်းကိုတစ်ဝက် တင်လိုက်သည်။ ထိုအပေါ်ကမှ ပူစီနံတင်သည်။

"မကြိုက်တဲ့သူတွေက နံနံပင်ပဲသုံးလည်းရတယ်၊ ပြီးရင် နှမ်းနည်းနည်းဖြူးပြီးလိပ်မယ်၊ လိပ်တဲ့အခါ ပုဇွန်ကို အပြင်ကမြင်ရအောင် ပုဇွန်ကို အပေါ်ဆုံးကထားလိပ်မယ်၊ အလယ်နားလောက်ကို ကြက်သွန်



www.burmeseclassic.com

www.burmeseclassic.com



မြိတ်ကို ထည့်ပြီး အစွန်းတစ်ဖက်ကို ထုတ်ထားလိုက်ရင် ပိုလှတာပေါ့"

ဆန္ဒက ပြောလည်းပြော လုပ်လည်းလုပ်ပြီးသွားသော အလိပ်ကလေးကို ပန်းကန်ပြားရှည်ရှည်ကလေးတစ်ချပ်ပေါ် တင်လိုက်သည်။ အညာတံတစ်ခုလိုထွက်နေသော ကြက်သွန်မြိတ်စိမ်းစိမ်းလေးနှင့် အထဲကို ဖောက်မြင်နေရသော ပုဇွန်သားအနီတို့က ပဏ္ဏာရစွာလှနေသည်။

"ဒီတစ်ခု နှင်းလုပ်မယ်"

နှင်းက ဆန္ဒကို အတင်းဖယ်ခိုင်းကာ ဝင်လုပ်သည်။ သိပ်မသပ်ရပ်သည်ကလွဲလျှင် အတော်အဆင်ပြေပါသည်။ ပထမဆုံးအလိပ်မို့လည်း ဖြစ်နိုင်သည်။ ပြီးတာနှင့် နှင်းက ပန်းကန်ပြားထဲမှအလိပ်နှစ်လိပ်ကို ကြက်သွန်မြိတ်လေးတစ်ပင် တင်ပြီး အချဉ်ပန်းကန်နှင့်တွဲကာ ဆရာတို့စုံတွဲကို သွားကြွားဦးမယ်ဆိုပြီး ထွက်သွားတော့သည်။

ဆန္ဒကတော့ အသစ်ရောက်လာသော ဧည့်သည်များအတွက် ချက်ပြုတ်ပြင်ဆင်ရန် ကျန်ခဲ့သည်။ ခဏနေကျ ပြန်ရောက်လာသည်။ နှာခေါင်းလေးရှုံ့လျက်။

"ဘာလဲ. . . မစားဘူးတဲ့လား"

"စားတယ်၊ နှင်းလိပ်ထားတဲ့အလိပ်ကို မသပ်မရပ်နဲ့တဲ့၊ ကဲ့ရဲ့လိုက်တယ်"

"အော်. . . ပြောလိုက်လေ၊ ဒါ ပထမဆုံးလိပ်တဲ့အလိပ်လို့"

"ပြောပါဘူး၊ သိရမှာပေါ့၊ ခု အဲဒါ ဘာလုပ်နေတာလဲ"

"ဆူရှီ လိပ်မလို့"

"အင်း. . . အဲဒါလည်း နှင်းစိတ်ဝင်စားတယ်၊ အဲဒီယင်းလိပ်က ဘာလဲ"





"ဆူရှီလိပ်တဲ့ ယင်းလိပ်လေ. . . bomboo mat လို့ ခေါ်တယ်"

မှာသည့်အမှာအရ သုံးမျိုးလိပ်ရသည်၊ တစ်မျိုးက သက်သတ်လွတ်၊ နောက်တစ်မျိုးက ကယ်လီဖိုးနီးယားရိုးလ်ဟုခေါ်သည့် ရေညှိကို အတွင်းကထားလိပ်ပြီး အပြင်ဖက်က ထမင်းတွင် နှမ်းစေ့လေးများကပ်နေသော အလိပ်၊ နောက်တစ်မျိုးက တိုင်းဂါးရိုးလ်ဟုခေါ်သော ကျားပုဇွန်ကိုကြော်ထားသည့် ပုဇွန်တန်ပူရာထည့်လိပ်သည့်အလိပ်။ နေစိုးက ပုဇွန်ကို အသင့်ကြော်လာပေး၏။ နှင်းက သေချာကြည့်ရင်းက. . .

"ကြည့်ရင်တော့ လွယ်သလိုပဲနော်၊ လိပ်ရတာ၊ ဒါပေမယ့် လိပ်ကြည့်ရင်ခက်မယ်ဆိုတာ သေချာတယ်၊ ခုနက summer roll တောင်မှ လှဘူးလေ"

"အော်. . . ဒါကတော့ လေ့ကျင့်ထားတဲ့သူနဲ့ ခုမှစမယ့်သူ မတူနိုင်ဘူးလေ၊ နှင်းလည်း နှစ်ခါသုံးခါလုပ်ကြည့်လိုက်ရင် အဆင်ပြေသွားမှာပါ"

"အင်း. . . လုပ်ကြည့်မှာပါ၊ ခုကို နှင်းစားဖို့ ထပ်လိပ်ကြည့်လိုက်ဦးမယ်၊ ဒီမှာ ဆူရှီလာကြည့်နေလို့"

နှင်းက လှည့်အထွက် အမေ့ဆိုသောအသံကြောင့် ဆန္ဒ မော့ကြည့်လိုက်တော့ ဗလ။

"အမယ်. . . ဘယ်ကလှည့်လာတာလဲ၊ လန့်လိုက်တာ'

နှင်းက ထိုသို့ပြောတော့ ဗလက နှင်းကို မျက်မှောင်ကြုတ်ကြည့်ကာ မေးသည်။ လေသံက တဆိတ်ပြင်းလွန်းနေသည်ဟု ထင်သည်။

"အဲဒါက ငါက မေးရမှာလေ၊ နှင်က ဘာလုပ်နေတာလဲ"

"ငါလား. . . နှင်ပြောသလို ဒီမှာ အလုပ်လာလုပ်တာလေ၊



www.burmeseclassic.com

www.burmeseclassic.com



အချိန် ပိုင်းပေါ့"

တစ်ချိန်က ဗလပြောခဲ့သောစကားကိုနှင်းကာ နှင်းက ရ အောင်ပြန်ပြော၏။ ဗလ မပြုံးပါ။ ဆန္ဒ ဆူရှီလိပ်များလှီးနေသည်ကို ကြည့်ရင်းက သူဘာလာလုပ်နေတာလဲဟု လှည့်မေးသည်။

"သူလား. . . အချိန်ပိုင်းအလုပ်လာလုပ်တယ်ထင်လို့လား၊ သူ့ အထူးဧည့်သည်တစ်ယောက်ကို လုပ်ကျွေးဖို့အတွက်တဲ့ summer roll လုပ်တာ လာကြည့်တာ"

ဆန္ဒ တမင်ပင် အမှန်အတိုင်းပြောပေးလိုက်သည်။ အထူး ဧည့်သည်ကို ဆိုတာကတော့ အပိုစကားပေါ့။ ဒါက ခုနက ဦးဥက္ကာ တို့ကိုနောက်ထားသော အရှိန်နှင့် ပါလာခြင်းဖြစ်သည်။ တကယ်တော့ သူ့မှာ ဘာမှ စစ်ဆေးနေစရာအကြောင်းမရှိဟု ဆန္ဒထင်သည်။ သေချာ တာကတော့ ဗလ၏လေသံနှင့် မေးခွန်းက သူ့ကို စိတ်အနှောက်အယှက် ဖြစ်သွားစေတာအမှန်ပင်။

ဗလ ဘာမှမပြောတော့ဘဲ နှင့် summer roll လုပ်တာကို ကြည့်နေသည်။ ပထမတစ်လိပ်ထက်တော့ တော်တော်လေး သပ်သပ် ရပ်ရပ်ဖြစ်လာတာအမှန်။

"ဆန္ဒ ဒီမှာကြည့်၊ အဆင်ပြေတယ်မဟုတ်လား"

"ပြေတယ်. . . ပြေတယ်. . . ပိုကောင်းလာတယ်"

နှင်းပုံစံက ပျော်သွားသည့်ပုံ။ အလိပ်ကလေးကို ပန်းကန် လေးတစ်ချပ်ယူကာထည့်နေဆဲ ဗလ ဖျတ်ကနဲ လှမ်းဆွဲစားပစ်လိုက် သည်။

"ဟာ. . . သွားပါပြီ ဗလစုတ်"





"ဘာဖြစ်လဲ၊ ငါစားတာ စားဖို့လုပ်တာမဟုတ်ဘူးလား"

"စားဖို့လုပ်တာပဲ၊ ဒါပေမယ့် နင်စားဖို့မဟုတ်ဘူး"

"စားတယ်. . ဘာဖြစ်လဲ"

"ဘာမှမဖြစ်ပါဘူး၊ ခုနက ငါ လက်မဆေးမိလိုက်ဘူးလို့ ပြော လို့"

နှင်းစကားကြောင့် ဆန္ဒက သဘောကျစွာရယ်လိုက်မိတော့ သည်၊ ဗလကတော့ ပိုကောင်းတာပေါ့ဟုဆိုကာ ကျေကျေနပ်နပ်ပြုံးနေ သဖြင့် နှင်းမှာမခံချိမခံသာနှင့် စိတ်တွေတိုလို့။ စောစောက ဘာမှန်းမသိ တင်းမာချင်နေသော ဗလလည်း ချက်ချင်း ပုံစံပြောင်းသွားသည်။ ဆူရှီ လိပ်များကို ပန်းကန်ပေါ် လှလှပပစီထည့်ရင်း သန်းဇော်ကို ရှေ့သွားပို့ ခိုင်းလိုက်ချိန်တွင် စိတ်ထဲ တစ်မျိုးဖြစ်နေသောခံစားချက်များကို ဖယ်ပစ် လိုက်တော့သည်။

●



www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တမဲ့နှင်း

(၉)

"ဈေးဝယ်မယ် ဦးလေး"

ကားမောင်းသည့်ဦးလေးကို ဈေးဝယ်ဖို့ သတိပေးလိုက်ရင်းက ခုဖြတ်လာသောလမ်းသည် ဆန္ဒတို့လမ်းဆိုတာ သတိထားမိလိုက်သည်၊ သတိတရနှင့် Healthy Food Recipes ကို လှမ်းကြည့်မိတော့ ဆိုင်ထဲက ဘူးတွေအိတ်တွေနှင့်ထွက်လာသော ဖူးဖူးကို တွေ့လိုက်ရတာမို့ ဗလလည်း ပါမှာပဲဟုတွေးကာ ကားကို ရပ်ခိုင်းလိုက်သည်။ ဟိုဖက်ကားလမ်း ဒီဖက်ကားလမ်းမို့ကြည့်နေဆဲ ဖူးဖူးက ကားပေါ်တက်ကာ သူမဘာသာမောင်းထွက်သွားသည်ကို တွေ့လိုက်ရသည်။ အော်. . . ဗလမပါဘူးပဲဟုတွေးကာ ဆက်သွားရကောင်းနိုး ဆင်းရကောင်းနိုး စဉ်းစားနေဆဲ ဖုန်းမြည်လာသည်။

"နှင်းလား"





အမယ်. . . ဆန္ဒပါလား၊ သူ့ဆိုင်ရှေ့ရောက်နေတာများ သိလို့လားဟုတွေးနေဆဲ. . .

"နင်. . ဘယ်ရောက်နေလဲ"

"အမ်. . . ငါလား၊ နင့်ဆိုင်ရှေ့မှာ"

"ဘာရယ်. . . ဟာ. . . အရေးထဲ မနောက်နဲ့"

"ဟင်. . . မနောက်ပါဘူး၊ တကယ်ပါ၊ တကယ် နင့်ဆိုင်ရှေ့မှာ"

"ဒါဆို နင်ဝင်လာခဲ့လေ"

ဆန္ဒက မယုံသင်္ကာလေသံနှင့်ဆိုဆဲ နှင်းက တံခါးကိုတွန်းဖွင့်ဝင်သွားပြီမို့ ဆန္ဒ တအံ့တဩ ဖုန်းချလိုက်သည်။

"နင်က ဘယ်လိုဖြစ်ပြီး ဒီနားရောက်နေတာလဲ"

"အဲဒါကတော့ လမ်းရွေးမှားတဲ့ကားသမားကိုမေးရမယ်၊ လောလောဆယ် နင့်ဆိုင်ရှေ့ရပ်လိုက်မိရခြင်း အကြောင်းရင်းကတော့ ဖူးဖူးထွက်လာတာတွေ့လိုက်လို့ ဗလလည်းပါမှာပဲဆိုပြီး ရပ်ခိုင်းလိုက်တာ"

"ဒါဆို. . . နင် ဖူးဖူးကို တွေ့လိုက်တယ်ပေါ့"

"အင်း. . . တွေ့လိုက်တယ်လေ၊ ဗလမပါတာနဲ့ ကားပေါ်က မဆင်းသေးဘဲကြည့်နေတုန်း နင့်ဖုန်းဝင်လာတာပဲ"

ဆန္ဒက မျက်မှောင်ကြုတ်ကာ ပုခုံးတစ်ချက်တွန့်ရင်း ခေါင်းခါသည်။

"ဘာဖြစ်တာလဲ"

"ငါလည်း အဲဒါမေးမလို့၊ နင့်ဆီဖုန်းဆက်တာ၊ နင် ဗလကို ဖုန်းဆက်မေးစမ်းပါ"

"အမ်. . . ဘာကိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူနဲ့ဖူးဖူး ဘာဖြစ်ကြသလဲလို့"

ဆန္ဒပြောတော့မှ နှင်းလည်း တအံ့တသြဖြစ်ရတော့သည်၊ ဘာတွေများဖြစ်လို့တုန်းဟုလည်း ကဗျာကယာ လျှောက်တွေးလိုက်သေးသည်။

"ဘာလို့လဲ. . . ဘာဖြစ်လို့လဲ၊ ခုနကတွေ့လိုက်တာကတော့ အလတ်ကြီးပါပဲ"

"အင်း. . . အလတ်ကြီးပဲ၊ ငါ့ဆိုင်ကို မနက်ဆယ့်တစ်နာရီကျော်ကျော်ကတည်းက ရောက်နေတာ၊ ခုနကမှ ပြန်သွားတယ်"

"အမ်. . ."

ဒီတစ်ခါ အမ်ကနဲဖြစ်သွားရသူက နှင်း။

"ဘာလာလုပ်တာလဲ"

နှင်း အူကြောင်ကြောင်ပြန်မေးမိ၏။

"ငါ့အမြင်မှာတော့ လာထိုင်တယ်၊ တစ်ယောက်ပြီးတစ်ယောက် ဖုန်းဆက်ခေါ်တယ်၊ သူငယ်ချင်းတွေလာကြတယ်၊ သူက နေ့လည်စာကျွေးတယ်၊ စုစုပေါင်း လေးယောက် တပြိုင်တည်းခေါ်တာမဟုတ်ဘူးနော်၊ တစ်ယောက်ပြီးတစ်ယောက် မိန်းကလေးသုံးယောက် ကောင်လေးတစ်ယောက်ပါတယ်၊ ခုနကမှ အစားအသောက်တွေမှာပြီး ပြန်သွားတာ"

"အင်း. . . တစ်နေကုန် ဒီလာထိုင်နေပြီး အဲလိုလုပ်နေတော့ ဗလနဲ့များ တစ်ခုခုဖြစ်ပြီး စိတ်ကောက်ထားလားလို့"

"အဲဒါများဆန္ဒရယ် နှင် ဖုန်းဆက်လိုက်ပါလား၊ ဗလဆီ မနက်တည်းက၊ သို့မဟုတ် နေ့လည်တည်းက၊ ခုတော့ ညနေပြန်မှ ငါ့ကိုလာ





ဆက်ခိုင်းနေတယ်"

"ငါဆက်တယ်၊ အန်တီပင်စီက သူ အပြင်သွားတယ်တဲ့၊ မိုဘိုင်းလ်ခေါ်ပါဆိုလို့ခေါ်တော့ ဆက်သွယ်မှု ဧရိယာပြင်ပတဲ့"

နှင်း နှာခေါင်းရှုံ့လိုက်သည်။ အဲဒီဆက်သွယ်မှုဧရိယာပြင်ပက တစ်သက်လုံးဖြစ်နေမှာမှမဟုတ်တာ၊ ဒင်းနဲ့တော့ခက်နေပြီဟုတွေးတာ နောက်မှ မြန်မာပြည် ဖုန်းခေါ်နည်းတွေ သင်ပေးရဦးမည်ဟု တေးထားလိုက်သည်။

ဗလကို ဖုန်းခေါ်လိုက်တော့ ဗလကိုင်သည်။

"နှင်ဘယ်ရောက်နေလဲ ဗလ"

"ငါလား လက်ဖက်ရည်ဆိုင်မှာ"

ဗလအသံက ဆူညံနေသောလူတွေကြားမှ ထွက်လာခြင်းဖြစ်သည်။

"တစ်နေကုန်ရော ဘယ်သွားနေလဲ"

"ကားလိုင်စင်ဝင်တယ်၊ ဆီစာအုပ်လုပ်တယ်၊ ခုနကမှပြီးတာ ဒါနဲ့ နှင်က ငါ့ကိုစစ်လားဆေးလား ဘာလုပ်နေတာလဲ"

ဗလ ချက်ချင်း မသင်္ကာသလိုပြန်မေးတော့သည်။ သူ့အမေးကို မဖြေအား။ နှင်းမေးချင်တာပဲ ဆက်မေးမိသည်။

"နှင်. . . ဖူးဖူးနဲ့ရော ချိန်းထားသေးလား"

"ချိန်းပါဘူး၊ ငါ ဒီနေ့ တစ်နေကုန်မအားမှာ သူသိသားပဲ"

ဗလအဖြေအဆုံးမှာ အဲ. . . ကနဲမဖြစ်သွားအောင် မနည်းထိန်းလိုက်ရသည်။ ဗလကတော့ သူ့အလှည့်ကျသလို ပြန်မေးပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး. . . နှင်း နင် ဘာတွေမေးနေတာလဲ၊ ဘာလို့ မေးနေတာလဲ၊ နင်ရော ဘယ်ရောက်နေတာလဲ"

နှင်းကလည်း ဘာမှ ကွယ်ဝှက်နေတတ်သူမဟုတ်သည်မို့ အစအဆုံး ရှင်းပြလိုက်သည်။ ဖူးဖူးကို တွေ့သဖြင့် ကားရပ်သည်မှစ၍. . .

"ဆန္ဒနဲ့ပြောမယ်. . . သူ့ဖုန်းပေးလိုက်"

"ဆန္ဒနဲ့ပြောမယ်တဲ့"

ဟုဆိုကာ ဆန္ဒကို ဖုန်းပေးလိုက်သည်။

"ပြော. . . ဗလ"

". . . . . . . . ."

"မနက် ဆယ့်တစ်ခွဲကျော်လောက်ကတည်းက. . ."

". . . . . . . . ."

"ခုနကမှပြန်သွားတာ"

". . . . . . . . ."

"ငါနဲ့ စကားမပြောဖြစ်ဘူး၊ မအားတာလည်းပါတယ်၊ ရောက်ရောက်ချင်း ဗလမပါဘူးလားလို့တော့ မေးမိတယ်၊ သူက မပါဘူးတဲ့၊ ဒါပဲ ပြောဖြစ်တယ်၊ နောက် သူက သူငယ်ချင်းတွေ တစ်ယောက်ပြီးတစ်ယောက် လာနေတာဆိုတော့. . ."

". . . . . . . . ."

"အင်း. . . တခြားတော့ ဘာမှမပြောဘူး၊ သူ့ဟာသူ တစ်နေကုန်ထိုင်နေတာပဲ"

". . . . . . . . ."

"အင်း. . . မင်းတို့များ စိတ်ကောက်နေလားလို့ နှင်းကို မေး





ခိုင်းတာ"

". . . . . . . . ."

"ခဏနေကျတော့ ဆန္ဒ ဖုန်းချလိုက်ကာ ခေါင်းခါသည်။

"ဘာဖြစ်တာလဲ"

"သူတို့ကြည့်ရတာ ဘာမှမဖြစ်ထားဘူး၊ ငါတို့ဝင်ပါမှ ဖြစ်တော့မယ်ထင်တယ်"

နှင်း ရယ်လိုက်သည်။

"မဖြစ်နိုင်တာ ဆန္ဒရယ်၊ ဗလလား ဖြစ်မှာ၊ မီးသေပြီးသား"

ဆန္ဒက နှင်းစကားကို လိုက်မရယ်ဖြစ်ဘဲ တစ်စုံတစ်ခုကို စဉ်းစားနေဟန်။ နှင်းကတော့ မစဉ်းစားနိုင်။ မေးတာကမှ အဖြေရဦးမည်ဟုတွေးကာ သိချင်တာကိုမေးလိုက်သည်။

"ဆန္ဒ"

"အင်း. . . ဘာလဲ"

"နင်က ကောင်မလေးကို ဧည့်တောင်မခံဘူးလား၊ တစ်နေကုန်ထိုင်နေတာ အကျိုးသင့်အကြောင်းသင့်လေး မမေးဘူးလား"

ဆန္ဒက နှင်းကို ဘာဆိုင်လဲဟူသောအကြည့်နှင့် ကြည့်သည်။

"ငါ. . . ဗလမပါဘူးလားလို့မေးတော့ မပါဘူး၊ တစ်ယောက်တည်းတဲ့၊ အဲဒါနဲ့ ထိုင်ခိုင်းပြီး menu ပေးခဲ့လိုက်တယ်၊ နေစိုးကို ထားခဲ့လိုက်တယ်၊ ဒီနေ့ကျမှ ဆိုင်ကလည်း လူများတယ်၊ သူတစ်ယောက်တည်းနဲ့ မှာတာတွေကလည်း မနည်းဘူး၊ သူ့ဧည့်သည်တွေရော၊ မများဘူးဆို သူ့တစ်ယောက်တည်းဆီက ရလိုက်တာတော်တော်များမယ်"

"အဲနောက်ပိုင်း နင် ငါ့ဆီဖုန်းဆက်တဲ့ထိ တစ်ခါမှ ပြန်ထွက်



www.burmeseclassic.com

www.burmeseclassic.com



မကြည့်တော့ဘူးပေါ့"

"ထွက်တာတော့ထွက်တာပေါ့၊ တစ်ခါတစ်လေ ကိုယ်တိုင် တောင် စားပွဲထိုးလိုက်သေးတာပဲ၊ သူ့ကို စကားမပြောဖြစ်တာတစ်ခုပဲ"

"နင်. . . ဘာလို့ အကျိုးအကြောင်းလေးတောင် မမေးတာ လဲ"

"ဟမ်. . . ဘာလိုဖြစ်ရတာလဲ ဇီဇဝါ"

ဆန္ဒ စိတ်မရှည်သလို နှာမည်ရင်းကိုအော်တော့မှ နှင်းလည်း ပြုံးပြီး လက်လျှော့လိုက်ရသည်။

"ဟုတ်ပါဘူးဟာ၊ နင် ဗလကို ဖုန်းခေါ်ပေးတာငါသိပါတယ်၊ ဒါပေမယ့် ဘာလို့ အကျိုးသင့်အကြောင်းသင့်လေးတောင် မမေးတာလဲ ဆိုတာ စဉ်းစားတာ"

ဆန္ဒ မျက်မှောင်ကြုတ်ကာ . . .

"အဲဒါ ငါ့အလုပ်မှမဟုတ်တာ၊ နောက် ပွင့်ပွင့်လင်းလင်းပြောရရင် ငါ အဲကောင်မလေးကို ကြည့်မရဘူး၊ ဘဝင်လေး"

"အင်း. . . အဲဒါကတော့ အမှန်ပဲ၊ ငါတောင် ဟိုတလော်က ဗလကို ဖြစ်ပါ့မလားမေးနေတာ၊ ဗလက အန်တီပင်စီနဲ့ မဖြစ်နိုင်ဘူး ဆိုတာလည်းသိတယ်တဲ့၊ ခုလောလောဆယ်တော့ သူ ဒါတွေ မစဉ်းစား ဘူးတဲ့၊ သူက ဆယ့်ခြောက်နှစ်သားဆိုတော့ အချစ်ပဲ စဉ်းစားပုံရတယ်"

နှင်း ခပ်ရွဲ့ရွဲ့ပြောတော့ ဆန္ဒကရယ်သည်။ ပြီးမှ မဆီမဆိုင် မေးသည်။

"နင်ရော ဘာစဉ်းစားလဲ"

"ကယ်လိုရီတွေအကြောင်း ကျန်းမာရေးအကြောင်း ကိုလက် စထရောအကြောင်း မွေးသဖခင်ကို ဆီတွေသိပ်မစားဖို့ ဘယ်လို တရား





ချောင်းကောင်းမလဲဆိုတဲ့အကြောင်း"

နှင်းပဲလေ. . . ဖြေစရာက အဆင်သင့်။ ဒီတော့ ဆန္ဒက သူမ ကို မသက်မသာကြည့်သည်။

"နင့်ကြည့်ရတာ ပင်ပမ်းလိုက်တာ၊ ငါ နင့်ကို စာအုပ်တစ်အုပ် လက်ဆောင်ပေးလိုက်မယ်၊ ခဏလေး"

ဆန္ဒ ပြောပြောဆိုဆို ထွက်သွားသည်။

"မြန်မြန် ငါဈေးဝယ်ရဦးမယ်၊ စားစရာမရှိတော့ဘူး"

နှင်း အမြန်အော်မှာရသေးသည်။ တစ်ဖက်ခပ်လှမ်းလှမ်းက အန်တီဆိုင်ကလေးကိုလည်း နှင်း အားနာပါးနာ တစ်ချက်ကြည့်လိုက်မိ သေးသည်။ နောက်တစ်ခေါက်လာရင်တော့ ဖြစ်အောင်သွားကြည့်ရပေ ဦးမည်ဟုလည်း တေးထားလိုက်သည်။

ခဏနေကျ ဆန္ဒ ပြန်ရောက်လာသည်။ စာအုပ်သေးသေးလေး တစ်အုပ်ပါလာသည်။ စာအုပ်က လက်တစ်ဝါးသာသာဆိုသော်လည်း အထူက လက်နှစ်လုံးစာနီးပါးရှိသည်။

"Calories Counter", တဲ့။

"နင်ခေါင်းသိပ်မခြောက်တော့ဘူးပေါ့၊ အဲဒီမှာ ဘာက ဘယ် လောက် ကယ်လိုရီ ဂျီအိုင်လယ်ဗယ်က ဘယ်လောက် စသဖြင့် အကုန် ပါတယ်"

နှင်း ပျော်သွားသည်။ ဒါမျိုးတွေ သိချင်နေတာကြာပေါ့။

"ဟား. . . သိပ်အဖိုးတန်တာပဲ၊ ကျေးဇူးပဲသိလား၊ တစ်ခါ တစ်လေကျ ဆောင်းပါးတစ်ချို့မှာတော့ ပါတတ်ပါတယ်၊ ဒါပေမယ့် တစ်ခုနှစ်ခုပဲ၊ ဒါကြောင့် လိုက်ရှာဖတ်မှတ်နေရတာထက်စာရင် ခုလို



www.burmeseclassic.com

www.burmeseclassic.com



အတိအကျ တစ်နေရာတည်းဆိုတော့ ကောင်းတာပေါ့”

“အင်းပါ. . . အချိန်ရရင် အခြေအနေပေးရင် ငါလည်း အဲဒါတွေနဲ့ပတ်သက်တဲ့ ပညာပေးမှုတွေ ဆောင်းပါးတွေ ရေးချင်ပါသေးတယ်”

“ကောင်းတယ် ဆန္ဒ၊ ဆက်လုပ်. . . လောလောဆယ်တော့ ငါသွားတော့မယ်၊ တာ့တာ”

“အိုကေ. . . တာ့တာ”

နှင်း ဆန္ဒဆီမှ စာအုပ်ကလေးကိုယူကာ ထွက်လာခဲ့သည်။ ကားရပ်ထားရာတစ်ဖက်သို့အကူး မြတ်စွာဘုရားဟု စိတ်ထဲက အကျယ်ကြီး တလိုက်မိသည်။ မတခဲ့နိုင်မလား။ ဖူးဖူးကားက နှင်းကားရပ်ထားရာနောက် ခပ်လှမ်းလှမ်းမှာရပ်ထားကာ ဆိုင်ထဲမှ နှင်းထွက်လာတာကို ခပ်စိမ်းစိမ်းလှမ်းကြည့်နေသည်ကို တွေ့လိုက်ရသောကြောင့်ဖြစ်သည်။ ဘာလဲ. . . ဘာလဲ. . . ဘာတွေလဲ. . . ဟု တွေးရင်း ကားကို မောင်းခိုင်းလိုက်ရသည်။ ခပ်လှမ်းလှမ်းရောက်လို့သည့်ကြည့်တော့ ဖူးဖူးကားက တခြားဖက်ကို ဂငယ်ကွေ့ပြန်ကွေ့ကာ မောင်းထွက်သွားလေပြီ။ နှင်း စိတ်ထဲမှာတော့ ဘာမှန်းမသိသော ခံစားမှုတချို့ ပြိုကျလာသလို. . .။

●





## အရိပ်မဲ့နှင်း

(၁၀)

မနက်စောစောစီးစီး မေမေ့ကို ဘုရားပို့ရမှာမို့ စောစောထကာ ဈေးစာရင်းရေး တေဇာကို ဈေးလွှတ်လိုက်သည်။ နေစိုးနှင့်သန်းဇော်ကို မှာစရာရှိတာမှာပြီး အသစ်ခေါ်ထားသော စားဖိုမှူးလက်သစ်ကလေးကိုလည်း လိုအပ်သလို မှာကြားရသေးသည်။ သူက ဆိုင်တစ်ဆိုင်မှာ လုပ်ခဲ့ဖူးပြီး အောက်ခြေသိမ်းမှစကာ မားကိုင် ကြော်ဆရာ စသဖြင့် မြန်မာပြည်မှ အခေါ်အဝေါ်များအတိုင်း တက်လာသူ။ တရုတ်ဆိုင်များတွင် လုပ်ခဲ့ခြင်းဖြစ်သည်။ ခုတော့ သူက ဆန္ဒဆီလာလျှောက်ပြီး ပညာထည်းသင်ချင်သည်ဟု ဆိုသဖြင့် ဒီလိုလူလေးရတုန်း ခေါ်ထားလိုက်ရခြင်းဖြစ်သည်။

“စိတ်ချမယ်နော် အားလုံး၊ မောင်မောင် လိုတာရှိရင် နေစိုးတို့ကိုပြော”



www.burmeseclassic.com

www.burmeseclassic.com



အားလုံးခေါင်းညိတ်ကြသည်။ မောင်မောင်ရောက်လာပြီး မောင်မောင့်ကိုမြင်မှ ကျန်သကောင့်သားများလည်း စားဖို့မှူး ဖြစ်ချင်ရကောင်းမှန်းသိလာကြသည်။ ပညာသည်ယူ့လျှင်ယူ့သလို အဆင့်ဆင့် အကျိုးရှိကြောင်း ရိပ်မိလာကြပြီး သူ့ထက်ငါ အလုပ်ကို ပိုစိတ်ဝင်စားလာကြသည်။ ဆိုင်ကလည်း တစ်နေ့တခြား လူများလာသည်မို့ အတော်ပင်။ တော်တော်လေး စည်းစည်းလုံးလုံးနှင့် အလုပ်လုပ်ရတာ ပျော်စရာကောင်းလာသည်။

"သားငယ်. . . သွားမယ်"

"ဟုတ်ကဲ့. . . မေမေ၊ အဆင်သင့်ပဲ"

"သား. . . ကော်ဖီသောက်ခဲ့လား၊ မေမေ လက်ဘက်ရည် မနှပ်နိုင်တာနဲ့ ကော်ဖီတော့ဖျော်တင်ခဲ့တယ်. . . တွေ့လား"

"အင်း. . . တွေ့တယ်မေမေ၊ မသောက်ခဲ့ဘူး၊ ဘုရားကဆင်း လာမှ လက်ဘက်ရည်ဆိုင်ဝင်တော့မယ်"

"ကောင်းတယ်. . . မေမေလည်း လက်ကီးဆဲဗင်းက နန်းကြီး သုတ်စားချင်နေတာ အတော်ပဲ"

"ဆီများပါတယ်မေမေရယ်"

တစ်ခါမှမကြားဖူးသော ဆန္ဒထံမှစကားကြောင့် မေမေတသူ့ကို မျက်လုံးတစ်ချက်ဝင့်ကြည့်သည်။ မသိချင်ဟန်ဆောင်ကာ ကားတံခါးဖွင့်ပေးပြီး မေမေ့ကို ဝင်ထိုင်ခိုင်းလိုက်သည်။ တစ်ဖက်ပြန်ပတ်ကာ ကားမောင်းသည့်နေရာကို ဝင်အထိုင် စိတ်ထဲ တစ်စုံတစ်ရာထင့်နေသလိုမို့ ဘေးဘီကိုကြည့်လိုက်တော့ တစ်ဖက်ကားလမ်းမှာရပ်ထားသော ကားတစ်စင်း။ ကားရှေ့ခန်းမှာ စတီယာရင်ကိုကိုင်ကာ ထိုင်နေသူတ





ဘုရား ယောက်ျားရင့်မကြီးမို့ ဘုရားတော့ မတဖြစ်။ သို့သော် တစ်ခုခုတော့ မှားနေသလိုဖြစ်နေတာကိုတော့ ခံစားလိုက်မိသည်။ အသက်ရှူရတာပင် မသန့်သောလေကို ရှူနေရသလိုလို။

"ဘာဖြစ်လဲ. . . သား၊ စက်နိုးလို့မရဘူးလား"

စက်ပင်မနိုးမိဘဲ တဒင်္ဂငြိမ်သက်သွားရတာမို့ မေမေက မေးသည်။ တော်သေးသည်။ သူကြည့်ရာဖက်ဆီကိုတော့ မေမေ လိုက်မကြည့်လိုက်တာ။

"မဟုတ်ဘူးမေမေ၊ ရပါတယ်၊ သားဆီလောက်မလား စဉ်းစားနေတာ၊ ဆီဝင်ထည့်ရမလားလို့"

"အသွားကြည့်လိုက်လေ၊ ရှင်းရင် တစ်ခါတည်းဝင်ထည့်တာပေါ့"

"ဟုတ်"

ကားကို အသာမောင်းထွက်လာပြီး နောက်ကြည့်မှန်မှ တဆင့်ကြည့်လိုက်တော့ ကားအနီလေးက ပါလာသည်။ ပြိုင်ကားဆန်ဆန် ခပ်ဝပ်ဝပ်ကားကလေး။ အရောင်ကလည်းအနီမို့ မှားစရာမရှိစွာ ထင်းနေသည်။ နောက်ကနေလိုက်လာတာလား သူ့လမ်းသူသွားရင်း တိုက်ဆိုင်တာလား စဉ်းစားမနေချင်တော့။ စိတ်ရှုပ်သွားတာတော့သေချာသည်။

ကားကို တမင် ဆီဝင်ထည့်လိုက်သည်။ ကားရှင်းတာရော၊ နောက်ကကားကို အခြေအနေကြည့်ချင်တာရောကြောင့် ဖြစ်သည်။ သို့သော် အခြေအနေက သိပ်မထူးပါ။ ကားနှစ်စီးက ရှေ့ဆင့်နောက်ဆင့်ဆိုသလို ဗိုလ်တထောင်ဘုရားဝန်းထဲ ရောက်လာခဲ့ကြသည်။ ဘုရား



www.burmeseclassic.com

www.burmeseclassic.com



ရောက်လို့ ဆန္ဒနှင့်မေမေ ဆင်းသော်လည်း မယ်မင်းကြီးမက လိုက်ဆင်းမလား။ ကျေးဇူးပင်တင်ရဦးမည်။ ခပ်တင်းတင်းမျက်နှာထားနှင့်တော့ လှမ်းကြည့်နေသည်။ ဘာလဲ. . . ဘာအဓိပ္ပာယ်မှန်းမသိ။ တော်တော်တော့ အာရုံ နောက်ချင်လာသည်မို့ လျစ်လျူရှုထားရန်သာ ကြိုးစားလိုက်သည်။

ဘုရားမှာ မေမေက တော်တော်ကြာသည်။ ဆန္ဒကတော့ ဘုရားကို တစ်ပတ်ပြီးတစ်ပတ် ပတ်လိုက်၊ ဆံတော်တိုက်ထဲပတ်လိုက်နှင့် အချိန်ဖြုန်းနေမိသည်။ စိတ်ထဲကတော့ ဖတ်စရာစာအုပ်တစ်အုပ် ယူမလာမိတာကို နောင်တရနေမိသည်။

ထို့ကြောင့် ပါလာသောဖုန်းကို အသုံးချသည့်အနေနှင့် နှင်းဆီ ဆက်လိုက်သည်။

“အမ်. . . မနက်စောစောစီးစီး အိပ်ရေးပျက်တယ်ကွာ၊ ရုံးပိတ်ရက်လေးအိပ်ရတာ”

နှင်း၏ ပြုံပြုံရွှစ်ရွှစ်နှင့် ဖုန်းထူးသံကြောင့် ဆန္ဒ သဘောကျသွားရယ်မိသည်။

“ဘာရယ်တာလဲ၊ ဒီမနက်ကိုကမဟုတ်တာပါ၊ နင်တို့ သိပ်များအားနေကြလား ငါ့ကို ပြောပြပါဦး”

နှင်း၏ ဒုတိယစကားကြောင့် ဆန္ဒ အံ့ဩသွားသည်။

“နင်တို့ဆိုတော့ ဘယ်သူက နင့်ကို နှောင့်ယှက်သေးလို့လဲ”

“ဗလလေ. . . လွန်ခဲ့တဲ့ဆယ့်ငါးမိနစ်ကပဲ ဖုန်းချသွားတယ်၊ ငါပြန်အိပ်တာ ခဏပဲရှိသေးတယ်”

“ငါက မေမေ့ကို ဘုရားပို့ရင်း စောင့်နေရတာပျင်းလို့ ဆက်





တာပါ။ ဗလက ဘာတဲ့လဲ”

“ဘာဖြစ်ရမလဲ၊ ညကတည်းက သူ့ကောင်မလေးကိုဖုန်းခေါ်တာ ခေါ်မရဘူးတဲ့၊ အိမ်ကလည်း ညဖက်တောင်မရှိဘူးပြောတယ်တဲ့ မနက်စောစောဆက်တော့လည်း မရှိဘူးပြောတယ်တဲ့၊ မိုဘိုင်းလ်ဆက်တော့လည်း ပိတ်ထားတယ်တဲ့”

“အမ်. . . ဟုတ်လား”

“ဟုတ်တယ်. . . ငါလည်း စိတ်ကတိုနေတော့ နေဦး ငါသွားကြည့်ပေးမယ်လို့ ရွဲ့လိုက်မှ ဖုန်းချသွားတယ်”

ဟူး. . . ဆန္ဒ သက်ပြင်းကို အတွင်းကြိတ်ချလိုက်မိသည်၊ တကယ့်တကယ် သွားကြည့်ပေးရမှာက သူဆိုတာ သူ့ဘာသာသိနေသည်ကိုး။ ဒီကိစ္စ နှင်းကိုပြောသင့်လား မပြောသင့်လား စဉ်းစားနေမိသည်။

‘ဟမ်. . . အိပ်ပျော်သွားလား၊ ငါပြန်အိပ်ပျော်သွားဖို့လည်းထားဦး”

အသံတိတ်သွား၍ထင်သည်။ နှင်း စိတ်မရှည်သံလေးနှင့် ပြောသည်။

“မဟုတ်ပါဘူးဟာ”

“အင်း. . . မဟုတ်တာကတော့ အမှန်ပဲ၊ နင်တို့နှစ်ယောက်လုံး ဒီနေ့ မူမမှန်ဘူး၊ သူများအိပ်ချိန်မှန်းမသိ ဘာမသိနဲ့ တော်တော်နှောင့်ယှက်ကြတယ်”

“မဟုတ်ဘူး၊ ငါပြောစရာရှိတယ်၊ ပြောသင့်မပြောသင့် စဉ်းစားနေတာ”



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါများ နှင်မဆက်ခင်တည်းက စဉ်းစားလိုက်ရင် ငါ့ဆီ ဖုန်းတောင်ဆက်ဖြစ်မှာ မဟုတ်ဘူး"

နှင်းက စိတ်မရှည်သည့်လေသံနှင့် ပြောသည်။

"ခု . . . နှင့်စကားအရ ဗလနဲ့ပတ်သက်နေတဲ့ကိစ္စမို့ပါ"

နှင်း တစ်ချက်တိတ်သွားသည်။ ပြီးမှ . . .

"ဘာဖြစ်လို့လဲ၊ ဗလနဲ့ ဘယ်လိုပတ်သက်နေလဲ"

"သူ့ကောင်မလေး ဘယ်မှာရှိတယ်ဆိုတာ ငါသိနေတယ်"

"အမ် . . . နှင့်ဆိုင်ရောက်နေပြန်ပြီလား"

"ဆိုင်က မဖွင့်သေးဘူးလေ၊ ငါက ဘုရားမှာ"

"အော် . . . ဟုတ်သား၊ နှင်တွေ့ခဲ့လို့လား"

"အင်း . . . ဘုရားမှာရှိနေတယ်"

"ဟုတ်လား။ ငါ . . . ဗလကို ဖုန်းဆက်ပေးလိုက်ဦးမယ်"

"နေဦး . . . နှင်း၊ ငါပြောတာ ဆုံးအောင်နားထောင်ဦး"

"အင်း . . . ဘာကျန်သေးလဲ"

"သူက . . . ငါ့အိမ်ရှေ့ကတည်းက ငါတို့ကားနောက်က လိုက်လာတာ"

"တိန်"

နှင်း ရေရွတ်လိုက်သည့်အသံကို ဘာမှန်း ဆန္ဒမသိပါ။ ကာတွန်းတချို့ထဲမှာတော့ တွေ့ဖူးသလိုပင်။

သို့သော် ခုချိန်က မြန်မာ ဘန်းစကားများကို လေ့လာလိုက်စားနေရမည့် အချိန်မဟုတ်။

"အဲဒါလေ နှင် ဗလကိုတော့ အမှန်အတိုင်းပြောလို့မဖြစ်ဘူး"





"အင်း . . . ငါသိပါတယ်၊ ဒါနဲ့နေပါဦး၊ သဘောတရားက ဘာလဲ"

နှင်းက ရယ်သံတစ်ဝက်နှင့်မေးသည်။ ပြီး "ငါလည်း လိုက်လို့မမီပါဘူး" ဟု ရေရွတ်သေးသည်။

"ငါလည်းမသိဘူး၊ မျက်နှာထားကတော့ ခပ်တင်းတင်းပဲ၊ ငါတသူ့အလုပ်သမားမို့ သူခိုင်းထားတာ လုပ်မလုပ် လာစောင့်ကြည့်တဲ့မျက်နှာပေး၊ ဘာခြား ဘာမှတွေးမနေနဲ့"

ဆန္ဒ စိတ်ပေါက်ပေါက်နှင့် ပြောလိုက်သောစကားကြောင့် နှင်းတရယ်သည်။ အမှန်က ရင်ခုန်စရာ ဘာအကြောင်းမှမရှိဟု ပြောချင်ခြင်းဖြစ်သည်။

"ခု . . . ဗိုလ်တထောင်ဘုရားမှာရှိနေတယ်၊ ငါ အန်တီ့ဆီဖုန်းဆက်ရင်း ဆန္ဒနဲ့တွေ့လို့ ဆန္ဒက ဟုတ်လား၊ ဘုရားမှာတွေ့တယ်လို့ ပြောတယ်လို့ ပြောလိုက်ပါ့မယ်၊ ငါကြည့်ပြောပါ့မယ်၊ အိုကေ . . . တာ့တာ"

နှင်းက အကျိုးဆောင်ချင်စိတ်ကြီးစွာလား မြန်မြန်ပြီး မြန်မြန်ပြန်အိပ်ရတယ်ဟုတွေးတာလား မသိ ဖုန်းကို အမြန်ချသွားတော့သည်၊ လိုရင်းက အလာပသလာပပြောဖို့။ ခုတော့ ဗလကိုပဲ အကျိုးတော်ဆောင်လိုက်သလို။

သို့သော်လည်း ဗလက သိသိချင်းလိုက်လာဦးတော့ ဆန္ဒတို့အပြန်မို့လိုက်လာလျှင် လွဲပေဦးတော့မည်။ ဆန္ဒတလည်း သူသွားလေရာလိုက်နေသည်ဟု ဗလကို မပြောပြချင်ပါ။ ဘာအကြောင်းနှင့်ဖြစ်ဖြစ် ဗလကို ဘယ်လိုမှ မခံစားစေချင်မိတာတော့အမှန်။



www.burmeseclassic.com

www.burmeseclassic.com



ခဏနေကျ မေမေထွက်လာသည်။

"သား. . . ပျင်းနေပြီလား၊ ဆာပြီလား"

"ပျင်းတော့ပျင်းတယ်၊ အဲဒါနဲ့ နှင်းဆီတောင် ဖုန်းဆက်လိုက်သေးတယ်၊ ဆာလည်းဆာပြီး၊ သွားကြရအောင် မေ"

ဆန္ဒ ကားဆီလျှောက်သွားတော့ စပယ်တွေအများကြီးဝယ်နေသော ဖူးဖူးကို တွေ့လိုက်ရသည်။ စပယ်တွေအများကြီးကို ကားဒက်ရှ်ဘုတ်ပေါ် ခင်းပစ်လိုက်သည်။ ဆန္ဒတို့ထွက်လာတာမြင်တော့ ပိုက်ဆံကို တဗျာကယာပေးကာ ကားပေါ်တက်လိုက်တာတွေ့လိုက်ရသည်။ ကားနီနီလေးနှင့် စပယ်ဖြူဖြူတွေ လှတော့လှသား။ ကောင်မလေးကလည်း အဖြူရောင်ဝမ်းဆက်နှင့်၊ ခက်တာက သူမရဲ့ မဖြူနိုင်သော မျက်နှာထားတင်းတင်းနှင့် ဘာမှန်းမသိသောလုပ်ရပ်များ။

ဆန္ဒ ထိုကိစ္စကို ခေါင်းထဲက အတိအလင်းထုတ်ကာ ကားပေါ်တက်လိုက်သည်။ လောလောဆယ်သိတာ လပ်ကီးဆဲဗင်းက လက်ဘက်ရည်သောက်ဖို့။ ဆန္ဒ ဒီကိုပြန်ရောက်ကတည်းက မေမေဖျော်ပေးသော လက်ဘက်ရည်တလွဲလျှင် အပြင်တွင် သောက်လို့ရသောလက်ဘက်ရည်သည် ထိုဆိုင်တစ်ဆိုင်တည်းရှိသေးသည်။ နောက် ပဲပြုတ်ဆီဆမ်းထားသော ထမင်းကို ဟင်းအနှစ်ပါသောဟင်းတစ်မျိုးမျိုးနှင့် စားရသည်ကိုလည်း ဆန္ဒ သဘောကျသည်။ အိမ်မှာ ငယ်ငယ်တည်းက မေမေက ပဲပြုတ်နှင့်ထမင်းကို မကြော်ဘဲ ထမင်းပူပူလေးနှင့် နယ်ပေးနေကျကိုး။ ဆယ်နှစ်ကျော်ခန့်ဝေးကွာခဲ့ရသော ပဲပြုတ်ထမင်းပူပူကိုလည်း ထိုဆိုင်ရောက်တိုင်း ဆန္ဒစားတတ်သည်။ မေမေကတော့ နန်းကြီးသုပ်။

သူတို့ ၄၉လမ်းထဲကိုပတ်ဝင်တော့ ကားလေးက နောက်ကပါ





သာသည်။ တစ်ချိန်မဟုတ် တစ်ချိန်တော့ အကင်းသိပ်ပါးသော မေမေနှင့် တွေ့တော့မည်ဟု ဆန္ဒ တွေးပူမိသေးသည်။ ကားရပ်တော့ သူ့ကားအနီလေးက ဆိုင်ကိုကျော်သွားပြီးမှ သွားရပ်၍တော်တော့သည်။ မဟုတ်လျှင် ဒီကားနှင့် မေမေ ရိပ်မိဖို့များသည်။

လက်ဘက်ရည်နှစ်ခွက် ပဲထမင်းတစ်ပွဲ နန်းကြီးသုတ်တစ်ပွဲကို မှာလိုက်ပြီး ဗိုက်ကဆာနေပြီမို့ စားပွဲပေါ်တင်ထားသော ပုဇွန်ဖက်ထုတ်ကြော်ကိုပါ ကောက်စားလိုက်သေးသည်။ ဆီတွေနှင့် ကြွတ်နေသော ပုဇွန်ဖက်ထုတ်ကိုဝါးရင်း နှင်းသာဆို စားမှာမဟုတ်ဟု ဘာလို့များ သတိရလိုက်မိသည်မသိ။

"သား ဆိုင်ကို အချိန်မီပြန်မှာလား"

"ဟုတ်. . . မေမေ၊ မေမေ ဘယ်သွားချင်သေးလို့လဲ"

"မေမေ့ကို မနှင်းတို့ဆီပို့ပေးခဲ့ပါလား၊ အပြန်တော့ သူတို့ပို့ပါလိမ့်မယ်၊ ပင်စိုလည်း ဖုန်းဆက်ခေါ်လိုက်ဦးမယ်၊ မတွေ့တာကြာပြီလေ"

"ဟုတ်ကဲ့မေမေ"

အန်တီပင်စိုကို ဗလက ပို့၊ မေမေ့ကို ဆန္ဒကပို့၊ ဆန္ဒနောက်ကို ဟိုကောင်မလေးကလိုက်. . . ဟု စိကာစဉ်ကာတွေးမိပြီး ဆန္ဒ ရယ်ချင်သွားမိသေးသည်။ ဆုံကြလို့ကတော့ ပွဲကလှမည်။ သို့သော် ခုနေ မေမေ ဖုန်းဆက်တောင် အန်တီပင်စိက ပြင်ရဆင်ရမှာနှင့် ဗလလိုက်ပို့မပို့ကလည်း မသေချာသမို့ သိပ်တော့ စိုးရိမ်စရာမလိုပေ။

စားသောက်ပြီးထွက်လာတော့ မရွှေချောက ကားပေါ်က မဆင်းဘဲ ထိုင်နေသည်ကို တွေ့လိုက်ရသည်။ သေချာတာက ဆက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



လာလောက်သည့်သဘော။ မတတ်နိုင်။ ကားပေါ်ကဆင်းပြီး နိုင်ငံခြား ရုပ်ရှင်တွေထဲကလို နောက်ကားရှေ့ ခပ်မိုက်မိုက်သွားရပ်ပြီး ဘာဖြစ်ချင်တာလဲဟု မေးလို့ကလည်း မရနိုင်။

နှင်းတို့အိမ်ရှေ့ရောက်တော့ ကားကလေးက တော်တော်ဝေးသွားသည်။ နှင်းအိမ်ဆိုတော့ ရှေ့တစ်ဝိုက်တော့ မရပ်ရဲထင်သည်။ အိမ်ရှေ့က ပန်းပင်တစ်ချို့ကို စပရေးဗူးသေးသေးလေးနှင့် ရေဖြန်းပေးနေသော နှင်းက သူတို့ကို တွေ့သွားသည်။

"မေမေ. . . အန်တီအိုလာတယ်၊ လာ. . . အန်တီ ခုနက ဖုန်းဆက်တယ်လို့တော့ မေမေပြောတယ်"

"ဘယ်လိုလဲ၊ ပြန်မအိပ်ဘူးလား"

"ဘယ်လိုအိပ်မလဲ၊ ဝင်လာမစဲတသဲသဲ ဖုန်းတွေဖုန်းတွေ ဆူညံနေတာပဲ"

နှင်းက တမင်နှာခေါင်းရှုံ့ကာပြောသဖြင့် ဝင်ချွန်ပေးလိုက်သည်။

"ဟော. . . တွေ့လားမေမေ၊ မေ့ဖုန်းကြောင့် သူအိပ်လို့မရပါဘူးပြောနေတာ သူ့အမေနဲ့တိုင်လိုက် မေ"

မေမေကရယ်သည်။ နှင်းကလည်း "ငဲ့ကောင်" ဟု ရေရွတ်သည်။

"ငါသွားတော့မှာ၊ ခဏဆင်းနှုတ်ဆက်တာ၊ နှင့်အမေကို၊ နှင့်ကိုမဟုတ်ဘူး"

"အမလေး. . . ဝမ်းမနည်းပါဘူး ကြွပါ"

"ညှော်သည်ကို အဲလို ညှော်ခံရမယ်လို့များ အန်တီ သင်ထားလား





လို့ အန်တီမေနှင်းကို သွားချွန်ဦးမယ်"

အထဲဝင်မည်ပြင်ဆဲ နှင်းက အင်္ကျီစကိုလှမ်းဆွဲသည်။

"နေဦး"

"ဘာဖြစ်တာလဲ၊ ငါ ဆိုင်သွားရဦးမှာ"

"ငါ. . . ဗလဆီဖုန်းဆက်လိုက်တယ်၊ ဗလက ဘုရားတော့ လိုက်မသွားတော့ဘူးတဲ့၊ အန်တီပင်စီ အပြင်သွားစရာရှိတာ ပို့ရဦးမယ်တဲ့၊ ခုနက မေမေတို့ချိန်းကြတော့ ထပ်ဆက်တယ်၊ အန်တီက ဒီကို အရင်လာမှာမို့ ဒီပဲလာတော့မယ်တဲ့၊ ကဲ နင့်နောက်က ကားပါလာသေးလား"

နှင်းက မျက်မှောင်လေးကြုတ်ကာမေး၏။ ဆန္ဒလည်း စိတ်ရှုပ်ရှုပ်နဲ့ ရှုံ့မဲ့ကာဖြေလိုက်သည်။

"အေး. . . ဒါတော့ နင့်အိမ်မှန်းသိပုံရတယ်၊ တော်တော်ဝေးဝေးထိ ထွက်သွားတာတွေ့တယ်၊ ဒါပေမယ့် ရပ်စောင့်မနေဘူးလို့တော့ မပြောနိုင်ဘူး"

"နင်. . . မပြန်နဲ့ ဗလလာတဲ့ထိ နေလိုက်လေ"

နှင်းက အပိုင်ဟန်ဖြင့်ပြော၏။

"နင်ကလည်းဟာ ဗလကားလည်းမြင်ရော သူလည်း လှစ်ကနဲပျောက်နိုင်တာပဲ"

"မထင်ပါနဲ့၊ ငါတို့လမ်းကကျဉ်းတယ်၊ နင်တို့လို လမ်းမကျယ်မဟုတ်ဘူး၊ ကားက ရုတ်တရက် ဂငယ်ကွေ့ ကွေ့မထွက်နိုင်သလို ဝင်လာတာနဲ့လည်း တွေ့နိုင်တယ်၊ တွေ့စမ်းပါစေ၊ ဘာတွေဖြစ်မလဲကြည့်ရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ငါတော့. . . အမှုမပတ်လောက်ပါဘူးနော်"

နှင်းက နှုတ်ခမ်းလေး တစ်ဖက်တွန့်ကာ လှောင်ရယ်ရယ်သည်။

"ဒါကတော့ နင်သွားပတ်သက်ထားမှုအပေါ် မှာ မူတည်ပါတယ်"

"ဟမ်. . . ငါ ဘာမှသွားမပတ်သက်ဘူး၊ ကင်းတယ်"

"ကင်းရင် အိုကေပါတယ်၊ အမှုမပတ်လောက်ပါဘူး"

ဆန္ဒ မျက်မှောင်တစ်ချက်ကြုတ်ကာမေးမိ၏။

"နေစမ်းပါဦး၊ ငါမေးပါဦးမယ်"

"မေးစေ. . ."

နှင်းက ဘုရင်ကခွင့်ပြုသည့်လေသံနှင့် ခွင့်ပြုမိန့်ပေးသည်။ တော်တော်တော့ အမြင်ကပ်စရာမျက်နှာပေးလေး။ သို့သော် နှင်းက ချစ်စရာတော့ကောင်းသည်။ (ထိုသို့ တွေးလိုက်ပြီးမှ ကိုယ့်ကိုယ်ကို ဘာလို့ ဒီလိုတွေမိတာလဲ ပြန်စဉ်းစားမရဖြစ်ရသေးသည်။)

"နင်. . . ဘယ်လိုထင်လဲ"

"ဘာကိုလဲ၊ သူ့ကိုလား နင့်ကိုလား"

"အာ. . . ငါ့ကို ဘာထင်စရာရှိလဲ၊ သူ့ကို၊ ဘာလို့ လိုက်နေတယ်ထင်လဲမေးတာ"

"နှင်းက ဟက်ဟက်ပက်ပက်ရယ်သည်။

"မဝေးစမ်းပါနဲ့ ဆန္ဒရယ်၊ နင်က လူသတ်ထားပြီး သူက စုံထောက်လည်းမဟုတ်"

"အာ. . . လုပ်ပြန်ပြီ"

"ဟုတ်တယ်လေ. . . ဘာဖြစ်ရမှာလဲ၊ နင့်ကို တမင်တကောက်ကောက်လိုက်ပြနေတာ၊ နင့်ကို စိတ်ဝင်စားတယ်ဆိုတဲ့သဘော၊ ခုခေတ်





ကောင်မလေးတွေ အင်း. . . ငါလည်း ပြောနေပုံက အဖွားကြီးလိုလိုနဲ့ လွယ်ပါဘူး၊ ငါလည်း လိုက်မမီဘူး"

"နင်ကလည်းဟာ၊ နင် သူ့မျက်နှာမမြင်လို့ပါ၊ တင်းထန်မာကြောနေတာပဲ၊ မကျေလည်တာတစ်ခုခုရှိလို့ အန္တရာယ်ပြုမှာမို့လိုက်နေတာနဲ့ တူတယ်၊ ပြီးတော့ သူ့မှာ ဗလလည်းရှိနေတာပဲ၊ ဗလနဲ့ အဆင်မပြေဖြစ်လည်း ခဏာပေါ့"

"ဒါက နင့်အတွေးလေ"

"ဒါဆို. . . နင့်အတွေးက . . ."

"ပြောပြီးပြီလေ၊ ဘာလဲ ထပ်ကြားချင်တာလား"

နှင်း၏ ခပ်ထေ့ထေ့စကားကြောင့် ပါးစပ်ကို ပိတ်ထားလိုက်ရသည်။ အိမ်ထဲဝင် အန်တီမေနှင်းကို နှုတ်ဆက်သည်။ အန်တီတိုက်သော ကော်ဖီကို အားနာပါးနာ ထပ်သောက်သည်။ ဆန္ဒက ကော်ဖီသိပ်သောက်လေ့မရှိသူ။ ဒေါ်ဇီဇဝါက မနက်စာကို ကော်ပြန့်စိမ်းလုပ်ထားသော စားသည်။

"ငါကိုယ်တိုင်လုပ်ထားတာ၊ စားပါလား"

"စားပါဘူး"

"အမယ်. . . အရွက်အသီးတွေ အဆင်သင့်ရှိတုန်းစားရတာ လိုးရပြင်ရဆင်ရတာ ဘယ်လောက်ပင်ပန်းတယ်မှတ်လဲ၊ မစားနေပေါ့"

နှင်းက ပန်းကန်ကိုပြန်ဆွဲသွားသည်။ ကျန်သူများက သူလုပ်ထားသော ကော်ပြန့်ကို ကြော်စားကြပုံရသည်။ ကော်ပြန့်ကြော်ပန်းကန်ကိုလည်း တွေ့ရ၏။ စောစောက ပဲ့ဒွန်ဖက်ထုတ်ကြော်ကိုစားရင်း နှင်းသာဆို စားမှာမဟုတ်ဟု တွေးမိတာကို ပြန်သတိရမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မနက်စာကို ပဲပြုတ်ထမင်းတစ်ပန်းကန်နှင့် ကြက်သားဟင်း နှ
စားလာသည်ဆိုတော့ နှင်းက စားနိုင်တယ်ဟု မှတ်ချက်ချသည်။

"ပုဇွန်ဖက်ထုတ်ကြော်နှစ်ခုနဲ့ လက်ဖက်ရည်တစ်ခွက် မက်ဒေ
ကန်ကြက်တောင်ပံကြော်တစ်ချောင်းလည်း ပါသေးတယ်"

"အံ့ရော. . . အဲလောက်စားရလား၊ မနက်စောစောစာကို"

"စားတယ်လေ၊ ပြီးရင် တောက်လျှောက် အလုပ်လုပ်မယ့်ဟာ
ကို"

စကားပြောနေကြရင်း အန်တီပင်စီဝင်လာသည်။

"ဟင်. . . ကားသံလည်းမကြားပါလား၊ ပင်စီ နှင့် ဘာနဲ့လာ
လဲ"

မေမေက လှမ်းမေး၏။

"ဗလလေ. . . လေးငါးခြံကျော်မှာ ကားတစ်စီးတွေ့လို့ ရပ်နေ
ဆက်ဦးမယ်ဆိုပြီး အမေကို လမ်းဆင်းလျှောက်ခိုင်းတယ်လေ"

"ကောင်းပါတယ်၊ ကျန်းမာရေးနဲ့ ညီညွတ်တာပေါ့"

အန်တီမေနှင်းက ပြော၏။ နှင်းနှင့် ဆန္ဒကတော့ တစ်ယောက်
ကိုတစ်ယောက် မျက်လုံးပြူးကြည့်ကာ အသာထထွက်လာခဲ့မိကြသည်။
တိုင်ပင်မထားဘဲ ဂိတ်ဝဆီသို့။ သို့သော် သူတို့ထင်ထားသလို ဗလနှင့်
ဖူးဖူးကိုမတွေ့ရဘဲ ကားရောလူရော အကုန်ရှင်းလင်းနေသည့် လမ်းမကြီး
သာ တွေ့လိုက်ကြရတော့သည်။

●





## လေနှင်ရာနှင်း

(၁၁)

ထိုနေ့က ဗလပြန်မလာပါ။ အန်တီပင်စီ သွားလိုရာကို လိုက်
ပို့လိုက်ရသူက နှင်း။ ထိုနေ့က နှင်းက ဒရိုင်ဘာဖြစ်သွားသည်။ အိမ်က
ဒရိုင်ဘာကလည်း စနေမို့မလာပါ။ တစ်နေကုန် အပျိုပေါက်သုံးယောက်
ကို ဟိုပို့သည်ပို့ နောက်ဆုံး အန်တီအိဆိုင်ရောက်တော့ ညနေစောင်းနေ
ပြီ။ ဒီတော့မှပဲ နှင်းလည်း အန်တီအိဆိုင်ကို မွှေရတော့သည်။

ပစ္စည်းများကို စိတ်ဝင်တစားကြည့်နေတုန်း ဆန္ဒရောက်လာ
သည်။

"ဘယ်လိုဖြစ်နေတာလဲ၊ ရောက်တာတောင် ဆိုင်ဘက်မလာ
ဘူး"

"အာ. . . ဒီမှာ လိုက်ကြည့်နေတာ နင့်ဆိုင်ကရောက်ဖူးပြီး
သား၊ ပြီးတော့ အန်တီအိက ညစာကျွေးမှာတဲ့၊ နင့်ဆိုင်က ဒီတော့



www.burmeseclassic.com

www.burmeseclassic.com

ပြီးမှပဲလာတော့မှာပေါ့"

ဆန္ဒက ဘာမှဆက်မပြောဘဲ နားနားကပ်ကာ လေသံလေးနှင့် ဗလဆိုင်မှာဟုပြော၍ကာ ထွက်သွားတော့သည်။ ဒီတော့လည်း ဆန္ဒတို့ နောက်တလိုက်မဆွဲရုံတမယ် ပြေးလိုက်သွားမိရသူက နှင်း။ အန်တီအိတ ဒါကိုမြင်ပြီး ပြုံးပြုံးကြီးကြည့်နေတာကိုလည်း နှင်းက မြင်ဖြစ်အောင်မြင် ပြီး ပုခုံးတွန့်ချင်ချင် ဖြစ်သွားရသေးသည်။

"ဟဲ့. . . နေပါဦး"

"ငါ့မှာ အလုပ်တွေနဲ့"

ဆန္ဒ အလုပ်ရှုပ်နေတာတော့ သေချာလောက်သည်။ ခါးစည်း ပင်ချွတ်မလာ။

"ဗလ ဘယ်တုန်းကရောက်တာလဲ"

"နေ့လည်က. . ."

"အခြေအနေကောင်းလား"

"နင့်ဘာသာနင် သွားမေးပါလား"

ဆန္ဒက ရယ်ဟဟနှင့်ဆိုသည်။

"သူ. . . ဘာလာလုပ်တယ်လို့ပြောလဲ"

"နေ့လည်စာလာစားတာတဲ့၊ စားတော့ သုံးနာရီထိုးတော့မယ်"

ပြောနေရင်း ဆိုင်ထဲရောက်သွားတာမို့ နောက်ဖက်ကျကျနား မှာ ထိုင်နေသော ဗလက မော့ကြည့်၏။

"နင်က ဘယ်လာတာလဲ"

လေသံက မေတ္တာထားချင်စရာတစ်စက်မှမရှိ။

"ဟိုဖက်ကဆိုင်ကိုလာတာ ငါ သွားပင့်လာတာ၊ မင်းအမေနဲ့





သူ့အမေလည်းပါတယ်၊ ငါ့အမေလည်း ပြန်ရောက်နေပြီ"

ဆန္ဒက မလိုအပ်သောစကားများကို တဆက်တည်းပြောရင်း မီးဖိုထဲ ဝင်သွားတော့သည်။

နှင်း ဗလရှေ့တည့်တည့်မှာ ဝင်ထိုင်လိုက်သည်။

"နှင် ပြန်မလာလို့ ငါ ဒရိုင်ဘာဖြစ်နေတာလေ၊ ကဲ. . . ပြော ပါ။ နင်က ဘယ်သွားနေတာလဲ"

"ပြဿနာရှင်းနေတာ"

"အဲ. . . ဘာပြဿနာလဲ"

ဘာဖြစ်နိုင်သည်ကို သိသိကြီးနှင့် မသိချင်ယောင်ဆောင်ကာ မေးလိုက်သည်။

"ဖူးဖူးနဲ့. . ."

"ဘာတွေဖြစ်ကုန်တာတုန်း"

အကယ်ဒမီပေးလျှင် အကယ်ဒမီတွေသိမ်းကြုံးရနိုင်သော မျက်နှာပေးနှင့် နှင်း မေးလိုက်သည်။

"ငါ့ကို ရှောင်ပြီး အဆက်အသွယ်ပိတ်ထားတဲ့ကိစ္စ"

"အင်း"

"ငါက မေးတော့ ဘာမှမဖြေဘူး၊ စကားမပြောချင်လို့တဲ့"

"နင်တို့ ရန်ဖြစ်ထားလား"

"ဖြစ်ပါဘူး၊ ငါက သူနဲ့ ဘယ်တော့မှ ရန်မဖြစ်ဘူး"

အရေးထဲ. . . ဟုတွေးကာ မျက်နှာကိုတစ်ဖက်လှည့်ကာ မဲ့ပစ် လိုက်သည်။ ပြန်လှည့်လာတော့ စကားကိုဆက်မေးရသည်။

"အင်း. . . ဒီတော့. . ."



www.burmeseclassic.com

www.burmeseclassic.com



"အစကဘာမှမပြောဘူး၊ ငါလည်း ဆက်မမေးရင်ကောင်းသား အတင်းမေးတော့ သူ ငါ့ကိုမချစ်မှန်းသိသွားပြီတဲ့"

"အယ်. . ."

သိပ်တော့ အံ့ဩစရာမကောင်းဟု ထင်ချင်ထင်လိမ့်မည်။ သို့သော် နှင်း တကယ်အံ့ဩပါသည်။ စိတ်က ဖြစ်နေသည့်တိုင် ဒီလောက်တော့ ရှုတ်တရက်ကြီး ပွင့်ပွင့်လင်းလင်းပြောလိမ့်မည်ဟု နှင်း မထင်ထားခဲ့တာအမှန်။

"အဲဒါ သူ ရွှဲ့တာမဟုတ်သလို စိတ်ပေါက်ပေါက်နဲ့ လျှောက်ပြောနေတာလည်းမဟုတ်ဘူးတဲ့၊ တကယ်သေချာပြောတာ၊ နောက်မဆက်သွယ်ကြနဲ့စို့ဆိုပြီး ထွက်သွားတာပဲ၊ အမှန်က မနက်ကတည်းကလည်း သူ့ကားနောက် တစ်ကောက်ကောက်လိုက်မောင်းနေတာ ရပ်မပေးလို့ နောက်ဆုံးကျမှ ရပ်ပေးတာ"

ဗလ အစီအစဉ်တကျမဟုတ်ဘဲ ပြောနေသော်လည်း နှင်း ပြန်လည် ဆက်စပ်ယူကြည့်လို့ရသည်။

ကံထူးသူ ဆန္ဒကတော့ မီးဖိုထဲတွင် ဖျော်ရှင်စွာချက်ပြုတ်နေသည်။ နှင်းမှာတော့ ကြက်လည်လိမ်ထားသလိုဖြစ်နေသော ဗလနှင့် နှစ်ပါးသွားနေရသည်။

"နှင်ကလဲဟာ. . .သူ တစ်ခုခု စိတ်အခန့်မသင့်လို့ပြောတာနေမှာပါ"

အမှန်တော့ နှင်း အဲလို ကိုယ်တိုင်မယုံကြည်သောစကားများကို ပြောလေ့မရှိ။ ခုတော့ ဗလကိုကြည့်ကာ ဘာပြောရမှန်းမသိသဖြင့် ပြောမိပြောရာတွေ ထွက်ကုန်သည်။





"မဟုတ်ဘူး၊ ငါသိတယ်၊ သူ တစ်ယောက်ယောက်ကိုတွေ့ထားပြီ၊ မနေ့က ဒီဆိုင်မှာ တစ်နေကုန် အဲဒီမှာလာတဲ့ထဲ ကောင်လေးတစ်ယောက်ပါတယ်ဆို"

"အင်း. . . ဆန္ဒပြောတာပဲ"

"အဲဒါ ဘယ်သူလဲလို့မေးတော့လည်း ဆန္ဒကမသိဘူး၊ အင်းလေ သူက ဘယ်သိပ့်ါလဲ၊ ပြီးတော့ သူ့အလုပ်နဲ့သူ"

နှင်း နည်းနည်းခေါင်းခြောက်ချင်သလို ဖြစ်သွားသည်၊ တကယ့်တကယ်က အဲဒီကောင်လေးက ဘာမှမဆိုင်။ ဘယ်လိုရှင်းပြရင် ရှုပ်သွားနိုင်ပြီး ဘယ်လိုရှင်းရင် လင်းသွားမလဲဆိုတာ ခုထိတော့ နှင်း အဖြေမရသေး။

"ငါ ညကျ ဖူးဖူးဆီ ဖုန်းဆက်ပေးပါဦးမယ်"

ဗလ မျက်နှာ ဝင်းကနဲဖြစ်သွား၏။

"တကယ်လား"

"တကယ်ပေါ့၊ အေး. . .တစ်ခုပဲ"

"ဘာလဲ၊ နင်ကဟာ ဆက်ပေးမယ်ပြောပြီးမှ"

ဗလ မျက်နှာပြန်ညိုသွားသည်။

"ဆက်တာကဆက်မှာပါ။ဆိုလိုတာက တစ်ခုခုအဖြေသိရလည်း နင် ခံနိုင်ရည်ရှိအောင် ကြိုးစားရမယ်လို့ ပြောချင်တာ"

"ဟင်. . .နင့်ဟာကလဲ. . .မဦးမချွတ်တွေ"

ဘယ်အချိန်က မီးဖိုထဲက ထွက်လာမှန်းမသိသော ဆန္ဒတာဝင်ပြောသည်။

"ဘာမဦးမချွတ်လဲ၊ ငါက ဖြစ်နိုင်တာတွေအတွက် ပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



"နောက်မှပြောဟာ၊ လောလောဆယ် ထမင်းကျွေးဖို့ ဟင်းချက်နေတာ၊ နင်တို့ရော ဘာစားချင်လဲ၊ လူကြီးတွေကိုလည်း ဒေါ်ဇီဇဝါ အကြိုက် ကျန်းမာရေးနှင့်ညီညွတ်တာတွေ ချက်ပေးထားတယ်"

"ကောင်းတယ်. . . ဗလ နင် ဘာစားမလဲ"

"နေ့လည်စာတောင် မနည်းမျိုချထားရတာ၊ နင့်ဘာသာနင် သုပ်ချင်တာလုပ်၊ တစ်ခုပဲ မေမေတို့ကို ငါ ခုမှရောက်တယ်လို့သာ ပြောပေးကြ"

"ဒါကတော့ ဒီတိုင်းရမလားနော့. . . နှင်း"

ဆန္ဒကနောက်တော့ ဗလ ရယ်သည်။ ဒီဆိုင်က ကြိုက်တာမှာစားဟု ပြန်နောက်နိုင်သေးသည်။

ခဆိုးပါဘူးဟုတွေးရင်း ဆန္ဒနှင့် မီးဖိုထဲလိုက်ဝင်ခဲ့လိုက်သည်။

"နင် ငါ့ကို vegetable stock လုပ်တာပြမယ်ဆို"

"အမှန်က ဘာမှမခက်ဘူး၊ ဟင်းသီးဟင်းရွက်ပြုတ်အရည်ကို ယူတာပဲ"

"အင်းလေ. . . ဘာတွေထည့်ရမလဲ"

"အဲဒါကလည်း နည်းအမျိုးမျိုးရှိတယ်၊ တချို့က အမွှေးနံ့သာ စုံထည့်တယ်၊ တချို့က မထည့်ဘူး၊ ထည့်နေကျကတော့ ဂေါ်ဖီ၊ ပန်းဂေါ်ဖီပွင့်၊ မုန်လာဥနီ စသဖြင့်ပဲ၊ ကြိုက်တတ်တဲ့သူက ဇီယာတို့ ဖာလာတို့ နံနံစေ့တို့ထည့်တယ်၊ တချို့ဆို ဗာစမာတီ ဆန်ဆေးရေတောင် ထည့်တယ်၊ ကြိုက်သလိုသာလုပ် နောက်ဆုံးတော့ ပြုတ်ရေကို စစ်ယူထားလိုက်တာပဲ"

"လုပ်ကြည့်မယ်လေ. . . ဘာပဲပြောပြော လိုတဲ့အခါသုံးရတာ





ပေါ့"

"မဟုတ်တာတွေ မေးမနေနဲ့နှင်း၊ ခုလောလောဆယ်၊ နင် ဗလကိစ္စကို ဘယ်လိုရှင်းမလဲ၊ ဟိုက သူ့ကို ဘာပြောလိုက်တယ်တဲ့လဲ"

ဆန္ဒက နှင်းရဲ့ vegetable stock ကို စိတ်မဝင်စား။ ဗလကိုသာ စိတ်ဝင်စားပုံရသည်။

"ငါ ညကျ ဖုန်းဆက်ပေးမယ်ပြောခဲ့တယ်"

"ငါသိတယ်လေ၊ ငါမေးတာက ကောင်မလေးနဲ့ ဗလအခြေအနေ"

နှင်း ဗလပြောသမျှ ပြန်ပြောပြလိုက်သည်။

"အမလေး. . . ယူပြီးမှသာ မချစ်မှန်းသိရင် ပြဿနာ၊ ဘယ်လိုလုပ်ကြမလဲ"

ဆန္ဒက ပုခုံးတွန့်ကာ နောက်၏။ ပြီးမှ . . .

"ခုဟာက သူသိပ်ကြီးက မြန်ဆန်ပါဘိတောင်း"

ဟု ရေရွတ်နေသည်။

ဒါကတော့ နှင်းလည်း မထောက်ခံရဲပါ။ သူ ဗလကို အဖြေမပေးခင်ကလည်း မစဉ်းစားဘဲ အဖြေပေးခဲ့မှာတော့မဟုတ်။ ဗလကိုတောင် ဒီလို ဆံပင်အရှည်လေးနဲ့မှမိုက်တာ၊ ဘာညာလုပ်ခဲ့သေးသည်ပဲ၊ ကြည့်ရတာ သူက ဗလကို အပြင်ပန်း အသွင်အပြင်လေးနှင့် ကြိုက်လိုက်တာဟု ပြောရအောင်ကလည်း ဗလမှာက ထိုစတိုင်လ်တစ်ခုတလွဲလျှင် ဘာမှမပိုင်ဆိုင်။ ခုလို ရုပ်ရည်အသင့်အတင့်ရှိသည်ဟု ပြောရနိုင်သော ဆန္ဒကိုတွေ့တော့ ပိုပြီး စိတ်ဝင်စားသွားတာများလား ဘုရားဘုရား. . . ဒါရော သူ တကယ်ချစ်တာလို့သေချာလို့လားဟုသာ မေးခွင်



www.burmeseclassic.com

www.burmeseclassic.com



ခိတော့သည်။

"တချို့ကလေးတွေက အဲလိုပါပဲ"

"အမ် . . . ကလေးဟုတ်လား၊ ဗလထက် တော်တော်ငယ်လို့လား"

"အင်း . . . ငယ်လိမ့်မယ်၊ ခုမှ ပထမနှစ်စတက်တာတဲ့"

"အော် . . . ခေတ်ကာလသားသမီးများ . . ."

ဆန္ဒက ခပ်ဆဆရေရွတ်သည်။

"အင်း . . . နင်က အိုပြီလေ၊ ဒီမှာ ၂၅ ၂၆ဆိုတာ ကလေးတွေတာ ဘိုးဘွားရိပ်သာပို့ချင်နေတာ၊ ဗလကလည်း ကလေး မုန့်ပေးကြိုက်သလိုကိုး"

"အမယ် . . . ဒေါ်ရွှေနှင်း၊ ငါနဲ့ ဗလလည်း အသက်က တူတူလောက်ပဲလေ"

ထိုစကားကြောင့် နှင်း ဟက်ဟက်ပက်ပက်ရယ်ပစ်လိုက်သည်။ ဆန္ဒကတော့ နားမလည်။

"ဘာရယ်စရာပါလဲ"

မျက်မှောင်ကြီးကြုတ်ကာမေး၏။

"သာမန်ဆိုရင်တော့ ရယ်စရာမပါဘူးပေါ့၊ နင်ပြောနေပုံက နင်နဲ့ ဗလလည်း ရွယ်တူလောက်ဆိုတော့ အင်း . . . ဟိုက နင့်ကို စိတ်ဝင်စားနေတာသေချာနေသလို ဖြစ်နေတဲ့ပုံ ပေါက်သွားတာကိုး"

ဒီတော့ ဆန္ဒလိုက်ရယ်သည်။ ငါ အဲလိုမဆိုလိုပါဘူးဟု လည်း အင်္ဂလိပ်လို ရေရွတ်နေသေးသည်။

"ခဏနေ လူကြီးတွေသွားခေါ်တော့"





"အင်း . . . ဘာတွေပါလဲ"

"သရက်သီးနဲ့ပုဇွန်သုတ်၊ ကြက်သားနဲ့ ဟင်းသီးဟင်းရွက်စုံကြော်၊ ငါးပေါင်း၊ ဟင်းချိုကတော့ စွန်တံခြောက်ကို ကြက်စွတ်ပြုတ်နဲ့ ပြန်ရောလုပ်ပေးထားတယ်၊ ပုဇွန်တန်ပူရာနဲ့ ဆူရှီလိပ်တွေလည်းပါတယ်၊ အဲဒါက ငါ့အမေက သီးသန့်လုပ်ခိုင်းတာ"

"ကောင်းလေစွ . . . ကောင်းလေစွ"

ပြောပြောဆိုဆို အန်တီအိဆိုင်ဖက် ပြန်လျှောက်လာခဲ့လိုက်သည်။ တစ်ခြံတည်းဆိုသော်လည်း အဝင်ဝ၏ဘယ်ဘက်ခြမ်းနှင့် ညာဖက်ခြမ်း တစ်ဖက်စီမှာရှိတာမို့ နည်းနည်းတော့လျှောက်ရသည်။ ဖြတ်လျှောက်လာဆဲ ခြံပြင်ကို ဘာရယ်မဟုတ်ကြည့်မိတော့ ကားအနီလေး၊ အဲဒါ ဖူးဖူးကားပဲဟူသောအသိနှင့် သေချာပြန်ကြည့်လိုက်ချိန်တွင် အနီရောင်သန်းနေသော ဖူးဖူးအကြည့်များက နှင်းဆီ ဝဲပျံရောက်လာသည်၊ ဘာလဲဟဟုတွေးကာ စိတ်ရှုတ်သွားဆဲ ဟိုနေ့ကလို ဆန္ဒဆိုင်ထဲလာထိုင်ဖို့လာတာဆိုရင်တော့ အမျှ အမျှဟု စိတ်ထဲက ရေရွတ်လိုက်မိသေးသည်။ အထဲမှာ ဗလလည်းရှိသလို မကြာခင် အန်တီပင်စီတို့လည်း လာတော့မှာလေ။

လူကြီးတွေကို ထမင်းစားဖို့ခေါ်နေပြီဆိုတာနှင့် သူငယ်ချင်းသုံးယောက်သား ထွက်သွားကြသည်။

နှင်းကတော့ စောစောကကြည့်ခဲ့သော ပစ္စည်းတချို့ကို ကြည့်တာ ဂျန်ခဲ့သည်။

"ကြာမနေနဲ့နော်"

"ဟုတ် . . . မကြာဘူး၊ စားနှင့် မေမေ"



www.burmeseclassic.com

www.burmeseclassic.com



လိုချင်သော scarf တစ်ထည်နှင့် ခေါင်းစည်းကြိုးနှစ်ခုကို ယူတာ ပိုက်ဆံရှင်းခဲ့လိုက်သည်။ ဆိုင်ကကောင်မလေးများက ပိုက်ဆံယူရ မယူရ လှမ်းမေးဖို့ ကြိုးစားနေသေးသည်။ အတင်းပေးခဲ့မှ စာရင်းသွင်းတာ ယူထားလိုက်ကြသည်။

ဆန္ဒဆိုင်ဖက်ရောက်ရန် အလှုင်စလိုဖြတ်လာမိသဖြင့် ကားနီလေးကိုလှည့်မကြည့်ခဲ့ရ။ ဆိုင်ထဲကိုပြန်ရောက်တော့ ထမင်းဝိုင်းက စနေပြီ။ ဗလကလည်း သူ့အမေနားမှာ ခပ်တည်တည်နှင့်ထိုင်လို့။ ဆန္ဒတလည်း သူ့အမေနားမှာ။ နှင်းအတွက်နေရာကို မေမေ့နားမှာ ချန်ထားပေးသည်။ ဖြစ်ချင်တော့ ထိုနေရာက ဗလနှင့်ကပ်လျက်။ ဆန္ဒက နှင်းကို တစ်ချက်လှမ်းကြည့်သည်။ သူကြည့်ပုံက တစ်စုံတစ်ခုကို ပြည့်ဆန်သလိုမို့ ဆိုင်ထဲ တစ်ချက်ဝေ့ကြည့်လိုက်တော့ ဖူးဖူး။ အဝင်ဝတည့်တည့်က ပထမဆုံး တစ်ယောက်ထိုင်ခုံတွင်ထိုင်နေသည်။ နှင်းတို့ရှိရာဘက်ကို ကျောခိုင်းထားသည်။ ဗလကိုကြည့်လိုက်တော့ ဗလကမလှုပ်။ သူ့အမေရှိတာလည်းပါသလို ဟိုကလည်း အဖက်လုပ်၍ပင် လှည့်မကြည့်။

"နှင် . . . သိလား"

အသာကပ်မေးလိုက်သည်။ ဗလက ခေါင်းညိတ်သည်။

"ရော့ . . ."

ခပ်တည်တည်နှင့် တစ်ခုခုကိုပဲ နှင်းက တောင်းသလိုလုပ်ကာ ပုဇွန်သုတ်ပန်းကန်လှမ်းယူပေးသဖြင့် ယူထားလိုက်ရသည်။ ဒီလိုသာ တစ်ခုပြော သူ့အမေသိမှာစိုးတာနှင့် ဟင်းပန်းကန်တစ်ခုကမ်းပေးဆို မလွယ်တော့ဟုတွေးကာ ဘာမှမပြောတော့။

"ဆန္ဒ လက်ဖက်စိမ်းရည်လေးများမရဘူးလား ဂရင်းတီးလေ"

ဆန္ဒက တေဇာ့ကိုခေါ်ကာ မှာပေးသည်။ အဘွားကြီးဆိုတော့





သောက်သောက်ဟုလည်း ပါးစပ်က ရေရွတ်လိုက်သေးသည်။ အမှန်က သူများထလုပ်မလားလို့ တောင်းတာ။ သူထသွားလျှင် နှင်းလည်း လိုက်သွားပြီး တစ်ခုခုမေးလို့ရမည်ပေါ့။ ခုတော့ ဘာမှမတတ်နိုင်တော့။ ခဏနေတော့ ခုံတွန်းသံကျယ်ကျယ်တစ်ချက်နှင့်အတူ လှည့်ကြည့်လိုက်တော့ ဖူးဖူးထွက်သွားပြီ။ ကြည့်ရတာ ပါဆယ်လာမှာပုံရသည်။ သို့တည်း မဟုတ် ဆိုင်ထဲရောက်လို့ ဒီလူအုပ်ကိုတွေ့မှ ပါဆယ်မှာကာ ပြန်ထွက်သွားတာလည်းဖြစ်နိုင်သည်။ ဗလကတော့ မင်သေသေနှင့် သူ့အမေကို ဟင်းထည့်ပေးလိုက် သူများထဲထည့်ပေးလိုက်နှင့် ကိုယ်တိုင်တော့ ဟုတ်တိပတ်တိ မစားတာကို သတိထားမိသည်။ လူကြီးတွေကတော့ စကားကောင်းနေသဖြင့် သိလိမ့်မည်မဟုတ်။

"သား . . . ဗလ စားလေ၊ ဒါ California Roll ဟိုဟာက Tiger Roll သားက ဆူရှီမကြိုက်လို့လား"

ဆန္ဒအမေက တို့တိတို့တိဖြစ်နေသော ဗလကို လှမ်းထည့်ပေးသည်။

"မဟုတ်ဘူးအန်တီ၊ ကျွန်တော်ရောက်စကလည်း စားထားသေးတယ်၊ အဲဒါကြောင့်"

"အော် . . ."

"တစ်နေ့ကုန် ဘာတွေအရေးကြီးနေလဲ ဗလ"

အန်တီပင်စီက မျက်နှာထားလေးနှင့် မေးသည်။

"ဟိုနေ့က ကားဆီစာအုပ်ကိစ္စ မပြတ်တာပါ"

"အဲဒါ တစ်နေ့ကုန်ရောလား"

"တစ်နေ့မကုန်ပါဘူး၊ ကြုံနေတာနဲ့ မြို့ထဲဖက်မှာ ဝင်စရာတွေဝင်လိုက်တာ၊ နောက် သား ဆန္ဒဆီ နှစ်နာရီလောက်ကတည်းက



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေတာပါ၊ မေးကြည့်ပါလား"

"ဟုတ်တယ်. . . အန်တီ"

ဆန္ဒက ထောက်ခံပေး၏။

"စားပွဲထိုးခိုင်းထားလိုက်ရောပေါ့ သားရယ်"

အန်တီပင်စီက သူ့သားကိုရွဲ့သည်။ ဗလကတော့ "ထိုးပေးပါတယ် မေမေ၊ ကောင်မလေးလှလှလေးတွေပါတဲ့ဝိုင်းဆိုရင် ဆန္ဒရော ကျန်တဲ့သူတွေရော မပင်ပန်းစေရပါဘူး၊ ခုလို သက်ကြီးဝါကြီးတွေနဲ့ မလှမပပါတဲ့ဝိုင်းဆိုရင်တော့ ကန်တော့ဆွမ်းပေါ့" ဟု ရအောင် ပြောလိုက်သေးသည်။

"နင်တော့ နာချင်ပြီလား"

"အား. . . မှားသွားတယ်. . . ဆောရီး. . . နင်ပါတာ ငါမေ့သွားတယ်၊ ကဲ. . . ကဲ. . . စားပွဲထထိုးဦးမှ"

ဗလ အကြောင်းရှာကာ ထရန်ပြင်သဖြင့် စိတ်ပေါက်ပေါက်နှင့် ပြန်ဆွဲထားလိုက်သည်။

"ထိုင်နေ. . . သိပ်အကြောင်းရှာမနေနဲ့"

နှင်းကတော့ အမှတ်တမဲ့ပါပဲ။ ပြီးမှ ဆန္ဒက တစ်မျိုးလေးကြည့်နေပြီး မေမေနှင့် အန်တီပင်စီတို့ တစ်ယောက်ကို တစ်ယောက်ကြည့်ကာ အဓိပ္ပာယ်တစ်ခုနှင့် ကျေနပ်သလို ပြုံးလိုက်တာကိုကြည့်ပြီး အန်တီအိကလည်း ခေါင်းတညိတ်ညိတ်. . .။ ဒီတော့မှ မတစဖူး ဘုရားကြိတ်တမိကာ ငြိမ်သက်သွားရသည်။

●





# အလယ်နှင်း

(၁၂)

အမှန်က ဒီနေ့ တနင်္ဂနွေနေ့၊ မနေ့က စနေနေ့လည်း ဆိုင်ကလူကျသည်။ ကျသည့်အထဲ ဧည့်သည်ကလည်းစုံသေးသည်။ ဒီနေ့ကျတော့ မနက်တည်းကမနားရ၊ စိတ်ကတော့ မနက်တည်းက နှင်းဆီဖုန်းဆက်ချင်နေသည်။ ဒင်းကလည်း ဒင်း။ ညဖက် ဖူးဖူးဆီဖုန်းဆက်ပြီး ကတည်းက အကျိုးအကြောင်းလေး လှမ်းပြောပါတော့လား၊ ဘာပဲပြောပြော ဗလအတွက်တော့ စိတ်ပူသည်။ မောင်မောင်ရှိနေလို့သာ တော်တော့သည်။

သူမဆက်တော့လည်း ကိုယ်ကဆက်ရုံပေါ့လို့လည်း ဆန္ဒက မတွေးဖြစ်။ တွေးဖြစ်လောက်အောင်ကို မအားခဲ့သေးတာလည်း ခုမှ သတိရသည်၊ တစ်ညလုံး စီစဉ်စရာတွေစီစဉ်၊ မနက်ဈေးစာရင်းလုပ် မောင်မောင့်ကိုမှာ၊ ကျန်တဲ့သူတွေကို မှာစရာရှိတာမှာနှင့် ညက ဆန္ဒ



www.burmeseclassic.com

www.burmeseclassic.com



အိပ်ခန်းထဲရောက်တော့ ဆယ့်နှစ်နာရီ။ ချက်ချင်းမအိပ်နိုင်သေး။ စာရင်းတွေကို တစ်ချက်ကြည့်ရသေးသည်။ မနက်ကျတော့ ဈေးကို ကိုယ်တိုင်မသွားရသည့်အတွက် နည်းနည်းတော့ အချိန်ရလိုက်သေးသည်၊ သို့သော်လည်း မေမေနှင့် ထိုင်စကားပြောနေ (အမှန်က နားထောင်သည်ဆိုပို့မှန်သည်) သည်နှင့် ထိုအချိန်က ကုန်သွားသည်။ မေမေတ မနေ့က သူတို့သူငယ်ချင်းတွေ ဆုံကြ ဖြစ်ကြောင်းကုန်စင်ဈေး ခုမှ ရင်ဖွင့်ကြသည့် အကြောင်းတချို့ကို ပြောနေခြင်းဖြစ်သည်။

"ပင်စီက နှင်းကလေးကို တော်တော်ချစ်တာ၊ သူ့ကြည့်ရတာ ချွေးမတော်ချင်နေလားမသိဘူး"

မေမေ့စကားထဲမှာ ဒီတစ်ခွန်းကတော့ စိတ်ဝင်စားစရာကောင်းသည်။ မေမေရော မတော်ချင်ဘူးလားဟု ရယ်စပ်စပ်ပြန်မေးတော့ မေမေက မျက်စောင်းထိုးသည်။

"တော်ချင်းတော်ရင်တော့ နှင်းကို တော်ရတာ ကောင်းတာပေါ့"

"အန်တီပင်စီကလဲ နှင်းမှာ အမရှိသေးတယ်လေ"

"သိတဲ့အတိုင်း နှင်းအစ်မက သီးသန့်စတိုင်လ်တစ်ခုနဲ့နေတာ၊ ကြည့်ရတာ ပင်စီက နှင်းကို ပိုပုံရတယ်၊ အင်း. . . နှင်းကလည်း နေတတ်တာကိုး"

ဆန္ဒ ရယ်လိုက်မိသေးသည်ထင်သည်။

"မေမေတို့နှင်းကလည်း သူ့စတိုင်လ်နဲ့သူ ဗီဇဝါပါပဲ"

လို့တော့ စိတ်ထဲက ပြောဖြစ်အောင်ပြောလိုက်သေးသည်။ ရင်းနှီးခင်မင်တတ်ပုံလေးပေါက်တာ တစ်ခုပဲသာသည်။ သူ့အစ်မထက် ပြော





ပါသည်။ ကျန်သည့်သူတွေနှင့်ယှဉ်ပြန်တော့လည်း သူလိုကိုယ်လိုပင်၊ အင်း ဖူးဖူးလို မျက်နှာကြောတင်းတင်းနှင့်သူထက်လည်း သာနေပြန်သေးတာပဲဟုတွေးမိပြီး ဆန္ဒ ပြုံးမိသေးသည်။

ထုံးစံအတိုင်း မျှော်သောဖုန်းကမရောက်လာဘဲ မမျှော်သောသူကရောက်လာသည်။ ဖူးဖူး။ အဝင်ဝနားက ခုံမှာ တစ်ယောက်တည်းထိုင်နေသည်။ မနက်စာလည်းမှာထားသည်။ စားနေတာတော့မတွေ့၊ ကားလမ်းဖက်ကိုငေးနေပုံက တစ်စုံတစ်ယောက်ကိုပဲ စောင့်နေသလို၊ သို့သော် မျက်နှာမူရာအရပ်က ကားလမ်းဖက်ဖြစ်နေတာလည်း ပါနိုင်သည်။

ချက်ချင်း အတွင်းဖက်ဝင်ကာ ဖုန်းခေါ်လိုက်သည်။

"ဒေါ်သိဂီနှင်း"

"အယ်. . . ဆန္ဒလား"

"ဟုတ်တယ်. . . ဘာ. . . အယ်တွေ ဘာတွေဖြစ်သွားတာလဲ"

"ငါ နင့်ဆီ ခုပဲ ဆက်တော့မလို့"

"လျှောက်ပြောမနေနဲ့၊ ဆက်ချင်းဆက် ညတည်းက ဆက်ပါလား"

နှင်း ရယ်သည်။

"အေးပါဟာ ဆက်မလို့ပါပဲ၊ ဒါပေမယ့် လူက မဟန်နိုင်တော့ဘူး၊ ပင်ပမ်းထားတော့ အိပ်ချင်နေပြီ"

ကိုယ်တောင် သူ့ကို ပြန်သနားရတော့မလို။

"တဲပါ. . . ခု. . . ဘာလို့ဆက်မှာလဲ ပြောပါဦး"

"ဗလ ရောက်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



လေသံကို နည်းနည်းနှိမ့်ပြောလိုက်သံမျိုးနှင့်။ ဆန္ဒလည်း သူ့လေသံနှင့် ပြန်ပြောလိုက်သည်။

"ဖူးဖူးလည်း ရောက်နေတယ်"

"အဲဒါက ခဏထားပါဟာ၊ ငါက ခု ဗလကို ဘယ်လိုပြောရမှန်းမသိလို့"

"ဟမ် . . . ဟုတ်လား၊ ဘာတွေပြောလဲ၊ ညက ကောင်မလေးတ . . ."

"အင်း . . . ငါတို့ထင်တဲ့အတိုင်းပဲ"

"အဲ . . . ငါတို့ ဘာကိုထင်ထားခဲ့ကြပါလိမ့်"

ဆန္ဒပင် အူလည်လည်ဖြစ်သွားရသည်။

"နှင်ကလည်း မသိသလိုလုပ်နေတယ်၊ သူ ဗလကို ဝန်ခံခဲ့တာနှင်သိတယ်လေ၊ ငါ့ကိုပြောတယ်၊ အဲထက်ပိုတာက ဘယ်သူဆိုတာကိုပြောတာ"

ဘုရား . . . ဒါဆို ငါတို့ထင်ထားတဲ့အတိုင်းဆိုတော့ ငါပေါ့ . . . ဟု ဆန္ဒ စိတ်ထဲက ရေရွတ်လိုက်မိသည်။

"အဲ . . ."

"နှင်သိတယ်မဟုတ်လား"

"အင်း . . ."

"ငါက အဲဒါကို ဗလကို ဘယ်လိုပြောရမှာလဲ"

ခုမှပဲ ရုပ်ရှင်ထဲက ဝမ်းနည်းကြေကွဲဖွယ်ရာ တီးလုံးသံကြီးကို ကြားယောင်လာမိတော့သည်။ အဲဒီတီးလုံးလေး ဖွင့်ပြလိုက်ရုံနှင့် ဗလတစ်ယောက် အကုန်နားလည်သွားလျှင်လည်း အကောင်းသား။





"ဒီလိုလုပ်ပါ"

ဆန္ဒ အကြံတစ်ခုရသဖြင့် နှင်းကိုပြောရန်ပြင်လိုက်သည်။

"အင်း . . . ပြော . . . ဘယ်လိုလဲ"

နှင်းအသံကလည်း အားကိုးတကြီး။

"သူတောင်မှ ဗလကို ဘယ်သူဘယ်ဝါဆိုတာ ဝန်ခံမထားတာ၊ နှင်လည်း သိထားပေမယ့် မသိသလိုပဲလုပ်ပြီးနေလိုက်လေ၊ တစ်ဝက်ပဲပြောပြပေါ့၊ အဲဒီတစ်ဝက်က သူသိထားပြီးတဲ့အတိုင်းလေ . . . ဟုတ်"

"အင်း . . ."

နှင်းက အင်းကို သံရှည်ဆွဲသည်။ လက်မခံချင်သောလေသံတော့မဟုတ်။ ဒီလိုလည်းရတာပဲဟုတွေးသော လေသံမျိုး။

"အေးဟာ . . . ငါ အဲလိုပဲ ကြည့်ပြောထားလိုက်မယ်၊ ပြီးရင်သူက နှင့်ဆီထွက်လာဦးမှာ၊ ဘယ်လိုလုပ်ကြမလဲ"

"ရပါတယ်ဟာ၊ ငါ ကြည့်ရှင်းထားလိုက်ရမလား၊ သို့တည်းမဟုတ် တွေ့ပစေဆိုပြီး ထားလိုက်မလား"

"အင်း . . . တွေ့လည်းတွေ့ဟာ . . . နေ့၊ ငါတို့မှ ဘာမှမတတ်နိုင်တာ"

"အင်း . . ."

နှင်း ဖုန်းချသွားသည်။ ဗလနှင့် ဘယ်လိုဆက်စခန်းသွားမလဲဆိုတာ ဆန္ဒ တွေးနေမိသည်။

ဗလတစ်ယောက်လည်း ကံမကောင်းဟုပြောမလား၊ စောစောသိလိုက်ရတာ ကံကောင်းတာပေါ့ဟုပဲ တွေးမလား၊ လောလောဆယ်ဘာယက်ရှင်ကဖြင့် ကံကောင်းသည်ဟု မြင်နိုင်လိမ့်မည်မထင်။ သူ့ကိုယ်

www.burmeseclassic.com



တိုင်ဆိုလျှင်လည်း ခံစားနိုင်လိမ့်မည်မဟုတ်။ မနေ့တစ်နေ့ကထိ ကိုယ်နှင့် အရိပ်တကြည့်ကြည့် ပျော်ရွှင်စွာလက်တွဲခဲ့သူက ခုကျကာမှ ချက်ချင်းကြီး ကိုယ့်ကိုမချစ်တော့ဘူးဆိုတာ သေချာသွားတယ်ဆိုတဲ့ကိစ္စ လက်ခံရ တော်တော်ခက်မည်မှာသေချာသည်။

ဆန္ဒ ပခုံးကိုတစ်ချက်တွန့်လိုက်မိသည်။

ဘာလဲဟ အချစ်ဆိုတာ...။

လောလောဆယ်တော့ အချစ်ထက် အရေးကြီးသော အချက်အပြုတ်တွေလုပ်နေတာပဲ ပိုကောင်းမည်ဟု တွေးလိုက်မိပြီး မီးဖိုထဲ ပြန်ဝင်ခဲ့လိုက်သည်။

ခဏနေတော့ ဖုန်းထပ်ဝင်လာသည်။ ဗလ။

"ငါတို့ ဆိုင်လာထိုင်ပေးမယ်" ...တဲ့။

ဖြစ်ပုံက။

သူ့ဘာသာသူတော့ အနိုင်နိုင်ကို ဆိုင်လာထိုင်လို့ ဖြစ်မည်တဲ့လား။ သို့သော် တခြားလျှောက်သွားနေသည်ထက်စာလျှင် မျက်စိအောက် မလှုပ်မယှက်လာထိုင်နေတာကမှ စိတ်ချရဦးမည်။ သေချာတာက ဒီအချိန်မှာ စားပွဲကူထိုးလျှင် စားပွဲမှားမည်။ ပန်းကန်သိမ်းလျှင် ပန်းကန်ကျကွဲနိုင်သည်။ ဟင်းဝင်ချက်လို့ကတော့ အပူလောင်ပြီးသား။

ဆိုင်ရှေ့ မလှုပ်မယှက်ထိုင်နေသော မရွှေချောကိုကြည့်တော့ ထိုင်နေတုန်း။ ဆန္ဒ နည်းနည်းတော့ စိတ်ရှုပ်သွားသည်။ သေချာတာတလောလောဆယ် ဗလကို စိတ်ပိုမရှုပ်စေချင်ပါ။ သူမတို့ ဒီလိုလာထိုင်နေကိုတွေ့လျှင် ဘာမှမသိသေးသည့်တိုင် မတွေ့တာ အကောင်းဆုံးဟုထင်သည်။ ထို့ကြောင့် ဆန္ဒ ဖူးဖူးရှိုရာ လှမ်းခဲ့လိုက်သည်။





"အော်...ဘယ်တုန်းကရောက်လဲ၊ ကြာပြီလား...၊ ချိန်းထားတယ်ထင်တယ်နော်၊ ဗလတို့တောင် ခုပဲလာမှာတဲ့၊ ဖုန်းဆက်တယ်၊ ရောက်တော့မှာပါ"

"ဟုတ်"

ထုံးအတိုင်း မရယ်မပြုံးသောမျက်နှာလေးနှင့် ဟင်ကနဲ တအုံ့တသြသံလေးထွက်လာသည်။

"မချိန်းပါဘူး၊ ကျွန်မတ ခုပဲသွားတော့မှာ ကျေးဇူးပဲ"

ချက်ချင်းကောက်ကာငင်ကာထကာ ထွက်သွားတော့သည်။ ကြည့်ရတာ ပိုက်ဆံလည်း ရှင်းထားပြီးပုံပင်။ ဘာကို ကျေးဇူးတင်သွားမှန်းတော့မသိ။ အမှန်က ကျေးဇူးတင်ရမှာ ဆန္ဒဟု ကိုယ့်ကိုယ်ကိုထင်သည်။ စဉ်းစားကြည့်လေ။ ဆိုင်မှာလည်း လာအားပေးသေး။ ကိုယ်ပြန်စေချင်တဲ့အချိန်လည်း ဘာမှသိပ်အကောင်မပြရပါပဲ အရိပ်ထင်ကာ ပြန်သွားပေးသေးသည်ကိုး။

နောက်ဆယ်မိနစ်ခန့်ကြာတော့ ဗလနှင့် နှင်း ရောက်လာသည်။

မသိချင်ယောင်ဆောင်ကာ သတင်းမေးရသေးသည်။

"ဟော့...ဗလ မင်း အခြေအနေ"

"မကောင်းပါဘူးကွာ၊ သွားပြီထင်ပါတယ်"

ပြောလည်းပြော အတွင်းဖက်ကျကျ စားပွဲတစ်လုံးမှာလည်း အရုပ်ကြိုးပြတ်သလို ဝင်ထိုင်လိုက်သည့် ဗလကိုကြည့်ကာ စိတ်မသက်မသာဖြစ်မိတာတော့ အမှန်။



www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်လာထိုင်မယ့်လူ အသည်းကွဲပြမနေနဲ့လေ အလုပ်လုပ် မယ်၊ နင်က ရှေ့ကထိုင်၊ ငါက နောက်မှာကူချက်မယ်"

"ဟမ်. . . နေ. . . နေ. . . နေ. . . သူ့ဟာသူ သက်သာသလို နေပါစေ"

ဆန္ဒ ကဗျာကယာတားမြစ်လိုက်သံကြောင့် ဇလက ဒီလောက် ဖြစ်နေသည့်ကြားက ရယ်သည်။

"ဘာလဲ ငွေအပြည့်မသိမ်းမိမှာပူလို့လား. . ." တဲ့။

"ဟင့်အင်း. . . ငွေတွေပိုယူမိတာလည်း ဖြစ်နိုင်တာပဲ၊ မင်းက ခုချိန်မှာ တစ်ခုခုကတော့လွဲမှာ၊ ခါးကိုင်ရင် ခါးရှုမယ်၊ အပူကိုင်ရင် အပူလောင်မယ်၊ ပန်းကန်ဆိုကွဲမယ်"

"တော်ပါကွာ. . . မင်းဟာကလဲ အဲလောက်တော့ မဆိုးပါဘူး"

ဇလက လက်ကာကာတားၿ၏။

"အသည်းမကွဲဖူးမှန်း သိပ်သိသာတာပဲနော်၊ ပြောလိုက်စမ်းပါ ဇလရယ်၊ ဒီတောင်ဖြောင့်အောင်တန်းအောင် ကားမတိုက်ဘဲ ရောက် လာတဲ့ဟာ"

နှင်းက ရယ်ကျဲကျဲနှင့်ဝင်နောက်သည်။

"နင်မို့ သူမောင်းတဲ့ကားစီးလာရဲတယ်၊ ငါဆို မစီးရဲပါဘူး"

"မင်း အသည်းကွဲတုန်းက အဲလိုပဲလား ဆန္ဒ"

ဆန္ဒ သူ့ဖက်ပြန်လှည့်လာပြီမို့ ဒီနေရာက ခွာမှဖြစ်တော့ မည်ဟု တွေးလိုက်သည်။

"ဆိုပါတော့ အသည်းတွေကို တစ်ခါတည်း ဖိုထဲထည့်ကင်ပစ်





လိုက်တယ်၊ ရောင်းကောင်းတာပေါ့ကွာ၊ ကဲကဲ. . . ဘာစားမလဲ နေ့ လည်စာ"

"မနက်စာတောင် မစားရသေးဘူး"

"ဒါကတော့ မင်းထိုက်နဲ့မင်းကံပါကွယ်၊ တစ်ခါတည်းသာ ပေါင်းစားတော့၊ ဘာစားမလဲလည်း မမေးတော့ဘူး၊ ချက်ချင်တာချက် လာခဲ့မယ်"

"ကောင်းတယ်"

ဇလကို ထားခဲ့ကာ နှင်းနှင့်ဆန္ဒ နောက်ဖက်ဝင်လာခဲ့ကြသည်။

"ကောင်မလေး ပြန်သွားပြီလား"

"အင်း"

"ဘယ်လိုများ စွမ်းဆောင်လိုက်လဲ"

နှင်းက မျက်လုံးလေးပြူးကာမေးသည်။ ဒီလောက်ခက်တဲ့ကိစ္စ လည်း မဟုတ်ပါပဲနှင့်။

"ဘာခက်လဲ၊ ဇလနဲ့ချိန်းထားလို့လား၊ လာတော့မယ်၊ ခဏနေ ရောက်မယ်ပေါ့"

ဒီလိုကျတော့ နှင်း တစ်ခစ်ခစ်ရယ်သည်။ သိပ်လည်း ကျယ် ကျယ်မရယ်ရဲ။

"ကောင်မလေးကလေ သူက ဆန္ဒကို မြင်မြင်ချင်းကတည်း က သူ့ဘဝမှာ အမှားကြီးမှားခဲ့ပြီဆိုတာ သိလိုက်တာတဲ့"

ဘုရားသခင်ဟုပဲ တရတော့မလိုပင်။ မြင်မြင်ချင်း ချစ်သွား သူကလည်း မျက်နှာကြောကို တင်းထန်နေတာပဲဟုလည်း တွေးလိုက်မိ



www.burmeseclassic.com

www.burmeseclassic.com



သည်၊ နည်းနည်းတော့ စဉ်းစားရခက်သလိုပင်။ မျက်နှာကြောတင်းတင်း ချစ်တတ်သူဟုပင် တင်စားရတော့မလို။ တွေးရင်းပြုံးမိသလို ဖြစ်သွား၍ နှင်းက ဘာပြုံးတာလဲဟုမေးသည်။ အော်. . . ဗလကိုပါ ဟု ဖြေမိဖြေရာဖြေတော့ နှင်းက သူများအသည်းကွဲတာများ ပြုံးစရာလားတု ရေရွတ်သည်။

"ကဲ. . . လာပါ. . . ဟိုကောင့်အတွက် ထမင်းကြော်လိမ် လုပ်ပေးမယ်"

"ဘာလဲ. . . ထမင်းကြော်လိပ်"

"ထမင်းကို ကြက်သားနဲ့ကြော်ပြီး ကြက်ဥအချပ်လိုက်ကြော်ထားတာနဲ့ ထည့်လိပ်လိုက်တာ"

နှင်းမျက်ဝန်းလေးများ လက်လာပြီး စိတ်ဝင်တစားဖြစ်သွားသည်။

"ဆီများလား"

"ခရမ်းချဉ်သီးဆော့စ်နဲ့ ထမင်းကိုကြော်မှာ၊ ကြက်ဥကလည်း ဆီအကပ်နဲ့ပဲ၊ နည်းပါတယ်"

"ကြည့်မယ်လေ. . . ကြက်သားနဲ့မကြော်နဲ့၊ ဗလက အသည်းအမြစ်ကြိုက်တယ်၊ အသည်းများများနဲ့ ကြော်ပေးလိုက်"

ဟမ်ကနဲ အသံထွက်မသွားအောင် ဆန္ဒ ကိုယ့်ကိုယ်ကိုထိန်းလိုက်ရသည်။ ဗလက အသည်းအမြစ်ကို အသားထက်ပိုကြိုက်တာ နှင်းက ဘာလို့သိနေရတာလဲ။ ဆန္ဒ အလိုလို မနာလိုဖြစ်ချင်လာသည်။ သူကရော အသားနှင့်အသည်း ဘာကိုကြိုက်သလဲ။

"ကိုယ်ကတော့ အသည်းမကြိုက်ဘူး၊ အမြစ်နဲ့နှလုံးကို ပိုကြိုက်





တယ်"

"အင်း. . . နှင်းရောပဲ"

နှင်းရောပဲဆိုသည့် စကားလေးတစ်ခွန်းသာ မကယ်လျှင်တော့ ဆန္ဒလည်း တစ်ခုခုမှားလောက်တဲ့ ခံစားချက်တွေ ရနေလေပြီလားဟု ကိုယ့်ကိုယ်ကိုပြန်မေးကြည့်နေမိသည်။ သိပ်တော့မသေချာပါ။ ထိုမသေချာမှုအားလုံးကို ဒယ်အိုးပူပူထဲ ပစ်ထည့်ကြော်ပစ်လိုက်သည်။ အစိပ်စိပ်အမွှာမွှာ ကွဲပြတ်နေသော အသည်းများနှင့်အတူ။

●



www.burmeseclassic.com

www.burmeseclassic.com



## တငွေ့ငွေ့နှင်း

(၁၃)

ရုံးကလူတွေက နှင်းယူလာသော ခြင်းထဲက ဗူးလေးသုံးဗူးကို ကြည့်ကာ တအံ့တဩ။

“အဲဒါ ဘာလေးတွေလဲဟင်”

“ထမင်းကြော်၊ ကြက်ဥလိပ်”

“ဆီနဲ့ကြော်တာလားဟင်”

မင်းမင်းက မျက်တောင်လေးကလပ် ပေကလပ်လုပ်ကာ မေးသည်။

“ဆီနဲ့မကြော်လို့ ဘာနဲ့ကြော်ရမလဲ”

နှင်း ခပ်ဆတ်ဆတ်လေးမေးလိုက်တော့ ဆီကြော်သိပ်မစားနဲ့ ဟု နောက်သည်။

မျက်စောင်းကို တမင်ပစ်ထိုးလိုက်ရင်း မီးမီး ကြည့်ပြောထား





ဟု လွှဲအပ်လိုက်သည်။ သို့သော် အန်တီက တစ်မှောင့်။

“တကယ်ကြီးကို ဒီနေ့ ဒါ စားတော့မှာလား”

“ဟင်. . . ဘာဖြစ်လို့လဲ”

“နှင်းစားနေကျမျိုး မဟုတ်ဘူးလေ၊ နှင်းတောင် ပြောင်းလဲသွားပြီထင်တယ်”

အန်တီမွန်ကျ ဘယ်သူ့လွှဲအပ်ရမှန်းမသိတော့။

“စမ်းလုပ်လာတာ အန်တီ မနေ့က ဗလနဲ့ ဆိုင်သွားကူရင်း ကြည့်လာတာ သဘောကျလို့”

တကယ်လည်း ထမင်းကြော် ကြက်ဥလိပ်ကလေးက စားချင်စရာလေး။ လှတပတလေး။

နှင်းက ဒါမျိုးလုပ်ရတာစိတ်ဝင်စားသည်။ ပြီးတော့ ခရမ်းချဉ်သီးအနှစ်နှင့် ကြော်ထားတာဆိုတော့ မအီလည်းမအီ။ အဆင်ပြေသည်။ မနေ့က ဗလ ပန်းကန်ထဲက နှိုက်စားခဲ့ခြင်းဖြစ်သည်။ နှင်းအတွက်တော့ ဆန္ဒက ကြက်သားကို နှလုံးအနည်းငယ်နှင့်ရောကာ အရွက်စိမ်းတစ်ချို့နှင့် သုတ်ပေးသည်။ ဒါက နှလုံးကြိုက်သည်ဆိုသော နှင်းအတွက်တဲ့။ တကယ်တမ်းကတော့ သူတို့ ကြက်ရင်အုံသားနှင့်သာ လုပ်လေ့ရှိသည်။

“အဲဒါ လုပ်ကျွေးချင်လွန်းလို့ သေချာသင်လာ ခရမ်းချဉ်သီးဆော့စ်ကို သုံးပွဲစာ တစ်ခါတည်းတောင်းလာတာ သိလား”

“အင်း. . . ဘယ်လိုလုပ်လဲ ပြောပါဦး”

“သူက ထမင်းကိုကြက်သားနဲ့ကြော်တယ်၊ ခရမ်းချဉ်သီးဆော့စ် ဆည့်တယ်၊ ဆီသိပ်မပါဘူး၊ နည်းနည်းပဲ ကြက်ဥကြော်တော့လည်း ။ဝဂ-



www.burmeseclassic.com

www.burmeseclassic.com



stick ဒယ်အိုးနဲ့ကြော်တာ၊ ဆီပါတယ်ဆိုရုံပဲ၊ ထမင်းကြော်ကို ကြက်ဥ အချပ်လိုက်ခေါက်ကြော်ထားတဲ့ထဲ ထည့်ပြီး လိပ်လိုက်တာ၊ ချိုချဉ်လေးနဲ့ စားလို့ကောင်းတယ်၊ ဒါ ဆရာ့အတွက် တစ်ပွဲ မီးနဲ့မင်းမင်းနဲ့တစ်ပွဲ နှင်းနဲ့ အန်တီမွန်တစ်ပွဲ"

အန်တီမွန်က တစ်ဝက်ဆိုတော့ နှာခေါင်းရှုံ့သည်။

"တစ်ဝက်တည်းအေ၊ ငါ့မှာ ကြက်ဟင်းခါးသီးကြော်ပါတယ် ပဲပင်ပေါက် ပဲပြားသုတ်နဲ့ စားပါလား နှင်း"

"ရပါတယ်. . . နှင်းပဲပင်ပေါက် ပဲပြားစားမယ်။ ကြက်ဟင်းခါးသီးတော့ နည်းနည်းပဲ အကြောတက်ပြီး ငိုက်နေဦးမယ်"

"အင်း. . . နှင်းက အသက်ကလေးကရလာပြီဆိုတော့ ပြောပေါ့၊ အန်တီမွန်က ငယ်သေးတော့ စားတယ်၊ သိပ်မရှောင်ဖြစ်ပါဘူး"

နှင်းကို ရွဲ့သည်။ ဆရာ့ထံတော့ ဘူးကို ဇေယျာသင်းနဲ့ပဲ ပေးခိုင်းလိုက်သည်။ ပေးပြီးမှမေးရသေးသည်။

"အန်တီ သူ့ ဧည့်သည်တော့ မရှိလောက်ပါဘူးနော်"

"အမလေး. . . မသိဘူးလား၊ ပြန်သွားလို့ လည်လိမ်ထားသလိုဖြစ်နေတာ"

အန်တီမွန်က သူ့သူငယ်ချင်းကျတော့ ရှေ့ စကားလုံးကို ဖြုတ်ထားတယ်၊ ဒါကိုပဲ ဘာရယ် ရှေ့ကဘာလဲဟု မင်းမင်းက ရအောင်မေးနေသေးသည်၊ သွား. . . နှင့်အခန်းနင်ပြန်တော့ဟု မောင်းထုတ်မှ မင်းမင်း ရယ်ကျဲကျဲနှင့် ပြန်ထွက်သွားသည်။

အင်း. . . ဧည့်သည်မရှိလို့ ဘာမှပြင်ဆင်မပေးရတာလည်း ကြာနေတာကို ခုမှသတိရသည်။ ကိုယ်ကလည်း ခုရက်ပိုင်း ဗလကိစ္စ





နှင့် အလုပ်ရှုပ်နေခဲ့သည်ကိုး။

နေ့လည်စာစားတော့ နှင်း ထမင်းကြော်ကြက်ဥလိပ်ကို ဝိုင်းချီးကျူးကြသည်။

"တစ်သက်လုံးစားဖူးသမျှ နှင်းလက်ရာတွေထဲမှာ ဒါ အကောင်းဆုံး" ဆိုတာကလည်း ပါလိုက်သေးသည်။

"ကိုဆန္ဒ ဆိုတဲ့လူကို ကျေးဇူးတင်ရမယ်၊ ဒီလိုချက်နည်းပြုတ်နည်းလေးတွေ နှင်းကို များများသင်ပေးနိုင်ပါစေ" ဆိုတာလည်း ပါသည်။

အန်တီမွန်ကတော့ လူကြီးဆိုတော့ ဘာမှသိပ်မပြောပါ။

"မောင်မင်းကြီးသား ဘုန်းကြီးပါစေ သက်ရှည်ပါစေ" တဲ့။

လွဲပုံများက. . .။ သူတို့ကိုကျွေးသော နှင်းကိုကျော်၍ ဆန္ဒကို ကျေးဇူးတင်နေကြသည်။

မင်းမင်းကတော့ . . .

"မီး. . . ငါတို့ မင်္ဂလာဆောင်ရင် အဲဆိုင်လေးမှာ ညစာကျွေးရအောင်" တဲ့။ ဘယ်လိုများ စိတ်ကူးရသွားသည်မသိ။ သို့တည်းမဟုတ် ဒီလို အစားအစာတွေလည်း ရှိပါလားဟု သိသွား၍လား။

စောစောပိုင်းကတော့ သူတို့ healthy burger လောက်နှင့် ရိုတီလောက်ပဲသိထားကြသည်ကိုး။ တစ်ရက်လောက်တော့ သူတို့ကိုခေါ်သွားဦးမည်ဟုတွေးပြီးမှ စေတနာပျက်တယ်ဟု ကိုယ့်ဘာသာကိုယ် ပြန်ခွင်ဆင်ချက်ချသည်။

ဇေယျာသင်းကလည်း သူ့ဆရာထံမှ တစ်ဝက်ကျန်သော ထမင်းကြော်လိပ်ကို စားခဲ့ကာ ကောင်းကြောင်း လာချီးကျူးနေသည်၊



www.burmeseclassic.com

www.burmeseclassic.com



“ကောင်းတယ်၊ အဲဒါ ဆရာ သွားသွားနေတယ်ဆိုတဲ့ ဆိုင်က မဟုတ်လား” တဲ့။

နှင်းက ဘာမှမဖြေတော့ မင်းမင်းက ဖြေသည်။

“ဟုတ်တယ် . . . ဟုတ်တယ် . . . ဒါတောင် အဲဒီဆရာလေး ကိုယ်တိုင်ကြော်လိုက်တာ မဟုတ်ဘူးတဲ့၊ သူ့လက်ထောက်လုပ်ပေးလိုက်တာ”

“ဟာ . . . ဟုတ်လား . . . လက်ထောက်တောင် ဒီလောက်တော်ရင် ဆရာဆို ပိုတော်မှာနော်”

ဇေယျာသင်းစကားကို အားလုံးက ခပ်တည်တည်နှင့် ထောက်ခံလိုက်ကြပြီး ဇေယျာသင်းထွက်သွားမှ ရယ်ကြသည်။

“နှင်း . . . အဲဒီဆိုင်မှာ တကယ်လက်ထောက်သွားလုပ်မှ လွမ်းမနေနဲ့”

တကယ်တော့ နှင်းက စိတ်မတိုတတ် မကောက်တတ်သူ၊ မဟုတ်လျှင် ဆက်ပြောနေကြမှာစိုး၍ စိတ်ကောက်ချင်ယောင်ဆောင်လိုက်ရသည်။ ခါတိုင်းတော့ သူတို့က ဗလနှင့် စကြသည်။ ဗလမှာ ရည်းစားရှိတာသိသွားကတည်းက မစကြတော့။ ခုတော့ သူတို့နှင်းကို စ စရာ ရသွားသလိုဖြစ်နေမှာစိုးသဖြင့် နှင်း ဟန့်လိုက်ရခြင်းဖြစ်သည်။

ညနေကျတော့ ဗလ လာကြိုသည်။

ခါတိုင်းလို ဗလ လာကြိုလျှင်တော့ စိတ်ထဲ ဝမ်းသာအားရဖြစ်မိမှာပင်။ ခုတော့ ဝမ်းမသာအား။ ဘာများထပ်ဖြစ်လာပြန်ပြီလဲဟု တွေးကာ ဝမ်းမသာမိ။

“အခြေအနေမကောင်းဘူးလား”





ဗလက ခပ်ယဲ့ယဲ့ပြုံးသည်။

“ဒီလိုပါပဲ”

“ဟင် . . . ဘာ . . . ဒီလိုပါပဲလဲ၊ နှင် ထပ်မဆက်သွယ်ဘူးလား”

“ဆက်သွယ်လို့မှမရတာ၊ ဖုန်းလည်းမကိုင်ဘူး၊ မိုဘိုင်းလ်ကျ တော့ ပိတ်ထားတယ်”

“နှင်သွားစောင့်လေ၊ သူထွက်မယ့်အချိန်လောက်”

နှင်း အားမလိုအားမရနှင့် ပြောမိသည်။ တကယ်ဆို နှင်းက ဒါတွေသင်နေရမည့်သူမဟုတ်။ ကောင်မလေးက အတွေ့မခံ မဖြစ်နိုင်တော့ဘူးဆိုတိုင်း တစ်ခါတည်း ငြိမ်ပြီး ရပ်ကျန်နေတတ်ကြသတဲ့လား၊ အံ့ရော။ ရုပ်ရှင်တွေထဲမှာတော့ ဒါမျိုး သိပ်မတွေ့ရ။ အတင်းအဓမ္မ တော့ဖြစ်ဖြစ် အကြောင်းအရင်းကို မေးသင့်သည်ထင်သည်။ ကိုယ်ကပဲ စိတ်ကူးယဉ်ဆန်တာလား သူတို့ကပဲ လက်တွေ့ကျတာလား စဉ်းတောင် မစဉ်းစားတတ်တော့။

“ကဲ . . . မောင်း . . .”

“ဘယ်လဲ”

ဗလက သူ့ကို အူကြောင်ကြောင်ပြန်ကြည့်သည်။

“အိမ်ပြန်မယ်လေ”

နှင်း စကားကြောင့် ဗလ မျက်နှာရှုံ့မဲ့သွားသည်။

“စိတ်ညစ်လို့ထွက်လာတာဟ”

သူမပြောလည်း စေတနာနှင့် တခုတ်တရလာကြိုသည်ဟု နှင်း မထင်မိတာအမှန်။ သို့သော်လည်း သူစိတ်ညစ်တိုင်း ကိုယ်က အနားမှာ နေပေးရလောက်အောင်လည်း မဟုတ်သေးဟု နှင်းထင်သည်။ အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



အတာတစ်ခုအထိလည်း နှင်းတို့ ဖေးမခဲ့ကြပြီးပြီ။

"ဒါဆိုလည်း ဖူးဖူးတို့အိမ်နားကိုမောင်း"

"အာ. . . ဘာလုပ်ဖို့လဲ"

"အဲဒါက ငါက နှင့်ကို သင်ပေးရမှာမဟုတ်ဘူး၊ တစ်ချက်လောက်တော့ အခြေအနေလေး ဘာလေး သွားကြည့်လေ၊ ပြောနေရဦးမှာလား"

"မသွားချင်ဘူး"

နှင်း မျက်မှောင်ကို အစွမ်းကုန်ကြုတ်ပစ်လိုက်သည်။

"ဘာလဲ. . . ဘာလို့မသွားချင်တာလဲ၊ ယောကျ်ားသိက္ခာထိခိုက်တယ်ပေါ့ ဟုတ်လား"

ဗလ ငြိမ်နေသည်။ နှင်းက အဖြေကိုစောင့်ဟန်နှင့် ဆက်ကြည့်နေမှ သူဖြေသည်။

"အမှန်က သူက ထားခဲ့တာခံရတယ်ဆိုကတည်းက သိက္ခာကကျနေပြီ"

"သေလိုက်ပါလား၊ လောကမှာ ယောကျ်ားတွေကပဲ ဦးအောင်ထားသွားရမယ်လို့ နင်တို့ကို ဘယ်သူကသင်ထားလို့လဲ"

နှင်းအသံက နည်းနည်း ဒေါသသံပါလာတာမို့ ဗလ စကားမှားသွားမှန်း သူ့ဘာသာသိပုံနှင့် မျက်နှာချိုသွေးကာ ရယ်သည်။

"နင်ကလည်းဟာ အဲလိုဆိုလိုတာမဟုတ်ပါဘူး၊ ဒါပေမယ့် သွားလည်း ငါ ဘာပြောရမှန်းသိမှာမဟုတ်ဘူး၊ နောက်ဆုံးတွေ့တဲ့နေ့က သူက စကားကုန်ပြောသွားခဲ့သလို ငါကလည်း စကားကုန် မေးခဲ့ပြီး သွားပြီ"





"နင်တို့ဟာကလည်း ကလေးကစားတာကျနေတာပဲ"

နှင်း မကျေမနပ်ရေရွတ်သည်။ မကျေနပ်တာကလည်း ဘယ်သူ့ကိုမှန်း ကိုယ်ဘာသာကိုယ်မသိ။ ထားခဲ့သော ဖူးဖူးကိုလား။ မာနတွေ သိက္ခာတွေထွက်နေသော ဗလကိုလား။ အပြောင်းအလဲမြန်သော ဖူးဖူးကိုလား။ ဘာကိုမှမကြိုးစားသော ဗလကိုလား။ ကိုယ်နှင့် ဘာမှမဆိုင်ပါပဲ အားမလိုအားမရဖြစ်နေသော ကိုယ့်ကိုယ်ကိုပဲလား မသိတော့။

"ကလေးကစားတာဆိုရင် ကလေးတွေက စည်းမခိုးတတ် အချိန်မခိုးတတ်တော့ အပြည့်ကစားမှာ၊ ခုဟာက လူကြီးကစားတာမို့. . ."

ဒါမျိုးကျ ဗလတို့က ဘယ်နားကရှာလာမှန်းမသိသော ဒဿနတွေနှင့် ပြောတတ်သည်။ လက်ခံရခက် လက်မခံရအခက်။

"ငါတို့ ဆန္ဒဆီမှာ ညစာသွားစားရအောင်လေ၊ နင် အန်တို့ဆီ ဖုန်းဆက်လိုက်"

ဗလစကားကြောင့် နောက်ဆုံးကျတော့လည်း ဒီဘူတာပဲ ဆိုက်တယ်ဟု တွေးလိုက်မိသော်လည်း ဖူးဖူးကို အိမ်နားမှာ သွားစောင့်တာထက် ဆန္ဒဆိုင်သွားလိုက်တာကမှ ပိုပြီး တွေ့ဖို့အခွင့်များတာ သတိရပြီး အေး. . . သွားတာပေါ့ဟု ပြောလိုက်သည်။ ဒါကို ဗလက . . .

"ဆန္ဒဆီလည်းဆိုရော နှင့်လေသံက တစ်မျိုးပါလား"

"ရှက်ပြီး ဖြေရှင်းမယ့်မိန်းမမျိုးတွေထဲမှာ နှင်းမပါဘူး ဗလ"

ဗလ ငြိမ်သွားသည်။ မငြိမ်လို့ရမလား။ နှင်းအသံက မမာပေမယ့် နှင်းမျက်နှာက မာတာကို သူသတိထားမိလောက်သည်ပဲ။

ထင်မှတ်ထားသည့်အတိုင်းပါပဲ။ ဗလနှင့် နှင်း ဆိုင်ထဲလှမ်း



www.burmeseclassic.com

www.burmeseclassic.com



အဝင်၊ အဝင်ဝနားမှာထိုင်နေသော ဖူးဖူးနှင့် တည့်တည့်တိုးတော့သည်။ ဖူးဖူးကတော့ ထုံးစံအတိုင်း မပြုံးမရယ်သောမျက်နှာနှင့် သူတို့ကို ခပ်တည်တည်ပြန်ကြည့်သည်။ ဗလကိုလည်း တစ်ခါမမြင်ဖူးသော သူစိမ်းတစ်ယောက်ကို တွေ့လိုက်ရသည်ထက် ဘာမှမပို။

"ဖူးဖူးပါလား ညနေစာ လာစားတာလား"

နှင်းက တမင်နှုတ်ဆက်ပစ်လိုက်သည်။ ဘယ့်နှယ့်၊ လွန်ခဲ့သည့်နှစ်ပတ်လောက်ကမှ အတူတူဆုံကြ စကားပြောခဲ့ကြသည့်သူတွေပဲ။ နှင်း ခုလို နှုတ်ဆက်လိမ့်မည်ဟု နည်းနည်းမှ ထင်မထားပုံနှင့် ဖူးဖူး နည်းနည်းတော့ အမ်းတမ်းတမ်း ဖြစ်သွားသည်။

"ဟုတ်တယ်. . . မမနှင်း နောက် ကိစ္စလေးလည်း ရှိလို့"

ကိစ္စလေးလည်းရှိလို့ ဆိုသောစကားကို တမင်လေသံလေးမြှင့်ပြောလိုက်သလို။ ဗလက အတွင်းဖက်ကိုဝင်သွားပြီမဟုတ်လား။ နှင်းကို ဒီမှာမထိုင်ပါနဲ့ ဟုပြောလိုက်တာနှင့်လည်း တူသည်။ နှင်းကလည်း နှင်းပင်။ တော်ရုံတော့ အလျှော့ပေးချင်စိတ်မရှိ။ ခပ်တည်တည်နှင့် ဖူးဖူးရှေ့မှာ ဝင်ထိုင်ပစ်လိုက်သည်။ လေသံကိုနှိမ့်ချပစ်လိုက်ရင်း. . .

"ဖူးဖူးဆီသွားမလို့ပဲ၊ ဒါပေမယ့် ဒီမှာက ပိုပြီး တွေ့နိုင်ချေရှိတယ်ဆိုပြီး ဒီကို မျှားခေါ်လာတာ"

မုသားလည်းမပါ မှန်လည်းတစ်ဝက်မှန်သောစကားကို ပြောလိုက်ခြင်းဖြစ်သည်။ သွားမလို့ဆိုသူက ဗလမဟုတ်တာတော့ နှင်းမပြောတော့ပါ။ လိုလည်း လိုမှမလိုပဲ။ မျှားခေါ်လာသူက သူမဆိုတာကိုတော့ မပြောဘဲ သိနိုင်ပါသည်။

ဖူးဖူးမျက်နှာလေး ရှုတ်တရက် လှုပ်ခတ်သွားသလို။ သို့သော်





မရယ်မပြုံးတတ်သော မျက်နှာလေးက သိပ်အလှုပ်အရှားမရှိလိုက်။

"ဖူးဆီလာလည်း အကြောင်းထူးမှာမှမဟုတ်တာ"

ဖူးက မျက်နှာလေးကို ချိုပြီး ထိုစကားကိုပြောသည်။

"သူ. . . တစ်ခုခုပြောမယ်ဆိုရင် ညီမလေး လက်ခံနားထောင်ပေးမလား"

"သူက ပြောချင်တာလား၊ မမနှင်းက ပြောစေချင်တာလား၊ ဘာမှတော့ ထူးမယ်မထင်ဘူး"

ကောင်မလေးမေးပုံက တစ်စုံတစ်ခုကို သိနေသလိုလား၊ မသက်သာသလိုလား၊ နည်းနည်းတော့ ခွဲရခက်သည်။ သို့သော် ပါးနပ်တာတော့ သေချာသည်။

"မနှင်းကလည်း ပြောစေချင်တယ်၊ သူကလည်း ပြောချင်တယ်"

မုသားကတော့ နည်းနည်းတော့ပါသွားရပြီ။

"ဖူး မပြောချင်ဘူး မနှင်း၊ မနှင်းကို အားနာတယ်၊ ဒါပေမယ့် ဖူးစိတ်ပြောင်းမှာမဟုတ်ဘူးဆိုတာ သိနေတယ်"

"မနှင်း သူ့ကို အကုန်ပြန်ပြောပြမထားတဲ့အတွက် ညီမလေး ဘယ်သူ့ဆီ စိတ်ပြောင်းသွားတယ်လို့ ပြောထားတယ်ဆိုတာ သူမသိသေးဘူး"

"တကယ်တော့ သိစရာမလိုပါဘူး၊ သိဖို့လိုတာက ဆက်ရန်မရှိနိုင်တော့တာတစ်ခုပါပဲ"

ဖူးဖူးက ထိုစကားကို ခပ်ဖျော့ဖျော့ပြောသည်။ ပြီး စားပွဲပေါ် တင်ထားသော ဖက်လက်စစာအုပ်များကို ကောက်သိမ်းကာ ပြန်မည်



www.burmeseclassic.com

www.burmeseclassic.com



ဟန်ပြသည်။

"အနှောက်အယှက်ဖြစ်သွားလို့လား၊ ဆက်ထိုင်ရင်ထိုင်လေ၊ မနှင်း သွားတော့မယ်"

"မဟုတ်ပါဘူး မနှင်းကို ဘာလို့ အနှောင့်အယှက်ဖြစ်ရမှာလဲ သူ့ပဲ စိတ်အနှောက်အယှက်ဖြစ်တယ်"

မတုန်မလှုပ် ကျောက်ရုပ်လှလှလေးလို ပြန်ပြောနေပုံလေးက အသည်းယားစရာ။ သို့သော် ဘာတတ်နိုင်မှာမို့လဲ။ ကျောက်ဆစ်ရုပ်ဖြူဖြူလေးတော့ နှင်းကို အစွမ်းကုန် အားနာစကားပြောပြီး ထွက်သွားခဲ့လေပြီ။

မအောင်မြင်စွာ နှင်းထွက်လာတော့ ဗလနှင့်ဆန္ဒက သူ့ကို အပြုံးတစ်ခုစီနှင့် စောင့်ကြိုနေခဲ့သည်။ ဗလအပြုံးက မဲ့ပြုံး။ ဆန္ဒအပြုံးက စိတ်မသက်မသာဖြစ်ဟန်တူသောအပြုံး။ အဓိပ္ပာယ်အတိအကျကြီးကိုတော့ နှင်းလည်း မသိချင်တော့ပါ။

●





# အမြှုရောင်နှင်း

## (၁၄)

"နှင်း. . . အကောင်းစားညနေစာလေး လာစားပါလား"

ဟု ဖုန်းဆက်ပြောတော့ နှင်းက ရယ်၏။

အစားနဲ့မျှားခေါ်တာလားဟု နောက်သည်။ ပြီးတော့မှ လာမယ်ဟာ၊ ဗလခေါ်လို့လာရတာမဟုတ်ဘဲ လာကြည့်ချင်လို့ဟု တစ်ယောက်တည်းပြောသလိုပြောတာ ရယ်နေသည်။ ဆန္ဒ မသိသလို နေပေးလိုက်သည်။ ထောက်ခံလိုက်လို့ကလည်း ဖြစ်မှမဖြစ်သေးတာ။

ရုံးပိတ်ရက်ဆိုတော့ မနက်ကတည်းက နှင်းတို့ကိုမျှော်နေမိတာ။ သို့သော် ဘယ်သူမှရောက်မလာတော့ ဆန္ဒ နေမရတော့။ စိတ်က နှင်းကိုပဲ လိုအပ်သလို၊ ဗလကိုပဲ စိတ်ပူချင်သလို ဘာလိုလိုတွေနှင့် နှင်းဆီ ဖုန်းဆက်ဖြစ်လိုက်ခြင်းဖြစ်သည်။

ခဏနေတော့ နှင်းရောက်လာသည်။ ဒရိုင်ဘာနှင့်။

"ဒရိုင်ဘာပြန်လွှတ်လိုက်လေ၊ အပြန် ငါပို့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"နင်. . . ဆိုင်လူရှင်းတာစောင့်နေရင် ည အပြန်မိုးချုပ်မှာပေါ့"

"ပြန်ချင်တဲ့အချိန်ပြန်ပါ၊ ငါပို့ပါမယ်၊ ဒရိုင်ဘာကရော နင်ထားတဲ့ထိ နေမှာမို့လား"

"အင်း. . . ဒါလည်းဟုတ်တာပဲ"

နှင်း ဒရိုင်ဘာကိုပြန်လွှတ်လိုက်ကာ အိမ်ကို ဖုန်းဆက်သည်။ ဆန္ဒပြန်ပို့လိမ့်မယ် မေမေဆိုတော့ အရာအားလုံးက အဆင်ပြေသွားပြီ။ မပြောတာက ဆိုင်အဝင်ဝ စားပွဲမှာထိုင်နေသော ဖူးဖူး။ ဒီတစ်ခါ သူမကပဲ နှုတ်ဆက်သည်။

"တစ်ယောက်တည်းလား မနှင်း"

အမ်ကနဲ စိတ်ထဲက ရေရွတ်လိုက်မိသော်လည်း နှင်းအကျင့်အတိုင်း အမှန်ကိုဖြေလိုက်သည်။

"ဟုတ်တယ် ဆန္ဒက အကောင်းစား ညစာလေး လာစားပါဆိုလို့"

မျက်နှာပျက်သွားမလားမှတ်သည်။ ဒီအတိုင်းလေးပါပဲ။ ဒီကောင်မလေးဟာဖြင့် အတော်လေးကို မှန်းဆရခက်ခဲသော ကောင်မလေးပင်။

"ကောင်းတာပေါ့၊ ဖူးဖူးတော့ ဒီနေ့ ညစာကို အိမ်မှာပြန်စားမယ်၊ ဝယ်သွားမယ်လေ၊ ဒီကမဟုတ်ရင်ကို အစာမစားတတ်သလိုဖြစ်နေတာ"

ဆန္ဒက အထဲဆက်လျှောက်သွားပြီမို့ ဒီစကားကို ဆန္ဒ ကြားလိုက်မကြားလိုက် မသေချာ။

"ဒါပေါ့. . . ဒါကြောင့်လည်း ဒီဆိုင်က နာမည်ထွက်လာတာ





မြန်တာနေမယ်"

နှင်းကတော့ ခပ်ပေါ့ပေါ့ပါးပါး စကားကိုပဲ ပြန်ရွေးပြောလိုက်သည်။

ဆန္ဒ မီးဖိုထဲဝင်သွားသည်ကို သိ၍ထင်သည်။ နှင်း မီးဖိုထဲကို လိုက်လာသည်။

"ဘာတွေလဲ၊ အကောင်းစားညစာ"

"ဆီမပါ ဘာမပါ ကျန်းမာရေးနှင့်ညီညွတ်သော အစာ"

ဆန္ဒ ပြင်ဆင်ထားသည်များကိုကြည့်ကာ နှင်းက စူးစမ်းသလိုမေးသည်။

"ဘာတွေလဲဟင်၊ ဒီပဲတွေက ဘာလုပ်မှာလဲ"

"ဟိုမုစ် hummus"

"အဲဒါ ဘာလဲ"

"အရှေ့အလယ်ပိုင်းက လက်ဘနိစ်တွေရဲ့ အစားအစာပဲ၊ dip တစ်မျိုးပေါ့ တို့စားရတာ"

"ဘာနဲ့ တို့စားမှာလဲ"

"သူတို့ကတော့ pita bread နဲ့တို့စားကြတယ်၊ ခုတော့ နှင်းကို vegetable အစုံနဲ့ ကျွေးမှာ"

"ဟာ. . . မိုက်တယ်"

ဟင်းသီးဟင်းရွက်ကို တကယ်ပဲကြိုက်တာလား။ ကျန်းမာရေးအတွက် ကယ်လိုရီတွေ လိုအပ်သော ဗီတာမင်တွေကိုတွက်ပြီးပဲ စားနေတာလား မသိသော ဒေါ်ဇီဇဝါက ရေရွတ်သည်။

"ကဲ. . . ကြည့်ထား၊ နောက်လည်း လုပ်စားရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ. . . ကြည့်မှာပါ"

"ဒါက chick peas ကုလားပဲလုံးခေါ်မလား၊ အဲဒါကို နူးနေအောင်ပြုတ်ထားသော ဗူးနဲ့လည်းလာတယ်"

"ဒါက စမူဆာသုတ်ထဲထည့်တဲ့ ပဲနဲ့တူလား၊ သူက ဖြူတယ် နော်"

"အင်း. . . အရောင်တော့မတူဘူး"

"ဒါကတော့ နှမ်းကို အနှစ်လုပ်ထားတာ၊ တာဟီနီလို့ခေါ်တယ်၊ ရယ်ဒီမိတ်လည်းရတယ်၊ ကိုယ့်ဘာသာကိုယ်လုပ်ချင်လည်း နှမ်းကို ကြိတ်ပြီး ဆီနဲ့ အနှစ်ကျအောင်လုပ်လည်း ရတယ်၊ ဒါကတော့ ရယ်ဒီမိတ်ပုလင်း"

"အင်း. . . ရှောက်သီးလည်းပါတာလား"

"အင်း. . . ရှောက်သီးအနီတောင့် နှစ်တောင့်လောက် ပြီးရင် ဒီ food processor ထဲမှာထည့် ပဲရယ် တာဟီနီရယ် ရှောက်သီးရယ် သံပုရာရည်ညှစ်ထားတာ လေးစွန်းလောက်ရယ် သံလွင်ဆီရယ် ရောထည့်ပြီး မွှေမှာ၊ နောက် ဆား ရှောက်ကောင်း အရသာ လိုသလို ထည့်မယ်"

"အဲဒါကြီး အိမ်မှာမရှိဘူး"

food processor ကို လက်ညှိုးထိုးကာ နှင်းကပြောသည်။

" blender နဲ့ လည်း ရတယ်"

"အင်း. . . ဒါဆို အဆင်ပြေတယ်"

"တချို့ကတော့ ဒိန်ချဉ်နှစ်ဇွန်းလောက် ထည့်ကြတယ်"

"အင်း. . . ထည့်ရင်ထည့်လေ"

ဆန္ဒ ဒိန်ချဉ်နှစ်ဇွန်းခပ်ထည့်သည်။ မွှေသည်။ အရသာကို





မြည်းသည်။ လိုတာထည့်သည်။ ပြီး ဖရဲသီးခြမ်းပုံ ပန်းကန်လှလှလေးထဲ လောင်းထည့်လိုက်သည်။

နောက် ရေခဲသေတ္တာထဲက အသင့်လုပ်ထားသော ဟင်းသီးဟင်းရွက်ပြုတ်များကို ထုတ်လာသည်။

"ဟင်. . . လှလိုက်တာ"

ပန်းငရုတ် အနီ၊ အဝါ၊ အစိမ်းများကို လက်ညှိုးခန့်စိလှီးပြီး စိပ်ထားသည်။ မုန်လာဥနီ၊ သခွားသီးနှင့် ပန်းဂေါ်ဖီ အစိမ်းကို ပြုတ်ထားတာလည်းပါသည်။

"ပန်းငရုတ်ကို ဒီလိုစားဖို့က လတ်ရတယ်၊ စိမ်းကျွတ်နေရတယ်၊ သခွားသီးလည်း ဒီလိုပဲ မုန်လာဥနီလည်းအစိမ်း ပန်းဂေါ်ဖီစိမ်းကတော့ ပြုတ်ထားတာ။ ဟိုမှာကတော့ celery stick တွေလည်းထည့်ကြတယ်၊ မြန်မာပြည်က celery မှ မရှိတာ"

ပန်းကန်ပြားအကြီးပေါ်တွင် ပတ်ပတ်လည် လှအောင်စီထားသည့် ဟင်းသီးဟင်းရွက်များ အလယ်သို့ စောစောက ဟိုမုစ် ပန်းကန်လုံးလေးကို ထည့်လိုက်သည်။

"လှလိုက်တာ၊ စားချင်စရာကောင်းတယ်၊ ကျေးဇူးပဲ၊ နောက်ဆို လုပ်စားစရာတစ်ခုလည်း တိုးသွားပြီ၊ ရုံးကလူတွေကတော့ ကြိုက်လိမ့်မယ်မထင်"

နှင်းက ပန်းကန်လေးကို ရွှေ့ယူသွားရင်းပြောသည်။ ဆန္ဒက စောစောကတည်းက ထည့်ခိုင်းထားသည့် လက်ဘက်စိမ်းကရားတစ်အိုးကို ကြွေခွက်လေးနှစ်ခုနှင့်အတူယူပြီး နောက်က လိုက်သွားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နှင်းက ထိုင်လိုက်သည်နှင့် ဟင်းသီးဟင်းရွက်များကို တကြွတ်ကြွတ်ကိုက်စားတော့သည်။

"ပန်းငရုတ်အစိမ်းက နည်းနည်းစပ်တယ်၊ အနီက မစပ်ဘူး ချိုချင်နေပြီ၊ အဝါကတော့ အနေတော်ပဲ၊ သခွားသီးလည်းကောင်းတယ်"

လက်ဖက်စိမ်းရည်တစ်ခွက်ငှဲ့ထည့်ပေးလိုက်ရင်း ဆိုင်ရှေ့ကိုကြည့်လိုက်တော့ ကောင်မလေးက သူတို့ကို ကြည့်နေသည်။

"နှင့်ကို ခုနက ဘာပြောနေတာလဲ"

"နှင်ကြားသင့်တဲ့စကားလေ"

"ဟုတ်လား. . . ဘာတဲ့လဲ"

"ဒီဆိုင်က အစားအစာမဟုတ်ရင် မစားတတ်တော့သလိုပဲတဲ့"

"အာ. . . လုပ်တော့မယ်၊ ဒါက ဦးဥက္ကာလည်းပြောတာပဲ"

"အင်းလေ. . . ငါကရော ဘာပြောလို့လဲ၊ ဆိုင်ရှင်တစ်ယောက်အနေနဲ့ ကြားသင့်တဲ့စကားလို့ပဲ ပြောတာပါ"

နှင်းစကားကြောင့် ဆန္ဒ ဘာမှပြန်မပြောတော့ဘဲ ပြုံးပဲ နေလိုက်တော့သည်။

"ဒီနေ့ နှင့်ဆီ ဗလ လာသေးလား"

"နှင်က ဘာလို့မေးတာလဲ"

ဆန္ဒက ထိုမေးခွန်းကို အဓိပ္ပာယ်ပါသော အကြည့်နှင့်ပါ မေးလိုက်တော့ နှင်းက အကြည့်တစ်ခုနှင့် တုံ့ပြန်သည်။ နှင်ရော ငါ့ကို ဘာလို့ လှမ်းခေါ်လိုက်တာလဲဆိုသည့် အဓိပ္ပာယ်ပါသည့် အကြည့်မျိုး ပညာရှိမလေးက နှုတ်ကတော့ ဝတ္တုရားအရဟု အေးစက်စက်ဖြေသည်။





"မလာပါဘူး. . . သူ့တောင် ဖုန်းဆက်သေးတယ်၊ ခေါ်မရလို့"

"ဘာလုပ်ဖို့လဲ"

နှင်းက မျက်မှောင်လေးကြုတ်ကာမေး၏။

"ဘာရယ်မဟုတ်ပါဘူး၊ သူ့အခြေအနေလည်းသိချင်လို့"

"သူ့အခြေအနေမကောင်းရင် သူ့ဘာသာသူလာလိမ့်မယ်၊ ငါ နှင့်ကိုပြောသားပဲ"

"ဘာကိုလဲ"

"နှင် ဖုန်းဆက်တုန်းကလေ ဗလခေါ်လို့မဟုတ်ဘဲ လာကြည့်ချင်လို့ဆိုတာ"

"အင်း. . ."

ဆန္ဒ မသိသလို အင်း သာလိုက်ပေးလိုက်သည်။

"တကယ်တော့ ဒီနေ့ ဗလလာခေါ်တာဆို ငါ နှင့်ဆီလည်း လာမှာမဟုတ်ဘူး"

အမ်. . . ဟု အသံမထွက်ရုံတမယ် ဆန္ဒ ဖြစ်သွားရသည်။

"ဘာလို့လဲ"

"သူငယ်ချင်းတစ်ယောက်က တစ်ခုခုဖြစ်နေချိန်မှာ တစ်ယောက်က အားပေးရမှာ၊ အနားရှိနေပေးသင့်တာတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် သူ့အလိုရှိတိုင်းတော့ ငါက တကောက်ကောက် လိုက်မပေးနိုင်ဘူးလေ"

ဒါလည်းဟုတ်တာပဲဟု စိတ်ထဲက ထောက်ခံလိုက်သော်လည်း လူကတော့ ခေါင်းသာ ဆတ်ပြလိုက်သည်ထင်သည်။ နှင်းကလည်း သူ့ထောက်ခံချက် ပါပါမပါပါ ဆက်ပြောမည့်ပုံပါ။



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ တကယ့်တကယ် သူလုပ်ရမှာကို မလုပ်တာကို ငါ အသည်းယားတာ"

"သူက ဘာလုပ်ရမှာလဲ"

"ကောင်မလေးကို သေချာပြောဆိုဆွေးနွေးရမယ်၊ စိတ်ကောက်လို့ပြောတာလား ဘာလား သေချာအောင်လုပ်ရမယ်၊ ချော့သင့် ချော့ရမယ် အကြောင်းရင်းကိုရှာရမယ်"

ဒါကိုတော့ ဆန္ဒက ခေါင်းခါမိသည်။

"သူ လုပ်သင့်တာသူလုပ်ပြီးပြီပဲ၊ ဟိုက သူ့ကို မချစ်တော့ပါဘူး၊ ပြောတာ သူက ဘာဆက်လုပ်ရမှာလဲ၊ နင် မျှော်လင့်သလိုတော့ သူက ဒီထက်အောက်ကျခံပြီး ဆက်ကြိုးစားမှာမဟုတ်ဘူး"

နှင်းက သူ့ကို နားမလည်သလိုကြည့်သည်။

"သူပဲ ဖူးဖူးကို ချစ်လှချည်ရဲ့လေ၊ ဒီလောက်တော့ ကြိုးစားရမှာပေါ့"

"တခြားအချိန်မှာ ကြိုးစားမှပေါ့၊ ခုလို သူ့ကို မချစ်တော့တာသေချာသွားပြီဆိုပြီး အကြောင်းပြချက်မပါဘဲ ထားပစ်ခဲ့တာ ရုတ်တရက်ကို တိတိပပဖြတ်ပစ်လိုက်တာမျိုးကျတော့ သူလည်း သူ့မာနနဲ့သူပဲ ကြိုးစားတန်သလောက်လည်း ကြိုးစားပြီးပြီ၊ ဒီထက်တော့ သူ ရှေ့ဆက်လိမ့်မယ်လို့မထင်ဘူး"

နှင်းက ဆန္ဒကို မျက်မှောင်လေး ယောင်ယောင်ကြုတ်ကာ ကြည့်ရင်း ပြန်မေးသည်။ မထင်မှတ်ထားသည့်မေးခွန်း။

"နင်သာဆိုရင်ရော အဲလိုပဲလုပ်မှာလား"

ဆန္ဒ အကြပ်ရိုက်သွားသည်။





"ငါ အဲဒီအခြေအနေမျိုး မကြုံဖူးဘူး၊ ကြုံရင် ဘာလုပ်မိမယ်ဆိုတာ ကြိုမပြောနိုင်ဘူး၊ ခုဟာက ဇလနေရာက အနေအထားကို ငါ့အမြင်နဲ့ပြောတာ၊ ယောကျ်ားချင်း မြင်တဲ့အမြင် နင် နားမလည်မယ့်အမြင်"

နှင်းက မခိုးမခန့်ရယ်သည်။ တမင်လုပ်ရယ်လိုက်မှန်းသိသာအောင် လည်းရယ်သည်။ သေချာတာက အမြင်ကတ်စရာတော့ မကောင်း။

"ဒါပေမယ့် နင်ပြောပုံအရကြီးက ယောကျ်ားချင်းမြင်တဲ့အမြင်ဆိုတဲ့အတွက် နင်လည်း ဒီလိုပဲဖြစ်ဖို့များတယ် မဟုတ်လား"

ဆန္ဒ တမင်ထရယ်ပစ်လိုက်သည်။

"ပြောနိုင်ဘူး၊ ဖြစ်နိုင်တာပဲ၊ ဒါမှမဟုတ် သိပ်ရူးသွားရင်လည်း ပြောင်းပြန်ဖြစ်သွားနိုင်တာပဲ"

နှင်းက တစ်စုံတစ်ခုကို အလေးအနက်စဉ်းစားနေသလို ငြိမ်သွားသည်။

"ဒါထက် နေပါဦး၊ နင်က သူ့နောက်မလိုက်ပေးနိုင်ဘူးဆိုတာ ဘာလို့လဲ၊ နင့်ကို တားမြစ်တဲ့သူ ရှိနေလို့လား"

ဖြတ်မေးလိုက်သော ဆန္ဒစကားကြောင့် နှင်း အူကြောင်ကြောင် မော့ကြည့်သည်။ ပြီးမှ . . .

"ဒါပေါ့. . . ဒါပေါ့. . . ဘယ်သူလဲလို့ မမေးပါနဲ့"

"ဘာလဲ. . . ပုံပြင်ထဲက ဇာတ်လိုက်ကြီးလား"

ဖိုးချို သီချင်းထဲက သံစဉ်အလိုက်နှင့် ဘယ်သူလဲလို့မမေးပါနဲ့ ဆိုသဖြင့် ပုံပြင်ထဲက ဇာတ်လိုက်ကြီးလားဟု ပြန်မေးလိုက်သော နှင်း



www.burmeseclassic.com

www.burmeseclassic.com



သဘောကျစွာရယ်သည်။ ပြီးမှ ထားလိုက်ပါ. . . ဟု ဆို၏။ ထားဆိုတော့လည်း ထားလိုက်တာပေါ့။ သို့သော် နှင်းက ရိုးသားစွာဝန်ခံသည်။

"ငါ့စိတ်နဲ့ငါပါ၊ ငါ့စိတ်ထဲ သိပ်အချိုးမပြေသလို ခံစားရလို့"

နှင်း ဘာကို အချိုးမပြေသလိုခံစားနေရတာလဲ ဆန္ဒ နားမလည်။ ဖူးဖူးကို ဗလက နှင်းကျေနပ်လောက်သည့်အဆင့်ထိ ပြန်မဆက်သွယ်တာ ပြေလည်အောင်ထပ်မညှိတာကို အချိုးမပြေသလို ခံစားရတာလား။ သူ့ကောင်မလေးနှင့် အဆင်မပြေတိုင်း ငါ့ကို လာလာဒုက္ခပေးနေတယ်ဟု စိတ်ထဲ အဆင်မပြေတာလား၊ ဒါလည်း မဟုတ်လောက်ပါ။ နှင်းနှင့်ဗလက ဆန္ဒမရှိ စဉ်ကတည်းက ဒီလိုပဲ ခင်ခင်မင်မင် တွဲသွားတွဲလာရှိခဲ့သည်ပဲ။ ဗလ ခေါင်းလျှော်ဖို့ ဆံပင်ပေါင်းတင်ဖို့ကအစ နှင်း အစစကူညီလုပ်ပေးခဲ့သည်ကို ဆန္ဒသိသည်။

"ငါ နားမလည်ဘူး"

"နားမလည်တဲ့အတိုင်းပဲ ထားလိုက်ပါ၊ နင့်လိုတော့ နင် နားမလည်နိုင်မယ့်အရာလို့ ငါ မပြောပါဘူး၊ တစ်နေ့နေ့တော့လည်း သိချင်သိလာနိုင်သလို ပြောမိရင်လည်း ပြောမိသွားပါလိမ့်မယ်"

ပို့ဆိုးကုန်သည်။ ဘာတွေမှန်းကိုမသိတော့။ မတွေးချင်လည်း ဘာမှမတွေးဘဲ ထားလို့ရသလို တွေးချင်လည်း တဆုံး တွေးလို့ရသည်၊ ဒီတော့ မတွေးဘဲ နေလိုက်တာက အကောင်းဆုံးဟု သဘောထားကာ ဆန္ဒ မတွေးတော့၊ မတွေးတော့ဘူးဆိုကာမှ ဆိုင်ဝကနေ သူတို့ထိုင်နေရာ အတွင်းဆုံးခုံဆီ ငေးရီကြည့်နေသော မျက်ဝန်းတစ်စုံကို မြင်ရပြန်တော့ ဆန္ဒ စိတ်တွေပြန်ရှုပ်သွားသည်။ စောစောက မတွေးတော့ဟု ပုံချထားလိုက်သော အတွေးများ လေပွေတိုက်လိုက်သလို အတွေးထဲ





ပြန်ရောက်လာသည်။ စိတ်ရှုပ်ရှုပ်နှင့် အတွေးတွေကို ပြောင်းပစ်ဖို့ ကြိုးစားကြည့်လိုက်၏၊ တကယ်ဆို ဒီမုန်လာဥနီက သိပ်ပြီး အရောင်ရင့်မနေသင့်ဘူး မဟုတ်လား။

●



www.burmeseclassic.com

www.burmeseclassic.com



## နွေဦးနှင်း

(၁၅)

အိမ်ထဲဝင်လာသော ဆန္ဒနှင့် အန်တီကိုမြင်တော့ နှင်း ဖုန်းချဖို့ အခွင့်သာသွားသည်။

"နားကိုပူပြီး ခေါင်းကိုက်လာပြီ၊ တော်ပြီ ဖုန်းလည်းချလိုက်တော့မယ်၊ ညည်းသည်လည်းလာနေတယ်၊ ဒါပဲ. . . ဒါပဲ. . ."

ဖုန်းခွက်ကို ဂလောက်ကနဲမြည်သည်ထိ ပစ်ချပစ်လိုက်ပြီး နှင်း ထိုင်ရာမှ ခုန်ထလာသည်။

"ဘာပါလဲ"

"ပါတယ်. . . ပါတယ်. . . သမီးအတွက် OATS လုပ်ပေးမလို့ယူလာတယ်၊ အိမ်သားတွေအတွက်ကတော့ စပါကတ်တီပါတယ်၊ ကြက်သားနဲ့ပဲ"

အန်တီကဖြေရင်း မေမေရှိရာ မီးဖိုထဲ တန်းဝင်သွားသည်၊





"ဘာလဲဟင်. . . ကွေကာအုပ်စလိုဟာမျိုးလား"

ခုထိ စကားတစ်ခွန်းမပြောသော ဆန္ဒကို ကပ်မေးလိုက်သည်၊ သူဖြေတာက တခြား။

"ခုနက ဖုန်းပြောနေတာ ဗလလား"

"အင်း"

နှင်း စိတ်မဝင်စားသလို ခပ်တိုတိုဖြေလိုက်သည်။

"ဒီကောင်က မနက်စောစောစီးစီး နိုးတယ်တဲ့လား"

"မအိပ်ကို မအိပ်သေးတာ"

"နှင့်ကို ဘာပြောနေတာလဲ၊ အသည်းကွဲတဲ့ အကြောင်းအရာတွေလား"

နှင်း စိတ်ရှုပ်စွာ ခေါင်းခါမိသည်။

"ဒီလိုပါပဲဟာ ရောက်တတ်ရာရာတွေ သူ အိပ်မပျော်လို့ လျှောက်ပြောနေတာမျိုး ဒါကြောင့် ငါ နားပူတယ်ပြောတာ"

"အသည်းကွဲတဲ့အကြောင်းအရာတွေဆိုရင်တော့ နင် နားမပူဘူးပေါ့"

ဆန္ဒစကားကြောင့် နှင်း စကားပြန်လွှဲပစ်လိုက်သည်။

"လျှောက်ပြောမနေနဲ့၊ ဗိုက်ဆာပြီ၊ နင် ဘာကျွေးမှာလဲ အုတ်စ်ဆို"

"အင်း. . . အသီးအနှံတွေနဲ့ သစ်စေ့တချို့နဲ့ နှိုပါမယ်၊ အချိုတော့မပါဘူး၊ နင်ကြိုက်မှာပါ"

စကားဗာကောင်းပြောနေရင်းက ပြောဖြစ်အောင်တော့ ဆက်ပြောလိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"နှင်း. . . ခုနက ဖုန်းပြောနေတုန်းက ဆာတယ်ပြောလိုက်ပါလား" တဲ့။

နှင်း မကြားချင်ယောင်ဆောင်နေလိုက်သည်။ နှင်းက ပိုတောင်ပြောချင်သေး။

ထမင်းစားခန်းထဲမှာ မေမေနှင့် အန်တီက စကားတောင်ဖောင်ဖွဲ့နေပြီ။ စားလည်းစားနေကြပြီ။ ဖေဖေကတော့ ခြံထဲမှာ ပြင်ပေးရသည်။ ဖေဖေက ရုံးပိတ်ရက်မနက်ဆို ရှေ့မျက်နှာစာ အနည်းငယ်သာရှိသော ခြံထဲတွင် ဆင်းထိုင်ကာ စာဖတ် မနက်စာစားလေ့ရှိသည်။ မမကတော့ မထသေး။

ဆန္ဒက အုတ်စ်ကို အရင်ကျက်အောင်လုပ်သည်။ ရေနွေးကျက်ကျက်ဆူနှင့် ခဏနှပ်ထားသည်။ နောက် နွားနို့ကိုလည်းပူအောင် လုပ်သည်။ ဘူးကလေးနှင့်ထည့်ယူလာသော အသီးအနှံများကို ထုတ်ယူလိုက်သေး၏။ ငှက်ပျောသီး၊ ပန်းသီး၊ လိမ္မော်သီး၊ စတော်ဘယ်ရီသီးနှင့် စပျစ်သီးတချို့ပါသည်။ လိမ္မော်သီးက တစ်မွှာချင်းစီကို ပုံမပျက် အခွံနွာထားတာဖြစ်၏။ ငှက်ပျောသီးက ခပ်ပါးပါးလှီးထားသည်။ ပန်းသီးလည်း ထိုအတူပင်။ ခပ်ပါးပါး သေးသေးလေး လှီးထားသည်။ စတော်ဘယ်ရီကိုလည်း ပါးပါးလှီးထား၏။

အုတ်စ်ကျက်တော့ နို့ကို လောင်းထည့်သည်။ အသီးအနှံတွေထည့်သည်။ သစ်စေ့တချို့ကိုထည့်သည်။ သစ်ကြားသီးပါသည်၊ မက်ခဒေမီးယားပါသည်။ နောက် နေကြာစေ့လို ဖရုံစေ့လို အစေ့တွေလည်းပါသည်။

"အချိုစားချင်တဲ့သူကတော့ သကြားနည်းနည်း ထည့်စားတတ်





ကြတယ်။ ဒေါ်ဇီဇဝါကတော့ သကြားစားမယ်လို့ မထင်ပါဘူး"

အကောင်းကြီးမဟုတ်မှန်းသိပေမယ့် ဒေါ်ဇီဇဝါလို့ ခေါ်လိုက်တာကိုတော့ ခုချိန်မှာ သဘောမကျ။ တမင်သက်သက် ခေါ်လိုက်သလိုပင်။ သို့သော် ထိုကိစ္စထက် စိတ်ဝင်စားစရာကောင်းသော အုတ်စ်ကိုပဲ စိတ်ဝင်တစား စားပစ်လိုက်တာက ဒီအချိန်မှာ ပိုကောင်းသည်မို့ ခေါင်းမမော့တမ်း စားပစ်လိုက်တော့သည်။ ဒီတော့လည်း အပြစ်ကမလွတ်ပါ။

"ဒီလောက် ဆာနေတာများ တစ်ခုခုသွားစားတော့မယ်ဆိုပြီး ဖုန်းချပါတော့လား"

လူကြီးတွေကြားမှာစိုးလို့ ခပ်တည်တည်နှင့် အနားကပ်ကာ လာပြောသည်။ မကြားချင်ဟန်ဆောင်နေလိုက်တာ ကောင်းမည်ထင်သည်ဟုတွေးကာ ဘာမှပြန်မပြောတော့ ဆန္ဒလည်း ဘာမှဆက်မပြောတော့။

"ဟဲ့. . . ကားသံကြားတယ်၊ ဗလတို့သားအမိထင်တယ်၊ သွားနောက်ဖေးခေါ်ခဲ့. . ."

နှင်းက တအံ့တဩ ဆန္ဒကိုကြည့်တော့ ဆန္ဒကလည်း နှင်းကိုကြည့်နေသည်နှင့် ဆုံသည်။ နင်ခေါ်တာလားဟူသော ဆင်တူရိုးမှား အကြည့်များဖြစ်ကြောင်း တစ်ဦးကိုတစ်ဦး နားလည်လိုက်ကြသော်လည်း သေချာတာက ဘယ်သူမှခေါ်လိုက်တာမဟုတ်ဘဲ သူတို့ အမေနှစ်ဦး၏ လက်ချက်ဖြစ်လောက်သည်ဟု တွေးကာ ဘာမှ ဆက်မပြောဖြစ်တော့၊ နှင်းကတော့ ရှေ့ကိုထွက်ကာ အန်တီ့ကို အနောက်ဖက် ခေါ်လာလိုက်သည်။ ဗလကိုတော့ ကားတံခါးပိတ်နေတာ တမင် မစောင့်တော့၊



www.burmeseclassic.com

www.burmeseclassic.com



"အန်တီတို့ ဘာလုပ်ဖို့ ချိန်းထားကြတာလဲ"

"အလိုတော် ကျုပ်တို့က ကိစ္စရှိမှ ချိန်းကြရမှာလား"

အန်တီပင်စီက နှင်းကို မျက်စောင်းလှလှလေးချိတ်ကာ ပြောပုံက အပျိုပေါက်လေးတစ်ယောက်ဟန်နှင့်။ ဒီ အပျိုကြီးသုံးယောက်တော့ ဒီနေ့ တစ်ခုခုလုပ်ကြတော့မှာ သေချာသည်။ တစ်ယောက်ယောက်ကလည်း ဒရိုင်ဘာဖြစ်နိုင်သေးသည်ကိုလည်း သတိရလိုက်သည်။

"လာ... ပင်စီ... မနက်စောစောစီးစီး သူရောက်လာတာနဲ့ နှင့်ဆီပါ ဖုန်းဆက်ခေါ်လိုက်တာ၊ နင်လည်းအားနေလို့ တော်သေး"

"အားပါတယ်၊ ဗလလည်း အဆင်သင့်ရှိနေလို့ တော်သေး တယ် မဟုတ်ရင် ကားသမားစောင့်နေတာနဲ့ နောက်ကျမှာ"

"လာ... စပါကတ်တီစား"

မမေတို့သုံးယောက်ကို ထားခဲ့ကာ နှင်းနှင့် ဆန္ဒ စားလက်စ ပန်းကန်များကိုင်ကာ အိမ်ရှေ့ခန်းထွက်လာခဲ့သည်။

"ဟာ... စားနေပြီလား... ဘာတွေလဲ၊ ငါလည်းစားမယ်လေ"

ဆန္ဒနှင့်နှင်း စားနေသော အုတ်စ်များကိုမြင်တော့ နှာခေါင်းရှုံ့သည်။ ဆန္ဒက ရယ်ကာ မင်းအတွက် နောက်ဖက်မှာပါပါတယ် စပါကတ်တီသွားယူချေဆိုမှ ဗလ နောက်ဖက်ဝင်သွားသည်။ နှင်းတလှကြီးတွေ ထလုပ်နေရမှာစိုးသဖြင့် ထသွားရန်ပြင်တော့ ဆန္ဒက လက်ကို လှမ်းဆွဲကာတားသည်။

"ဘာလဲဟာ... သွားလုပ်ပေးမယ်လေ"





"ထိုင်နေစမ်း... ငါသွားမယ်"

ပြောပြောဆိုဆို ထထွက်သွားတော့သည်။ နှင်းလည်း အူတူတူနှင့် ကျန်ခဲ့ရ၏။ ဆန္ဒပုံစံက နှင်းကို သက်သာစေချင်တာထက် ဗလကို မလုပ်ပေးစေချင်သည့်ပုံ ပေါက်နေသည့်ပုံမို့ နည်းနည်းလည်း တွေးရခက်သွားသည်။ ခဏနေတော့ နှစ်ယောက်သား ပြန်ရောက်လာကြသည်။

"မင်း... စောစောစီးစီး နှိပ်စက်နေလို့ နှင်း ခုမှစားရတာ"

"တူတူပဲလေ... သူဖုန်းချတာနဲ့ ငါလည်း ကားပေါ်တက်မောင်းလာရတာ ဘာမှမစားရသေးဘူး"

"ဘာလဲ... အသည်းကကွဲတုန်းလား"

ဗလက မျက်နှာကို ရှုံ့မဲ့ကာ ခေါင်းခါသည်။

"ဘာမှ မကွဲတော့ဘူး၊ အကောင်းအတိုင်း"

"ဒါဆို... မင်း နှင်းကို ဘာရစ်နေတာလဲ"

ခပ်တည်တည်ကြီးမေးလိုက်တာမို့ နှင်းပင် အားနာချင်သွားရသည်။

"ဘာမှမရစ်ပါဘူး၊ သူနဲ့ စကားပြောချင်လို့ကို ပြောနေတာ"

ဗလကလည်း ခပ်တည်တည်နှင့် ထိုသို့ ဖြေ၏။ ဆန္ဒက ဗလကို သေချာ စူးစူးတစ်ချက် ကြည့်လိုက်သော်လည်း ဗလက မသိလိုက်သလို အစားကိုသာ ငုံ့စားနေသည်။

"တော်တော်ကောင်းတယ်ကွ၊ ဆာလို့လားမသိဘူး"

ဗလက စပါကတ်တီကိုပင် ချီးကျူးလိုက်သေးသည်၊ ဆန္ဒက ဘာမှ သိပ်အရေးမပါသလိုလုပ်နေသည်၊ စားပြီးတော့ ဗလက...



www.burmeseclassic.com

www.burmeseclassic.com



"နှင်း. . . ကော်ဖီ. . . ကော်ဖီ. . . ကော်ဖီသောက်မှ ဖြစ်မယ် ညက မအိပ်ထားဘူး"

နှင်း ကော်ဖီ ထဖျော်ပေးမည်ပြင်တော့ ဆန္ဒက လက်ကိုဆွဲချထားလိုက်ရင်း ငါဖျော်မယ်ဟုဆိုကာ ထသွားလေသည်။ ဗလက ခေါင်းခါရင်း ခပ်တိုးတိုးရေရွတ်သည်။

"သွားရှာပြီထင်တယ်"

"ဘာရယ်"

"ဆန္ဒလေ"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ၊ နှင်း ငါ့ကို ကော်ဖီဖျော်ပေးမှာစိုးလို့ သူသွားဖျော်တာလေ၊ သူက ကော်ဖီသောက်တဲ့သူမှ မဟုတ်တာ၊ လက်ဖက်ရည်သမား"

"ဟာ. . . သူက ဖျော်တော့ ဖျော်တတ်တယ်လေ၊ သူဖျော်တာ ပိုကောင်းမှာမို့ပေါ့"

"ငါက ကော်ဖီမစ်အထုတ်လည်း သောက်တတ်တယ်၊ အဲဒါတော့ မမေ့နဲ့၊ နှင့်လို ဇီဇဝါ မဟုတ်ဘူး"

လာပြန်ပြီ။ ဇီဇီဇဝါ၊ စိတ်တိုတိုနှင့် မျက်စောင်းထိုးတော့ ဗလကရယ်နေသည်။ နှင်း အဲလို မျက်စောင်းသိပ်မထိုးနဲ့ဟုလည်း ရေရွတ်သေးသည်။

"ဘာလဲ. . . မျက်စောင်းထိုး မျက်ရိုးကျိုးပြောမလို့လား"

"ဘယ်ကလာ. . . မျက်စောင်းထိုး တာရိုးကျိုးဖြစ်နေမှာစိုးလို့"

"ဘာရယ်. . . ဘာ. . . တာရိုးလဲ"





"နှလုံးသားတာရိုးလေ၊ ဆန္ဒ နှလုံးသား တာရိုးကျိုးလာပြီး အချစ်တွေ လျှံကျလာမှာစိုးလို့. . . ဟား. . . ဟား. . ."

နှင်း ဆတ်ကနဲ တစ်ချက်တုန်သွားရကာ ဗလကို လှမ်းရိုက်မိသည်။

"လျှောက်ပြောနေတယ်. . . သေတော့မယ်"

ဒါကို နောက်ဖက်ကထွက်လာသော ဆန္ဒက မြင်ဖြစ်အောင်မြင်သွားသည်။ အကြည့်စူးစူးတစ်ချက်နှင့် အကဲခတ်ရင်း ဘာဖြစ်နေတာလဲဟု မေး၏။

"အော်. . . မင်းအခြေအနေ သိပ်မကောင်းဘူးလို့ ခန့်မှန်းမိတဲ့အကြောင်း နှင်းကို သတင်းပေးတာ"

"ဘာရယ်. . . ငါ့အခြေအနေဟုတ်လား"

"အင်းလေ. . . မင်းအခြေအနေ"

"တော်တော့. . . ဗလ ငါသွားပြီ"

နှင်း ထထွက်ဖို့ကြိုးစားတော့ ဗလက ပြန်ထိုင်ခိုင်းသည်။ ဒီနှစ်ယောက်နှင့်တော့ ခက်တော့နေပြီဟု တွေးလိုက်မိဆဲ. . .

"ဘာအခြေအနေလဲ၊ အခြေအနေမကောင်းတာက မင်းလေ၊ ငါက ကောင်းလွန်းလို့"

ဆန္ဒစကားကြောင့် ဗလက ရယ်သည်။

"ငါ မကောင်းတာကတစ်မျိုး၊ မင်းမကောင်းတာက တစ်မျိုး မင်း မကောင်းတာနဲ့ ငါမကောင်းတာ တူနေပြန်ရင်လည်း သိပ်ကောင်းနိုင်မယ်မထင်ဘူး ဟဲ. . . ဟဲ. . ."

"ဘာလဲကွာ. . . ရှင်းရှင်းပြော"



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ သူတို့ ရှင်းရှင်းမပြောခင် နှင်းပန်းကန်တွေ ကောက်သိမ်းကာ ထထွက်ခဲ့လိုက်သည်။

သူတို့ ဘာတွေရှင်းလင်းသွားအောင် ပြောကြမလဲလည်း မသိချင်တော့။ တစ်ခါတစ်ရံတော့ လောကသည် သိပ်ကို မုန်းစရာကောင်းလွန်းသည်ဟု နှင်း တွေးနေမိသည်။

ပန်းကန်တွေကို နှင်းထုံးစံအတိုင်း သေချာတိုက်ချွတ်ဆေးကြော နေတော့ အချိန်တော့ အတော်လေး ကြာသွားသည်။ မေမေတို့ ပန်းကန်တွေပါ သိမ်းရန်ပြင်တော့ အန်တီအိက . . .

"ထားလိုက်တော့လေ. . . သမီး၊ ပြင်ဆင်ချေတော့"

"ဟင်. . . ဘာကို ပြင်ရမှာလဲ"

"အန်တီတို့ ပဲခူးသွားကြမလို့၊ အဲဒီက ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ အန်တီအိ လှူထားတဲ့ အုတ်တံတိုင်းပြီးတော့မယ်တဲ့၊ သွားကြည့်ကြမယ်၊ လာကြည့်ဖို့ခေါ်ထားတာကြာပြီ။ ခုမှပဲ ကြုံတုန်းသွားရမှာ"

အင်း. . . ဒီလူကြီးတွေကတော့ ခုမှပဲ ကြုံကြုံနိုင်လွန်းဟု ပြောရလည်းအခက်။ လမ်းရှာတယ်ဟု ပြောရမည့် အရွယ်တွေလည်းမဟုတ်၊ သူတို့လည်း ဒီသားဒီသမီးတွေနှင့် အချိန်များစွာကုန်ခဲ့ကြရတာ။ ခုချိန်မှ လုပ်ချင်တာလုပ်ပါစေဟုပဲ တွေးပေးရမလားမသိ။ စိတ်ရှုပ်သွားတာတော့ သေချာသည်။ ဒီနှစ်ကောင်နှင့်တော့ အပြင်မထွက်ချင်။

"ဘယ်သူ ကားမောင်းမှာလဲဟင်၊ ဘယ်ကားနဲ့သွားမှာလဲ"

"ညည်းအဖေက သူ့ surf ကားယူသွားတဲ့။ မောင်းတာက သမီးတို့သုံးယောက် အဆင်ပြေတဲ့သူ မောင်းလေ"





"ဟမ်. . . သမီးတို့သုံးယောက်လုံး လိုက်ရမှာဟုတ်လား၊ သူတို့ပဲခေါ်သွားပါလားဟင်၊ နှင်း မလိုက်တော့ဘူး"

မေမေ့ကို မျက်နှာလေးရှုံ့မဲ့ကာပြင်းနေဆဲ အန်တီပင်စီက အမယ် မလိုက်လို့မရပါဘူးတော်၊ လိုက်ရမယ်၊ သွား. . . သွား. . . လုပ်ချေတော့၊ အားလုံးက အဆင်သင့် သမီးတို့သာအမိပဲဟု ဆိုသဖြင့် မပြောသာပဲ ရေချိုးခန်းထဲ ဝင်ခဲ့ရသည်။

နှင်းကလည်းနှင်းပါပဲ၊ မိန်းကလေးပီသစွာ ပြင်ဆင်ချိန်က ဆယ့်ငါးမိနစ်ပင်မပြည့်။ ဒါတောင် ရေကို ဆယ်မိနစ်ခန့်ချိုးနေလို့၊ အိမ်ရှေ့ထွက်လာတော့ ဟိုနှစ်ကောင် နှင်းကို တစ်ချက်မော့ကြည့်ကြသည်။ ခရီးရှည်ကားမောင်းရနိုင်တာမို့ ဂျင်းဘောင်းဘီနှင့် တီရှပ်ကိုသာ ဝတ်ထားသော်လည်း နှင်းအသွင်က သန့်စင် ကြည်လင်နေ၏၊ စောစောက ဘာတွေငြင်းခုန်ထားကြသည်မသိသော်လည်း ခုကျတော့လည်း နှစ်ယောက်သား တိတ်ဆိတ်လို့။ ကောင်းမွန်သော တိတ်ဆိတ်မှုတော့ မဟုတ်သလို နှင်း ခံစားရသည်။

"ဘယ်သူကားမောင်းမှာလဲ"

နှင်းကမေးတော့ ဆန္ဒက ဇလကို လက်ညှိုးထိုးသလို ဇလကလည်း ဆန္ဒကို လက်ညှိုးထိုးသည်။

"သဘောပေါက်တယ်၊ ငါပဲ မောင်းတော့မယ်"

သူမ မောင်းမည်ဆို၍ သူ့ထက်ငါ ငါမောင်းပေးပါ့မယ်ဟု ပြောလိမ့်မည်ဟု မမျှော်လင့်ပါနှင့်၊ နှစ်ယောက်သား ကားပေါ်တို့ သူ့ထက်ငါ တက်ဖို့ပဲပြင်ကြသည်။ အပျိုကြီးသုံးယောက်က နောက်တထိုင်မှာမို့ နှင်းဘေးက နှစ်ယောက်စာခုံမှာ ဖင်းတို့ ထိုင်ကြလိမ့်မည်၊

www.burmeseclassic.com

www.burmeseclassic.com



လုကြီးတွေကတော့ ဘာမှ ပြောလိမ့်မည်မဟုတ်။ ကိုယ့်ကားမို့ ကိုယ်မောင်းသည် ထင်ပေလိမ့်မည်။ တကယ်တော့ ဖေဖေ့ကားကို နှင်း တစ်ခါမှ မမောင်းဖူးပါ။ ပေးလည်းမောင်းလေ့မရှိပါ။ ဒီနေ့ ဖေဖေ သိပ်ပြီး စိတ်ကောင်း ဝင်နေလို့သာ မေမေ့ကို ကားပေးလိုက်ခြင်း ဖြစ်နိုင်သည်။ (မလွှဲသာလို့လည်း ဖြစ်နိုင်သည်ပဲ)

တကယ်ဆို ဒီမိသားစုသုံးစု ခရီးသေးသေးလေးတစ်ခု ထွက်လာကြတာမို့ ပျော်နေဖို့ကောင်းသည်။ သို့သော် နှင်းစိတ်ထဲ နည်းနည်းမှ မပျော်သလိုပင်။ စိတ်ညစ်နေသည်တော့လည်း မဟုတ်။ သေချာတာက စိတ်မပါလက်မပါ ဖြစ်နေသည်။ ခပ်တည်တည်နှင့် ဘေးနေရာရောက်အောင် ထိုင်လိုက်လာသော ဆန္ဒကို ကြည့်တော့လည်း ငြိမ်သက်လို့။ ဗလကတော့ သိပ်မကြာမီမှာပင် ဆန္ဒကိုမှီကာ အိပ်ပျော်သွားတော့သည်။





## တွေဝေခဲ့နှင်း

(၁၆)

*"ဒီမှာတော့ မိန်းကလေးတစ်ယောက်ကို ချစ်ခွင့်ပန်တာ ဘယ်လိုလဲမသိဘူး၊ ကိုယ်ချစ်တတ်တဲ့အရွယ်မှာ မြန်မာပြည်နဲ့ အဝေးကြီးကို ရောက်နေခဲ့ပြီ၊ မြန်မာမလေးတွေမဟုတ်တဲ့ မိန်းကလေးလှလှလေးတွေကို စိတ်ဝင်စားခဲ့ဖူးပါရဲ့၊ သူတို့နဲ့လည်း တွဲခဲ့ဖူးတယ်၊ သူတို့ကို ချစ်တယ်လို့မပြောဘဲ တွဲခဲ့တာကို တချို့တတော့ ဘာသာစကားမလိုတဲ့ နားလည်မှုလို့ ထင်ခဲ့တယ်၊ တတယ့်တကယ်ကျတော့ ဒါဟာ ချစ်တာမဟုတ်သလို လက်တွဲဖို့လည်း မဖြစ်နိုင်ဘူးဆိုတာ နားလည်ခဲ့ရတယ်၊ ခုချိန်မှာတော့ ငယ်ငယ်က နှင်းကို ပြန်တွေ့တဲ့ အချိန်မှာ တစ်ချိန်ကသိခဲ့တဲ့ နှင်းအဖြစ် မမှတ်မိခင်တည်းက စိတ်လှုပ်ရှားခဲ့ပါတယ်၊ ဒါတို သေချာဖို့ ကြိုးစားခဲ့တဲ့အချိန်တွေမှာ ကိုယ့်ကိုယ်ကို [illegible]ကြည့်နေမိ*



www.burmeseclassic.com

www.burmeseclassic.com



***တာတော့အမှန်ပဲ၊ အရင်ကတော့ ကိုယ့်ကိုယ်ကို သေချာဖို့ မတွေးမိခဲ့သလို တွေးစရာလည်း မလိုခဲ့ဘူးကို၊၊ မနေ့က ဗလရဲ့ စကားတွေနဲ့ ကိုယ်နှိုးထလာခဲ့ရတယ်၊ သေချာတယ်၊ ကိုယ် နှင်းကို ချစ်နေမိပြီ"***

အသံဖိုင်လေးဆုံးသွားတော့ နှင်း တစ်ချက်ကလေးပြုံးလိုက်မိသလား မဆိုနိုင်။ ဆန္ဒကို ပြုံးတာမဟုတ်တာတော့ သေချာသည်။ ခုလောလောဆယ် နှင်း ပြုံးချင်းပြုံး လောကကြီးကိုပဲ အဓိပ္ပာယ်သိပ်များများမပါဝင်ဘဲ လေးလေးနက်နက်ပြုံးပြချင်သည်။ နားလည်တတ်သူမရှိနိုင်သော အပြုံးမျိုးကို လောကကလည်း နားလည်လိမ့်မည် မဟုတ်တာ နှင်းသိသည်ပဲ။

"နှင်း. . . အီးမေးလ်မှာ အသံဖိုင်တစ်ခုပို့ထားတယ်၊ စစ်ပေးပါ" ဆိုတဲ့ ဖုန်းမက်ဆေ့ချ်ရောက်လာတာမို့ ရုံးမှာ ချက်ချင်းကြီး ဖွင့်ကြည့်လိုက်မိတယ်။ တော်သေးတာက အသံဖိုင်ကို နားကြပ်နှင့် နားထောင်လိုက်မိခြင်း။ ကံကြီးပေလို့။

ဗလတစ်ယောက် မနေ့က ဘာတွေများ အခါတော်ပေးလိုက်လေသလဲ။

ကြာကြာတွေးချိန်မရလိုက်။ ဦးဉက္ကာဆီမှ ခေါ်သံက ရောက်လာသည်။

"ဟုတ်ကဲ့"

"ညှို့သည်လာမယ်၊ ဟိုသူငယ်လေးဆိုင်က စားစရာသွားမှာပေးဦး၊ နောက် အသီးကိုလည်း ထုံးစံအတိုင်း. . ."

"လက်ဘက်ရည်ကြမ်းလည်း ထုံးစံအတိုင်း ကြွေအိုးတွေလည်း ထုံးစံအတိုင်း. . ."

စိတ်ပျက်လက်ပျက်နှင့် ဖြစ်နေသည့်ထဲက မနေနိုင် မထိုင်နိုင် နောက်လိုက်မိသေးသည်။

ဦးဉက္ကာက စိတ်မဆိုးဘဲ တဟားဟားရယ်သည်။ ဒါပေါ့တဲ့၊ နောက် ဆက်ပြောသေးသည်။

"ဒီနေ့ သူ့တူမလေးတစ်ယောက်ပါမယ်၊ သူ့အတွက်လည်း စီစဉ်ပေး"

"ဘာလုပ်ပေးရမလဲ တူတူပဲလား"

"အတူတူပဲ စီစဉ်လိုက်ပါ၊ ကောင်မလေးက ဒီကပဲ၊ ဟိုက ပါလာတာမဟုတ်ဘူး၊ ဒီမှာ အလုပ်လုပ်ဖို့ စီစဉ်ပေးနေတယ်လို့ ပြောတယ်"

"ဟုတ်ကဲ့"

ကျန်တာကို နှင်း စိတ်မဝင်စားပါ။ စီစဉ်စရာရှိသည်များကို ဇေယျာသင်းနှင့်အတူ စီစဉ်ဖို့ထွက်လာခဲ့သည်။ ဆန္ဒဆိုင်ကိုတော့ ခုချိန်မှာ ကိုယ်တိုင်သွားဝယ်လောက်အောင် မမိုက်သင့်ဘူးမဟုတ်လား။ လိုအပ်သည့် စားစရာစာရင်းကို စီစဉ်ရေးပေးလိုက်ကာ ဇေယျာသင်းကိုပဲ မှာက ဦးဉက္ကာ ကားနှင့် လွှတ်ပေးလိုက်သည်။ မီးမီးနှင့် နှင်းက ပန်းကန်ခွက်ယောက်တွေနှင့် စားပွဲကိုပြင်သည်။ ပန်းအိုးတစ်အိုးစာ အလှုပန်းအစ်စည်းကိုလည်း မှာရသေးသည်။

ဇေယျာသင်း ပြန်မရောက်သေး။ ဖုန်းကဝင်လာသည်။ နှင်းရေ ဆန္ဒတဲ့။ မရှိဘူးပြောလိုက်ဟု ပြောဖို့ စဉ်းစားသေး၏။ သို့သော် ရုက်ကိုးနှုတ်ကန်းဖြစ်နေ၍ မပြောနိုင်ဘူးထင်နေဦးမည်ဟု တွေးကာ ဖုန်းကိုင်လိုက်သည်။

www.burmeseclassic.com



"ပြော. . . ဆန္ဒ"

"မေးလ် စစ်ပြီးပြီလား"

"အင်း. . . နားထောင်ပြီးပြီ"

"အင်း. . . ဒါဆို နှင် စဉ်းစားထားပေးနော်၊ ဒါပဲ"

ပြောပြီးသည်နှင့် ဖုန်းကို ဖျတ်ကနဲနေအောင် ချသွားသဖြင့် နှင်း ဘာမှပြန်မပြောနိုင်။ တကယ်က နှင်းမှာ ဆန္ဒအတွက် တိကျသော အဖြေတစ်ခုက အသင့်ရှိနေခဲ့သည်။ တကယ်ဆို ချက်ချင်းပြန်ပြောလိုက်သင့်သည်ပဲ၊ ဘာလို့ စဉ်းစားဟန်ဆောင်နေတော့မလဲ။ သို့သော် စိတ်သွားတိုင်းကိုယ်မပါနိုင်သော အလုပ်မှာမို့ ထားလိုက်ပါတော့မယ် လေဟု တွေးကာ လုပ်လက်စအလုပ်များကို ဆက်လုပ်နေလိုက်သည်။

ဇေယျာသင်းရောက်လာပြီး အစားအသောက်များကို ပြင်ဆင်ပေးထားလိုက်သည်။ စားမည်ဆိုလျှင် မိုက်ခရိုဝေ့ဖ်ထဲ ထည့်နွေးရုံသာ၊ အသီးများကိုလည်း ရေခဲသေတ္တာထဲ ထည့်ထားပေးလိုက်သည်။ ဒီနေ့တော့ ရိုတီမပါ၊ ကြက်သားနှင့် ရွှေပဲသီးသုတ်ရယ်၊ vegetable roast ရယ်၊ ပဲထောပတ် (Butter Bean)၊ ပဲနီ (Kidney Bean)နှင့် ကညွတ်ကို ရောသုတ်ထားသော salad ရယ်၊ ပဲကြာဇံနှင့် တို့ဟူးဟင်းချိုရယ်၊ ကင်ထားသော ကကတစ်တစ်ကောင်ရယ်။ ထမင်းကိုတော့ ဘာစမာတီနှင့်ချက်ထားသော ထမင်း စီစဉ်ပေးထားသည်။ ဘယ်သူဆီးချိုဖြစ်နေလို့လဲဟု မမေးပါနှင့်၊ ဘယ်သူမှ ဖြစ်မနေပါ။ ဦးဥက္ကာကိုယ်တိုင်က ဒီဆန်ပဲစားနေတာ၊ ကြာနေပြီဖြစ်သည်။

ဧည့်သည်တွေရောက်လာတာသိသည်၊ ဇေယျာသင်း အလုပ်ရှုပ်နေတာ သိသည်။ သို့သော် နှင်း မထဖြစ်၊ အလုပ်တွေကို အပြီးသပ်





နေလိုက်သည်။

ခဏနေတော့ မီးမီးဝင်လာသည်။

"နှင်း. . . ဦးဥက္ကာက ခဏတဲ့"

"လာပြီ"

နှင်း ဧည့်သည်များဧည့်ခံရာ အခန်းကိုရောက်တော့ တအံ့တဩကြီး ဖြစ်သွားရသည်။ ဦးဥက္ကာတို့နှင့်အတူ ထိုင်နေသူက ဖူးဖူး၊ ဦးဥက္ကာ ငယ်ချစ်ဟောင်း၏ တူမဆိုတာ ဖူးဖူးလား။ ဖူးဖူးကတော့ ထုံးစံအတိုင်း သူမကို ဘာမှသိပ်မထူးဆန်းသော မျက်နှာအသေနှင့် ကြည့်နေသည်။ သူမကြည့်ရတာ အံ့ဩပုံလည်းမရ။

"ဒါ သိင်္ဂီနှင်းတဲ့၊ ဖူးဖူးက သိတယ်ဆိုလို့ဟုတ်လား"

"ဟုတ်တယ်. . ."

နှင်း ဟုတ်တယ်ဟု တရင်းတနှီးဝန်ခံကာ ပြုံးပြသော်လည်း ဖူးဖူးက မပြုံးပါ။ နှင်းကိုသာ တည့်တည့်ကြည့်ကာ စကားဆိုသည်။

"ဒီအစားအစာတွေ တွေ့တော့ ဘယ်ဆိုင်ကဆိုတာပြောရင်း အဲဒီဆိုင်က ဖူးသွားနေကျလို့ ပြောလို့ အန်ကယ်လ်ကလည်း ဒါ ဒီက သိင်္ဂီနှင်းရဲ့သူငယ်ချင်းဆိုင်ဆိုတာနဲ့ မနှင်းနဲ့သိတယ်ပြောမိတာ"

"ဖူး. . . ကြိုက်တတ်တာတွေမို့ အတော်ပဲပေါ့။ မနှင်းက ဒီက အစ်မရဲ့ တူမပါမယ်သာသိတာ၊ ဖူးဖူးမှန်းမသိဘူးလေ"

"ဖူး ခု အလုပ်လုပ်မလို့ အန်တီတို့ အန်ကယ်လ်တို့နဲ့အတူ"

"ကောင်းပါတယ်"

အလာပသလာပဆိုတာ ဘာလဲဆိုတာ ခုမှပဲ နှင်း သဘော



www.burmeseclassic.com

www.burmeseclassic.com



သိတော့သည်။ ဘာမှန်းသိပ်မသိသော အရည်မရ အဖတ်မရစကား များကို ခပ်တည်တည်နှင့် မိတ်မပျက်အောင် ပြောဆိုနေကြသော စကား များဟု ဘယ်ကျမ်းကိုးမှမပါဘဲ ကိုယ့်ဘာသာကိုယ် ခပ်တည်တည်နှင့် သတ်မှတ်ပစ်လိုက်သည်။

ဖူးဖူးကတော့ နှင်းကို လုပ်ငန်းနှင့်ပတ်သက်တာတွေ လာမေး ဦးမည်ဟုဆိုကာ ပြန်သွားလေသည်။ သူမပြန်သွားမှ ဦးဥက္ကာက. . .

"ကောင်မလေးက သနားပါတယ်"

"ရှင်. . . ဘာဖြစ်လို့. . ."

ဒီလောက် ပြည့်ပြည့်စုံစုံလှတပတနှင့် နောက်ခံကလည်း တောင့်တင်းနေတာ၊ ပညာကလည်း သင်ခွင့်ရနေသေးသည်။ ဘယ် နား သနားစရာများပါလိမ့်ဟု တွေးနေမိဆဲ. . .

"သူက မွေးရာပါ မျက်နှာကျောတွေသေနေတာလေ၊ သူ့မျက် နှာက နှင်း သတိမထားမိလို့၊ ရယ်လို့မရဘူး၊ ပြုံးလို့မရဘူး၊ အဲလိုပဲ မဲ့လို့လည်းမရဘူး၊ နှာကျင်ခံစားမှုကိုလည်း မဖော်ပြနိုင်ဘူး"

"ရှင်. . ."

ရုတ်တရက်မို့ နှင်း ကိုယ့်ကိုယ်ကို ယိုင်လဲမသွားအောင် သတိ ထားလိုက်ရသည်။ လူကတော့ တစ်ခုခုနှင့် ဖြတ်ရိုက်ခံလိုက်ရသလိုပင်။

အိုး. . . ဒါကြောင့်ကိုး၊ သူမလေးဟာ မျက်နှာထားတင်းတင်း လေးနှင့် မျက်နှာကျော တင်းလိုက်တာ။ ဘယ်တော့မှလည်း မရယ်မပြုံး ခံစားချက်မရှိသလိုဟု ထင်ထားခဲ့တာ။ ခုတော့. . .

"အဲဒါ ကုလို့မရဘူးလားဟင်"





"မသိဘူး၊ သူ့အဒေါ်ကတော့ ဒီတစ်ခါပြန်ရင် သူ့တူမကို ဟို ခေါ်သွားမယ်၊ တစ်ခုခုတော့ လုပ်ပေးမှာပါ။ ခုလောလောဆယ် ကလေး မလေးက အလုပ်လုပ်မယ်ချည်းပြောနေလို့ စိတ်ကျေနပ်အောင် ခေါ် လာပေးတာ၊ အမှန်က ကလေးမလေးက ငယ်ငယ်လေးပဲ ရှိသေးတယ်"

သိပ်သိတာပေါ့။ သိပ်သိတာပေါ့။ စိတ်ထဲကသာ ရေရွတ်နေမိ သည်။ ဒီကလေးမ ငယ်ငယ်လေးကိုမှ စိတ်ဝင်တစားဖြစ်ခဲ့တဲ့ သူ့ သူငယ် ချင်းကြီးကောင်းမှုနဲ့ သိနေတာဆိုတာကိုတော့ မပြောဖြစ်တော့။

ရုတ်တရက်တော့ ဒါကို ဗလကိုရော ဆန္ဒကိုပါ ပြောပြချင်သည့် စိတ် ဖြစ်သွားရသေးသည်။ သို့သော် ဘာမှသိပ်မထူးပါဘူးဆိုသော အတွေးက ဝင်လာသဖြင့် စိတ်ကူးကို ချက်ချင်း ဖျက်သိမ်းပစ်လိုက်မိ သည်။

စိတ်ထဲမှာတော့ ညအထိ ဖူးဖူးအကြောင်းကို တွေးနေမိသည်၊

***ဒီလို ခံစားချက်မဲ့ လှုပ်ရှားနိုင်မှုကင်းမဲ့သည့် မျက်နှာကို ပိုင်ဆိုင်ထားရခြင်းသည် ကံကောင်းခြင်းလား၊ ကံဆိုးခြင်းလား၊ ရင်ထဲမှာ ဘာတွေရှိနေတယ်ဆိုတာ ထုတ်ဖော်ပြသခွင့်မရှိခြင်း သည် ကံကောင်းခြင်းလား၊ ကံဆိုးခြင်းလား၊ တကယ်လို့များ သူမသာ သာမန်လူတစ်ယောက်လို ခံစားချက်တွေကို ဖော်ပြနိုင် သောမျက်နှာကို ပိုင်ဆိုင်ထားခဲ့လျှင်ရော သူမထံမှ တိကျသော ခံစားမှုကို နှင်း မှန်းဆလို့ရမှာလား၊ သေချာတာက ဒီနေ့ ဒီအချိန် အထိ ကောင်မလေး ဆန္ဒကို စိတ်ဝင်စားနေသည်ဆိုတာကို ယုံလို့ မရသေးတာပင်၊*** အကြောင်းပြချက်လည်း သေချာမရှိပါပဲနှင့် နှင်း



www.burmeseclassic.com

www.burmeseclassic.com



မယုံတာကတော့ ထူးတော့ထူးသည်။ ဗလကို မချစ်နိုင်တော့ဆိုတာကိုတော့ နှင်း ယုံသည်လည်းမဟုတ်၊ မယုံသည်လည်းမဟုတ်။ သိပ်ပြီး ထူးထူးခြားခြားမရှိလှ။ ဆန္ဒဆိုင်မှာ နေ့ရှိသ၍ ipod တစ်လုံး၊ ဖုန်းတစ်လုံး၊ notebook တစ်ခုနှင့် ထိုင်ထိုင်နေတတ်သော ကောင်မလေးမျက်ဝန်းတွေထဲမှာ ဆန္ဒကို မျှော်လင့်နေသည့် မျက်ဝန်းများမတွေ့ရဟု ခံစားရသောကြောင့် ဖြစ်သည်။ အစကတော့ မျက်နှာပြင်တင်းတင်းလေးပါ ပါသည်ပေါ့။ ခုတော့ . . .

မျက်ဝန်းများ. . .။

ဟုတ်သားပဲ. . .။ မျက်နှာ၏လှုပ်ရှားမှုကို မမြင်သာသော် လည်း စိတ်၏တံခါးဟု တင်စားကြသော သူမ၏မျက်ဝန်းများကိုတော့ မြင်နိုင်နေသေးသည်ပဲ။

"ဟဲ့. . . ဖုန်းလာတယ်၊ ဗလတဲ့၊ နင့်ဖုန်းခေါ်တာ မကိုင်လို့တဲ့"

"အသံပိတ်ထားတယ်၊ သိတောင်မသိဘူး"

စိတ်မပါတပါနှင့် မမလာပေးသော ကြိုးမဲ့ဖုန်းလေးကို လှမ်းယူထူးလိုက်သည်။

"ဘာလဲ"

"ထူးပုံကလည်း မညင်သာလိုက်တာ၊ ရည်းစားရတော့မယ့် ကောင်မလေးတစ်ယောက် ထူးပုံနဲ့မတူဘူး"

"ဟင်. . ဘာပြောတယ်. . . ဘာပြောတယ်. . . ပြန်ပြော စမ်းပါ"

"ဆောရီး. . . ငါ ဘာပြောလိုက်မိတယ်"





ဗလ အသံက ကြွလို့။ ကြက်နာ လည်လိမ်ထားသောအသံနှင့် တခြားစီ။

"လည်လိမ်ထားတဲ့ကြက်စုတ်. . . ခုတော့ အလိမ်ပြေသွားပြီလား"

ဗလ တဟားဟားရယ်သည်။

"ငါ့ကိစ္စက ထားပါ၊ နင့်ကိစ္စပြော၊ နင် ဒီနေ့ ဘာထူးလဲ"

"ဘာမှမထူးဘူး၊ အောင်ဘာလေထီလည်း မထွက်သေးဘူး၊ ငါးရက်လိုသေးတယ်၊ ဖွင့်တဲ့နေ့ကျရင်တော့ ပေါက်ချင်ပေါက်နေမှာပေါ့"

"တော်ပါ. . . မဟုတ်တာတွေ နင့်ကို ဒီနေ့ ဆန္ဒ ဘာမှ မပြောဘူးလား"

"ဆန္ဒ ပြောတာတွေက အများကြီး ဒီနေ့မှ မှ မဟုတ်တာ"

"နင်. . . ဝေ့လည်မနေနဲ့ နှင်း၊ ဆန္ဒ နင့်ကို ဒီနေ့ ရည်းစားစကားပြောလား. . . မေးတာ"

နှင်း နည်းနည်းတော့ စိတ်တိုသွားရသည်။

"ဘာလဲ နင် သင်ပေးလိုက်တာလား၊ အခါပေးလိုက်တာလား၊ တွန်းပေးလိုက်တာလား"

"အဲလောက် တွန်းပေးရမယ့်လူလည်း မဟုတ်ဘူး၊ အခါပေးစရာလည်း မလိုဘူး၊ သင်ပေးစရာဆို ပိုမလိုသေးတယ်"

"ဒါဆို. . . ဘာဖြစ်သွားတာလဲ၊ ဗလ ကောင်းမှုနဲ့ဆိုတော့"

"ဟဲဟဲ. . . ငါ သူ့ကို မေးလိုက်တယ်လေ"

"အင်း. . . ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



“မင်း. . . ဒီလောက်သည်းနေတာ နှင်းကိုများ ကြိုက်နေလားလို့ မေးလိုက်တာ”

“အမ်. . . အဲဒီတော့. . .”

“ဝေ့လည်လည်လုပ်နေတယ်၊ အဲဒါနဲ့ ငါလည်း ပြောလိုက်တယ်၊ မင်း မကြိုက်ရင်လည်း နေပါ၊ ငါကတော့ နှင်းကို တကယ်ချစ်နေမိပြီ ခုမှ အချစ်စစ်တွေ့တာလို့ ပြောလိုက်တယ်”

နှင်း ဟင်ကနဲပင် အသံမထွက်နိုင်လောက်အောင် တိတ်ဆိတ်သွားရသည်။ လူကလည်း ဆန္ဒအသံကို ကြားရတုန်းကထက်ပင် တုန်လှုပ်သွားသေးသည်။ အလှုပ်လှုပ်အခတ်ခတ်ဖြစ်သွားရသော ရင်ကို ပြန်ထိန်းကာ . . .

“နင်. . . ဘာတွေလျှောက်ပြောနေတာလဲ”

“သူ့ကို တမင် ဆွပေးလိုက်တာလေ”

“အော်”

“ဒီတော့မှ ဒီကောင် နင်ပြောတဲ့ သတ္တဝါလည်လိမ်လိုက်သလို ဖြစ်ပြီး ဝန်ခံချက်တွေ ထွက်ကျလာတယ်”

“. . . . . . . . .”

“ငါက မနေ့က လမ်းမှာတည်းက သူပြောမယ်ထင်တာ၊ ဒင်းမှာ သတ္တိလည်းမရှိပါဘူး”

“. . . . . . . . .”

“ဒီနေ့ မနေနိုင်လို့ လှမ်းမေးတော့ မနက်က ပြောလိုက်ပြီတဲ့”

“. . . . . . . . .”





“နင် ဘယ်လိုစဉ်းစားထားလဲ၊ နင် အိပ်ပျော်နေပြီလား၊ အသံလည်းမကြားရဘူး”

နှင်း သက်ပြင်းကို တိတ်တိတ်ကလေးချလိုက်ရင်း . . .

“ငါ စဉ်းစားစရာမလိုပါဘူး၊ သူ့အတွက် အဖြေကရှိပြီးသားပဲ”

“ဟုတ်လား. . . ဝမ်းသာစရာ”

“ဟင့်အင်း. . . နင်ထင်သလို ဝမ်းသာစရာမဟုတ်ဘူး”

“ဟမ်. . . ဘယ်လို”

ဗလအသံက အံ့သြယိုင်ညွတ်နေသည်။

“ဟုတ်တယ်. . . ငါ ဆန္ဒကို သူငယ်ချင်းကောင်းတစ်ယောက်၊ မိတ်ဆွေကောင်းတစ်ယောက်ထက် ပိုမချစ်ပါဘူး၊ အဲဒါ အတိအကျပဲ”

“နင့်ဟာကလဲ. . . ခိုင်မာတိကျလှချည်လား၊ နည်းနည်းပါးပါး မစဉ်းစားတော့ဘူးလား”

“ခိုင်မာတယ်၊ တိကျတယ်၊ စဉ်းစားစရာမလိုဘူး၊ နောက် ငါဟာ မိန်းမတစ်ယောက်လည်းဖြစ်တယ်”

“ဘာရယ်. . . ဘာဆိုင်လို့လဲ”

“နင်တို့ယောကျ်ားတွေပဲ လူတစ်ယောက်ကို တကယ်ချစ်မချစ် မရေမရာဖြစ်တတ်တာ၊ မိန်းမတွေက အဲလိုမဟုတ်ဘူး”

နှင်းစကားကြောင့် ဗလ တဟားဟားရယ်သည်။ သူ ဘာပြောမည်ဆိုတာကိုလည်း နှင်းမှန်းမိပါသည်။ ထင်သည့်အတိုင်းပင်. . .၊

“နင် လတ်တလော ဖူးဖူးက ထားသွားတဲ့၊ တကယ်ချစ်တဲ့သူတွေ့လို့ပါဆိုပြီး ထားသွားတဲ့၊ နင့်သူငယ်ချင်း ဗလကို နင် မေ့သွားပြီ



www.burmeseclassic.com

www.burmeseclassic.com



လား နှင်း"

"ထားပါတော့၊ အဖြေအတိအကျ အသိသေးခင်တော့ ထားပါတော့ပဲ ငါပြောနိုင်တယ်၊ ဒါပေမယ့် တကယ်ဟုတ်ခဲ့ရင်တောင် မတူပါဘူး၊ နောက် နှင်. . . မသိတာလေးတစ်ခုကိုလည်း ငါပြောပြချင်သေးတယ်၊ ခုတော့ မဟုတ်ဘူး၊ တစ်နေ့နေ့ပေါ့"

နှင်းက စကားကို ကိုယ့်အဓိပ္ပာယ်များနှင့်ကိုယ် ပြောလိုက် သလို ဗလကလည်း သူ့အဓိပ္ပာယ်များနှင့် သူ နားလည်လိုက်ပေလိမ့် မည်။ ကိစ္စမရှိပါ။ တချို့သော အရာများသည် မပြီးဆုံးသေးသ၍ အဖြေ မှန်မရတတ်ပေ။

"အင်း. . . ငါလည်း နှင့်ကို ပြောပြချင်တာတစ်ခုရှိပါတယ်၊ တစ်နေ့နေ့ပေါ့"

ဗလက ထိုသို့အဆုံးသတ်ကာ ဖုန်းချသွားသည်။ တကယ်ပဲ သူလည်း ပြောပြချင်တာရှိသည်လား။ နှင်းစကားကို အနိုင်ယူသွားသည် လား ဆိုသည်ကတော့ ဗလမှပဲသိပေလိမ့်မည်။

●





## အိပ်မက်နှင်း

(၁၇)

မနက်စောစောစီးစီး ပေါက်ချလာသော ဗလကို ဘာစားမလဲဟု မေးမည့်အစား ဘာဖြစ်လာတာလဲဟုသာ မေးမိတာ ဆန္ဒအလွန် မဟုတ်။

"မင်း. . . နှင်းကို ပြောလိုက်ပြီလား"

"အင်းလေ. . . မနေ့ကတည်းက မင်းကို ပြောလိုက်သားပဲ"

"သူက ဘာပြောလဲ"

"အာ. . . ချက်ချင်း ဘာပြောစရာရှိလဲ၊ သူ့ကို စဉ်းစားပါဦး လို့ပဲ ပြောထားတယ်"

"ဒါဆို မင်း ဒီနေ့ မဆက်ရသေးဘူးပေါ့"

"အင်း. . . မနက်ဆိုတော့ သူလည်း ရုံးသွားဖို့လုပ်နေတာနဲ့ အားမယ်မထင်လို့. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဆက်ပြီးရင် မင်း ဘာပြောမှာလဲ"

"အာ. . . ဒါတော့ ဘယ်သိမလဲ"

ဆန္ဒက ဖြေရင်းက မျက်မှောင်ကြုတ်လာသည်။ ဗလကို မသက်သာသလိုကြည့်ရင်း ပြန်မေးသည်။

"မင်းကရော ဘာလို့ ဒါတွေလာမေးနေတာလဲ"

"ဘာမှမဟုတ်ပါဘူးကွာ၊ မင်းဆီက တစ်ခုခုစားမလို့လာတာ တန်းပြောလို့မကောင်းတာနဲ့ အလာပသလာပတွေလုပ်နေတာ"

ဗလက စကားကိုလျှော့ချသည်။ ဒါဟာ ဘယ်လိုမှမဖြစ်နိုင်မှန်း ဆန္ဒ မှန်းလို့ရသည်။ ဒီလူနဲ့ဒီလူက တန်းပြောလို့ မကောင်းဘူးဆိုတာ မရှိ။ သုံးအိမ်တစ်အိမ်လောက်ကို ဝင်ထွက်သွားလာနေကြတာ။ ဆန္ဒမရှိသည့်အချိန်တွေမှာတောင် ဝင်ထွက်သွားလာနေကျ။

"မနက်စာက မင်းမပြောလည်း ကျွေးမှာပါ၊ ငါလည်း မစားရသေးဘူးလေ၊ ဒါပေမယ့် မင်းမှာ ပြောချင်တာ တစ်ခုခုပါလာတယ်၊ ပြောသင့် မပြောသင့် စဉ်းစားနေပုံလည်းရတယ်"

"မင်း. . . လူကဲခတ်သိပ်ကောင်းတယ်လို့ မင်းကိုယ်မင်း ထင်နေတာလား"

ဗလ ခပ်တည်တည်နှင့် တမင်မေးပစ်လိုက်သည်။

"ဟင့်အင်း. . . မထင်ပါဘူး၊ ညံ့ပါတယ်၊ ဒါပေမယ့် မင်းလို မသပ်မရပ်ကောင်ကို အကဲမခတ်နိုင်လောက်အောင်တော့ မညံ့ဘူးပေါ့"

"ထားလိုက်ပါကွာ၊ နောက်တော့ ပြောတာပေါ့"

"ဘာလဲ. . . ဟိုနေ့က မင်းပြောလိုက်တဲ့စကားက အတည်ပါလို့ ပြောမလို့လား"





ရုတ်တရက်တော့ ဗလ ကြောင်သွားသေးသည်။ နောက်မှ သတိရသွားသလိုနှင့် . . .

"အော်. . . နှင်းကို ချစ်နေမိပြီဆိုတာလား"

"အင်း"

ဆန္ဒက မချိမချဉ် အင်း. . . လိုက်သည်။ ဒီလောက်စကားတွေ အများထဲက ကိုယ်ဆိုလိုသောတစ်ခွန်းက ဒီတစ်ခွန်းဆိုတာ တဆိတ်များ တိုက်ဆိုင်လွန်းနေသလား. . .။

"အဲဒါက. . . အင်း. . . မပြောတော့ပါဘူး"

ဗလက တမင် အိုက်တင်လုပ်ကာပြောသော်လည်း သိပ်တော့ အသက်မပါ။ သို့သော် ဒါတွေကို ဆန္ဒ စိတ်မဝင်စား။ ဗလလည်း ခုချိန်မှာ နှင်းကို ချစ်နိုင်ခွင့်ရှိသည်ပဲ၊ ကာရကံရှင် နှင်းသာ ဆုံးဖြတ်လိမ့်မည်။ ခက်တာတစ်ခုက အန်တီပင်စီဘက်က နှင်းကို အသေအချာကြိုးဖြစ်နေတာပင်။ ဒါကိုတော့ ဆန္ဒမြင်သလို၊ မေမေလည်းမြင်သည်၊ ပဲခူးက ပြန်လာသောညကပင် မေမေက ပင်စီတစ်ယောက်တော့ နှင်းကို သူ့ချွေးမလို့ပဲ မြင်နေပုံရတယ်ဟု ဆိုလာသေးသည်လေ၊ ဘာကြောင့်ဆိုတာကိုတော့ ဆန္ဒလည်း ကိုယ့်အတွေးနှင့်ကိုယ်မို့ မမေးလိုက်တော့၊ မေးစရာလည်းမလိုပါ။ ဒီခေတ်ကြီးထဲမှာက မိဘစကားနားထောင်ပြီး လက်ခံလိုက်သည်ဆိုတာက ခပ်ရှားရှား၊ ကိုယ်စွမ်းကိုယ်စနှင့် မဖြစ်နိုင်လွန်းတော့ကာမှ ကိုယ်တိုင်ကလည်း အလိုတူအလိုပါနေပါမှ သမီးလိမ္မာ သားလိမ္မာ လုပ်တတ်ကြတာမဟုတ်လား။

"ချက်ချင်းကြီးတော့ အဖြေသွားမတောင်းမိစေနဲ့ပေါ့ကွာ"

ဗလက အစမရှိ အဆုံးမရှိ စကားကို ဆက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ. . . အဲလောက် မတုံးပါဘူးကွ"

"အင်းပါ. . . မင်းက ဟိုရောက်နေတာ သိပ်ကြာနေတော့ ဒီက ကောင်မလေးတွေ အချိန်ယူစဉ်းစားတတ်တာကို မေ့နေမှာစိုးလို့"

"ဒါထက် စကားမစပ် မင်းတုန်းက ဖူးဖူးက မင်းကို ဘယ်လောက်ကြာအောင် စောင့်ခိုင်းလဲ"

"သုံးလ"

"အမ်. . . သုံးလ. . . ဟုတ်လား"

"အင်း. . . ကလေးတွေက ဒီလိုပဲ မင်းမြင်တဲ့အတိုင်း ခုပဲ ငါ့ကို မဟုတ်တော့ဘူးဇပြောတာ၊ မင်း. . . မျက်မြင်"

"သုံးလကို ငါက ကြာတယ်ပြောချင်တာပါ"

ဗလ မျက်မှောင်ကြုတ်ကာ ဆန္ဒကိုကြည့်၏။

"စောစောကတော့ မင်းပဲ ငါ့ကို တုံးမဟုတ်ဘူးဆို စဉ်းစားချိန်ပေးရတာ သိတယ်ဆို"

"အင်းလေ. . . ချက်ချင်း အဖြေမတောင်းဘူးကွာ၊ တစ်ပတ်ဆယ်ရက်နဲ့လည်း မတောင်းပါဘူး၊ ဒါပေမယ့် တစ်လလောက်ဆို တော်ရောပေါ့၊ ခုဟာက သုံးလတဲ့"

တစ်လနဲ့ မင်းကြမ္မာမင်းဖန်တီးလည်း ဘယ်တတ်နိုင်မလဲဟု ဗလစိတ်ထဲက ရေရွတ်နေမိသည်။

"ငါက မင်းကို ကောင်းစေချင်လို့ပါ"

"မင်းပြောပုံက လက်ဖက်ခူးတာကျတာပဲ၊ အချိန်ယူလေ သေချာလေဆိုတာမျိုးလား"

ဆန္ဒက စိတ်မရှည်သလို ရွဲ့တော့သည်။





"သိပါဘူးကွာ၊ ငါ့လို မဖြစ်စေချင်လို့ပါ"

ဗလကလည်း ပြောမိပြောရာပြောလိုက်၏။ သူရည်ရွယ်သည်က ဖူးဖူး စိတ်ပြောင်းသွားသလိုမျိုးဟု။ ဒါကို ဆန္ဒကလည်း နားလည်သည်။

"နှင်းက အဲလိုတော့ ဘယ်လုပ်ပါ့မလဲ"

"အင်းပါ. . . စကားအဖြစ်ပြောတာပါ၊ ငါတို့နှင်းကတော့ ဒါမျိုးဘယ်လုပ်မလဲ"

ဗလစကားကြောင့် ဆန္ဒ ထရယ်သည်။ ပြီး. . .

"ပြန်ပြောစမ်းပါ . . . . ဘာ. . . နှင်း. . ."

"ငါတို့နှင်းလို့ပြောမိလို့လား၊ တလွဲမတွေးပါနဲ့၊ ငါတို့သူငယ်ချင်းနှင်းကို အတိုချုံ့လိုက်တာပါ"

"အင်း. . . အတိုချုံ့ပုံကလည်း မထိတ်သာမလန့်သာ"

"မင်းကိုက ကျီးလန့်စာစားတွေဖြစ်နေတာနေမှာပါ"

ဗလက မခံချင်အောင်ပြော၏။ ရောက်လာသော ကော်ဖီပူပူတစ်ခွက်နှင့် လက်ဖက်ရည်တစ်ခွက်ကိုကြည့်ကာ ဗလက ကော်ဖီခွက်ကို ဆွဲယူလိုက်သည်။

"ဘာစားရမှာလဲ"

"မင်း. . . ကြိုက်တဲ့ ပဲပြုတ်ထင်းကြော်ကို ကြက်ဥတစလုံးနဲ့ မင်း ဟင်းနဲ့စားမလား၊ မေမေချက်ထားတဲ့ ဆိတ်သားဟင်းရှိတယ်၊ ပုဇွန်ခြောက် အစပ်ကြော်လည်းရှိတယ်"

"အာ. . . စားမှာပေါ့၊ ကြက်ဥရော ဟင်းရော ပုဇွန်ခြောက်ကြော်ရော. . ."



www.burmeseclassic.com

www.burmeseclassic.com



အရေးထဲ ဆန္ဒက ဖောက်သည်။

"နှင်းကိုလည်း ကျွေးချင်လိုက်တာ"

"စဉ်းစားမနေနဲ့. . . မင်း ဗီဇဝါက ဒါမျိုးမစားဘူး"

"ဗီဇဝါဆိုတာက မင်းပေးထားတဲ့နာမည်ပါ၊ ငါက အဲလို မခေါ်ပါဘူး၊ သူစားလည်း ခုနေခေါ်ရင် လာမယ်မထင်ဘူး"

"ဒါကတော့ ဘယ်သူမပြုမိမိမှုလေ"

ငါ့ဗီဇဝါမဟုတ်ဘူး။ မင်းဗီဇဝါဟုပင် စကားနိုင်မလုနိုင်ဘဲ အသေအချာကြီး စကားကို ထိန်းပြောနေသော ဆန္ဒကို ကြည့်ကာ ဗလက ရယ်သည်။

"မင်း. . . ဖုန်းခေါ်ကြည့်ပါလား၊ မနက်စာစားဖို့"

ဗလ ခေါင်းခါ၏။

"ခေါ်ပါဘူး၊ မခေါ်ပါနဲ့"

ဗလကတော့ ကိုယ့်အတွေးနှင့်ကိုယ် ခေါင်းတွေကိုက်သွားရသည်။ မတော်လို့များ မရှေ့ဗီဇဝါက သူ့ရှေ့မှာ ဆန္ဒကို စိတ်လိုလက်ရကြီး အမြန်အဆန် အဖြေပေးလိုက်လို့က သေပြီ၊ ဆန္ဒ သေမှာဖြစ်သည်။ ဒါလည်း ဗလ မကြည့်ရက်ပါ။

"ဘာလို့လဲ. . . မင်းက မကပ်ပါနဲ့၊ ခေါ်ပေးပါ"

"မခေါ်ပါစေနဲ့၊ ငါ မကြည့်ရက်လို့ပါ"

"ဘာ. . . ဘာ. . . မကြည့်ရက်တာလဲ"

ဆန္ဒ နားမလည်သလိုမေးသည်။

"မင်းဆိုက healthy food တွေကို သူများ စားချင်လှတာနဲ့ မလာရဲမှာကို မကြည့်ရက်တာ"





သိပ်တော့ အဆီအငေါ်အတည့်ကြီးမဟုတ်လှသော်လည်း အဆင်ပြေနေသော အကြောင်းပြချက်မို့ ဆန္ဒ ခေါင်းညိတ်သည်၊ ခေါင်းပဲညိတ်ခြင်းဖြစ်သည်။ လူကတော့ ဖုန်းထိုးပေးနေတုန်း။ မတတ်နိုင်၊ ဗလ ဖုန်းလှမ်းခေါ်ရတော့သည်။

"ဟဲ့. . . နင်ဘယ်ရောက်နေပြီလဲ"

". . . . . . . . ."

"အော်. . . အိမ်က မထွက်ရသေးဘူးလား၊ နောက်ကျလှချည်လား"

". . . . . . . . ."

"အင်း. . . မနက်စာ မစားရသေးရင် လာခဲ့လေ"

". . . . . . . . ."

"ဆန္ဒဆိုင်ကို"

". . . . . . . . ."

"အေးပါ. . . နင် အလုပ်ရှိလည်းနေတော့၊ ဒါပဲ. . . တာ့တာ"

". . . . . . . . ."

ဗလ ဖုန်းချလိုက်တော့ မျှော်လင့်ချက်နှင့်ကြည့်နေသော ဆန္ဒမျက်နှာကပျက်သွားသည်။

"ဘာတဲ့လဲ. . . မလာဘူးတဲ့လား"

"မဟုတ်ဘူး၊ လာချင်ပါတယ်တဲ့၊ ဒီနေ့ အလုပ်က စောစောသွားရမှာတဲ့၊ ရုံးမှာ အလုပ်လာသင်မယ့်ကောင်မလေးတစ်ယောက်ကို ရှင်းလင်းရမယ်ဆိုလား"

"အင်း. . . ဟုတ်ချင်မှလည်း ဟုတ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်မှာပါ၊ နှင်းက အကွက်စေ့စေ့တော့ မညာတတ်ဘူး"

ဗလက လေးနက်စွာဆိုသည်။ တကယ်တမ်းက လာချင်တာပေါ့။ အဖြေလေးလာပေးချင်တာ ငါ မအားလို့. . . ဟု နှင်းက ဆိုခဲ့ခြင်း ဖြစ်သည်။ သူ ဘာလုပ်မည်ဆိုတာ သိနေသော ကိုယ့်အတွက်ကတော့ ဘုရားတချင်သော်လည်း ဆန္ဒသာကြားလျှင်တော့ ဘုမသိ ဘမသိ ဝမ်းသာမလားမသိ။ တစ်ခုတော့ရှိသည်။ ဆန္ဒကို စိတ်ချမ်းသာစေချင်လျက်က နှင်းက ငြင်းမည်ဆိုတာကို သိရပြန်တော့လည်း ပျော်သလိုလို. . .။ ကိုယ့်ကိုယ်ကိုလည်း ဗလ ဘာမှန်းသိပ်မသိချင်တော့။ စိတ်တွေလေနေတုန်းမို့ ဖြစ်လောက်ပါသည်လေဟု ကိုယ့်ကိုယ်ကို တွေးလိုက်ပါသည်။





## မိုးသောက်နှင်း

(၁၈)

"တစ်လလောက်မတွေ့အောင် ဘယ်လိုများရှောင်မလဲ၊ အမေတွေကလည်း နှစ်ပတ်တစ်ခါလောက် တွေ့နေကြတာ ခုတလော သိတဲ့တိုင်း. . ."

နှင်းက ထိုသို့ပြောတော့ ဗလက ခေါင်းခါသည်။

"မိန်းကလေးဖြစ်ပြီး ဉာဏ်နီဉာဏ်နက်လေးများ ထုတ်ပါတော့လား"

"အမ်. . . ဉာဏ်နီဉာဏ်နက်ဟုတ်လား၊ ငါက ဘာလို့ ထုတ်ရမှာလဲ၊ ငါက တွေ့လည်း ဘာမှမဖြစ်ဘူး၊ အဖြေတောင်းလည်း ပေးရုံပဲနင်ပဲ လိုက်ပြီး ဟိုပူသည်ပူ၊ ချက်ချင်းအဖြေပေးလို့ မှားတယ်ဆိုတာ ကိုယ့်ကိုယ်ကို မသိတဲ့လူတွေပဲဖြစ်မယ်၊ ငါမပါဘူး"

ဗလ တစ်ချက် ရယ်လိုက်သည်။ မရယ်ရပါဘဲ ရယ်လိုက်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ နှင်းပြောသည့် ကိုယ့်ကိုယ်ကို မသိသည့်သူတွေထဲ သူပါ ပါနေလေမလားဟူသော အတွေးကလည်း ဖြတ်ဝင်လာသေးသည်။

"ဒါနဲ့ . . . နေပါဦး"

နှင်းက မျက်မှောင်ကို တင်းနေအောင်ကြုတ်ကာ ပြောသည်။

"နေပါတယ် . . . ဘာလဲ"

"နင်က ငါ့ကို ဘာကိစ္စနဲ့ ဆန္ဒကို အဖြေပေးဖို့ နောက်ဆုတ်ခိုင်းနေတာလဲ"

"တစ်အချက်က နင့်ကို နည်းနည်း အချိန်ယူလိုက်စေချင်တာ"

နှင်းက နှာခေါင်းရှုံ့သည်။ သူ ဘာမှမပြောခင် လက်ကို ကာတားသဖြင့် နှင်း မပြောသေးဘဲစောင့်နေသည်။

"နှစ်အချက်က သူ့ကို ချက်ချင်း ရုတ်တရက်ကြီး မျှော်လင့်ချက်ပျောက်မသွားစေချင်တာ"

နှင်းက ခပ်လှောင်လှောင်တစ်ချက်ရယ်သည်။

"ဘယ်အချိန်ပေးပေး အဖြေက နက်ဂတစ်လေ၊ ဘာလုပ်မလဲ၊ သေချာပါတယ်ဆိုတာလည်း၊ နင့်ကို ပြောပြီးသားလေ၊ နင် ခုလို လုပ်နေတာကမှ သူ့ကို အချိန်ဆွဲပြီး သတ်ရာမရောက်ဘူးလား"

ဗလ ခေါင်းကိုကုတ်သည်၊ ပြီးမှ . . .

ထိုစကားကြောင့် နှင်း ဟက်ဟက်ပက်ပက်ရယ်သည်။ တမင်သက်သက်ရယ်လိုက်သော ရယ်မောမှုမျိုး . . .။ မျက်ရည်တချို့ပင် ဝိုင်းလာသည်ထိ ရယ်သည်။ ကြည့်နေရင်းက ဗလပင် ဇဝေဇဝါတွေဖြစ်ကုန်ရသည်။ နှင်း လှောင်ရယ်နေတာလား။ နာနာကျင်ကျင် ရယ်နေတာလားဆိုတာကို . . .။





နှင်းက သူ့ကို ခပ်စူးစူးတစ်ချက်ကြည့်သည်၊ ပြီးမှ . . .

"ကိုယ်ချစ်တဲ့သူကို ချစ်တယ်လို့ပြောဖို့ အခွင့် နင်တို့မှာ ရှိနေပါသေးတယ်၊ ပြီးမှ ပြန်မျှော်လင့်ရတာ၊ မိန်းကလေးတွေကျတော့ ဒီလို အခွင့်တောင်မရှိပါဘူး၊ ထိထိုးပြီး ထိပေါက်မပေါက် မျှော်လင့်နိုင်သေးတဲ့ သူတွေနဲ့ ထိထိုးခွင့်တောင်မရှိတဲ့သူတွေ နင် မနှိုင်းပါနဲ့"

ဗလ တစ်စုံတစ်ရာကို ပြောမည်ပြင်ဆဲ နှင်းက လက်ကာတားသည်။

"ဘာလဲ . . . တချို့သော မိန်းကလေးတွေအကြောင်း ပြောမလို့လား၊ အဲဒီရာခိုင်နှုန်းနည်းနည်းကို လာမပြောနဲ့၊ အထဲမှာ သိဂီ နှင်းလည်းမပါဘူး"

"အင်းပါဟာ"

ဗလ လျှော့ချရတော့သည်။ သို့သော် နှင်းပုံစံက ခုနကလောက် ခက်ခက်ထန်ထန် နာနာကျင်ကျင်ပုံမရှိတော့၊ ဒီအတွက် ဗလ စိတ်သက်သာရာနည်းနည်းရသွားသည်။

"ကဲပါ . . . မဟုတ်တာတွေ လျှောက်ပြောနေတယ်၊ ဟုတ်တာ တစ်ခုတော့ နင့်ကို အသိပေးလိုက်ချင်သေးတယ်"

"ဘာများလဲ"

"ဖူးဖူးအကြောင်းလေ"

ဗလ မျက်နှာက ရုတ်တရက်တည်သွားသည်။

"ရပြီလေ . . . မလိုအပ်တော့ဘူး၊ မပြောနဲ့"

"ဟင့်အင်း . . . နင်နဲ့ပတ်သက်တဲ့အကြောင်း မဟုတ်ဘူး သူနဲ့ ပတ်သက်တဲ့အကြောင်း၊ နောက် နင်တို့မသိသေးတဲ့ လျှို့ဝှက်ချက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခု"

ဗလ နှင်းကို တစ်ချက်ကြည့်မိသည်။ နှင်းကတော့ အေးအေး ဆေးဆေးပင်။

"ဟိုတလောက နှင် ဆန္ဒ ဆိုင်က မနက်စောစော ဖုန်းဆက် ခေါ်တော့ ငါပြောပါရောလား၊ အလုပ်သင်မယ့် ကောင်မလေးတစ် ယောက်လာမယ်ဆိုတာ"

"အင်း"

"အဲဒါ ဖူးဖူးပဲ"

"ဘာရယ် . ."

ဗလ တအံ့တဩတော့ ဖြစ်သွားသေးသည်။ ပြီးမှ စိတ်မဝင်စား ဟန်နှင့် . . . တစ်ဘက်ပြန်လှည့်သွားသည်။

"မပြီးသေးဘူး ဗလ"

"မပြီးသေးလည်း ဆက်ပြောလေ ငါ ထထွက်သွားတာမှမဟုတ် တာ"

ဗလ ကလေးတစ်ယောက်လို စူပွပွဆိုသည်။

"ဖူးဖူးကလေ သနားစရာကောင်းတဲ့ ကောင်မလေးပဲ"

"ဘာရယ်"

ဗလ အလန့်တကြား ထအော်သည်။

"နှင့်ဟာက တိုးတိုးလုပ်ပါဟ၊ စကားလည်းဆုံးအောင် နား မထောင်ပဲနဲ့"

"ဘာသနားစရာရှိလဲ"

ဗလက ရအောင် ရေရွတ်နေသေးသည်။ နှင်းကလည်း ရ





အောင်ကို ဆက်ပြောသည်။

"ကောင်မလေးရဲ့မျက်နှာက ကြွက်သားတွေက သေနေတယ်တဲ့ ဒါကြောင့် သူပြုံးမရ ရယ်မရတာတဲ့"

"ဟမ်"

ဗလ ဒီတစ်ခါတော့ တော်တော်လေး အံ့အားသင့်သွားပုံရ သည်။ ဒီလောက် အနီးကပ်နေခဲ့ဖူးပြီး ဖူးဖူးဒီလိုဖြစ်နေတာ သူ ဘာလို့ မသိခဲ့တာလဲဆိုသော အတွေးလည်းဝင်လာသည်။ သူ ဖူးဖူးကို တကယ်ပဲ ဂရုတစိုက်မရှိခဲ့ဘူးလား။ ဗလ ကိုယ့်ဘာသာခေါင်းခါသည်။ ခုနေကျမှ ဒါတွေတွေးနေလို့ရော ဘာထူးမှာလဲ ဟူသောသဘော။

နှင်းကတော့ ဗလ မျက်နှာအပြောင်းအလဲကို တစ်စက္ကန့်လေးမှ မလွတ်ရအောင် လိုက်ကြည့်ရင်း သက်ပြင်းကိုခိုးချလိုက်တာ ဗလ မသိလိုက်။ ဗလမျက်နှာပေါ်က ခံစားချက်က မိတ်ဆွေအသိ တစ် ယောက်အကြောင်း တအံ့တဩကြားလိုက်ရတာထက် နည်းနည်းမှ မပို သလို။ စိတ်ကလေး တစ်ချက် ရှုပ်သွားပုံလည်းပါသလိုပေမယ့် ပါးပါး လေးမျှသာ။

"နှင် ဒါကို မသိခဲ့ရလောက်အောင် ညံ့သလား ဗလ"

"ဒါ မသိတာ ညံ့တာလား။ သူကမှ ထိန်ချန်ထားတာကိုး"

ဗလ ချက်ချင်း နှုတ်လှန်ထိုးသည်။

"ကိုယ့်ချစ်သူတစ်ယောက်လုံးရဲ့မျက်နှာပြင် လှုပ်ရှားမှုတို့ မဖတ်တတ်လောက်အောင် နှင်ညံ့လားမေးတာပါ"

နှင်း အသံက နည်းနည်း ခနဲ့သံပါသလို။ ဘာတတ်နိုင်မလဲ၊ ဒီအချိန် ကျကာမှ ဗလမှာ ဘာမှလည်း ပြန်ပြောနိုင်ချေမရှိ။



www.burmeseclassic.com

www.burmeseclassic.com



"ငါ. . . မပြောတတ်တော့ဘူး နှင်း၊ နှင်ပြောချင်သလိုသာ ပြောတော့ ခုသေချာတာက ငါ့စိတ်ထဲမှာ မခံချင်စိတ်တစ်ခုကလွဲရင် သိပ်ပြီး မခံစားရတော့ဘူး ဆိုတာပဲ"

နှင်း ပြုံးသည်။ လှောင်ပြုံးမဟုတ်သော်လည်း ဒီလိုပါပဲ ဟူသော သဘောတော့ သက်ရောက်နေသည်။ မတတ်နိုင်။ ဗလ အနေနှင့်လည်း ဘာမှ ထိန်ချန်ထားစရာ အကြောင်းမရှိ။

ဘယ်သူ့ကိုမှ ဝန်မခံသည့်တိုင် နှင်းကိုတော့ ဝန်ခံချင်နေမိတာလည်း ဆန်းသည်။

"ဒီမှ ဗလ"

ဗလ နှင်းကို ပြန်ကြည့်ပုံက မကုန်သေးဘူးလား ပြောစရာ ဟူသည့် အကြည့်။ နှင်းကလည်း မေးချင်တာကိုတော့ မေးမည်ဆိုသည့်ပုံ။

"နှင် ဖူးဖူးကို တကယ်ချစ်တာရော ဟုတ်လို့လား ဒါကြောင့်မှား ဖူးဖူးကထားခဲ့တော့ နှင် ဘာမှ အသည်းအသန် မကြိုးစားတာလား"

ဗလ စိတ်ရှုပ်ရှုပ်နှင့် ဆံပင်တွေကို ဖွနေမိသည်။ ဒီဆံပင်တွေက ခုတလော သေသေချာချာ မထိန်းသိမ်းဖြစ်တာ ကြာပြီဆိုတာလည်း သတိရမိသည်။

"မသိတော့ဘူးဟာ"

"မသိတာလား မဖြေချင်တာလား"

"မသိတာ ငါ့ကိုယ်ငါကို နားမလည်တော့ဘူး"

"အိုကေ ငါ နားလည်ပြီ"

ကိုယ့်ကိုယ်ကိုတောင် နားမလည်ပါဘူးဆိုကာမှ ငါ နားလည် ဆိုတော့ ဘယ်လောက်များ မခံချင်စရာကောင်းလိုက်သလဲဟု ဗလတွေး သည်။ သူနားလည်လိုက်တာက တလွဲဆို ပိုပြီးခံပြင်းစရာကောင်းဦးမည်။

"ဘာ နားလည်တာလဲ"

"နှင့်ကို ငါပြောထားပြီးပြီပဲ ဒါ နှင်တို့ ယောက်ျားတော်တော် များများမှာ ဖြစ်တတ်တဲ့ကိစ္စပဲ"

တခြားယောက်ျားတွေတော့ ဗလမသိ။ ဆန္ဒတော့ မပါဟုထင် သည်။ ကိုယ်တိုင်ကတော့ စာရင်းက ဝင်သွားပြီဟု နားလည်လိုက် ရသည်။

"ကဲပါ. . လာ ငါ ဒီနေ့ ခေါင်းသွားလျှော်မလို့ နှင်လည်းလိုက် လျှော်လေ နှင့်ဆံပင်တွေက ပွရှုပ်ညစ်ပတ်နေသလိုပဲ"

ခုလိုကျတော့လည်း ဒေါ်ဇီဇဝါက ဘာမှမဟုတ်တော့သလို။ ဗလ ဆိုင်ရာမှ ထလိုက်ရင်း. . .

"ဟင့်အင်း တစ်ခါတည်းလိုက်ညှပ်လိုက်မယ်"

"ဘာရယ်. . . ဆံပင်ညှပ်မယ် ဟုတ်လား"

"ဟုတ်တယ် အတိုပဲထားတော့မယ်လေ ခေါင်းလျှော်ရ ပေါင်း တင်ရနဲ့ နှင်လည်း အလုပ်ရှုပ်ပါတယ် ပြီးတော့ ဆံပင်အရှည်ထားတာ နှင်မကြိုက်ဘူး မဟုတ်လား"

အမှတ်တမဲ့ မေးလိုက်မိသော စကားကြောင့် နှင်းက ရယ်သည်၊ ဗလကလည်း ဗလ။ ဘာလို့များ မေးလိုက်မိသည်မသိ။

"ပြောမိလား၊ နှင့်ဆံပင်ရှည်ခြင်း မရှည်ခြင်းက ငါ့အတွက် ဘာမှ သက်ရောက်မှုမရှိပါဘူး။ ဆံပင်ညှပ်ဆိုင် လိုက်ပို့ရတာ ပေါင်းတင် ဘဲ့ဆိုင် ပို့ပေးရတာ ငါ ဘာပင်ပန်းလို့လဲ နှင့်ပိုက်ဆံနဲ့နှင်ပဲ၊ နှင့်ဘာသာ







www.burmeseclassic.com

www.burmeseclassic.com



နှင် ဖူးဖူးနဲ့ အဆင်မပြေတော့လို့ ဖူးဖူးက မိုက်တယ် မိုက်တယ် တဖွဖွ ပြောခဲ့တဲ့ ဆံပင်ရှည်ကြီးတွေကို ညှပ်ပစ်ချင် ညှပ်ပစ်တယ်ပြောပါ"

"အဲလိုလည်း မဟုတ်ဘူး"

ဒါကလွဲရင် ဗလ ကျန်တာလည်း ရှင်းမပြတတ်။ ရုတ်တရက်ကြီး ဆံပင်ညှပ်ချင်သွားတာကတော့ အမှန်။ ဖူးဖူးကြောင့် မဟုတ်ဘူးဆိုတာလည်း ရှင်းမပြချင်သလို နှင်း ဟိုးတုန်းက ဆံပင်အရှည်ကြီးနဲ့ မကြိုက်ပါဘူး ဟု ပြောခဲ့ဖူးတာကိုလည်း သတိရလို့မေးလိုက်မိခြင်းသာ ဖြစ်သည်။ သူ့ကိုယ်သူကတော့ နှင်းကြိုက်အောင် နေချင်တာလားဟု ပြန်မသုံးသပ်မိတော့။

"ကဲပါ နှင့်ခေါင်းက ဆံပင် နှင့်ဘာသာနှင် ကြိုက်သလိုသာ လုပ် ညှပ်ညှပ် ကတုံးတုံးချင်လည်းတုံး ကျစ်ဆံမြီးတွေ ကျစ်ပစ်ချင်လည်း ကျစ်ပစ်လိုက် ဟုတ်ပြီလား"

"နှင်က ကျစ်စေချင်တာလား ဒီအကြံမဆိုးပါဘူး"

နှင်းက ဘာမှမပြောတော့။ ခေါင်းကို တွင်တွင်ရမ်းကာ ဗလကို လှောင်သ လိုသာပြုံးပြီး ရှေ့ကထွက်သွားလေတော့သည်။ ထိုအပြုံးသည် အဓိပ္ပာယ် များစွာ ပါဝင်နေသလို ဗလကိုလည်း ခံစားမှုမျိုးစုံ ပေးစွမ်းနိုင်စွမ်းသွားသည်ဆိုတာကိုတော့ ဗလ သိလိုက်သလို နှင်းမှ သိခဲ့လေစ. . .။

●





# တန္တာရနှင်း

(၁၉)

ရုံးထဲက ထွက်လာလာချင်း ဆန္ဒကို တွေ့လိုက်ရတာမို့ နှင်း အံ့ဩသွားသလို မတွေ့တာအတော်လေး ကြာသွားတာလည်း သတိထားမိသည်။ ဆန္ဒကပဲ ဗလ အခါတော်ပေးသလို မတွေ့အောင် တမင်နေပေးတာလား။ သေချာတာက နှင်းကို အရင်ကလို ဒီရက်ပိုင်းမှာ လှမ်းလှမ်းမခေါ်တတ်။ ပြီးခဲ့သည့်အပတ်က အမေတွေဆုံတော့လည်း ဆန္ဒ ပါမလာ။ နိုင်ငံခြားက ညှော်သည်ရောက်လို့ဆိုကာ ကျန်ခဲ့သည်လေ၊

"ဟော ဆန္ဒ"

နှင်းကတော့ ပုံစံမပျက် နှုတ်ဆက်လိုက်သည်။ နှင်းသိုင်ငံ နောက်က လိုက်ထွက်လာသော ဦးဥက္ကာကလည်း နှုတ်ဆက်သည်၊

"ဟော"

"ဟုတ် နေကောင်းလား အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါတယ် နှင်းဆီလာတာ လား"

"ဟုတ် နှင်းကို လာကြိုတာပါ"

"ငါ့ကို အိမ်ကလည်း လာကြိုနေတယ်လေ"

နှင်းကလည်း ရအောင် ပြောလိုက်သေးသည်။ ဟုတ်သည်လေ။ အိမ်က ကားက သူတို့ရှေ့တင် ငုတ်တုတ်ကြီး။

"အေးအေး သွားသွား နောက်မှဆိုင်ကို လာခဲ့ဦးမယ်"

ဦးဥက္ကာက နှုတ်ဆက်ကာ သူ့ကားသူ မောင်းထွက်သွားတော့သည်။

"လာလေ ငါ နှင့်ကို ညနေစာ ချက်ကျွေးမလို့"

"အင်း စားတာပေါ့ ငါ့ကားနဲ့ငါ လိုက်ခဲ့ရမလား၊ ပြန်လွှတ်လိုက်ရမလား"

နှင်းပုံစံကတော့ ရှိုးတိုးရှန့်တန့် ဖြစ်မနေတာ သေချာသည်။

"ပြန်လွှတ်လိုက်လေ အန်တီ့ကို ဖုန်းဆက်ထားလိုက်"

"မဆက်တော့ဘူး ကားသမားနဲ့ မှာလိုက်မယ်၊ ဆန္ဒဆိုင်လိုက်သွားတယ်လို့"

"အင်း"

နှင်းက ကားသမားကို ပစ္စည်းများနှင့် ဖိုင်တွဲတချို့ပေးလိုက်ပြီး သေချာမှာသည်။ ပြီး ဆန္ဒကားပေါ် တက်လာသည်။

"ဘယ်လိုလဲ ပျောက်လှချည်လား"

နှင်းက အရင်အတိုင်း လေသံနှင့်မေးသည်။ သူမ စိတ်ထဲ တစ်ခုခုမှ ဖြစ်မနေသည့်ပုံမျိုး။

"အင်း. . ဟုတ်တယ် အလုပ်နည်းနည်းရှုပ်နေတာ ညွှသည်





တွေလာလို့"

ဆန္ဒကပင် တွန့်ဆုတ်ဆုတ်နိုင်ချင်နေသလို ဖြစ်နေသည်မို့ ကိုယ့်ကိုယ်ကို ပြန်အားပေးနေရသည်။

"ဗလ နဲ့ရော တွေ့သေးလား"

မေးစရာစကားက ဗလနှင့်ပဲ စရတော့သည့်အဖြစ်။ ဆန္ဒ ကိုယ့်ကိုယ်ကိုလည်း ရယ်ချင်နေသည်။ ဘာဖြစ်တာလဲဟု မမေးနှင့်၊ ဘာဖြစ်နေမှန်းကိုမသိ။ နှင်းကို တွေ့ချင်လို့ တွေ့ချင်စိတ်ကို မတားနိုင်တော့လို့ လာခြင်းဖြစ်သော်လည်း အဖြေတောင်းဖို့ကို ဘယ်လို ပြောရမှန်းမသိ။

တောင်းဖို့လည်း စိတ်စောနေခဲ့ဖူးလျက်က ခုကျ တွန့်ဆုတ်နေပြန်သည်။

"အင်း ဟိုးတစ်နေ့က ဆံပင်ညှပ်တဲ့နေ့က နောက်ဆုံးတွေ့တာပဲ"

" ဟမ် သူ ဆံပင်ညှပ်တာလား နှင်း ဆံပင်ညှပ်တာလား"

နှင်းဆံပင်တွေကို ဘာမှမထူးခြားပါဘူး ဆိုသည့်သဘောနှင့် ကြည့်ကာ မေးသည်။

"ဗလ ညှပ်ပစ်လိုက်တာ ခု တိုတိုလေး"

"ဟာ. . ဟုတ်လား ဘာဖြစ်ပြန်တာလဲ"

"သိဘူးလေ အိုက်လို့နေမှာပေါ့"

နှင်းက ခပ်လွယ်လွယ်ဖြေသည်။ ဆန္ဒကလည်း ခက်ခက်ခဲခဲတွေ လိုက်တွေးမနေတော့။ ရယ်ပဲ ရယ်နေလိုက်သည်။

"အော် နှင့်ကို ပြောစရာရှိတယ် သိလား"



www.burmeseclassic.com

www.burmeseclassic.com



ထိတ်ကနဲ ဖြစ်သွားရသူက ဆန္ဒ။ ကိုယ်က အဖြေမတောင်းလိုက်ရပဲ အဖြေပေးမှာတော့ မဖြစ်လောက်မှန်း သိသိနှင့် ဘာများလဲဟု တွေးကာ ထိတ်ကနဲဖြစ်သွားရခြင်းဖြစ်သည်။

"အင်း ဘာလဲ"

"အော်. . . ဖူးဖူးဆိုတာလေ. ."

"အင်း ပြော. . ."

ဖူးဖူးဆိုသောနာမည်ကြားတော့ စကားကို စိတ်ချလက်ချ ထောက်နိုင်သွားသည်။

"ဦးဥက္ကာရဲ့ old flame ဒေါ်စန္ဒရာရဲ့ တူမတဲ့ သိလား"

"ဟုတ်လား ကမ္ဘာကြီးက ကျဉ်းလိုက်တာ"

"အင်း ခု သူ ငါတို့ရုံးမှာ အလုပ်တွေ လာလေ့လာနေတယ်"

"ဒါကြောင့်ထင်တယ် ငါ့ဆိုင် သိပ်မလာတော့ဘူး"

"ဟုတ်လား၊ အင်း. . . ဟုတ်မှာပေါ့ တစ်နေ့လုံးရုံးမှာ ရှိနေတတ်တာကိုး ဘယ်လာနိုင်မလဲ"

"မနက်ပိုင်းနဲ့ညနေပိုင်းတော့ တစ်ခါတစ်လေရောက်လာတတ်တယ်"

"အင်း သူလည်း သနားပါတယ်"

"ဟင်. . . ဘာလို့လဲ ဘာကို သနားတာလဲ"

ဆန္ဒလည်း နားမလည်သလို နှင်းကို ပြန်မေးသည်။ သာမာန်ကြည့်လျှင်တော့ ဖူးဖူးသည် အစစအရာရာ ပြည့်စုံကြွယ်ဝသူ၊ လှပသွက်လက် ချစ်စရာကောင်းသူ။ နောက် လောလောဆယ် ဗလကို ထားခဲ့သူ. .။ ဘာမှ သနားစရာမရှိ။





"ဦးဥက္ကာပြောလို့သိရတာ သူ့မျက်နှာက ကြွက်သားတွေက သေနေတာတဲ့ ဒါကြောင့် လှုပ်ရှားလို့မရဘူးတဲ့ မပြုံးနိုင် မရယ်နိုင်ဘူး မဲ့လို့လည်း မရဘူးတဲ့"

"ဟာ. . . ဟုတ်လား. . ."

ဆန္ဒ တအံ့တသြ ဖြစ်သွားရသည်။ တဆက်တည်းမေးတာက ဗလ ရောသိလားတဲ့။

"မသိပါဘူး ပြောပြလိုက်ရတယ်"

"ညှဲ့လိုက်တာ ဒါကြောင့် ဟိုက ထားသွားတာဖြစ်မယ်"

ဆန္ဒ စကားကြောင့် နှင်းက တစ်မျိုးလေး ကြည့်သည်၊ ပြီး ထောက်ခံ စကားကို ဆို၏။

"အေး. . ဟုတ်မယ် သိလား"

"နှင် ပြောပြလိုက်တော့ သူဘာပြန်ပြောလဲ"

"မသိဘူးတဲ့ နောက် သူ့ကြည့်ရတာလည်း ဘာမှသိပ်ခံစားရပုံ မပေါ်ဘူး"

" မခံစားရဘူးဆိုတာကတော့ မဟုတ်လောက်ပါဘူး ခုချိန်မှာ သူကြိုးစား မေ့ထားတာမို့ ဖြစ်ပါလိမ့်မယ်"

မခိုင်လုံသော အဖြေတစ်ခုကို ဗလ ကိုယ်စားပေးနေမိသည်၊ ဒါက နှင်းကို နင်ထင်တာဟုတ်ချင်မှ ဟုတ်မှာပါ ဟု မပြောရဲတာလည်း ပါလိမ့်မယ်။ နှင်းကတော့ သူ့ကို ဘာမှပြန်မပြော။ ရယ်ပဲရယ်နေသည်၊ ဘာအဓိပ္ပာယ် နှင့် ရယ်နေမှန်းတော့မသိ။

ဆိုင်ရောက်တော့. . .

"ဘာစားမလဲ နှင်း"



www.burmeseclassic.com

www.burmeseclassic.com



" salad တစ်ခုခုနဲ့ Juice တစ်ခု စီစဉ်ပေးပါလား သဘာဝ Juice "

"အိုကေလေ ခဏစောင့်"

ဆန္ဒက မီးဖိုထဲ ထွက်သွားသည်။ နှင်းက ခါတိုင်းလို လိုက်မလာသလို ဆန္ဒကလည်း လာလေဟု မခေါ်မိ။ အရင်ကအတိုင်း မဟုတ်တာတော့ ခံစားလို့ရသည်။ ဒီအခြေအနေက ဘာကို ပြည့္ဆန်းသလဲ။ ဆန္ဒမသိ။ ခုချိန်မှာ နှင်းဆီက တစ်ခုခုအဖြေကြားရတော့ရော အဖြေက Positive ဖြစ်နိုင်၊ မဖြစ်နိုင် ဘာမှ မသေချာ။ သေချာတာက နှင်းမျက်ဝန်းတွေက ကြည်လင်သန့်စင်နေတာ။ ထိုသန့်စင်ကြည်လင်မှုကိုတော့ ဆန္ဒ ခံစားလို့ ရနေသည်။ ဒါ သူလိုအပ်နေသောအရာ မဟုတ်တာလည်း ခံစားလို့ရသည်ပဲ။

ခဏနေတော့ ဆန္ဒ ပြန်ထွက်လာသည်။ နောက်က စားပွဲထိုးလေးက သယ်စရာများကို သယ်လာ၏။

"ရော့ ဒီမှာ ကမ္ဘာလာသီးစစ်စစ်ကို ဖျော်ထားတာ။ ရေမပါဘူး၊ သကြားရည်မပါဘူး။ နည်းနည်းတော့ ချဉ်လိမ့်မယ်"

"ရတယ် . . . ဒါက ပဲထောပတ်၊ ပဲနီနဲ့ကညွတ် salad လား"

"အင်း ဟုတ်တယ် ရေတ်သီးစိမ်းနည်းနည်း ထည့်လာတယ်"

"ကောင်းတယ် ဒါကရော"

"ကြက်ရင်ပုံသားကို ပေါင်းထားတာ ဂျင်းနဲ့ကြက်သွန်ဖြူ ဆားဒါပဲပါတယ် အသားတော့ နည်းနည်းစားလေ"

"အင်း စားပါတယ် ဗလ တစ်ယောက်လည်း ခေါ်လိုက်ပါလား ညစာစားဖို့"





"ခေါ်တာက ရပါတယ် သူကတော့ နှင်စားသလို စားမယ် မထင်ဘူး"

နှင်းရယ်သည်။ ဆန္ဒ ကိုလည်း ပြန်မေးသည်။

"နှင်ကရော ငါစားသလို စားနိုင်လို့လား"

"စားနိုင်တယ်တော့ ဘယ်ဟုတ်မလဲ၊ ကဲပါ ခေါ်လိုက်ပါမယ်"

ပြောပြောဆိုဆို ဖုန်းသွားဆက်တော့ ဗလ အလန့်တကြားနှင့်၊ ဘယ်တုန်းကတွေ့တာလဲ ဘယ်တုန်းက ရောက်တာလဲ။ ဘာတွေပြောပြီးပြီလဲ။ ငါ ခု လာခဲ့မယ် ဆိုကာ ဖုန်းချသွားတော့သည်။ တကယ်လည်း ဆယ်မိနစ်အတွင်း ရောက်လာသည်။

"ဟဲ့ နှင် ဘယ်ကလာတာလဲ မြန်လိုက်တာ"

"ငါ လမ်းမှာလေ ဒါကြောင့်မြန်တာ"

ဗလ ကြည့်ရတာ မောကြီးပမ်းကြီးနှင့်။ နှင်း ဘေးကထိုင်ခုံမှာ ဝင်ထိုင်လိုက်ပြီး. . .

"အဆင်ပြေကြလား" . . . တဲ့။

"ဟမ် ဘာကိုလဲ"

ဆန္ဒ ကပြန်မေးတော့. . .

"အော် နှင်းကို မေးတာ စားရတာ အဆင်ပြေလားလို့"

"ပြေတယ် မပြေမှာက နှင်. . နှင်စားချင်တာလေး ဆန္ဒ စေတနာရှိအောင် တောင်းစားပေါ့"

နှင်းစကားကြောင့် ဗလ မျက်နှာလေး ညိုချုံလိုက်ကာ ဆန္ဒကို သနားပါခညာ. . . ဟု ဆိုသည်။

နှင်းနှင့်ဆန္ဒ ရယ်နေကြဆဲ ဆိုင်ထဲကို ဖူးဖူးဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်း မျက်နှာတည်သွားသူက ဗလ။ ဆန္ဒကတော့ ဆိုင်ရှင်ဖြစ်နေတာရော ခုနကကြားထားသည့် သတင်းအရရော ဖူးဖူးကို ဆီးကြို နှုတ်ဆက်လိုက်သည်။ ဖူးဖူးကတော့ သူမထုံးစံအတိုင်း နှင်းကိုသာ လှမ်းပြောသည်။

"မနှင်း ဒီကိုသွားတယ်လို့ အန်ကယ်လ်ပြောတယ်"

"ဟုတ်လား ဒီညနေ ဖူးက စောစောပြန်သွားတာကိုး"

"ဟုတ်တယ် ဖူး ညနေ ဒီလာဖို့ စဉ်းစားထားလို့ စောပြန်သွားတာ ခုနက အန်ကယ်လ်ကို တစ်ခုမေးစရာရှိလို့မေးရင်း မနှင်း ဒီဆိုင်သွားတဲ့သတင်းရလာလို့ စားစား မနှင်း၊ ဖူး ဒီမှာပဲထိုင်မယ်"

နှင်းကို အနားထိ လာနှုတ်ဆက်ပြီး သူမထိုင်နေကျ ထိုင်ခုံလေးဆီ ပြန်လျှောက်သွားသည်။ မသွားခင် နှင်းနားကပ်ထိုင်နေသော ဗလကိုလည်း ခပ်စူးစူးလေး တစ်ချက်ကြည့်သွားသေးသည်။ ဒီကောင်မလေးရဲ့ မျက်ဝန်းတွေကလည်း ဖတ်ရခက်သည်ပဲ။

ကောင်မလေး ထွက်သွားတော့ ဆန္ဒရော နှင်းရောက ဗလကိုပဲ ကြည့်ကြသည်။ ဗလကလည်း ဘာမှမဖြစ်သလို ဟင်းစာရင်းစာအုပ်ကိုသာ အသည်းအမည်း ဖတ်နေသည်။

"ဘာတွေ အသည်းအသန်ရှာနေလဲ စားနေကျဟာပဲ စားမယ့်သူကများ"

ဆန္ဒ နောက်တော့မှ ခေါင်းမော့ကြည့်သည်။

" ဟင့်အင်း ဒီတစ်ခါ ကြက်ဥထမင်းလိပ်ကြော်စားမယ် အသည်းအမြစ်နဲ့ အသည်းများများ အမြစ်များများ နှလုံးမထည့်နဲ့ နောက် ကော်ဖီတစ်ခွက် ဘာကော်ဖီဖြစ်ဖြစ် ခါးရင်ပြီးရော"





ဆန္ဒက ဗလမှာသည်ကို နောက်ဖက်ကိုလှမ်းခေါ်တာ မှာပေးသည်။ သူလည်း ဒါပဲ စားမည်ဖြစ်ကြောင်း ပြောလိုက်သေးသည်။

"ငါ့ကျတော့ မင်း ကိုယ်တိုင် မကြော်ပေးဘူးပေါ့"

ဗလ စကားက တစ်မျိုး။

"မင်းက ငါ့ ကာစတမ်မာ အသစ် မဟုတ်ဘူးလေ မူလလတ်ဟောင်းကြီး"

ဆန္ဒ ကတာမင် လွှတ်အောင်ဖြေသည်။

အနေအထားကြီးက တစ်မျိုးကြီး။ ဘာကြီးမှန်းမသိဟု ဗလ တွေးနေသည်။ ဆန္ဒကလည်း တစ်မျိုး၊ နှင်းကလည်း တစ်မျိုး၊ အင်း. . . ကိုယ်ကိုယ်တိုင်ကလည်း တစ်မျိုး ဖြစ်နေသလိုပင်။ ခုချိန်မှာ ရုတ်တရက်ကြီးတော့ နှင်းက အဖြေမပေးလောက်သလို ဆန္ဒကလည်း မတောင်းလောက်သည့်အတွက် တစ်ခုပဲစိတ်သက်သာရာရသည်၊ သို့သော် သေချာတာက ထိုဗုံးသည် အချိန်မရွေးကွဲမည့်ဗုံး ဖြစ်သည်ဆိုတာပင်။ ဒီထက်ဆိုးတာက သူ့ဆီမှာလည်း တစ်တောက် တောက်မြည်နေသော ဘာမှန်းမသိသေးသည့် အရာတစ်ခု ရင်ထဲရောက်နေခြင်းပင်၊ စက္ကန့်သံတွေ တဖျောက်ဖျောက်သွားနေတာ ကြားနေရသလိုကို ကြားနေရသည်။ ဘာသံလည်းတော့ ဗလ မသိသေး။

"ဗလ ကားပါလား"

"ဟင့်အင်း"

"ကိစ္စ မရှိပါဘူး ဆန္ဒ ပြန်ပို့လိမ့်မယ် ငါ့ကိုချပြီး နင့်ဆီဆက်သွားလို့ ရတာပဲ"

နှင်းကတော့ သူ့ဘာသာ သူ အဆင်ပြေသလို စီစဉ်နေခြင်းဖြင့်

www.burmeseclassic.com



နိုင်သော်လည်း ဗလကတော့ ဆန္ဒကို ဖြစ်လားဟု အကြည့်နှင့် မေးရ သေးသည်။ ဆန္ဒက မသက်မသာ ပြုံးပြတော့မှ ရပါတယ်ဟု လျှော့ချ လိုက်ရသည်။

တကယ်လည်း ထိုညက ဆန္ဒ နှစ်ယောက်လုံးကို လိုက်ပို့ဖြစ် သည်။ နှင်းကို အရင်ပို့သည်။ ဗလကို ပို့သည်။ သို့သော် ခရီးစဉ် တစ်လျှောက်လုံး စကားလုံးတွေက ခြေကုန် လက်ပမ်းကျနေသည့် အလား သူတို့ဆီ ရောက်မလာကြတော့ သလို စကားသံတွေက တိတ် ဆိတ်နေခဲ့လေသည်။

●





# ခြေရာမဲ့နှင်း

## (၂၀)

(က)

"သေချာ စဉ်းစားပြီးမှ ပြောတာပါ ဆန္ဒ ငါ နင့်ကို တကယ်ခင် ပါတယ် ဒါပေမဲ့ မချစ်ဘူး အဲ့ဒါ သိပ်သေချာတယ်"

စကားသံလေးက တိုးလျလျလေး။ သို့သော် ပြတ်သားခိုင်မာ သည်။ စကားလုံးလေးက နည်းနည်းလေး။ သို့သော် သေချာမှုများက အတိအကျ ပါဝင်နေသည်။ ထိုလေသံ နူးနူးညံ့ညံ့ခိုင်ခိုင်မာမာလေး အဆုံးမှာ နွမ်းလျကျန်ခဲ့ရသူက ဆန္ဒ။ သို့သော် ဘာကြောင့်မှုနည်း ဟူသော အကြောင်းအရင်းကိုတော့ သိချင်နေမိသေးသည်၊

●



www.burmeseclassic.com

www.burmeseclassic.com



(ခ)

"နှင်းက ငါ့ကို ငြင်းလိုက်ပြီ"

ဆန္ဒထဲမှ နွမ်းလျ အားပျော့နေသော အသံကို ကြားလိုက်ရတော့ ဗလ တစ်ချက်တော့ ဆတ်ကနဲဖြစ်သွားသေးသည်။ ပြီးမှ ဆန္ဒကြားအောင် သက်ပြင်းခပ်ရှည်ရှည် တစ်ခုကို ပေါ့ပါးစွာ ချလိုက်မိသည်။ ဘာလို့များ သူ့စိတ်တွေ ပေါ့ပါးသွားရလေသည်လဲ။ အကြောင်းအရင်း တစ်ခုခုတော့ ရှိနေတာ သေချာသည်။

●





(ဂ)

"တကယ်တော့ ကိုဗလကို ဖူး သိပ်ချစ်ပါတယ်"

ဖူးအသံက တိုးလျ ဖျော့တော့လွန်းသည်။ ဒါနဲ့များကွယ် ဟု နှင်း မဆိုရက်နိုင်။ သူမ စကားကိုသာ နားစွင့်နေလိုက်သည်။

"ဒါပေမယ့် သူ တကယ်ချစ်တာက ဖူးကို မဟုတ်ဘူးဆိုတာ ဖူး သိလိုက်ရတယ်"

"ဟင်"

နှင်း တအံ့တသြလေး ဖြစ်သွားရသည်။ သိထားမြင်ထားသည်နှင့် တခြားစီ ဖြစ်နေခဲ့သည်ကိုး။

"ဟုတ်တယ် မနှင်း၊ ဖူး မှားတယ်လို့ ပြောချင်ပြောလိမ့်မယ်၊ နောက် ဖူးတပဲ စထားခဲ့ပြီး ခုမှ ဒီစကားပြောတယ်လို့လည်း ထင်ချင် ထင်လိမ့်မယ်။ ဒါပေမယ့် ဖူး ခံစားသိနဲ့ သိနေခဲ့တယ်၊ နောက်ဆုံးခါ



www.burmeseclassic.com

www.burmeseclassic.com



မခံစားနိုင်တဲ့အဆုံး ဖူးကပဲ ထားခဲ့လိုက်တာ ဖူးအဲလိုလုပ်လိုက်ရင် သူလည်း သူတကယ်ချစ်တဲ့သူ ဘယ်သူဆိုတာ သူပိုသိသွားမလားလို့ ဒါကြောင့်ပဲ ဖူးလည်း ဖူးတကယ်ချစ်တာ ကိုဆန္ဒ ဆိုတဲ့စကားကိုရအောင် ပြောခဲ့တာ ကိုဆန္ဒကို အားနာပါတယ်"

"ဒါဆို ဆန္ဒ ဆီ လာလာနေတာကရော"

"သဏ္ဍာန်လုပ်သရုပ်ပါ ဆိုတာလည်းပါသလို ကိုဗလများ လာမလားဆိုတဲ့ တွေ့ချင်တဲ့ တားမရတဲ့စိတ်လည်း ပါပါတယ်၊ တစ်ခုပဲ ဖူး မလုပ်ခဲ့ဘူး။ အဲဒါ အတ္တလည်း ပါချင်ပါမှာပေါ့။ အဲဒါက ဖူး သူကို သူချစ်နေတယ် ထင်တဲ့သူနဲ့ တစ်ခါဖူးမှ သဝန်တိုစကားတွေ မဆိုခဲ့တာပါပဲ"

"ဖူးဖူးရယ် သေရောသေချာလို့လားကွယ် ဘယ်လို သက်သေပြမလဲ"

ဖူးဖူးက ခေါင်းကို တစ်ချက်ညိတ်သည်။ သေချာသည် ဆိုသည့်သဘော။

" သူက အမြဲတစေ အဲဒီတစ်ယောက်ကို သတိတရနဲ့ တဖွဖွ ပြောနေတတ်တယ်။ ဖူးနဲ့သူ့အကြောင်းတွေဆိုလည်း အဲဒီသူကိုပဲ တခုတ်တရဖွင့်ဟဖြစ်တဲ့ အကြောင်းတွေလည်းပါတယ်။ နောက် ဘာမဆို ဖူးကို အဲဒီတစ်ယောက်နဲ့ နှိုင်းယှဉ်ပြောတတ်တာလည်း ခဏခဏပဲ။ သေးသေးမွှားမွှားလေးက အစ. . ဖူးက သူ့အမြင်မှာ မပြည့်စုံဘူး၊ မသင့်လျော်ဘူး၊ အဲလိုမြင်နေတာ၊ ဖူးမနာလို မဖြစ်ပါဘူး။ နာကျင်တာပဲ သိပါတယ်"





ဖူးဖူးက မပြုံးနိုင် မရယ်နိုင်သူကလေး ဖြစ်သော်လည်း မျက်ဝန်းတွေကတော့ တားမရ။ စွတ်စိုရွှန်းလဲ့လာသော မျက်ဝန်းတွေကို နှင်း မြင်နေရသည်ပဲ၊ နာကျင်မည်ဆိုလည်း နာကျင်လောက်သည်ပဲ။ "ဗလ တကယ်ချစ်တယ်လို့ ဖူးထင်တဲ့သူက ဘယ်သူများလဲ ဟုတ်မဟုတ် မနှင်းကြည့်ပေးမယ်လေ"

နှင်းကတော့ ဖူးဖူးကိုနှစ်သိမ့်လိုက်တာပင်။ သို့သော် ဖူးဖူး အဖြေက နှင်း မျှော်လင့်ထားသလို ဖြစ်မလာခဲ့လေတော့. . .၊

●



www.burmeseclassic.com

www.burmeseclassic.com



(ယ)

"ဘယ်လိုမှ မဖြစ်နိုင်ပါဘူး"

နှင်းက ဖျော့တော့စွာ ဆိုသည်။

နှင်းကို ချစ်တယ်ဆိုသော စကား၏နောက်တွင် ရလာမည့် ရလာဒ်သည် အကောင်းမဖြစ်နိုင်ဟု ဗလ ကြိုသိနေခဲ့ဖူးသည်ပဲ။ ခုတော့ တိကျ သေချာလွန်းခဲ့ပြီ။

မဖြစ်နိုင်ခြင်းများစွာသည် ဗလထံ တဖျတ်ဖျတ်ပျံသန်းရောက်ရှိလာသလို တိုးတိုက် ဝင်ရောက်လာကြသည်။ မဖြစ်နိုင်ဘူးတဲ့. . ။ ငါ နှင့်ကို မချစ်ဘူး သေချာတယ်ဟူသော ပြတ်သားသည့် လေသံကို မျှော်လင့်ထားပါလျက်နှင့် ဘယ်လိုမှ မဖြစ်နိုင်ပါဘူးဟူသော စကားလုံးကိုသာ လက်ခံရရှိလိုက်သည်။ နင်တို့ ယောကျ်ားတွေဟာလေ ဆိုသည့် လှောင်ရယ်မှုမျိုးကိုလည်း ဗလ နားကြားရန် အသင့်ပြင်ထားခဲ့သည်ပဲ။





ကိုယ့်ကိုယ်ကို ဘာမှန်းတောင် သေချာမသိဘူးလား ဆိုသည့် စကားနှာထိုးမှုမျိုးကိုလည်း မျှော်လင့်ထားခဲ့သည်ပဲ။ အပြောင်းအလဲတလည်းမြန်ပါ့ ဆိုသည့် ရိတိတိ စကားလုံးများကိုလည်း လက်ခံရရှိနိုင်ကြောင်း ကြိုတွေးထားခဲ့သည်ပဲ။ သို့ပါလျက် ဖျော့တော့သော မဖြစ်နိုင်ခြင်းတစ်ခုကိုသာ ဗလ ရရှိခဲ့လိုက်သည်။ ဒါကရော သေချာမှု တစ်ခုပဲတဲ့လား. . . ။

●



www.burmeseclassic.com

www.burmeseclassic.com



(၄)

"မချစ်နိုင်ခြင်းမှာ အကြောင်းပြချက် လိုတယ်လို့ နင်ထင်လို့လား"

နှင်းစကားကြောင့် ဆန္ဒ ကခေါင်းခါသည်။

"မထင်ပါဘူး ရှိနေမလားဆိုတဲ့ အတွေးသက်သက်ပါ"

"လူတစ်ယောက်က လူတစ်ယောက်ကို ဘာလို့ချစ်တယ်ဆိုတာ အကြောင်းပြချက်ပါလို့လား"

"ဟုတ်တယ် မပါဘူး"

ဆန္ဒ က သူ့မေးခွန်းကို သူ လက်လျှော့ပေးတော့မည့် သူတစ်ယောက်လို ဆိုသည်။

"ဒါပေမယ့် ငါ့မှာတော့ အကြောင်းပြချက်ရှိပါတယ်"

ရုတ်တရက် ဆန္ဒ အကြည့်များက နှင်း ဆီ ရွေ့လျားလာသည်၊





ဘာလို့များ ကိုယ့်ကို အမြဲခြောက်လှန့်နေမည့် အရာကို မြင်ချင်သိချင်ရသည်တဲ့လဲ။ နှင်း မစဉ်းစားတတ်။

"ငါ့မှာ ငါ တကယ်ချစ်တဲ့သူ ရှိနေလို့ပဲ ဒါပေမယ့် အဲဒီလူက ဘယ်သောအခါမှ ငါ့ချစ်သူ ဖြစ်ခွင့်မရှိတော့တဲ့သူ"

"ဘယ်သူလဲ ဘာလို့လဲ ဘာလို့မဖြစ်နိုင်တော့တာလဲ"

နှင်း ထူးခြားစွာ ပြုံးသည်။

"သိတော့ရော ဘာထူးမှာမို့လဲ ဆန္ဒရယ် နင် သိသင့်တာလေး တစ်ခုတော့ ပြောချင်တယ်"

နှင်းအကြည့်များက အဝေးဆီကို ငေးရီနေသည်။ ဒါ ဆန္ဒ၏ စူးစမ်းကြည့်တွေကို ရှောင်လွှဲလိုတာလား။ သူမ မျက်ဝန်းထဲမှ အရိပ်တွေကို ဖုံးကွယ်ထားလိုသည့်အတွက်လား။ မသေချာ။

"ဘာလဲ"

"ဖူးဖူးအကြောင်း. . ."

"နင် လူမှားနေပြီထင်တယ်"

ဆန္ဒ မသက်မသာ ရယ်ရင်းပြောတော့ နှင်းက မမှားပါဘူးဟုဆိုသည်။

ပုံပြင်တစ်ပုဒ်ဆန်သော ကလေးတစ်ယောက်၏ စွန့်စားခန်းဆန်သော ဖူးဖူး၏ လုပ်ရပ်ကလေးကို ပြောပြတော့ ဆန္ဒ ဘာအံ့တသြ. . .။ ဗလ တကယ်ချစ်သည်ဟု ထင်သည့်သူ အကြောင်းကိုတော့ တမင် ချန်လှပ်ထားခဲ့လိုက်သည်။ ဆန္ဒကတော့ မေးပါသည်၊ ဒေါ်ဘာ၊ ဖူးက မပြောဘူးဟူသော မှသာဝါဒကိုသာ ကျူးလွန်လိုက်ခြင်းသည်၊ ဆန္ဒကတော့ မှတ်ချက် တစ်ခုကိုသာ ချသည်၊



www.burmeseclassic.com

www.burmeseclassic.com

"ဘာလို့များ လောကကြီးက အစီအစဉ်တွေ ပျက်ယွင်းနေတာပါလိမ့်"တဲ့။

အစီအစဉ်တွေ မှန်ကန်ခဲ့တော့ရော တကယ်ချစ်ကြသူချင်း ဆုံဆည်းနိုင်မှာမို့တဲ့လားကွယ်။

●





## နှိုး

တံတားလေးအလွန် ကန်ရေစပ်တစ်နေရာတွင် နှင်း ရပ်နေခဲ့သည်။ မနက်စောစော အုံ့ခို နေသော မြူတစ်ချို့က သူမကို ခပ်ပါးပါးလေး အုံ့ဆိုင်းထားသည်။ ချမ်းစိမ့်စိမ့် ခံစားမှုတစ်ခုကို သိနေသော်လည်း နှင်း လမ်းဆက်မလျှောက်ဖြစ်။ လေ့ကျင့်ခန်းလည်း မလုပ်ဖြစ်၊ ခြောင်ရသော ကန်ရေပြင်၏ ဟိုမှာဖက်ကို သိမှတ်မဲ့စွာ ငေးရီနေမိသည်၊

"နှင် တကယ်ချစ်တာ ငါ ဆိုတာ ဘာလို့များ နှင် အစောကြီးကတည်းက မမြင်တတ်ခဲ့တာလဲ ဗလ ရယ်. . ."

မျက်ဝန်းမှ စိမ့်ကျလာသော မျက်ရည်တချို့ကို ပုတ်ခော်ဘာတ်ပစ်လိုက်ရင်း နှင်း ခေါင်းမော့လိုက်သည်။ နံနက်ခင်း၏ သန့်ဖင်သောလေက သူမကို အားတချို့ပေးလိုက်သလို။ ဘယ်သူမှ မကြာနိုင် ခေါ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်သော ခံစားချက်စကားလုံးများကို စိတ်မှန်းနှင့် ကန်ရေပြင်ထဲ နှစ်မြှုပ်ထားခဲ့လိုက်တော့သည်။ ကာယကံရှင်ပင် သိစရာမလိုသည့်နောက် တခြားဘယ်သူများ သိဖို့လိုပါတော့မည်လဲကွယ်. . . ။

မနော်ဟရီ

၄၊၂၊၂၀၁၀

ည ၁၀း၄၄ မိနစ်

www.burmeseclassic.com